www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com

# ရှင်မိုး(ဆေးတက္ကသိုလ်)

## မမေ့ရက်ခဲ့ပါ


တမူခွင့်ပြုချက်အမှတ် - ၅၀၁၆၃၂၁၁၀၉

မျက်နှာဖုံးခွင့်ပြုချက်အမှတ် - ၅၀၁၅၈၁၁၂၀၉

၂၀၁၀ ခုနှစ်၊ ဖေဖော်ဝါရီလ

ပထမအကြိမ်

တန်ဖိုး - ၁၀၀၀/-

အုပ်ရေ - ၅၀၀အုပ်

ထုတ်ဝေသူ ... ဦးကျော်လှိုင်(၀၃၈၈၇)၊ စေတနာစာပေ
အမှတ်(၅၉)၊ ၁၉-လမ်း၊ လသာမြို့နယ်၊
ရန်ကုန်။

ပုံနှိပ်သူ ... ဦးကျော်လှိုင်(၅၅၇၃)၊ စေတနာ-OFFSET
အမှတ်(၅၉)၊ ၁၉-လမ်း၊ ရန်ကုန်။

၈၉၅.၈၃

ရှင်မိုး(ဆေးတက္ကသိုလ်)
မမေ့ရက်ခဲ့ပါ/ရှင်မိုး(ဆေးတက္ကသိုလ်)-ရန်ကုန်။
စေတနာစာပေ၊ ၂၀၁၀။
၂၈၈- စာ၊ ၁၂×၁၈ စင်တီ။
(၁) မမေ့ရက်ခဲ့ပါ


### ဒို့တာဝန်အရေးသုံးပါး

ထောင်စု မပြိုကွဲရေး — ဒို့အရေး
င်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး — ဒို့အရေး
ချုံအခြာအာဏာ တည်တံ့ခိုင်မြဲရေး — ဒို့အရေး

### ပြည်သူ့သဘောထား

ည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
င်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
င်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
ည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

### နိုင်ငံရေး ဦးတည်ချက် (၄) ရပ်

- နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေ စိုးမိုးရေး
- အမျိုးသား ပြန်လည် စည်းလုံးညီညွတ်ရေး
- ခိုင်မာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
- ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီ ဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

### စီးပွားရေးဦးတည်ချက် (၄) ရပ်

- စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံ ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
- ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- နိုင်ငံတော် စီးပွားရေး တစ်ရပ်လုံးကို ဖန်တီးနိုင်မှု စွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင် ရှိရေး

### လူမှုရေး ဦးတည်ချက် (၄) ရပ်

- တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
- အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်း စောင့်ရှောက်ရေး
- မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
- တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

www.burmeseclassic.com

www.burmeseclassic.com





# ရှင်မိုး ၆

(ဆေးတက္ကသိုလ်)





စီစဉ်သူ
မောင်ကျော်လှိုင်

စေတနာစာပေ

www.burmeseclassic.com

www.burmeseclassic.com







၁

**နေညီလာ** သည် ဆိုင်ကောင်တာမှာ ထိုင်ရင်း ိုင်ထဲမှာရှိနေသူတွေကို တစ်ချက် မျက်စိကစားကြည့်လိုက်ပါ ည်။ အင်း ... ခုထိ စောင့်နေတုန်းပဲလို့ စိတ်ထဲမှာတွေးရင်း ာင်မလေးကို ကရုဏာသက်သလို ကြည့်လိုက်မိသည်။

ဘေးတစောင်းခွဲထားသော ဆံပင်အခွေအလိပ် ရေစို ာက် အရှည်လေးနဲ့ လိုက်ဖက်နေတဲ့ ချစ်စရာ မျက်နှာလေးမှာ တော့ မျက်မှောင်လေး တကြုတ်ကြုတ်၊ မေးလေးတထောက် ာက်၊ စားပွဲပေါ်တင်ထားသော ဟန်းဖုန်းလေးကို တကြည့် ကြည့်၊ အပေါက်ဝ,ကိုလည်း ခဏခဏ လှမ်းအကဲခတ်နှင့် ဗျာ ားနေသည်။ ဆိုင်ဖွင့် ကောင်တာထိုင်နေတဲ့ သက်တမ်း ကြာ ာပြီမို့ ဒီလောက်အခြေအနေဆိုရင် နေညီလာ ခန့်မှန်းလို့ရပြီ။ ိန်းထားတဲ့ ရည်းစားကောင်လေး မလာတော့တာဘဲပေါ့။ ပုံပြော ွားတာပဲပေါ့။



www.burmeseclassic.com

www.burmeseclassic.com



ကောင်မလေးရဲ့ရုပ်ရည်ကလေးကတော့ သိပ်ပြ
ချောမောလှပနေလွန်းတာတော့ မဟုတ်သေးမယ့် ဘယ်လိုဝေဖန်
မလဲဆိုတော့ ဆွဲဆောင်မှုရှိပြီး တစိမ့်စိမ့် ငေးကြည့်ချင်စရာ
မျိုးလေး။ အခုခေတ်မှာ အလှပြင်ပစ္စည်း အသုံးအဆောင်တွေ
လည်း ပေါမှပေါ၊ ဆန်းမှဆန်း၊ ဒါ့အပြင် မိန်းကလေးတိုင်
(ခေတ်မီတဲ့ မိန်းကလေးတိုင်း)ကလည်း ကိုယ့်ကိုယ်ကိုယ် ကြည့်
ကောင်းအောင် ပြင်တတ်ဆင်တတ် လှလေရာ ဘယ်သူကြည့်လိုက်
ကြည့်လိုက် လှနေကြတာပဲလေ။ ရုပ်ဆိုးတဲ့သူတောင် ကြည့်
ကောင်းနေတဲ့ ပုံစံလေး ဖြစ်နေတာ တွေ့ဖူးပါသည်။

“ဒီမှာ ... ဒီမှာ”

ကောင်မလေး စိတ်လျှော့လိုက်ဟန်ဖြင့် စားပွဲမှထ
တော့မလို ကိုယ်ဟန်ပြင်ရင်း ဝိတ်တာကို လှမ်းခေါ်ပါသည်။

“ဘီလ်ရှင်းလိုက်တော့နော်”

ပြောသံသဲ့သဲ့ ကြားရတဲ့ အကြောင်းရင်းကတော့
နေညီလာထိုင်နေတဲ့ ကောင်တာနဲ့ ကောင်မလေးရဲ့စားပွဲ သိပ်
ဝေးလို့ပါ။ ဆိုင်ထဲမှာ လူရှင်းနေပြီး စားပွဲသိပ်မဝေးလို့ပါ။ ဆိုင်
ထဲမှာ လူလည်းရှင်းနေပြီး စုံတွဲတစ်တွဲရယ်၊ မှန်ကြောင်တစ်ယောက်
စားပွဲမှာထိုင်ပြီး LapTop (လက်(ပ)တော့(ပ်))နဲ့ အလုပ်ရှုပ်နေတာ
ရယ်၊ စီးပွားရေးကိစ္စတွေ လာတိုင်ပင် ဆွေးနွေးပုံရသော အ
ကယ်လ်ကြီးနှစ်ယောက်ရယ်သာ ဆိုင်ထဲမှာ ရှိနေပါသည်။





“We were both young since I first saw you ...”

Tayler Swift (တေလာဆွစ်(ဖ))ရဲ့ Love Story
ည်ရှိ သီချင်းသံလေးက ချစ်စဖွယ် ပျံ့လွင့်နေသော ကော်ဖီဆိုင်
မှာ နေညီလာ မြင်နေရတဲ့ ကောင်မလေးမှာတော့ အချစ်ဇာတ်
မ်း မလှမပကို ရင်ဆိုင်နေရပြီ ထင်ပါရဲ့။

MOOCHA(မိုခါ)ကော်ဖီတစ်ခွက်သာ မှာပြီးသောက်
အားသော ကောင်မလေးရဲ့ဘီလ်ကို ဖွင့်ပေးလိုက်ပြီး ဝိတ်တာဆီ
မ်းလိုက်သည်။ ဆံပင်လိမ်လိမ်လေးတွေ လွင့်နေအောင် ခြေ
မ်းလှမ်းပြီး ထွက်ခွာသွားသော ကောင်မလေးကို နောက်ဆယ်
စ်လောက်ကြာတော့ နေညီလာ မေ့ပျောက်သွားပါသည်။

ဘယ်လောက်ထိ မေ့ပျောက်သွားခဲ့လဲ ဆိုတော့
ce book လို့ခေါ်တဲ့ site တစ်ခုကို ဝင်မကြည့်ခင် အချိန်ထိ
သွားခဲ့တာပါ။

○❤○



www.burmeseclassic.com

www.burmeseclassic.com





# အပိုင်း(၁)

www.burmeseclassic.com

www.burmeseclassic.com



## ၁

နေ့တိုင်းနီးပါးလောက် ကွန်ပျူတာရှေ့ထိုင်ပြီး အင်တာနက်ဝင်၊ site တွေထဲဝင်ကြည့်၊ ပျင်းလာရင် e-mail ဖွင့်ပြီး ပက်လေ့ရှိသော နေညီလာ့ထံကို တစ်နေ့မှာ e-mail အဆက်အသွယ် လုပ်နေကျ သူငယ်ချင်း ကြည်သာထွန်း ထံမှ အသစ်အဆန်းတစ်ခု ပို့လာသည်။

"Kyi Tha Tun Invite you as afriend on Facebook"

ဆိုသော စာကြောင်းကို ဖတ်လိုက်ရသောအခါ နေညီလာ အူကြောင်ကြောင်ဖြစ်ပြီး ရယ်တောင်ရယ်မိသည်။

"ဟား ဟား ... သူငယ်ချင်းဟောင်းကြီးတွေဖြစ်ပြီး ဘာကိစ္စ ငါ့ကို သူငယ်ချင်းအဖြစ်နဲ့ ဖေ့(စ)ဘုတ်(ခ)ပေါ်မှာ ဖိတ်ကြားရတာလဲ၊ ကြည်သာ ... ကြောင် ... ပေါ့"





အဲဒီလို မေတ္တာပို့သပြီး ထို e-mail မှာပါသော httpll နဲ့စသည့် website ကို clip (ကလစ်(ပ))လုပ်ပါဟု ရေးသားသည့် စာကြောင်းတွေလည်း တွေ့သဖြင့် နှိပ်ကြည့်လိုက်ပါသည်။ ထိုအခါ ကြည်သာထွန်း၏ ဓာတ်ပုံတင်ထားသော ဗီဇကတ်ဒ်ဆိုဒ်အရွယ် ပုံလေးပေါ်လာသည်။ ဘေးကအကွက်တွေမှာ confirm နှင့် ignore ဟူသော နှစ်မျိုးရေးထားသည့် အကွက်နှစ်ကွက် တွေ့ရသည်။ mouse ကို ရွှေ့ပြီး လိုက်ထောက်ကြည့်တော့ လက်ညှိုးထောင်ထားတာလေးတွေ ပေါ်လာသည်။ သဘောက confirm ကိုနှိပ်ရင် လက်ခံလိုက်တဲ့သဘော။ ignore ကိုနှိပ်ရင်တော့ လက်မခံတဲ့သဘော။

ဘာများလဲလို့ သိချင်စိတ်နဲ့ confirm ကို နှိပ်လိုက်ပါသည်။ ချက်ချင်းပဲ သင်နှင့် ကြည်သာထွန်းတို့ ယခု သူငယ်ချင်းမိတ်ဆွေ ဖြစ်သွားပါပြီဆိုသော အဓိပ္ပာယ်သက်ရောက်မည့် အင်္ဂလိပ်စာကြောင်း ပေါ်လာပါသည်။

အဲဒီမှာ ကြည်သာထွန်းရဲ့ဓာတ်ပုံလေးပေါ် နှိပ်ကြည့်လိုက်လျှင် သူ့အကြောင်းတွေ ပေါ်လာတော့သည်။ ကြည်သာထွန်းရဲ့မွေးနေ့၊ တက်နေသောကျောင်း၊ နေရပ်လိပ်စာတွေရော၊ ဓာတ်ပုံသေးသေးလေးတွေ တင်ထားတာရော တန်းစီပြီးတွေ့ရသည်။ ဓာတ်ပုံနှစ်ဆယ်တောင် တင်ထားရအောင် ဒီကောင် ဘာတွေများ ပြစရာရှိလို့လဲ။ နေညီလာ ရယ်ချင်စိတ်ဖြင့်တွေးပြီး ဓာတ်ပုံတစ်ပုံကို စပြီးကလစ်(ပ)လုပ်လိုက်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com



ဓာတ်ပုံပိစိကွေးလေးမှ screen (စခရင်)အပြည့် ဓာတ်ပုံကြီး ပေါ်လာပါသည်။ ကြည်သာထွန်း၏ စတိုင်လ်ကျကျ ဝတ်စားထားသော ပုံစပ်ဖြိုးဖြိုးကိုကြည့်ပြီး နေညီလာ တဟားဟား ကျိတ်ရယ်မိသည်။ ကြည့်ပါဦး၊ သူ့ကိုယ်သူ ဆေးကျောင်းသား ဆရာဝန်လောင်း (ဆရာဝန်လောင်းလို့လည်း ခေါ်ရင်ခေါ်နိုင်သည်) မှန်း သိသာအောင် ဂျူတီကုတ်နဲ့၊ နားကြပ်လည်ပင်းကန်လန့် မြတ်တင်လို့၊ ဆေးစာအုပ်ထူကြီး လက်ကပိုက်လို့ပေါ့။ ဒါမျိုးက မိန်းကလေးတွေသာ ရှိုးထုတ်ကြတာဆိုပြီး နေညီလာ ဘယ်တော့ စိတ်မဝင်စားခဲ့ဘဲ သူများဓာတ်ပုံရိုက်ရင်တောင် ကျိတ်ဟားတတ် သည် ဖြစ်လေရာ ကြည်သာထွန်း ဒီလိုပုံစံ ရှိုးပေးထားတာမြင် တော့ ရယ်လိုက်ရတာ ဖတ်ဖတ်မောဆိုတဲ့ စာသားလိုပင် ဖြစ်နေ သည်။

"ခွေးကောင် ... ငါတို့မသိအောင် ဘယ်အချိန်က သူ့ဘာ သာ ခိုးရိုက်ပြီး အကြွားသန်ထားတာလဲ မသိဘူး၊ လူမို ဆေးကျောင်းသား အသက်နှစ်ဆယ့်နှစ်နှစ် ရောင်းရန်ရှိ သည်ဆိုတဲ့ စာကြောင်းတွေပါ လည်ပင်းဆွဲထားဖို့ အကြံ ပေးရမယ်"

မြားလေးကိုနှိပ်ပြီး ဓာတ်ပုံတွေ တစ်ပုံပြီးတစ်ပုံတော့ ပြောင်းကြည့်မိပါသည်။ ဓာတ်ပုံထဲမှာ နေညီလာ့ပုံတောင်ပါသည်။ ကြည်သာထွန်းနဲ့ နေညီလာတို့ဟာ အထက်တန်းကျောင်းမှာက





ည်းက တွဲလာတာ သူငယ်ချင်းအရင်းခေါက်ခေါက်တွေဖြစ်ရာ ဆေးကျောင်းအတူတူ တက်ရပြီးနောက် အသစ်ထပ်မံခင်မင်ရတဲ့ သူငယ်ချင်း လေးငါးယောက်တို့သာ လှည့်ပတ်ပေါင်းနေကြရာ သူငယ်ချင်းအုပ်စုပုံတွေတိုင်းမှာ နေညီလာ့ပုံ ပါနေတာ မဆန်းပါ။ ဒီမယ် ... သူငယ်ချင်းပုံတွေမှာ ဒီကောင်က နာမည်နဲ့တကွ ဆောင် ကြော်ငြာပေးထားတာ။

အုပ်စုပုံမှာပါတဲ့ တစ်ယောက်ဆီကို မောက်(စ)ရွှေ့ ပြီး မြားထိုးကြည့်ရင် နေညီလာ့ပုံဆို နေညီလာ၊ ကြည်သာထွန်း ဆို ကြည်သာထွန်း၊ တင်မောင်ဦးဆို တင်မောင်ဦး၊ ထွန်းတောက် ဆို ထွန်းတောက် စသဖြင့် နာမည်နဲ့တွဲပြီး လူပါသိရအောင် လုပ်ထားပေးသည်။ ဓာတ်ပုံတွေမှာလည်း ဘယ်တုန်းက ဘယ်မှာ ရိုက်ထားတာပါဆိုတဲ့ စာကြောင်းလေးတွေ ရေးပြီးတင်ထားသည်။ (အင်္ဂလိပ်လိုတော့ ဖတ်တတ်မှ ရဝာပေါ့) ဓာတ်ပုံအများစုမှာ တော့ သူငယ်ချင်းတွေနဲ့ ရိုက်ထားသောပုံတွေ ဖြစ်ပေမယ့် နောက်ပိုင်းဆက်တွေ့ရတဲ့ ငါးပုံလောက်သော ဓာတ်ပုံကတော့ ကြည်သာထွန်းရဲ့ မိသားစုဆွေမျိုးမောင်နှမတွေ ရိုက်ထားသောပုံ တွေ ဖြစ်ပါသည်။ ဘယ်သူ့မွေးနေ့တုန်းက ဆိုတာမျိုး၊ ဘယ်သွား တုန်းကဆိုတာမျိုး၊ ဘယ်သူ့မင်္ဂလာနှစ်ပတ်လည် ဆိုတာမျိုးလေး တွေ ဓာတ်ပုံတွေအောက်မှာ ရေးထည့်ထားသလို ဓာတ်ပုံထဲကလူ တွေကို တစ်ယောက်ချင်းဆီလည်း နာမည်တပ်ထားပေးသေးသည်။



www.burmeseclassic.com

www.burmeseclassic.com



နေညီလာကတော့ ကြည်သာထွန်းရဲ့ ဆွေမျိုးတချို့ ကိုရော၊ မောင်နှမအရင်းနှင့် မောင်နှမဝမ်းကွဲတော်တော်များကို ရော လူရော နာမည်ပါ တွဲသိပြီးသား ဖြစ်ပါသည်။ အဲဒီမှာ ဓာတ်ပုံနှစ်ဆယ်မှ နောက်ဆုံးဓာတ်ပုံတွင်တော့ နေညီလာ မသိသော ကောင်လေး ကောင်မလေးတချို့ပါသည့် အုပ်စုပုံတစ်ပုံကို တွေ့ရသည်။

ကြည်သာထွန်း ညီမဝမ်းကွဲ ဆယ်တန်းအောင်သော နေ့ အထိမ်းအမှတ် ပါတီပွဲမှာ ရိုက်ထားသောပုံဟု ပုံအောက်မှာ ရေးတင်ထားသော စာကြောင်းအရ သိရသည်။ ပျော်ပျော်ပါးပါး ဖျော်ရည်ခွက်တွေ ကိုင်မြှောက်ရယ်မောနေသောပုံတွင် တစ်ယောက် ချင်းစီကို မြားလေးနဲ့လိုက်ထောက်ကြည့်မိသည်။ အဲဒီမှာ မထင် မှတ်ဘဲ နေညီလာဟာ ဓာတ်ပုံထဲမှာပါသော ကောင်မလေးတစ် ယောက်ကို ဖျတ်ခနဲ စိုက်ကြည့်မိသွားသည်။

"သိပ်တွေ့ဖူးတာပဲ"

လို့ ပါးစပ်က ရုတ်တရက် ရေရွတ်ရဲ့ ရှိသေးသည်။ အဲဒီစကားအဆုံးမှာပဲ နေညီလာဟာ ကျွန်ခဲ့တဲ့ ဆယ်ရက်ကျော် လောက်က သူ့ ကောင်တာထိုင်ဖြစ်တဲ့နေ့မှာ ဆုံဖူးသည့် ရှေ့ ကောက် ဆံပင်ကောက်လေးမှန်း ချက်ချင်း အလိုလိုမှတ်မိသွား ပါသည်။





ဓာတ်ပုံထဲမှာလည်း အပြင်ကရုပ်ကလေးနဲ့ သိပ်မကွာ သော ကောင်မလေးဆီ မြားလေးရွှေ့ကြည့်တော့ နာမည်လေးကို တွေ့ခွင့်ရသည်။

"မရွှေဖဲ"

တဲ့။ အံမယ် ... ဒါ နာမည်အစစ်ရော ဟုတ်ရဲ့လား၊ ချောလေးထဲက နာမည်လိုလို။ ဘာလိုလို။

ဘယ်သွားနေလဲ မရွှေဖဲ၊ ဘုရားပွဲကို လှည်းနဲ့ဆို၊ ဘယ်ခဲ့လဲ မရွှေဖဲ ဟူသော ချစ်စရာကာရန်နှင့်ညီသည့် ကဗျာ လေးကိုပင် နေညီလာ ရွတ်လိုက်မိလေသည်။

နာမည်ကရိုးပြီး လူကတော့ ခေတ်နှင့်အညီလန်း နေတာမို့ သိပ်မလိုက်ဖက်ဘူးဟု ထင်မိသည်။ နေညီလာသည် ကြည်သာထွန်းနဲ့ ဒီကောင်မလေး ဘယ်လို ဘယ်လို ဆက်စပ် ပြီး သိကျွမ်းနေသည် မသိပေမယ့် ဒီအုပ်စုထဲမှာ ကောင်မလေး ပါနေတာကိုတော့ အတော်စိတ်ဝင်စားသွားပါသည်။

Facebook မှာ wall to wall စကားပြောချင် ပြော လို့ရသော အကွက်လေးတွေ ရှိသလို ဓာတ်ပုံတွေအောက်မှာလည်း Comment ဟူသော စာလေးတွေ ရေးထည့်ပေးထားပါသည်။

စာပို့ချင်ရင် wall to wall မှတစ်ဆင့် စာရိုက်ထည့် ပြီး ပို့နိုင်သည်။ ဓာတ်ပုံတွေကို ဝေဖန်အကြံပြုခြင်း၊ မှတ်ချက်ပေး ခြင်း လုပ်ချင်ရင်လည်း Comment အောက်က အကွက်မှာ ကိုယ်ရေးချင်တာ ရေးလို့ရပါသည်။



www.burmeseclassic.com

www.burmeseclassic.com



ဓာတ်ပုံတွေကိုတော့ မှတ်ချက်ရေးမနေတော့ဘဲ ကြည်သာထွန်းထံ wall to wall ဖြင့် စာရေးပို့ဖို့သာ စိတ်ကူး သဖြင့် စာကြောင်းတချို့ ရိုက်လိုက်ပါသည်။ မြန်မာတွေစာရေး သလိုတော့ မြန်မာလို အသံထွက်ကို အင်္ဂလိပ်စာသားဖြင့် ရိုက်ပို့ တာမျိုး မဟုတ်ဘဲ တကယ့်အင်္ဂလိပ်စာကြောင်း အစစ်နဲ့သာ ရေးဖြစ်တာများသဖြင့် အင်္ဂလိပ်လိုသာ ရေးပို့လိုက်ပါသည်။

"မင်းရဲ့ အင်မတန်ချောမောသော ရုပ်ကြီးကို Facebook ပေါ်မှာ တွေ့ရတာ ဝမ်းသာပါတယ်"

ဟူသော အဓိပ္ပာယ်ရမည့် အင်္ဂလိပ်စာသားကို ရိုက် လိုက်ပြီးလျှင် Share ဟူသော အကွက်လေးကို နှိပ်လိုက်ပါသည်။ စာကြောင်းတွေ ရောက်သွားကြောင်း တွေ့ရသည်။

အခုရိုက်မှာ နေညီလာတို့တစ်တွေ အတန်းတင် စာမေးပွဲကြီးဖြေပြီး အောင်စာရင်းထွက်ပြီးကာ နောက်တစ်တန်း တက်ဖို့ ကျောင်းနှစ်လပိတ်ချိန်ပေးသဖြင့် အားလပ်နေရာ တစ်နေ့ တစ်နေ့ ဆိုင်သွားလိုက်၊ အိမ်မှာကွန်ပျူတာရှေ့ အချိန်ကုန်လိုက် ကြည်သာထွန်းတို့က ဘယ်ကလပ်သွားမယ်တို့၊ မျှော်စင်ကျွန်း မှာ ဘယ်သူ့ပွဲ သွားကြည့်မယ်တို့တွေ ချိန်းရင် သွားလိုက်ဖြင့်သာ အချိန်ဖြုန်းရသည်။ တစ်ခါတလေ လိမ်လိမ်မာမာ စာကြိုးစားချင် စိတ်လေး မတော်တဆ ဝင်လာရင်တော့ နောက်တစ်တန်းတက် ရမည့် နောက်ဆုံးနှစ်အပိုင်း(ခ) Final Part II အတွက် ကြိုဖတ်





တဲ့ ကျောင်းစာတချို့ နည်းနည်းပါးပါးလောက် ကြိုဖတ်မိတဲ့ သည်း ရှိပါသည်။

များသောအားဖြင့်တော့ ခက်ခဲပင်ပန်းစွာ ကျက်မှတ် ကျောင်းစာတွေနဲ့ ခဏဝေးရတုန်း ကျောင်းစာကို လုံးဝ ည့်မကြည့်ဘဲ ပစ်ထားတဲ့ရက်က များပါသည်။ ကျောင်းပြန် ရရင် ဒီလို လေလို့မရတော့ဘူး၊ စာကလုပ်ကိုလုပ်မှ ဖြစ် မယ်ဆိုသော အတွေးကလည်း ဝင်နေတာမို့ ခုလို လေလို့ ို့ရတုန်းအချိန် လေနေ၊ ကဲနေ၊ ရှုပ်နေမိပါသည်။

"မင်းရုပ်ကြီးလည်း facebook ပေါ်မှာ တင်လိုက်ပါဦးလား နေညီလာ"

စာရိုက်ပို့ပြီး ဆယ့်ငါးမိနစ်လောက် ကြာတော့ ကြည်သာထွန်းဆီမှ စာတစ်ကြောင်း ပြန်ဝင်လာတာ ဖတ်ရပါ သည်။

"Kyi Tha Tun wrote on your wall"

ဟူသော စာကို inbox ထဲမှာ တွေ့သဖြင့် ဖွင့်ဖတ် ်ရာ ထိုစာကြောင်းတွေကို ဖတ်ရလေသည်။

"ဘာအရူးထတာလဲ၊ ငါက မင်းလိုမရူးဘူး"

ကြည့်ရတာ ကြည်သာထွန်းလည်း e-mail ဖွင့်နေပုံ သည်။ နေညီလာ ဒီဘက်က စာတစ်ကြောင်း ရိုက်တင်လိုက်တာ သူက ပြန်ရိုက်ပို့ကြောင်း ချက်ချင်းတွေ့နေရသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဟော့ကောင် ... စာရိုက်မနေနဲ့ ဖုန်းဆီအပြေးလေးသွား
ပြီး ငါ့ဆီ ဖုန်းခေါ်လိုက်စမ်းပါ၊ မင်းနဲ့ ငါ စကားပြောချင်
တယ်၊ မင်းကို ငါမေးစရာရှိတယ်"

နေညီလာ ထိုစာကြောင်းကို ရိုက်ပြီးတာနဲ့ ဖုန်း
စောင့်နေလိုက်ပါသည်။

ဖုန်းသံနှစ်ချက်လောက် ကြားလိုက်တာနဲ့ နေညီလာ
ချက်ချင်းကိုင်လိုက်ပါသည်။ ကြည်သာထွန်း ရယ်သံကြီး အရင်
ကြားရပြီးမှ ...

"ဟော့ကောင် ... နေညီလာ"

ဟူသော နှုတ်ဆက်စကားသံကို ကြားရသည်။

"ရယ်သံက အရင် ဘာလို့ထွက်လာရတာလဲ"

"ဟီး ဟီး ... ငါ့ဘာသာ ရယ်ချင်နေတာကွာ"

"အလကားနေရင်း ရယ်ချင်နေတာဆိုရင်တော့ မင်းစိတ်
ရောဂါ ဝင်နေတာဖြစ်မယ်"

"စိတ်ရောဂါဝင်တိုင်း အလကားနေရင်း ရယ်နေတယ်လို့
မင်း ဘာလို့ ပြောရတာလဲ။ မင်းကွာ ဆရာဝန်အလောင်း
မပီသလိုက်တာ။ အရပ်သားပြော ပြောနေပြန်ပြီ"

"ရုပ်ရှင်ဗီဒီယိုတွေထဲမှာဆို အရူးခန်း သရုပ်ဆောင်ရင်
မမြင်ဖူးဘူးလား။ ဖိနပ်ကြီး ကြိုးနဲ့လည်ပင်းမှာချိတ်ပြီး
အလကားနေရင်း ရယ်နေတာလေ"





"လူပြိန်းနားလည်အောင် လုပ်ပြတာ ဖြစ်မှာပေါ့"

"ဟော့ကောင် ကြည်သာထွန်း၊ စကားရော ဖောရောနဲ့ မင်း ရယ်မောရခြင်း အကြောင်းကို စကားလွှဲမနေနဲ့ ပြောပါဦး။ ဘာကြောင့် အလကားနေရင်း ရယ်ချင်နေရတာလဲ"

"အဟီးဟီး အဟား ... ဖေါ့ဘာသာကွာ Facebook ဖွင့်ပြီး ဓာတ်ပုံလေး ငါးပုံလောက် တင်မိပါတယ် ဝေဖန်စာတွေ ဆဲစာတွေ လက်ခံရရှိရုံတင် မကဘူး၊ မင်း ဖုန်းမခေါ်ခင်တည်းက ငါ့ဆီ ဟိုကောင်တွေ ဖုန်းဆက်ပြီး ဆဲပြီးနေပြီ"

"အေးလေကွာ၊ မင်းကလည်း မိန်းကလေးတွေလုပ်တဲ့ အလုပ်ကို ငပေါကြီးလုပ်ပြီး ဝင်ပါနေတာကိုး"

"မသိဘူးကွာ၊ အသစ်တွေ့လို့ ဘာများလဲ စမ်းသပ်ကြည့်တာပါ"

"မင်းပုံတွေထဲမှာ ငါတို့ပါ ရောယောင်ပြီး ပါနေတာလေကွာ"

"လူကြော်ငြာပြီးသား ဖြစ်သွားတာပေါ့ကွာ"

"တခြားလူတွေကိုပါ ထည့်ကြော်ငြာတော့ရော သူတို့ရဲ့ ခွင့်ပြုချက် မရဘဲ မင်းလျှောက်ထည့်တာ သူတို့မြင်သွားရင် ကြိုက်ပါ့မလား။ ငါတို့က အကြောင်းမဟုတ်ဘူး။ ဒီရုပ်ကြီးတွေ လူမြင်သွားလည်း မဖြုံဘူး။ ဘာမှမဖြစ်ဘူး၊



www.burmeseclassic.com

www.burmeseclassic.com



တခြားလူတွေကျ ကိုယ့်ပုံတွေ facebook ထဲ မဆီမဆိ
အတင်ခံထားရတာမို့ မင်း ပြဿနာတက်လိမ့်မယ်"

"ဘယ်သူမှ ပြဿနာတက်စရာ မရှိဘူး၊ အားလုံး ခင်ခ
ရင်းနှီးတဲ့ မိတ်ဆွေသူငယ်ချင်း ဘော်ဒါတွေချည်းပဲ"

နေညီလာ ဒီတော့မှ သူသိချင်နေသော "မရွှေ
ဆိုသူလေးအကြောင်း မေးကြည့်ဖို့ စကားစ,လို့ ရသွားပါတော
သည်။ အဲဒီစကား စ,လို့ရအောင် ဒီထိ ဆွဲခေါ်လာခဲ့ရတာလေ

"မင်းတင်ထားတဲ့ ပုံတွေထဲက မင်းညီမဝမ်းကွဲ ပုံပုံ
ပါတီတုန်းကပုံကို ကြည့်တော့ကွာ ငါတွေ့ဖူးထား
တစ်ယောက် ပါနေလို့တောင် အံ့ဩသွားတယ်။ လုံး
အဆက်အစပ် ရှိမနေတော့ ဒီလိုတွေ့ရလိမ့်မယ်လို့ မထ
ဘူး"

"ဘယ်သူ့ကို ပြောတာလဲ"

"မင်း Name Tag လုပ်ပေးထားတော့ သူ့ပုံကိုထော
ကြည့်တာ မရွှေဖဲလို့ နာမည်ထိုးထားတာ တွေ့တာ
အဲဒါ ဘယ်သူလဲ"

"ငါလည်း သိပ်တော့မသိဘူးကွာ၊ အဲဒီနေ့ကမှ ပုံပုံ
မှာ တွေ့ဖူးပြီး နာမည်ပြော မိတ်ဆက်ကြတာကြောင့်
သွားတာပဲ။ တခြားလူတွေထက်စာရင် သူ့နာမည်
ရိုးပြီးဆန်းနေလို့ မှတ်မိနေတာနဲ့ နာမည်တပ်လို့ရတာ





မင်း မှတ်မိမှာပါ၊ ငါတို့ငယ်ငယ် သူငယ်တန်း၊ တစ်တန်း
လောက်က သင်ရတဲ့ မြန်မာကဗျာထဲက နာမည်မျိုးလေး
မို့ ငါ မှတ်မိသွားတာပါ။ လုံးဝမခင်ဖူးပါဘူး။ ဟဲ ဟဲ ...
ဘာလဲ ... ကြွေနေတာလား"

"မဟုတ်ဘူးကွ၊ ဒီလို ..."

ဆိုပြီး နေညီလာဟာ လွန်ခဲ့တဲ့ ရက်များစွာ
တွင်းက တစ်ရက်မှာ သူ့အစ်ကိုဖွင့်ထားသော ကော်ဖီဆိုင်မှာ
ာင်တာထိုင်စဉ်က ဆုံခဲ့ရတဲ့ သာမန်အဖြစ်အပျက်လေးကို
ပြောပြလိုက်ပါသည်။ နေညီလာ ဒီလိုပြောပြလို့ ကြည်သာ
ွန်း အနေနဲ့ တအံ့တဩကြီး နားထောင်တာမျိုးတော့မရှိ။
ညီလာတို့ ကြည်သာထွန်းတို့ဆိုတာက ရိုးရိုးအေးအေးကြီးတွေ
။ စာကိုသာ တကုပ်ကုပ် ချောင်းကပ်ကျက်နေတဲ့ မိန်းကလေး
ောင် စိတ်မဝင်စားတဲ့ လူရိုးဆေးကျောင်းသားတွေမှ မဟုတ်
ာ။

လှတာလေးမြင်ရင် ကြည့်မယ်၊ သဘောကျရင်
ုက်မယ်၊ နည်းနည်းပါးပါး ပိုစိတ်ဝင်စားလာရင် လိုက်မယ်၊
ည်းစားမဖြစ်တဖြစ် အီစီကလီလေးတွေလည်း ဒုနဲ့ဒေးလို့ ပြော
လောက်အောင် ရှုပ်တတ်ကြတာမို့ သူတို့ကြားမှာ တစ်ယောက်က
ိန်းကလေးအကြောင်း ပြောတာဟာ သိပ်တော့ အထူးအဆန်း
ကြီး၊ အံ့ဩစရာကြီး မဟုတ်ပါ။



www.burmeseclassic.com

www.burmeseclassic.com



"ရည်းစားနဲ့ ချိန်းထားတာ၊ ရည်းစားရောက်မလာ အသည်းတစ်ခြမ်းကွဲပြီး ထ,ပြန်သွားရတဲ့ မိန်းကလေး ယောက်ကိုများကွာ။ ဘာလို့ အမှတ်တရတွေ ဖြစ်နေရ လဲ"

"အမှတ်တရ မဟုတ်ပါဘူး။ သူ့ကို သတိထားကြ သွားတော့ မှတ်မိသွားတာပါ။ မင်းနဲ့ဆက်စပ်ပြီး faceb ထဲက ဓာတ်ပုံမှာပါ ထပ်တွေ့လိုက်ရတော့ လူ့သဘ အရ စပ်စုချင်တာပါကွာ၊ စိတ်လည်း မဝင်စားပါ အခုချိန်လောက်ဆို သူ့ရည်းစားအကောင် ပြန်အ ကောင်းတာ့နဲ့ အဆင်တောင် ပြေနေလောက်ပါပြီ"

"သူ့နာမည် မရွေဖ်ပဲ သိတယ်။ ကျန်တာ ဘာမှတော ဘူး.. မင်း သိပ်သိချင်တဲ့ဆန္ဒ ပြင်းထန်နေရင်တော့ ပေးမယ် ... ဟဲ ဟဲ"

"ဟေ့ကောင် ... ဘာဟဲဟဲလဲ၊ လုံးဝမလိမ်ဘူး၊ ငါ သူ ဘာမှမဖြစ်ဘူး။ သိချင်လို့မေးတာ၊ ငါ စိတ်ဝင်စာ သဘောကျမိတယ် ဆိုရင်ရော မင်းတို့ကို ဘာဖုံးကွယ် ရှိလဲ၊ ဘာမှမဖုံးကွယ်ဘူး၊ ပုံ့ပုံ့ကို သွားမေးမနေနဲ့။ သိလာလည်း အပိုပဲ၊ ငါ စိတ်မဝင်စားဘူး"

"သေချာလား"

"သေချာတယ် ဟေ့ကောင်။ အမှန်အတိုင်း ပြောတာ





"ကောင်းပြီ၊ ဒါဆို ငါလည်း ပုံ့ပုံ့ကို မေးမနေတော့ပါဘူး။ တော်ကြာ အဲဒီ မိပုံ့က ဗလစ်ဗလစ်နဲ့ ဟိုပြော ဒီပြောတွေ ချဲ့ကားပြောရင် အလကားနေရင်း အချောင်နာမည်ထွက် ဦးမယ်"

ကြည်သာထွန်းလည်း သူ့ညီမဝမ်းကွဲတွေအကြောင်း သိဆုံးဖြစ်လေရာ ဒီပြဿနာကို မစ,ဖို့ သူ့ဘာသာပဲ ဆုံးဖြတ် သည်။ ကြည်သာထွန်းတို့ အမျိုးတွေထဲမှာ မိန်းမအုပ်စုအတော် ာင့်သဖြင့် ကြည်သာထွန်းလည်း မိန်းမတွေ စကားများလှပုံ၊ ဲစုံတစ်ရာ အကြောင်းရရင် ချဲ့ကားတွေးခေါ်ပြောတတ်ပုံကို သိဆုံး ဖြစ်လေသည်။ ကြည်သာထွန်းမှာတင် မောင်နှမသုံး က်မှာ အစ်မတစ်ယောက်၊ ညီမတစ်ယောက် ပါနေသည်။ အပြင် ဝမ်းကွဲတွေ ကြည့်ဦးမလား။ ယောက်ျားလေးအတော် လျက် မိန်းကလေးဦးရေသာ အများဆုံးဖြစ်နေသည်။ နေညီလာ ကတော့ ကြည်သာထွန်းကိုဆို ဒီအချက်နဲ့တင် တော်တော်နိုပ် ပ်လို့ကောင်းနေသည်။

"ယောက်ဖ"

လို့ မကြာခဏခေါ်ပြီး အနိုင်ကျင့်ပေမယ့် ဘာကြောင့် းမသိ ကြည်သာထွန်း အစ်မ၊ ညီမနဲ့ ဝမ်းကွဲမိန်းကလေးတွေ စိတ်နဲ့တောင် မကြိုက်မိကြ။ မချောလို့၊ မလှလို့ မဟုတ်။ ငယ်တည်းက မြင်ဖူး၊ တွေ့ဖူးပြီးသားတွေ ဖြစ်နေရာ အမြင်မ န်းတော့သလို ဖြစ်နေ၍ပင်။



www.burmeseclassic.com

www.burmeseclassic.com



တစ်ခါတလေ ကြည်သာထွန်း ပန်းရောင်ဖျော့

ရေမိုးဖျော့တို့ပါတဲ့ ရှမ်အကျီဘာညာ ဝတ်လာရင်တော့ ...

"မိန်းမတောထဲ နေတာများပြီး မင်းပါ ခြောက်လာပြီ

တယ်၊ အရောင်ဖျော့တွေ စ,ပြီးကြိုက်လာပြီ၊ Gay

ကြိုက်တဲ့ အရောင်မျိုးကြီးတွေ ဝတ်နေပြီ"

ဟု ဝိုင်းစလို့မဆုံး။

နေညီလာနဲ့ ကြည်သာထွန်းတို့ တခြားအကြော

အရာတွေ ဖုန်းဆက်ပြောပြီးသောအခါ ဖုန်းချလိုက်ကြပါသည

ကျောင်းပိတ်ထားတာ တစ်လတော့ ကျော်

ဖြစ်ရာ နောက်နှစ်ပတ်ကျော် သုံးပတ်လောက်ဆိုရင်တော့ ကျော

ပြန်တက်ရတော့မည်။ ဒီနှစ်က နောက်ဆုံးနှစ်လည်း ဖြစ်တာ

စာတော့ တော်တော်များသည်။ စာတွေက ခက်လည်းခက်သည

ဟေးလားဝါးလားလုပ်ဖို့ အချိန်တောင် သိပ်မရှိဟု ကိုယ့်ထာ

စီနီယာတွေ ဆရာကြီးလုပ်တာ ကြားဖူးသဖြင့် လန့်တော့လန့်

သည်။

သို့သော် နေညီလာတို့တစ်တွေက နဂိုအခံညာ

ကောင်းလို့ကို ဆယ်တန်းမှာ အမှတ်တွေများပြီး ဆေးကျောင်းတာ

ရသူများ ဖြစ်လေရာ ဒီလိုပဲ လိုမ့်ပိန့်စာတွေကျက်ရင်း တစ်

တစ်တန်းတော့ အောင်လာခဲ့ကြသဖြင့် သိပ်တော့ စိုးရိမ်စရာ





သိပ်မကြိုးစားကြလို့သာ ဆေးကျောင်းမှာ လျှမ်းလျှမ်းတောက်တော်နေတဲ့ ကျောင်းသားတွေ ဖြစ်မလာတာသာ ရှိသည်။ အောင်ဖို့ကတော့ သိပ်တော့ပူစရာမလိုဘူးဟု ထင်ကာ ခပ်ထိတော့ စိတ်အေးနေသေးလေသည်။

○❤○



www.burmeseclassic.com

www.burmeseclassic.com

## ၂

ကျောင်းပြန်ဖွင့်သောအခါ အရင်ဆုံးပြေးရသည်က တော့ ကလေးဆေးရုံကြီး စာသင်ဆောင်တွေကိုပင်။ ကျောင်းရှိ ရာ လမ်းမတော် စာသင်ဆောင်တွေဆီ အရင်သွား၊ ကိုယ်ဝင်ရ မည့် ပို့စတင်ကို အရင်ကြည့်ပြီးတာနဲ့ ကားကိုယ်စီနဲ့ ကိုယ်စာ သင်ရမည့် ဆေးရုံတွေ လစ်ကြရတော့သည်။

ဆေးကျောင်းမှာ ခုံနံပါတ်စီတာတွေက နာမည်ရဲ့ ရှေ့ဆုံးအက္ခရာကို စီစဉ်သဖြင့် ကြည်သာထွန်းက "က"ကြီးမှ တစ်နေရာ၊ နေညီလာကတော့ "န"ငယ်မှ တစ်နေရာ၊ တင်မောင်ဦး ကတော့ "တ"ဝမ်းပူ၊ ထွန်းတောက်ကတော့ "ထ"ဆင်ထူး "တ"ဝမ်းပူ "ထ"ဆင်ထူးနဲ့ "န"ငယ်တွေကတော့ အက္ခရာချင်း သိပ်မကွာသဖြင့် နေညီလာရယ်၊ တင်မောင်ဦးရယ်၊ ထွန်းတောက် ရယ်ကတော့ Child Posting အတူရောက်ကာ တစ်ဆေးရုံတည်း





စာသင်ရသည်။ "က"ကြီးနဲ့စသော ကြည်သာထွန်းတစ်ယောက် သာ လူကွဲပြီး ဆေးပညာဘာသာရပ်(Medicine)အတွက် ရန်ကုန် ဆေးရုံကြီး စာသင်ဆောင်တွေမှာ စာသင်ရသည်။

မနက်ပိုင်း ward ထဲမှာ ဆရာတွေနဲ့ လူနာစမ်းသပ် ကုသပုံ သင်ပြီး ညနေပိုင်းတော့ ဆေးရုံထဲရှိ စာသင်ဆောင် သီရေတာတွေမှာ စာသင်ရသည်ဖြစ်ရာ လမ်းမတော်ဆေး(၁)ကို ဘောင် ယောင်ပြီးခြေဦးမလှည့်ကြရတော့ပါ။

နေညီလာတို့ သူငယ်ချင်းတစ်သိုက်ကတော့ နေ့ လယ်ထမင်းစားချိန် ဆိုရင်တော့ ဆုံကြမြဲဖြစ်ပါသည်။ အားလုံး ကားကိုယ်စီလည်း ရှိကြရာ ကြည်သာထွန်းက ကားမောင်းပြီး ကလေးဆေးရုံဘက် ရောက်လာသည့်အခါရောက်။ နေညီလာတို့ သုံးယောက်က ကြည်သာထွန်းရှိရာ ဆေးရုံကြီးဘက် ရောက်သည့် အခါရောက်၊ တစ်ခါတလေကျ ညနေပိုင်း အတန်းချိန်တွေလစ် ပြီး ရွှေပင်းမောလ်တွေ ရောက်နေတတ်တာမျိုးလည်း ရှိသလို ရုပ်ရှင်ရုံထဲလည်း ရောက်နေတတ်ပြန်သည်။

နောက်ဆုံးနှစ် အပိုင်း(ခ)အတန်းမှာ ပထမခြောက် လ အတန်းချိန်တွေကို Pre-bloc posting (ပရီဘလော့(ခ)ပို့စတင်) ကာလဟုခေါ်ပြီး ထိုအချိန်ကာလကတော့ စာမေးပွဲတွေ နည်းနည်း ဝေးသဖြင့် ကျောင်းသားတွေအတွက် အလေလိုက်ဖို့ အချိန်ပေးနိုင် သော ကျောင်းတက်ချိန် ဖြစ်ပါသည်။ ဒုတိယခြောက်လကျမှ



www.burmeseclassic.com

www.burmeseclassic.com



ထိုကာလကိုတော့ Bloc Posting (ဘလော့(ခ)ပို့စတင်)ဟု ခေါ်သည်။ စာမေးပွဲတွေ တော်တော်စိပ်သလို စာတွေလည်းများလာ၊ စာမေးပွဲကြီးနဲ့လည်း ကပ်လာပြီမို့ အချိုးပြင်ပြီး စာကိုပုံမှန်လုပ်ရင်တောင်မရ။ ပုံမှန်ထက် ပိုတိုးပြီးကျက်နိုင်၊ မှတ်နိုင်မှသာ ကွင်းလုံးကျွတ်အောင်ဖို့ သေချာလေသည်။

ပုံမှန်လုပ်လို့တောင် မရနိုင်။ စာတွေက များလွန်းလို့ စာမေးပွဲသာ ပြီးသွားရော ကိုယ်မဖတ်ဖူးလိုက်သောစာမျိုး ကိုယ်မသိလိုက်သော အကြောင်းအရာမျိုးတွေတောင် ကျန်နေတတ်သည်။ ဒါဖြင့် သာမန်လူတွေက မေးကြမည်။

“ဆရာဝန်တွေက ကျောင်းစာထဲမှာပါတဲ့ ရောဂါတွေ အကုန်မသင်ဖြစ်၊ မဖတ်ဖြစ်ဘဲ စာမေးပွဲအောင်လာတော့ ကုရော ကုတတ်ရဲ့လား”

ဆိုသော မေးခွန်းတွေ ရှိလာမည်။

အမှန်တော့ ဆရာဝန်တစ်ယောက် လူနာကို ရောဂါ သက်သာပျောက်ကင်းအောင်ကုသဖို့ အရေးကြီးတဲ့၊ နေ့စဉ်တွေ့ နေကျ မြင်နေကျဖြစ်တဲ့ ရောဂါမျိုးကိုတော့ ဆေးကျောင်းသားတိုင်း၊ စာမေးပွဲအောင်လို့ ဆရာဝန်ဖြစ်သွားတဲ့သူတိုင်း ကျွမ်းကျင်စွာ နားလည်ပြီး ကုသတတ်ကြပါမည်။ Must Know (မက်(စ)နိုး) ဟုခေါ်တဲ့ သိကိုသိရမယ်၊ မသိရင်တော့ စာမေးပွဲကျမယ် ဆရာဝန် မဖြစ်ထိုက်ဘူးဆိုသော ခေါင်းစဉ်အောက်မှာ စီတန်းပြီး





ကျက်မှတ်ရတဲ့ ရောဂါဝေဒနာတွေရယ်၊ ကုသပုံတွေရယ်ဟာ ဆေးကျောင်းသူ၊ ကျောင်းသားတိုင်း ကြေညက်စွာ တတ်မြောက်ပြီးသား ဖြစ်ပါသည်။

ဆရာဝန်ဖြစ်ပြီးမှသာ ကိုယ်ဝါသနာပါတယ်ဆိုရင် သိသေးသော၊ ရှားပါးသော၊ တွေ့ရခဲသော ရောဂါဝေဒနာမျိုးတွေ ရှာဖွေလေ့လာဖတ်ရင် ဖတ်နိုင်ပါသည်။ အခုတော့ နေညီလာတို့ လေလို့ကောင်းနေဆဲပေါ့။

ဒီနေ့တော့ နေညီလာတို့သုံးယောက် ကြည်သာထွန်း ရှာဆေးရုံကြီးဘက်ကို ထမင်းစားချိန်မှာ ရောက်လာကြလေသည်။

မလာခင်ကတည်းက ကြည်သာထွန်းကို ကြိုပြီးဖုန်းဆက်ထားသဖြင့် ကြည်သာထွန်း ဘယ်မှထွက်မသွားဘဲ စောင့်နေလေသည်။ ဆေးရုံကြီးကင်န်တင်းမှာ ထမင်းဘူးကိုယ်စီဖြင့် ပြီးစားကြရင်း ...

“ညနေပိုင်း အတန်းအရေးကြီးလား”

ဟု ကြည်သာထွန်းက မေးလာသဖြင့် ...

“ဘာလဲ ... ဘယ်လစ်ချင်လို့ စ,လာတာလဲကွ”

ကျန်တဲ့သုံးယောက်က အထာပေါက်ပြီး ပြန်မေးလိုက်သည်။ ဒီလိုစကားစပြီ ဆိုကတည်းက တစ်နေရာရာကို ကျောင်းလစ်၊ အတန်းလစ်ပြီး လျှောက်သွားချင်လို့ အဖော်ညှိတာ မှန်း အားလုံးကြိုရိပ်မိကြလေသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဘယ်မှာလစ်စရာရယ်လို့တော့ မရှိပါဘူး၊ ဒါပေမဲ့ ဒီနေ့
ငါ့အစ်မဝမ်းကွဲတစ်ယောက် အရုပ်ဆိုင်ဖွင့်ပွဲတော့ရှိတယ်၊
(......)ရှော့ပင်းမောလ်မှာဆိုတော့ သွားကြည့်ရင် စည်စည်
ကားကားလည်းရှိတယ်။ စိတ်ထဲမှာ စာတွေနဲ့မွန်းကျပ်နေ
တာလည်း အပန်းပြေတာပေါ့ကွာ"

"အရုပ်ဆိုင်ဖွင့်ပွဲကွာ ကလေးကျနေတာပဲ သွားကြည့်စရာ
လား"

တင်မောင်ဦးက အသံညောင်နာနာဖြင့် ဝေဖန်သည်၊
သူငယ်ချင်းတွေထဲမှာ တစ်ယောက် အားနည်းချက်တစ်မျိုးစီနဲ့
အတော်တော့ ရယ်စရာကောင်းသည်။ တင်မောင်ဦးဟာ လုံက
သာ ကလန်ကလား ပိန်ရှည်ရှည် အရုပ်ခြောက်ပေလောက်ပေမယ့်
အသံကတော့ လူနဲ့မလိုက်အောင်ဘဲ ညောင်နာနာ၊ အသံပဲဝင်နေ
သလိုလို၊ အက်ကွဲနေသလိုလို၊ တစ်ခုခု နင်နေသလိုလိုဖြင့် ဘယ်
လောက်အော်ပြောပြော အသံက ထွက်ကိုမထွက်တော့တဲ့အသံ။
အသံသာ မထွက်တယ် လူကတော့ နေရာတကာ သူ့အသံချည်း
ပဲ။ စကားလည်း အဲတော်များသူ ဖြစ်သည်။

ထွန်းတောက်ကကျတော့ ဘယ်တော့ကြည့်လိုက်
ကြည့်လိုက် ကုပ်ချောင်းချောင်းပုံစံဝင်ကာ လူက အထင်ကြီးစရာ
ကို မရှိတဲ့ရုပ်။ ဆေးကျောင်းသား ဖြစ်ပါသည်ဆိုတာ လည်ပင်း
မှာ စာချိတ်ဆွဲထားရမယ့် ရုပ်မျိုး။ လူကလည်း မျက်မှန်ပုံစံ





နဲ့ထူကြီးနဲ့ ငါးပေသုံးလက်မလောက် အရပ်နဲ့ သေးကွေးနေကာ
ကပုပု၊ လက်ပြင်ကိုင်းကိုင်း၊ ကုပ်ချောင်းချောင်းပုံစံ။ ဒါပေမဲ့
ထွန်းတောက်ကတော့ အားလုံးထဲမှာ စာအလုပ်ဆုံး၊ စာအကြိုးစား
ဆုံးဖြစ်ရာ ဆေးကျောင်းရဲ့လူတော်စာရင်းဝင်ဖြစ်သည်။ နေညီလာ
တို့လို ပေါ့ပေါ့လာလာဝါးလားသမားတွေကတော့ ထွန်းတောက် အား
ကိုးနဲ့ လေလို့ရနေတာဖြစ်သည်။ စာမေးပွဲနီးလျှင် ထွန်းတောက်
ချည့် စာတွေရှင်းပြ။ ကျက်ပြနဲ့ နေညီလာတို့က ဇိမ်နဲ့လိုက်
ထောင်ပြီး စာမေးပွဲအောင်,အောင်ဖြေကြရသူတွေ။

ကြည်သာထွန်းကျတော့ ရုပ်ကအနေတော်ရုပ်ပေမယ့်
နေညီလာတို့ ဝေဖန်သလို သူက တစ်ခါတလေကျ မိန်းမဆန်ချင်
သည်။ မိန်းမအုပ်စုများသော မိသားစုဝင်မို့ထင်သည်။ မိန်းမလို
အောင်းလည်း ပြောတတ်သည်။ တစ်ခါတလေ သူ့ဘာသာ
ဟာတွေကောက်ပြီး မခေါ်မပြော နေတတ်တာမျိုးလည်းရှိသည်။
နှာနည်းလည်း နွဲ့ချင်ချင်ဖြစ်သော ခါးပုံစံဖြစ်ကာ လူကအသန့်
ကြိုက်။ အလှအပလည်း လိုအပ်တာထက် ပိုကြိုက်နေတတ်သေး
သည်။ ဒါကြောင့် ပုံစံကျားကျားလျားလျား မရှိဘဲ ကန့်ကလျ
ကလျတော့ ဖြစ်နေသည်။

နေညီလာကျတော့လည်း လူက ပြောင်ချော်ချော်
ဖြစ်နေကာ အမြဲတဟီးဟီးတဟားဟားပုံစံ နေတတ်သည်။
ရုပ်ချောလည်းမချော၊ ရုပ်လည်းမဆိုးပေမယ့် ပြောင်ချော်ချော်



www.burmeseclassic.com

www.burmeseclassic.com



နောက်တီးနောက်တောက် နေတတ်၊ လူတကာကို အလွယ်တကူပဲ အရောဝင်တတ်ပြီး ပေါင်းသင်းဆက်ဆံရေး ကောင်းလှသူဖြစ်သည်။ အတန်းထဲမှာဆို နေညီလာ့ ပုံစံကို မှန်းပြီးကြည့်မရတဲ့ မိန်းကလေးဦးရေတစ်ဝက်၊ ဒီလိုပြောင်ချော်ချော်၊ ပေါးလားဝါးလားကိုပဲ သဘောကျပြီး ခင်မင်နေသူ မိန်းကလေးတစ်ဝက်လောက် ရှိတတ်ပါသည်။

ဤကဲ့သို့သော ပုလည်းသိပ်မလာ၊ ဟုတ်တိပတ်တိလည်း ရှိုးမပေးတတ်သော ဆေးကျောင်းသားအုပ်စုတစ်စုဟာ ဆေးကျောင်းမှာ သိပ်နာမည်ကြီး ပေါ်ပြူလာမဖြစ်တာ သိပ်တော့ မဆန်းပါ။

"အရုပ်ဆိုင်ဆိုပေမယ့် ကလေးကစားစရာရောင်းတဲ့ အရုပ်ဆိုင် မဟုတ်ဘူးကွ။ မွေးပွဲအရုပ်တွေပဲ ရောင်းတဲ့ဆိုင်။ ဟဲ ဟဲ ... ကောင်မလေးတွေက အိပ်ရာထဲမှာ ဖက်အိပ်ကြတဲ့ အရုပ်မျိုးတွေရောင်းတဲ့ဆိုင်ကွာ"

"ရည်းစားတော့ ရှိတယ်၊ ဒါပေမဲ့ ငါ့ရည်းစားက အရုပ် မကြိုက်ဘူး"

တင်မောင်ဦး ကောင်မလေးက သူတို့နဲ့ တစ်လမ်းတည်းနေသူဖြစ်သည်။ သူ့ထက်သုံးနှစ်လောက်တော့ ငယ်မည်။ ဒါပေမဲ့ ကောင်မလေးကတောင် အတွေးအခေါ် ပိုရင့်ကျက်လျက် တင်မောင်ဦးကိုတောင် ပြန်ထိန်းချုပ်နေတာ တွေ့ဖူးပါသည်။





"အရုပ်တွေက ဘာမှသာ မဟုတ်တယ်။ ဈေးကြီးတယ်ကွာ၊ ရည်းစားရှိလို့ ရည်းစားက ပူဆာရင်တောင် အခက်ပဲ၊ အဲဒီအရုပ် ဝယ်ပေးလိုက်ရင် မုန့်ဖိုးတစ်လစာ ပြုတ်နိုင်တယ်"

ထွန်းတောက်က ကပ်စေးလည်းနည်းလှသူဖြစ်ရာ ကြိဖန်တွေးပူနေသည်။ တကယ်တော့ သူ့မှာ မူးလို့ရှူစရာ ရည်းစားတောင် မရှိရှာပါ။ သူ ကျိတ်ကြိုက်နေသော အတန်းထဲက တင့်တင့်မေတော့ ရှိပေမယ့် သူကြိုက်နေကြောင်း ဒီအုပ်စုပဲသိစေတာ ...

"ဟေ့ကောင်တွေ ... သူ့ရှေ့မှာ မစ,ပါနဲ့။ သူသိအောင် လျှောက်မပြောပါနဲ့ကွာ၊ မင်းတို့နောက်လို့ သူသိသွားရင် ငါ တကယ် ကျောင်းတောင်လာရဲတော့မှာ မဟုတ်ဘူး၊ ကျောင်းလည်း ဒီမှာမတက်တော့ဘူး။ ကျောင်းပြောင်းမယ်"

ဆိုကာ အသည်းအသန်ကြီး တားသဖြင့် နေညီလာတို့မျှ ထွန်းတောက်အစား တင့်တင့်မေ သိသွားအောင်.စနောက်ဖို့တောင် ပါးစပ်မရဲတော့။ အခိက,ကတော့ ထွန်းတောက်ကျောင်းပြောင်းသွားရင် သူတို့အားလုံး စာကျက်ဖို့ အခက်တွေ့မှာ စိုးရိမ်တာပါ။ ထွန်းတောက်က ဆရာကြီးတစ်ဆူလို ဆိုတော့ ထွန်းတောက် မရှိရင် မဖြစ်။ သူတို့စာမေးပွဲတောင် ကျနိုင်သည်။ ထွန်းတောက် စာတွေအတူတူကျက်ပေး၊ ရှင်းပြပေးနေလို့ စိတ်

www.burmeseclassic.com



လွတ်ကိုယ်လွတ် လေချင်တိုင်း လေလို့ရနေတာဖြစ်သည်။ ထွန်း တောက်က လူပုံခပ်အေးအေး၊ ကုပ်ချောင်းချောင်းပေမယ့် ပြောရ ပြောထားတဲ့အတိုင်း တကယ်လုပ်တတ်ကြောင်း သိသဖြင့် ထွန်း တောက် တားမြစ်ထားတာကို မစ,ရဲကြ။

"နေ့တိုင်း ဆေးရုံလာ၊ အတန်းတက်၊ ကျောင်းဆင်းရ စာခဏစကျက်၊ ပြီးရင်အိမ်ပြန်အိပ်နဲ့ပဲ တစ်ရက် တစ်ရ အချိန်ကုန်နေတာကွာ သွားရအောင်။ လူလည်း ခေါင်းရှု သွားတာပေါ့"

"အံမာ ... နေ့တိုင်း စာကျက်တာလား၊ ထွန်းတော ကျက်ပြတာကို နားထောင်တာလားကွာ"

"ဟော့ကောင် ... တင်မောင်ဦး၊ မင်းပဲ့ စဉ်းစားကြည့် ဧ ကျက်တာနဲ့ သူများကျက်တာကို နားထောင်ပြီး လိုက်မှ နေရတာနဲ့ ဘာမှမကွာဘူး၊ အတူတူပဲ ဦးနှောက်ထဲထည် ရတာချည်းပဲ။ ဆရာကြီးက သူ ကျက်ပြပြီးတာကို ပြ မေးသေးတာလေ"

"မမေးရင် ရမလားကွ၊ ငါက အာပေါက်ပြီး မင်းတို့ခေါင် ထဲတစ်လုံးမှ မရောက်ရင် အလကား ဖြစ်တာပေါ့"

"ဒါပေမဲ့ မင်းအတွက်တော့ အကျိုးရှိတာပါပဲကွာ၊ မင် ဒစ်စတင်းရှင်း ကန်ဒီဒိတ်ဖြစ်ဖို့ စာပိုဖတ်ဖြစ်သွားတာ ပေါ့"





"ပေါ်တူးမှာ ဒစ်စတင်းရှင်း ထွက်ဖို့ထက် ဆပ်ပလီမပါ ဘဲ အောင်ဖို့တောင် ဖင်ပြဲအောင် ကြိုးစားရမှာကွ"

တစ်ယောက်တစ်ပေါက် ကိုယ်ပြောချင်တာတွေ ပြော ရာ ကြည်သာထွန်း အဆိုတင်သွင်းထားသော နာမည်ကြီး ရှာပင်းမော်လ်ကြီးကိုသွားဖို့ ခုထိ ရေရေရာရာ ဖြစ်မလာသေးပေ။

"ကဲပါကွာ ... ခဏသွားကြရအောင်ပါ။ ခုမှ နေ့လယ် တစ်နာရီပဲ ရှိသေးတာ။ ရှော့ပင်းမောလ်ထဲ သွားပြီးမှ စိတ်ပါလာရင် ဆေးရုံပြန်ပြီး ညနေပိုင်း ကျန်တဲ့အတန်း တက်လို့ ရသေးတာပဲ။ သွားကြရအောင်"

"မင်းကပဲ စိတ်ပါလာရင် အတန်းပြန်လာတက်မယ်လေး ဘာလေးနဲ့။ အပြင်ရောက်သွားပြီးရင် ဘယ်တော့မှ စိတ် ပြန်ပါမှာ မဟုတ်ဘူး။ ကျောင်းပြန်လာဖို့ စိတ်ပါဖို့မပြော နဲ့ ကျောင်းကိုပြန်သတိရရင်တောင် ကံကောင်း"

နေညီလာသည် ကြည်သာထွန်း အတော်သွားချင် နေမှန်း ရိပ်မိလေရာ ငယ်သူငယ်ချင်းကို ဘက်လိုက်ပြီး သူပါ သွားဖို့ စိတ်ပါလိုက်ဖို့ တွေးမိသည်။ တကယ်တော့ နေညီလာ့ စိတ်က သွားချင်တာလည်းမရှိ။ မသွားချင်တာလည်း မရှိပါ။ ဆေးရုံပြန် စာသွားသင်ရလည်း သူ့မှာက ထွန်းတောက်နဲ့ တင် မောင်ဦး အဖော်ပါသည်။ ကြည်သာထွန်းမှာသာ အုပ်စုကွဲပြီး တစ်ယောက်တည်း အတန်းတက်ရမှာမို့ ကြည်သာထွန်းဘက်လိုက်



www.burmeseclassic.com

www.burmeseclassic.com



ဗိုဆုံးဖြတ်မိသည်။ ကြည်သာထွန်းနဲ့ အတန်းထဲက တခြားသူငယ်ချင်းတွေနဲ့ မခင်ဘူးတော့ မဟုတ်။ ခင်တော့ခင်ပေမယ့် ကိုယ်အမြဲတွဲနေကျ မဟုတ်တော့ အတန်းတက်ရတာ ပျင်းစရာကောင်းနေမှာတော့ သေချာသည်။

"ငါတော့ ကြည်သာထွန်း ပြောသလို အဲဒီရွှေပင်းမောင်ကို သွားကြည့်ဖို့ သဘောတူတယ်ဟေ့"

"မင်းဆိုတဲ့ကောင်က ဒါမျိုးဆို ရှေ့ဆုံးကလေ"

"မင်းတို့ စိတ်မပါရင်နေခဲ့။ ဆေးရုံပြန်ရင် ပြန်ကြတော့ ငါ့ကိုမစောင့်နဲ့။ ငါနဲ့ကြည်သာထွန်း သွားကြမယ်၊ ဘယ်လိုလဲ"

"ငါလည်း လိုက်မှာပေါ့ကွ"

တင်မောင်ဦး မလိုက်ရမှာစိုးတဲ့အသံနဲ့ ပြောသည်။ ထွန်းတောက် တစ်ယောက်တည်း ခပ်တည်တည်ကြီးနဲ့ ထမင်းဘူးကိုင်က ဆေးရုံပြန်တော့မလို့ပြင်လျှင် ...

"ဆရာ,ရာ မထူးပါဘူး။ ဟန်ဆောင်ပြီး ပြန်ပြမနေပါနဲ့ လိုက်ခဲ့စမ်းပါ။ သွားရအောင်ပါ"

"ဟန်ဆောင်တာ မဟုတ်ဘူးကွ"

"ငါတို့ ကျောင်းစဖွင့်ကတည်းက တစ်ခါပဲ အတန်းလစ်ပြီး ရုပ်ရှင်သွားကြည့်တာ ရှိပါတယ်ကွာ။ မင်းရဲ့ကြည်... တွေ နားထောင်ပြီး ငါတို့ အပိုးကျိုးနေတာ သုံးလရှိပါပြီ





pre-bloc မို့ ခဏလေးတာပါကွာ၊ bloc ကျရင် အသားကုန်ငြိမ်ပါမယ်၊ အပိုးကျိုးပါမယ်"

"အေးလေ ... ငါ ဘာပြောလို့လဲ၊ သွားကြပေါ့။ ငါမှမလိုက်ချင်တာ"

"စာချည်းပဲ လုပ်နေရင် ခေါင်းပူပြီး လူလည်းဉာဏ်မသွက်ဘူးကွ။ ဒီတော့ ဦးနှောက်ကိုသွက်အောင် ပျော်စရာလေး ဘာလေး ဖန်တီးပေးရတယ်"

တင်မောင်ဦး တစ်ယောက် ဒိုင်ခံပြီး စကားတွေပြောနေပေမယ့် ထွန်းတောက်က ဟန်ဆောင်တာလား၊ တကယ်...သလားတော့ မသိ။ ခြေလှမ်းတောင် ပြင်နေပြီဖြစ်ရာ နေညီလာတို့...သည်း ဒီတိုင်း စောင့်ကြည့်မနေနိုင်တော့ဘဲ ထွန်းတောက်ကို...င်းချုပ်ကာ ဆွဲခေါ်လိုက်တော့သည်။

"ဟေ့ကောင်တွေ ... ဘာလုပ်တာလဲ"

"မင်း လိုက်ချင်ချင် မလိုက်ချင်ချင် ခေါ်ရမှာက ငါတို့တာဝန်ကွ။ ဒါကြောင့် ခေါ်သွားမလို့"

"ဗလအားကိုးနဲ့ အနိုင်ကျင့်ချင်တဲ့ကောင်တွေ"

လေးယောက်သား တွန်းထိုးလုံးထွေးကြပြီးနောက် နောက်ဆုံးတော့လည်း ထွန်းတောက်ခမျာ ကြည်သာထွန်းရဲ့ ...ပါရ(ဖ)ဇင်ကား နောက်ခန်းမှာ ကုပ်ချောင်းချောင်းနဲ့ ပါလာရ...တော့လေသည်။



www.burmeseclassic.com

www.burmeseclassic.com



ဒီလေးယောက်မှာ ကြည်သာထွန်းနဲ့ နေညီလာ မှာပဲ ကားရှိကာ တင်မောင်ဦးနဲ့ ထွန်းတောက်မှာ ကိုယ်ပိုင်ကား မောင်းပြီး ကျောင်းလာကြတာမရှိ။ တင်မောင်ဦး အစ်ကို့ကိုသာ ကားပေးမောင်းသဖြင့် မနက်ကျ သူ့အစ်ကိုက တင်မောင်ဦးကို ဆေးရုံမှာချပေးခဲ့ပြီး သူတက်နေသော ရန်ကုန်တက္ကသိုလ်ထဲ ကားယူသွားပါသည်။ တင်မောင်ဦး အစ်ကိုက သမိုင်းဘာသာ Ph.D ဒေါက်တာဘွဲ့ယူဖို့ စာဆက်လေ့လာနေသူဖြစ်သည်။ ည အိမ်ပြန်ချိန်တော့ မတူသဖြင့် လာမကြိုပေးလေရာ နေညီလာက တင်မောင်ဦးကို ကားကြုံခေါ်ပြီး အိမ်ပြန်ပို့ပေးရသည်။

ထွန်းတောက်ကတော့ သူ့အဖေမှာ အရာရှိကြီးတစ် ဦးဖြစ်သဖြင့် ရုံးကားကိုတော့ စီးခွင့်ရှိသည်။ ဒီတော့ မနက်ကျောင်း လာလည်း အဖေ့ရုံးကားလိုက်ပို့ပေးသွား၊ အပြန်လာစောင့်ခေါ် သဖြင့် ကျောင်းအပို့အကြိုရှိသည်။ ကိုယ်ပိုင်ကားတော့ အိမ်မှာ ရှိသလား၊ မရှိသလားဆိုတာ နေညီလာတို့ မမေးမိသဖြင့်မသိ ထွန်းတောက်ကိုဆို ရုံးကားပေါ်က ဆင်းလာတာ၊ ရုံးကားနဲ့ပြန် သွားတာလောက်ပဲ မြင်ဖူးပါသည်။

ကြည်သာထွန်းကကျတော့ အိမ်မှာ ကားကနှစ်စီး ရှိရာ သူ့ကို တစ်စီးအပိုင်ပေးမောင်းထားတဲ့ သဘောမှာရှိသည်။ အစ်မတစ်ယောက်နဲ့ ညီမတစ်ယောက်ကြားမှာ တစ်ဦးတည်းသော ယောက်ျားလေး သားရတနာလည်းဖြစ်၊ အများအားကျရတဲ့ ဆေး ကျောင်းသားလည်း ဖြစ်လေရာ တစ်အိမ်လုံးက ဖူးဖူးမှုတ်ထားခံ ရတဲ့ အခွင့်ထူးခံမို့ ကျောင်းသွားရင် မျက်နှာငယ်မှာစိုးလို့ဆိုကာ ကားကိုတောင် သူ့အတွက် သီးသန့်ပေးသုံးထားတဲ့သဘော ဖြစ် ပါသည်။





နေညီလာတို့ကတော့ မိဘက တော်တော်လေး ချမ်းသာပြီး စီးပွားရေးလုပ်ငန်းရှင်ကြီးတွေ ဖြစ်သဖြင့် အိမ်မှာ လုပ်ငန်းသုံး ကားတွေရော၊ အိမ်စီးကားတွေရော သုံး၊လေးစီး ရှိတော့ ထားပါသည်။ ဒါကြောင့် နေညီလာ ကြိုက်တဲ့ကား ဆွဲ မောင်းလာရုံပင်။ တစ်ခါတလေ အဖေ့လုပ်ငန်းသုံး လိုက်ထိထရပ် နဲ့ဖြစ်လိုက်၊ တစ်ခါတလေ ဂျစ်(ပ်) (Jeep)နဲ့ဖြစ်လိုက်၊ တစ်ခါ တလေ တိုယိုတာဆလွန်းနဲ့ဖြစ်လိုက်။

ဒီနေ့တော့ ဂျစ်(ပ်)ခပ်ပုပုကားနဲ့မို့ ကျယ်ကျယ်ဝန်း ဝန်းဖြစ်သော ကြည်သာထွန်းရဲ့ ဗင်နဲ့ပင် အားလုံးတက်စီးပြီး ပင်းမောလ်ဆီ ဦးတည်လိုက်ကြပါသည်။

"နေစမ်းပါဦး၊ ဘာလို့ အဲဒီကို အရမ်းသွားချင်နေရတာ လဲ"

"ဘာအကြောင်းကြောင့်မှ မဟုတ်ဘူး။ ကျောင်းတက်ရတာ ငြီးငွေ့လာလို့ တစ်နေရာရာ သွားချင်တုန်း အစ်မက မနေ့ကပဲ ဖုန်းဆက်ဖိတ်တာ သိလိုက်တော့ အဲဒီကိုသွား ချင်သွားတယ်၊ ဒါပဲ"



www.burmeseclassic.com

www.burmeseclassic.com



“ဆိုင်ဖွင့်ပွဲ ဘာကျွေးမှာလဲ”

“ဘာမှမကျွေးပါဘူးကွာ၊ ဖွင့်တဲ့နေ့ကနေ တစ်လအတွင်း လာဝယ်ရင် 15% (fifteen percent discount) ဈေးချပေးမယ်တဲ့။ ဘာဝယ်ဝယ် 15% ဈေးလျှော့ပေးမယ်”

“မွေးပွဲအရုပ်တွေ ဘာလုပ်မှာလဲကွာ၊ ငါတော့ ခံစားလို့ကို မရဘူး၊ အမွေးပွပွ ကိုင်ချင်ရင် ကြောင်တစ်ကောင်ပဲဖြစ်ဖြစ်၊ ခွေးတစ်ကောင်ပဲဖြစ်ဖြစ် မွေးရင်ရတာပဲ”

တင်မောင်ဦး စကားကြောင့် နေညီလာ တဟီးဟီး တဟားဟား ရယ်ပြီး ...

“ဒါဖြင့် ကျားတစ်ကောင်ဖြစ်ဖြစ်၊ ဝက်ဝံတစ်ကောင်လောက် ဖြစ်ဖြစ်၊ Kangaroo (ကန့်ဂရူး)သားပိုက်ကောင် တစ်ကောင် ဖြစ်ဖြစ်ရော မမွေးချင်ဘူးလား။ သူတို့လည်း အမွေးလေးတွေနဲ့ ကိုင်လို့ရတာပဲ”

“ငါက မွေးပွဲအရုပ် မတန်ဘူးဆိုတာကို ပြောတာ ဟေ့ကောင်”

“မွေးပွဲအရုပ်မှာ ကြောင်တွေ၊ ခွေးတွေပဲရှိတာ မဟုတ်ဘူးလေ၊ ခုန ငါပြောတဲ့ ကျားတွေ ဝက်ဝံတွေလည်းရှိတယ်ဆိုတော့”

“ဟေ့ကောင်တွေ ... နားငြီးတယ်ကွာ၊ ဘာမဟုတ်တာကို ငြင်းခုံနေကြတယ်”





ထွန်းတောက် စိတ်သိပ်ကြည်လှတာ မဟုတ်လို့ ဝင်ဟောက်ပေမယ့် နေညီလာတို့က မျက်နှာပိုးမသေသွား။ စကားနိုင် ဆက်လုနေသည်။ ကြည်သာထွန်းကတော့ ရှော့ပင်းမောလ်ရဲ့ ကားရှုပ်လှသဖြင့် သတိထားမောင်းကာ ကားပါကင်ကို ပြူးပြဲရှာနေသည်။ ပါကင်တစ်နေရာတွေ့တော့ ဖတ်ခနဲ မီးမြန်မြန်ပြ၊ ခေါင်းထိုးဝင်လိုက်သည်။

ကားရပ်ပြီး ဆင်းရုံရှိသေးသည်။ ကားပါကင်စောင့်သူက ရောက်လာတော့သည်။

“ပါကင်ဖိုး (...)ပေးရမယ်ခင်ဗျ”

“ငါ ခုနပါကင်ဝင်တုန်းကတော့ လာမကြည့်ပေးဘဲ ပိုက်ဆံကျ လာတောင်းတတ်တယ်”

“အစ်ကိုကြီးတို့ ယောက်ျားလေးတွေက ပါကင်ဝင်ရင် ကျွမ်းပြီးသားပဲ။ ဘာမှကြည့်ပေးစရာ မလိုဘူး ထင်လို့ပါ”

ကြည်သာထွန်း ကားရပ်ခ ပိုက်ဆံပေးနေတုန်း နေညီလာတို့တွေကတော့ မျက်စိမူးရလောက်အောင် များပြားတဲ့ လူတွေကြား တိုးဝင်ပြီး ရှော့ပင်းမောလ်ထဲဝင်ဖို့ ထွက်သွားနှင့်နေလေပြီ။

○❤○



www.burmeseclassic.com

www.burmeseclassic.com



## ၃

ကြည်သာထွန်းရဲ့ အစ်မဝမ်းကွဲဆိုင်ရှေ့ မယောင်မလည်ရပ်ရင်း ဆိုင်ထဲကို လှမ်းလှမ်းကြည့်နေမိသည်။ နေညီလာကြည့်နေသော ကောင်မလေးအုပ်စုကတော့ သူတို့ထဲက တစ်ယောက်ကို နေညီလာ ကြည့်နေမှန်း မသိကြ။ မွေးပွဲအရုပ်တွေကိုသာ သဲကြီးမဲကြီး ပွေ့ဖက်ကိုင်တွယ်နေကြသည်။ မိန်းကလေးတွေ အကုန်နီးပါး အရုပ်တွေကို အလုအယက် ဝယ်နေကြသောကြောင့် တစ်ဆိုင်လုံး အလကားပေးနေသလားပင် ထင်ရစေသည်။

"ငါတော့ မခံစားတတ်ပါဘူးကွာ၊ ဘာကြောင့်များ ဒီလို မွေးပွဲအရုပ်တွေကို ကလေးတွေ သိပ်လိုချင်တာ မတွေ့ရဘဲ မကြီးမငယ် မိန်းကလေးတွေ အသည်းအသန် ဖြစ်နေရတာလဲ"





တင်မောင်ဦးက သူ့အကျင့်အတိုင်း ညောင်နာနာသံနဲ့ပဲ စကားကို အမျှင်မပြတ်ပြောကာ မိန်းကလေးထုကိုကြည့်ပြီး ဝေဖန်နေသည်။ ဒါပေမဲ့ ယောကျ်ားလေးတွေပီပီ မိန်းကလေးတွေ စုစုနဲ့ အရောင်အသွေး စုံစုံလေးတွေ တွေ့ရတော့လည်းမျက်စိပသာဒဖြစ်ဟန်ဖြင့် ကျေကျေနပ်နပ်တော့ ငေးနေတာပဲပေါ့။ ဝေဖန်ရေးက တစ်ပိုင်း၊ ကြည့်ကောင်းလို့ ကြည့်မိတာကတစ်ပိုင်း။

"နေစမ်းပါဦး၊ နေညီလာက ဘယ်သူ့ကို ချောင်းနေတာလဲ"

အင်မတန်မှအေးပြီး မျက်မှန်ထူတွေအောက်က မျက်လုံးတွေဟာ ဘယ်တော့မှ ပါးပါးနပ်နပ် လှုပ်ခတ်တတ်ခြင်းမရှိတတ်သော ထွန်းတောက်ပင် နေညီလာ့ မျက်လုံးတွေကို သတိထားမိလာပြီး မေးလာသည်။

"ဟော့ကောင် ... နေညီလာ ဘယ်ကောင်မလေးလဲ"

"ငါသိပါတယ်၊ ဒီအုပ်စုထဲမှာ မင်းနဲ့သိတဲ့တစ်ယောက်ပါကိုပါတယ်"

ထွန်းတောက်တို့ နှစ်ယောက်သား နေညီလာကို နှိက်စစ်နေတုန်း ကြည်သာထွန်း သူ့အစ်မဝမ်းကွဲကို နှုတ်ဆက်ပြီး ဆိုင်ထဲက ပြန်ထွက်လာပါသည်။

"နေညီလာ ... မင်း ငါ့ရဲ့ Facebook ထဲမှာတွေ့တဲ့ မချေဖဲကို မြင်ပြီးပြီလား"



www.burmeseclassic.com

www.burmeseclassic.com



"ဘယ်သူလဲ မရွှေဖဲ"

"ဘယ်သွားနေလဲ မရွှေဖဲ။ ဘာတွေတွေ့လဲ မရွှေဖဲ။ ဘာဝယ်ခဲ့လဲ မရွှေဖဲ ... ဟား ဟား ဟား ... ကဗျာတောင် ပြန်ရွတ်ချင်လာပြီ။ ဘယ်သူလဲ ပြောပါဦးကွ၊ မင်းတို့ ဘယ်သူ့ကို ပြောနေတာလဲ"

တင်မောင်ဦး အသံက ကျယ်သာမကျယ်တာ။ တအားတော့ ညှစ်ပြောသဖြင့် ကောင်မလေးအုပ်စု ခပ်သဲ့သဲ့ကြားသွားကာ ဒီဘက်လှည့်ကြည့်တာ သတိထားမိပါသည်။

"တိုးတိုးလုပ်ပါကွ"

နေညီလာ အားနာသွားပြီး တင်မောင်ဦး ပါးစပ်ကြီးကို လက်ဖြင့်ကာ,ကာ မာန်လိုက်ရသေးသည်။

"ရေစိုကောက်လေးနဲ့ တွေ့လား။ ငယ်ထိပ်တစ်လျှောလေးကိုပဲ ခရမ်းရောင် ဟိုက်လိုက်ထ်လုပ်ထားတဲ့ ကောင်မလေးလေ၊ အဲဒါ မရွှေဖဲတဲ့။ ငါကတော့ ဒီကောင်ပြောသလောက်ပဲ သိတယ်။ သိချင်ရင် နေညီလာ့ကို အသေအချာမေး၊ သူ့မှာ ငါ့ရဲ့ Facebook မှာ တင်ထားတဲ့ ဂရု(ပ်)ပုံထဲမှာတွေ့ကတည်းက ဖုန်းတောင် အပြေးအလွှား ဆက်ပြီးမေးမြန်းထားရတာကွာ"

"မင်း ကြိုက်နေတဲ့ ကောင်မလေးလား"

"မဟုတ်ပါဘူးကွာ၊ စိတ်ဝင်စားတာပါ"





"စိတ်ဝင်စားတာနဲ့ ကြိုက်တာ အတူတူပဲ မဟုတ်ဘူးလား"

"မတူဘူး ... မတူပါဘူး။ မင်း မွေးကတည်းက မြန်မာစကားကိုကြားပြီး မြန်မာလိုစကားစ,ပြောပြီး ကြီးပြင်းလာတဲ့ကောင်ပဲ။ ဘာလို့ ဒီစကားနှစ်ခု တူတယ် မတူဘူးဆိုတာ မသိရသလဲ"

တင်မောင်ဦး လျှာရှည်နေတာကို နေညီလာ ပြန်ချုပလိုက်ပြီး ...

"ငါနဲ့ ပတ်သက်တာ သိချင်ရင် ငြိမ်ငြိမ်သာ နားထောင်၊ ကြားဖြတ်ဝင်မပြောနဲ့။ မမေးနဲ့။ ထင်မြင်ချက် မပေးနဲ့။ ဘယ်လိုလဲ"

ဟု အနိုင်ပိုင်းသော လေသံဖြင့်လည်း ကြိုပြောထားလိုက်သေးသည်။ အဲဒီလို မပြောလို့မရဘူးလေ။ ဒီကောင်တွေထဲမှာ အထူးသဖြင့် တင်မောင်ဦးဟာ အင်မတန်မှ စကားများပြီး လျှာကလည်း အတော်ရှည်တာလေ။ သူ လျှာရှည်နေတာနဲ့ပဲ တစ်ခါတလေကျ စကားတွေ လိုရင်းမရောက်ဘဲ ပြတ်ပြတ်သွားတာ ခဏခဏမို့ပါ။ များသောအားဖြင့် ထွန်းတောက်က နားထောင်နေတတ်တာများပြီး တစ်ခါတလေကျ ပြောတာနဲ့ တခြားနဲ့ မဆိုင်တဲ့ တလွဲတွေ ဝင်ဝင်မေးတတ်တဲ့ ခပ်ကြောင်ကြောင်ကောင်ရောက်တော့ရှိတယ်။ ကြည်သာထွန်းကတော့ တင်မောင်ဦးလောက်နီးပါး လျှာမရှည်ပေမယ့် သူကလည်း မိန်းမဆန်ဆန်



www.burmeseclassic.com

www.burmeseclassic.com



လေးတော့ လျှာရှည်တတ်သေးတာပဲ။ ဒီတော့ ကြိုဟောက်ထားရ
တယ်။

"ဩော် ... မင်းဇာတ်လမ်းက ဒီလိုလား"

နေညီလာဟာ မရွှေဖဲနဲ့ စတွေ့ဖူးပုံကို အစအဆုံး
အမြန်လေး ပြောပြလိုက်သောအခါ စကားအဆုံးမှာ ထွန်းတောက်
ရဲ့ မှတ်ချက်သံကြီး ထွက်ပေါ်လာသည်။

"ဇာတ်လမ်းမဟုတ်ပါဘူးကွာ၊ ရည်းစားချိန်းလို့ လာမတွေ့
တဲ့ မိန်းကလေးကို သနားပြီး မှတ်မိသွားတာပါကွာ၊ ငါနဲ့
ဘာဇာတ်လမ်းမှ စ,စရာမရှိဘူး"

"ဒါဖြင့် မင်း ဘာလို့ တချောင်းချောင်း လုပ်နေတာလဲ"

တင်မောင်ဦးက ချက်ကောင်းဝင်မေးဟန်ဖြင့် မေ
လိုက်ပြီး သူ့မေးခွန်းသူ ကျေနပ်နေသည်။

"ရည်းစားနဲ့ ကွဲထားပြီးတာ သိပ်မကြာသေးတဲ့ မိန်းကလေ
ဆီမှာ ဘယ်လိုအမူအရာရှိလဲ သိချင်လို့ လေ့လာနေတာ"

ကြည်သာထွန်းကတော့ နေညီလာ့စကားတွေကို
သိပ်တော့ လက်မခံချင်ဟန်ဖြင့် ...

"မင်းဟာက မဟုတ်သေးပါဘူး။ ကော်ဖီဆိုင်မှာ နာ
တကြည့်ကြည့်နဲ့ လာထိုင်စောင့်တယ်။ စောင့်တဲ့သူ ပေ
မလာတဲ့အဆုံး မျက်နှာမကောင်းတဲ့ ထပြန်သွားတယ်ဆိုတာ
မြင်ရုံနဲ့ ရည်းစားနဲ့ ချိန်းပါတယ်လို့ ဘာကြောင့် တစ်သ





မတ်ကြီး စွပ်စွဲထင်မြင်နေရတာလဲ။ သူငယ်ချင်းမိတ်ဆွေ
ရော ဖြစ်ရင်ဖြစ်နိုင်တာပဲ"

နေညီလာကတော့ သူ့ထင်မြင်ချက်ကို ဘယ်တော့မှ
မြင်မခံလိုသော မျက်လုံးတွေနဲ့ ပြန်ငြင်းလေသည်။

"သူ့ခံစားချက်တွေကို မျက်နှာမှာ အတိုင်းသား မြင်လိုက်
ရတယ်ကွ။ သူငယ်ချင်း မိတ်ဆွေနဲ့ ချိန်းထားတာ မလာ
လို့ ခံစားရတဲ့ မျက်နှာလား၊ ရည်းစားမလာလို့ ခံစားရတဲ့
မျက်နှာလားဆိုတာ ခွဲခြားလို့ရတယ်"

"အေး ... ဒါဖြင့်လည်း ထားပါတော့ကွာ၊ ဒါနဲ့ နေပါဦး။
ရည်းစားရှိနေရင်လည်း ရှိနေမယ့် ကောင်မလေးကို မင်း
ဘာလို့ အမှတ်ရနေတာလဲ"

"မသိဘူးကွာ မသိဘူး။ ငါ့ကို ဒါပဲရိုက်စစ်နေကြတာပဲ။
ငါကိုယ်တိုင်လည်း မသိဘူး။ သူ့ရည်းစားက လာမတွေ့
ချင်ရလောက်အောင် ဒီကောင်မလေးမှာ ဘာတွေများ
အပြစ်ရှိနိုင်လဲ။ ဘာများ အပြစ်ရှိလဲလို့ တွေးရင်းက သူ့
ကို စိတ်ထဲမှာ အမှတ်ရနေတာတော့ အမှန်ပဲ။ ကျန်တဲ့
အပိုင်းကတော့ ဘာမှန်း ငါမသိဘူး"

"မင်း ခင်ချင်ရင်တော့ ငါ မိတ်ဆက်ပေးခိုင်းလို့ ရတယ်
နော်။ သူနဲ့ခင်တဲ့ ငါ့ညီမဝမ်းကွဲလည်း ဆိုင်ထဲမှာရှိတယ်"

"ဟာ ... နေပါစေ"



www.burmeseclassic.com

www.burmeseclassic.com



"အိုက်တင်ခံတာလား"

"အိုက်တင်ခံတာ မဟုတ်ပါဘူးကွာ၊ အသည်းအသန်ကြီး သိကျွမ်းခင်မင်ရလောက်အောင် မလိုအပ်ဘူး ထင်လို့ပါ ကွာ"

ကောင်မလေးအုပ်စုကလည်း ကောင်မလေးတွေပိုင် သူတို့ကို လှမ်းလှမ်းကြည့်ပြီး ဘာတွေအကြီးအကျယ် ငြင်းခုံနေ ကြမှန်းမသိတဲ့ နေညီလာတို့ကို သတိထားမိနေကြသည်။

"ပုံ့ပုံ့တို့ အစ်ကိုဝမ်းကွဲ မဟုတ်လား၊ ဆေးကျောင်းကနေ တာ"

ပုံ့ပုံ့ကို လက်တို့မေးငေါ့ပြီး စမေးလာသဖြင့် ပုံ့ပုံ့ လည်း ဆိုင်အပြင်ဘက်ကို ကြည့်မိသည်။

"ငါ့အစ်ကို ... ဘာဖြစ်လို့လဲ"

"ဘာမှမဖြစ်ဘူး၊ ငါတို့ဘက်ကိုကြည့်ပြီး ဘာတွေ အကြီး အကျယ် ငြင်းခုံနေမှန်း မသိလို့။ သူတို့ ငါတို့ကိုသိလို့လား"

"သိမယ်မထင်ပါဘူး၊ ဘာလဲ ... ကိုကြည်သာ့ကို သဘောကျ လို့လား"

"ဟယ် ... ဘာလို့သဘောကျရမှာလဲ။ ပုံစံကိုကြည့်ပါဦး အားလုံး တစ်ယောက်မှ ပုံမလာဘူး။ သဘောကျစရာ တစ်ယောက်မှကို မတွေ့ဘူး"

"ဟဲ့ ... ညိုမီကျော်၊ ပုံ့ပုံ့ကို အားနာပါဦးဟဲ့"





ညိုမီကျော်က ဝေဖန်လိုက်သဖြင့် မရွှေဖဲက အားနာ ဝင်ဟန့်လေသည်။

"ရပါတယ် မရွှေဖဲရယ်။ အစ်ကိုဝမ်းကွဲဆိုပေမယ့် ငါတို့ က သိပ်ပြီးချစ်နေခင်နေတဲ့ မောင်နှမဝမ်းကွဲမျိုး မဟုတ် ပါဘူး။ တွေ့စရာရှိ တွေ့ပြီးရင် တစ်ယောက်အကြောင်း တောင် တစ်ယောက်မေ့နေကြတာ၊ အမေတွေချင်း၊ အဖေ တွေချင်း ညီအစ်ကို ညီအစ်မ မောင်နှမရင်းတွေပေမယ့် ငါတို့ကျ တစ်ဝမ်းကွဲသွားတော့ စိတ်ကမရင်းတော့ဘူး။ ပြိုင်ကြဆိုင်ကြ ကျိတ်မနာလိုကြ သိပ်များတာလေ၊ ငါတို့ အကုန်လုံးက ကိုကြည်သာ့ကို မနာလိုကြဘူး"

"ဘာဖြစ်လို့လဲ"

သူငယ်ချင်းတွေအားလုံး ပြိုင်တူမေးလိုက်သံတွေ ထွက်လာသည်။

"ငါတို့အဘိုးက အငြိမ်းစား အထူးကုဆရာဝန်ကြီး မဟုတ် လား။ သူ့လိုမျိုး သားသမီးတွေကို ဆရာဝန်ဖြစ်စေချင် တာ တစ်ယောက်မှ ဖြစ်မလာတော့ မြေးတွေအလှည့်ကျ မျှော်လင့်နေတာ။ ကိုကြည်သာ့ရှေ့က အစ်ကိုအစ်မဝမ်းကွဲ တွေလည်း တစ်ယောက်မှ ဆရာဝန်ဖြစ်မလာတော့ အဘိုး စိတ်လျှော့နေတုန်း ကိုကြည်သာကြီးက ဖြုန်းဆို ခြောက် ဘာသာဂုဏ်ထူးထွက်ပြီး ဆေးကျောင်းလည်းတက်ရရော

www.burmeseclassic.com



အဘိုးရဲ့မျှော်လင့်ချက်တွေ၊ အချစ်တွေ သူ့ပဲစုပြုံရသွားတော
တာပေါ့။ မနာလိုစရာ အကောင်းဆုံးကတော့ အဘိုးမ
ကိုကြည်သာ ဆရာဝန်ဖြစ်ရင် နိုင်ငံခြားမှာ ကိုယ့်ပိုက်
နဲ့ကိုယ် ကျောင်းဆက်တက်ဖို့ဆိုပြီး သိန်း(--)ထောင်တော
ဘဏ်ထဲထည့် အမွေပေးလိုက်တာပဲ။ အဘိုးအဘွားမ
ခင်မှာ အမွေရတာဆိုလို့ သူတစ်ယောက်ပဲရှိတယ်။
အပြင် ကျန်သေးတယ်၊ စီးဖို့ကားဝယ်ဖို့ဆိုပြီး ကိုကြည်
မိဘတွေကို ငွေထုတ်ပေးတာတွေ၊ ကျောင်းစရိတ်ဆို
လတိုင်း ငွေထုတ်ပေးနေတာတွေ ရှိသေးတယ်။ ဒီတော
မောင်နှမအကုန်လုံးရဲ့ မနာလိုစရာ အကောင်းဆုံး လူသ
ကြီး ဖြစ်သွားတာပေါ့”

သူငယ်ချင်းတွေအားလုံး ပုံ့ပုံ့ရဲ့ မဲ့ကာရွဲ့ကာ
လာပုံကို နားထောင်ပြီး ဘာဝေဖန်ချက်မှ မပေးရဲဘဲ ငြိမ်နေလို
ပါသည်။ ဆွေမျိုးညီအစ်ကို မောင်နှမတွေ၊ ဝမ်းကွဲတွေ ဆို
က ပြဿနာမဖြစ်သော အသိုင်းအဝိုင်းရယ်လို့ ရှိကိုမရှိတာ
ဒီသဘောတရားကို အားလုံး နားလည်ပြီး ငြိမ်နေမိတာဖြစ်သည

အပြင်မှ ယောက်ျားလေးအုပ်စုလည်း ဆိုင်ထဲ
မိန်းကလေးအုပ်စု ပြန်ကြည့်ပြီး ရယ်လိုက်၊ မောလိုက် တီး
ပြောလိုက် လုပ်နေတာတွေ မြင်သောအခါ သူတို့ဘာသာ
ကိုးရက်ကန်းတွေဖြစ်ပြီး လစ်ကုန်ကြတော့သည်။





ဒီအရုပ်ဆိုင်ထဲ စိတ်ကြိုက်မွေ့ပြီးတော့ သူငယ်ချင်း
ပြန်ကြဖို့ ပြင်ပေမယ့် မရွှေဖဲမှာ အတူမပြန်နိုင်သေးဘဲ ချိန်း
သူကိုစောင့်ဖို့ ကျန်ရစ်ခဲ့သည်။ ထုံးစံကြီးလိုလား၊ တမင်ပဲ
လားတော့မသိ ချိန်းထားတဲ့အချိန် ဘယ်တော့မှ တိတိကျကျ
က်မလာဘဲ နောက်ကျတတ်သော ဇော်သူကတော့ တမေ့ကြီး
င့်ရမှ ရောက်လာသည်။ ရောက်လာတော့လည်း ဘယ်တော့မှ
ကြည်မလင်၊ မှုန်တေတေ မျက်နှာကြီးနဲ့ လူကို စိတ်ချမ်းသာမှု
ယ်လိုမှ မပေးနိုင်တဲ့ရုပ်နဲ့။

ပြတ်တော့မလိုလိုဖြစ်လိုက်၊ ပြန်တွဲလိုက်၊ ချိန်းထား
အခါ လာချင်ရင်လာလိုက်၊ နောက်ကျလိုက်။ မလာဘဲ ပစ်
ထားတာ ခံရလိုက်နဲ့ပဲ ဇော်သူ့ကို ဆက်ရည်းစားတော်နေတဲ့
ရွှေဖဲကို သူငယ်ချင်းတွေကတော့ ပြောမရတဲ့အဆုံး လွှတ်ထား
ယ်ဟူသော မျက်လုံးတွေနဲ့ကြည့်ကာ ထားရစ်ခဲ့ကြလေသည်။

“တာ့တာ မရွှေဖဲ”

ဟု လက်ပြသွားကြသော သူငယ်ချင်းတွေကို အား
မှာ ငေးကျန်ရစ်ရသည်။ ရွှေဖဲ ... ဆိုတဲ့ နာမည်လေးရှိပေမယ့်
အားလုံးက “မရွှေဖဲ”လို့သာ အခေါ်ခံရတဲ့ “မရွှေဖဲ”ရဲ့အားနည်း
ချက်ကတော့ အယူအဆတစ်ခုခု၊ အကြောင်းအရာတစ်ခုခုကို
က်ခံလိုက်မိပြီဆိုရင် တစ်သက်လုံး မလွဲမသွေ ထိန်းသိမ်းထား
တတ်ချင်တဲ့ စိတ်ဓာတ်မျိုး ပိုင်ဆိုင်ထားတာဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



ဘယ်ကဘယ်လို ခေါင်းထဲရောက်သွားသည် မသိ သော ရည်းစားကို တစ်ယောက်ပဲ ထားရမယ်။ ဒီလူ့ကိုပဲချစ် ဒီလူ့ကိုပဲ ရည်းစားထားပြီး ဒီလူနဲ့ပဲ တစ်သက်လုံး လက်တွဲ မယ်ဆိုတဲ့ အယူအဆ၊ အကြောင်းအရာ၊ အတွေးအခေါ်ကြီးတစ် ကို လက်ထဲမြဲမြဲကိုင်လျက် ကိုယ့်အပေါ် တစ်စက်လေးမှ ကောင်း ပုံမရတဲ့ ရည်းစားတစ်ယောက်ကိုသာ စွဲစွဲမြဲမြဲ သည်းခံလက်တွဲ ဆဲ မရွှေဖဲလည်း ဖြစ်ပါသည်။

○❤○





## အခန်း ၄

"ဇော်သူ ... အဲဒါက ဘာဖြစ်နေတာလဲ"

"ဘာဖြစ်ဖြစ်"

"ဟယ် ... ဘာလို့ အဲဒီလို ပြောတာလဲ"

"ပြောချင်လို့ ပြောတာကွာ၊ ဘာဖြစ်ဖြစ် မရွှေဖဲနဲ့ ဘာဆိုင် လဲ"

နေညီလာသည် ကျောခိုင်းထားရာမှ ဖျတ်ခနဲ လှည့် ကြည့်မိတော့သည်။ "မရွှေဖဲ"ဆိုတဲ့ နာမည်ကြားလိုက်တာနဲ့ ...လိုလို လှည့်ကြည့်ချင်သွားတာဟာ သူ့စိတ်ရဲ့နှိုးဆော်မှုကြောင့် ...။ မတွေ့ကြတာ တစ်လကျော်တောင် ရှိပေမယ့် မရွှေဖဲဆိုတဲ့ ...မည်ကတော့ ဘယ်လိုမှ မေ့သွားစရာကောင်းတဲ့ နာမည်မျိုး ...တ်တာကြောင့် သူ မှတ်မိပြီး လှည့်ကြည့်ချင်တာ မဆန်းပါ။ ...မည်မျိုးက နာမည်တူလည်း ရှားလှတာမို့ ဒီနာမည်ကြားလိုက်



www.burmeseclassic.com

www.burmeseclassic.com



ဘာနဲ့ သူသိထားသော မရွှေဖဲပါပဲရယ်လို့ နေညီလာ တထင်
ယုံကြည်မိသည်။ ယုံကြည်တဲ့အတိုင်းလည်း တကယ်ပင် သူ
ထားသော၊ သူမြင်ဖူးထားသော မရွှေဖဲ ဖြစ်နေပါသည်။

ဘေးမှာ စာအုပ်ရွေးနေသော နံ့သာမွှေးက
နေညီလာ့ကို သတိထားမိပြီး နေညီလာ လှည့်ကြည့်ရာကို လို
ကြည့်ပါသည်။ ရှေ့ပင်းမောလ်ရှိ ရုပါမားကပ်ကြီးတစ်ခုထဲ
နံ့သာမွှေးက ဗလာစာအုပ် ဝယ်ချင်ပါသည်ဆိုပြီး ဝင်လေ
နေညီလာမှာ နောက်က တကောက်ကောက်လိုက်ပြီး နံ့သာ
ဝယ်သမျှတွေ ခြင်းထဲထည့်သယ်ပေးရသည်။ ဝယ်မှာက ဗ
စာအုပ်ပေမယ့် တကယ်ဝင်ဝယ်တော့လည်း ဝယ်လိုက်တာ
မနည်း။ တစ်မုပြီးတစ်ခု၊ တစ်မျိုးပြီးတစ်မျိုး ကောက်ထည့်
ရာ နေညီလာ့ ခြင်းတောင်းပင် ပြည့်မောက်ပြီး လက်ထဲဆွဲ
ထားရသည်။

ဒါတောင် နေညီလာက ကျောင်းလာရင် လွ
သားရေပခုံးလွယ်အိတ်ကြီးကို စလွယ်သိုင်းထားလို့။ များ
အားဖြင့်လည်း ယောကျ်ားလေးပီပီ စလွယ်သိုင်းလွယ်တတ်
များပါသည်။ တကယ်လို့ တစ်ခါတလေ စိတ်ပေါက်ပြီး လွယ်
များ ပခုံးမှာလွယ်မိရင် အဲဒီအိတ်လွယ်တဲ့ ညာပခုံးမှာ
တောင်းပါ ထပ်ဆွဲထားရလို့ တစ်ခြမ်းစောင်းတောင် ဖြစ်နေ
မသိ။





"ဘယ်သူလဲ အသိလား"

"မဟုတ်ပါဘူး"

"လှည့်ကြည့်နေလိုက်တာများ"

"အဲဒီစုံတွဲကို ကြည့်ဦးလေ။ ပြောင်းပြန်ကြီး ဖြစ်နေတာ သတိမထားမိဘူးလား"

"ဘာပြောင်းပြန်လဲ"

"ဟိုကောင့်လက်ထဲမှာတော့ ဘာမှကိုင်မထားဘဲ ကောင်မလေးကတော့ ခြင်းတောင်းကြီး ဆွဲထားရတယ်။ ခြင်းတောင်းထဲမှာလည်း ပစ္စည်းကအပြည့်။ နံ့သာထက် မသာရင်တောင် နံ့သာလောက်နီးနီး ဝယ်ထားတဲ့ ခြင်းတောင်းနဲ့။ နံ့သာ စဉ်းစားကြည့်၊ ယောကျ်ားနဲ့ မိန်းမမှာ ဘယ်သူက ဒီခြင်းတောင်းကို ဆွဲသင့်လဲ"

နေညီလာ ထောက်ပြလိုက်သောအချက်ကို နံ့သာမွှေး
ည်း သတိပြုမိကာ "အေးလေ"ဟု မပွင့်တပွင့် ထောက်ခံပြီး
က်မောင်ကြုတ်သွားပါသည်။

"ပြီးတော့ စိတ်ကောက်နေတာက ယောကျ်ားလေး၊ လိုက်ချော့နေရတာက မိန်းကလေး"

"အင်း ... အဲဒါလည်း ဟုတ်တာပဲ"

"ယောကျ်ားဖြစ်ပြီး စိတ်ကြီးကောက်ပြနေတာ ရှက်စရာကောင်းတယ်။ ဒီကောင်မို့ မရှက်တာ"



www.burmeseclassic.com

www.burmeseclassic.com



"အံမယ်လေး ... သူ့ပုံစံက အသိသာ မဟုတ်တ
ကောင်မလေးဘက်က မခံချင်စိတ်တွေနဲ့ပါလား"

နေညီလာ ဝေဖန်ပြပုံမှာ အပြင်လူစာစ်ယောက် ဝေဖန်ပုံမျိုး မဟုတ်ဘဲ ကိုယ်သိထားတဲ့သူမို့ မခံချင်ဖြစ်ပြီး ဖန်ပြနေပုံမျိုးမှန်း နံ့သာမွှေး ရိပ်မိသလိုလို လေသံဖြင့် ခနဲ့လို ပါသည်။

နေညီလာ ဆိုတဲ့ကောင်က အတန်းထဲမှာ ဟေး ဝါးလားနဲ့ ရုပ်ကပြောင်လှပြီး မျက်နှာလည်း ချိုသဖြင့် အပေါ် အသင်း များလှသည်။ ရုပ်သိပ်အဖြောင့်ကြီး အချောကြီးမဟ ပေမယ့် မျက်နှာချိုပြီး အမြဲရယ်မောနေတတ်လို့လားတော့မ သူ့ရုပ်က နှစ်လိုဖွယ်ကောင်းသလိုတော့ ဖြစ်နေသည်။ နံ့သာ ဟာ အဲ ပ်လေးကိုလည်း သဘောကျကြီးကျကာ သူနဲ့နီး အောင် တမင်လုပ်ယူခဲ့ပြီး (နီးစပ်ဖို့ကလည်း လွယ်လှပါသ ရှေ့နာမည်အက္ခရာ"န"ငယ်ချင်း တူသဖြင့် အမြဲတစ်အုပ်စုတ စာသင်ခွင့်ရနေခဲ့တာ) သူငယ်ချင်းတွေ အစကောင်း၊ အပို့ကော တာနဲ့ပဲ ရည်းစားလိုလို၊ ဘာလိုလို တွဲနေခဲ့တာ ကြာလှပြီ

သူကလည်း ဖွင့်မပြော၊ ကိုယ်ကလည်း အဖြေ ပါဘဲ နံ့သာမွှေး တစ်နေရာရာ သွားမယ်ဆိုရင် အဖော်ခေါ တာ နေညီလာ၊ နံ့သာမွှေး ဘယ်သွားသွား အဖော်ပါတာ နေ လာ ဖြစ်ခဲ့တာကြာပြီ။ နေညီလာက နံ့သာမွှေးအတွက် ကျေ





လခတွေ သွင်းပေးဖို့ မမေ့သလို၊ နံ့သာမွှေးကလည်း အရေးကြီး သော ကျောင်းမှတ်စုတွေ ဖိုတိုစတပ်(ပ)ကူးစရာရှိရင် နေညီလာ့ အတွက်ပါ တစ်စုံပိုကူးပေးဖို့ သတိတရ ရှိနေတတ်သည်။

ဒါပေမဲ့ နံ့သာမွှေး စိတ်ထဲမှာတော့ ခံစားပြီး သိကို သိနေသည်မှာ နေညီလာဟာ သူမအပေါ် စိတ်ဝင်စားရုံကလွဲရင် ဘယ်လိုမှ ချစ်မနေခဲ့ဘူး ဆိုတာပင်။ တစ်နေ့ကျရင် သူတကယ် ချစ်တဲ့ မိန်းကလေးရှိလာရင် သူမကို ထားရစ်ခဲ့ခံရမှာ နံ့သာမွှေး အတော့်ကို စိုးရိမ်ထိတ်လန့်နေခဲ့မိပါသည်။

ဒါကြောင့် နေညီလာ ဘာလုပ်သလဲ၊ ဘယ်သူ့ကို ဘယ်လိုကြည့်သလဲ ဆိုတာကအစ အလွတ်မပေးစတမ်း စောင့် ကြည့်နေမိပါသည်။

"ကောင်မလေးက ချစ်စရာလေး ဆံပင်ကောက်ကောက် လေးတွေနဲ့ အရုပ်မလေးလိုပဲနော်"

နံ့သာမွှေးက နေညီလာ့စိတ်ကို အကဲခတ်ရင်း ထိုသို့ ဝေဖန်ပြလိုက်ပါသည်။ နေညီလာ့ မျက်နှာကို မှန်လိုအမြဲ ကြည့်နေမိသူမို့လားတော့ မသိ။ စိတ်ထဲမှာ အလိုလို သိနေသည် မှာ နေညီလာဟာ ဒီမိန်းကလေးကို သိကိုသိနေသည်လို့ပင်။ တစ်ခု စိတ်သက်သာစရာ ရှိတာကတော့ ကောင်မလေးကို တစ် ယောက်တည်းတွေ့ရတာ မဟုတ်ဘဲ ဘေးမှာရည်းစားကောင်လေး ပါနေတာဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



နံ့သာမွှေးပါ ထိုစုံတွဲကို မသိမသာ ကြည့်နေခဲ့ ကောင်မလေးမှာ ခြင်းတောင်းအလေးကြီး ဆွဲထားရတာကြောင့် လက်ညောင်းလာဟန်ဖြင့် ခြင်းကို ခဏချလိုက်ပါသည်။ အဲဒါ တောင် ကောင်လေးက အလိုက်တသိ ယူဆွဲပေးသလားဆိုတော့ မဆွဲပေးဘဲ စိတ်မရှည်သလို ငုံ့ကြည့်ကာ ...

"ဘာလုပ်နေတာလဲ၊ လမ်းလယ်ကောင်ကြီးမှာ ခြင်းတောင်းကို ဘာလို့ချရတာလဲ။ သူများတွေ လမ်းပိတ်နေပြီ မရှေ့ နားမလည်ဘူးလား"

နံ့သာမွှေးမှာ ကောင်လေးဆီမှ အကြင်နာမဲ့လှပြီး ရင့်သီးသလို ပြောသော အပြောအဆိုတို့ကြောင့် အံ့သြပြီးရင်း အံ့သြနေရတော့သည်။ ဘယ်လိုစုံတွဲပါလိမ့်။ သူ့ဆီမှာ ဘာနိုင်ကွက် များရှိလို့ ကောင်မလေးကို အသေဟောက်နေနိုင်ရတာလဲ။

"ခြင်းတောင်းက တအားလေးလို့ ခဏချတာပါ"

"ဘာလို့ အများကြီး လျှောက်ဝယ်သေးလဲ"

"အစတည်းက ဖော်သူ့ကို ပြောလာသားပဲ။ ရွှေဖဲ ဒီနေ့ ဈေးဝယ်စရာရှိတယ်။ မေမေ မှာလိုက်တာတွေ ဝင်ဝယ် ပေးရမယ် ဆိုတာလေ။ ထရော်လီယူမယ် ပြောတော့လည်း တွန်းရတာ ရှုပ်တယ် မယူနဲ့ဆိုလို့ ခြင်းတောင်းပဲ ယူလာ ရတော့ အကြာကြီး ဆွဲထားရတာ လေးတာပေါ့"





မရွှေဖဲ မျက်နှာမှာ ကောင်လေးကို ခြင်းတောင်း ယူဆွဲပေးပါလားလို့ တောင်းဆိုချင်ဟန်တွေ ပေါ်နေပေမယ့် ပါးစပ်က ထုတ်ပြောပြီး မတောင်းဆိုပါ။ နေညီလာမှာ ကြည့်နေ ရင်း ရင့်ထဲမှ မကျေမနပ်တောင် ဖြစ်လာသည်။ ဘယ်လို ဝဋ် ကြွေးကြောင့်များ ကိုယ့်အပေါ် အကြင်နာတစ်စက်မှ မရှိတဲ့ကောင် နဲ့ တွဲနေရတာလဲ မရွှေဖဲရယ်။

မရွှေဖဲမှာ ကောင်လေး သူမကို မစောင့်ဘဲ ရှေ့က နေ ဒေါကြီးမောကြီး ခြေလှမ်းတွေနဲ့ ထွက်သွားသဖြင့် ချထား တဲ့ခြင်းတောင်းကို အမြန်ကောက်ကိုင်ပြီး လိုက်ဖို့ပြင်လိုက်ပါသည်။ ဖြစ်ချင်တော့ ပလတ်စတစ်ခြင်းတောင်းကိုင်းက အလေးချိန်မခံ နိုင်ဘဲ အရင်းကနေ ထောင်းခနဲ ကျိုးသွားလေသည်။ ဒီတော့ ခြင်းတောင်းထဲမှာပါတဲ့ ပန်းသီးတွေရယ်။ အချိုရည်တစ်ဘူးရယ်၊ နိုင်ငံခြားဖြစ် နွားနို့ဘူးရယ်၊ နက်(စ်)ကော်ဖီပုလင်းရယ်၊ ထောပတ် ဘူးရယ်၊ သံဘူးဖြင့်ထည့် ချောကလက်ဝေဖာဘူးရယ်တွေဟာ ဆေါခနဲ ပြုတ်ကျကုန်တော့သည်။

ကလုံကလွှမ် အသံတွေကြောင့် အားလုံးရဲ့အာရုံ တွေဟာ ကောင်မလေးဆီ စုပြုံကျသွားပါသည်။ ငယ်ရွယ်သော မိန်းကလေးပီပီ အရှက်ကြီး ရှက်ကာ မျက်ရည်တောင် ဝေ့ခနဲ ဝဲတက်လာလျက် ...



www.burmeseclassic.com

www.burmeseclassic.com



"ဖော် ... ဖော်သူ ... ဖော်သူ ... လာပါဦး ဒီမှာ မွေး
ပစ္စည်းတွေ အကုန်ပြုတ်ကျကုန်ပြီ"

ဟု ကောင်လေးကို အားကိုးတကြီး လှမ်းခေါ်လိုက် ပါသည်။

ဆတ်ဆိုလှည့်ကြည့်ပြီး နေရာကမရွေ့ဘဲ ခါးထောက် စောင့်နေသော ဖော်သူ ဆိုတဲ့ ကောင်လေးမှာ သူကပင်တစ်ပြ ရှက်သလိုပုံစံဖြစ်နေပြီး ...

"ကားပေါ်ကပဲ စောင့်နေမယ်"

လို့ ပြီးစလွယ် ပြောလိုက်ကာ ခပ်မြန်မြန် လှည့် ထွက်သွားပါတော့သည်။

နံ့သာမွှေးသည် ဒီမိန်းကလေးဟာ နေညီလာ ဘယ်လိုပတ်သက်နေမှန်းတော့ မသိပေမယ့် အခုလို မြင်ကွင်းကြီ ကို ကြည့်ရတာ မတရားဘူး၊ ကြည့်မကောင်းတော့ဘူးလို့ ထ သဖြင့် သူမပဲ အရင်ဆုံး အဲဒီနား ပြေးသွားလိုက်မိပါသည်။

"တို့ ဝိုင်းကူကောက်ပေးမယ်"

"ဟုတ် ... ကျေးဇူးပါပဲ"

"ငါ အပြင်ထွက်ပြီး ထရော်လီ သွားယူလိုက်ဦးမ နံ့သာ"

"အေး ... အဲဒီအကြံကောင်းတယ်"





နေညီလာ သူ့ခြင်းတောင်းကို နံ့သာမွှေးနား ချထား ပြီး တွန်းလှည်းထရော်လီ သွားယူဖို့ စူပါမားကပ်အပြင်ကို ခွင့် ပြောင်းကာ ခဏပြန်ထွက်လိုက်သည်။ ထရော်လီအလွတ်ကို တွန်းယူလာလိုက်ရင်း မရွှေဖဲ၏ အဖြစ်အပျက်အား အံ့ဩနားမ လည်နိုင်စွာ တွေးလည်း တွေးလာမိသည်။ ဒီလိုကောင်မျိုးကို ဘာကြောင့် ရည်းစားအဖြစ် သည်းခံပြီး တွဲနေတာပါလိမ့်။ အရင်က ဘယ်လိုဆက်ဆံခဲ့တာတွေ မသိပေမယ့် ဒီနေ့အဖြစ် အပျက်နဲ့တင် ချက်ချင်း အဆက်ဖြတ်ပစ်ဖို့ ကောင်းနေပြီ။

"ဒီမှာ ထရော်လီ ရောက်လာပြီ၊ ထည့်လိုက်မယ်နော်"

"ကျေးဇူးပါပဲ အစ်မရယ်"

"ခြင်းတောင်းတော့ ကိုင်းကျိုးသွားပြီ"

အရောင်းဝန်ထမ်း မိန်းကလေးက စောင့်ကြည့်နေ ရာမှ ခြင်းတောင်းကိုင်းကျိုးကို လာကောက်ကိုင်ပြီး မဆီမဆိုင် မျက်နှာကြီးပုပ်လျက် ဖင်ပြန်၊ ခေါင်းပြန် ကြည့်နေသည်။ နေညီလာ သည်း အခုခေတ်မှာ စူပါမားကပ်တွေ၊ အရောင်းကုန်တိုက်တွေ မှာ ခေတ်စားလာလို့ ဝင်ဝယ်ရတယ်။ အရောင်းဝန်ထမ်းတွေရဲ့ မျက်နှာအမူအရာတွေ၊ ဆက်ဆံရေးတွေကို သိပ်မကြိုက်လှလေ ။ သူတို့ ဘာမှမပြောခင် ကိုယ့်ဘက်က ကြိုပြောလိုက်ဖို့တွေး လျက် ...



www.burmeseclassic.com

www.burmeseclassic.com



"ခြင်းတောင်းကိုင်း ကျိုးသွားတာပါ။ မတော်တဆဖြစ်တာ။ အစတည်းကကို မခိုင်လို့"

"အများကြီး ဝယ်မယ်ဆိုလည်း တွန်းလှည်းထဲ ထည့်ပါ လားရှင့်"

မရွှေဖဲမှာ အချင်းမများချင်ဟန်ဖြင့် ...

"လျော်ပေးဆို လျော်ပေးမယ်၊ cashier မှာ ရှင်းလိုက်မယ်။ အခုပဲ ငွေရှင်းပြီး ထွက်တော့မှာပါ။ မင်း လိုက်ပြောရင် ပြောလေ ခြင်းတောင်းဖိုး၊ တို့ပေးမယ်"

ဟု ခပ်တည်တည် အမြန်ဝင်ပြောတော့မှပဲ အရောင်း ဝန်ထမ်းမရဲ့ စူပုပ်ပုပ် မျက်နှာနဲ့ ...

"လာ"

ဆိုသော မသဲမကွဲ ခေါ်သံရယ်၊ ရှေ့ကဦးဆော ကြိုသွားနှင့်တဲ့ ခြေလှမ်းရယ်ကို လက်ခံရတော့သည်။

"ဩော် ... ဒီက အစ်ကိုနဲ့ အစ်မ ကျေးဇူးအများကြီးတ ပါတယ်နော်။ ကျွန်မနာမည် မရွှေဖဲပါ။ နောက် လမ်းတွေ ရင် ခေါ်နော်၊ နောက်တစ်ခါ အေးအေးဆေးဆေး ဆုံ မှန့်လိုက်ကျွေးပြီး စကားတွေ ပြောတော့မယ်၊ အခုတော့ သွားလိုက်ပါဦးမယ်"

"ရတယ် ... ရတယ်၊ ကိစ္စမရှိပါဘူး"





ကောင်မလေး ငွေရှင်းကောင်တာကို ရောက်သွားသော့မှ နံ့သာမွှေးလည်း သူမ ဝယ်ရမှာတွေ ဆက်ဝယ်ဖို့ လှည့်ထွက်လာသည်။ နေညီလာကတော့ စိတ်က တစ်နေရာမှာ၊ ခြေလှမ်း လှမ်းတာက တစ်နေရာကိုဟူသော ပုံစံကြီးဖြင့် လိုက်ပါလာခဲ့သည်။

နံ့သာမွှေးကတော့ တစ်နေ့ကျရင် ကြုံမှ မေးကြည့်ဦးမယ်၊ ဒီကောင်မလေး ဘယ်သူလဲလို့ ဟူ၍ တေးမှတ်ထားမိသည်။

○❤○



www.burmeseclassic.com

www.burmeseclassic.com



## (၁)

ထွန်းတောက်ဟာ တညည်းညည်း တညူညူနဲ့ပဲ နောက်ဆုံးတော့ နေညီလာတို့ သွားခေါ်တော့လည်း အဆင်သင့် ဝတ်စားပြင်ဆင်ပြီး စောင့်နေဖော်တော့ ရပါသည်။ ထွန်းတောက် အမေကတော့ ရယ်မောပြီး သားဖြစ်သူကို အတင်းတွန်းတောင်ရ လျက် ...

"သားတို့ ဒီလိုခေါ်ထုတ်မှပဲ ထွန်းတောက်လည်း အပြင် လေး ဘာလေး ထွက်ဖို့ စိတ်ပါတာ။ နောက်ဆို ခေါ်သွား ခေါ်၊ အားမနာနဲ့ အန်တီအားပေးတယ်။ သူ့ကြည့်ရတာ ကျောင်းမသွားခင်လည်း စာဖတ်၊ ကျောင်းပြန်လာလည်း စာဖတ်၊ ကျောင်းပိတ်ရက်လည်း စာဖတ်နဲ့ ဘာမှ အပျော် မရှိတော့ ဆရာဝန်မဖြစ်ခင် ရူးသွားမှာစိုးလို့ အပျော်လေး ဘာလေး ရှာနိုင်းချင်နေတာကွယ်"





ဟု ဝမ်းသာအားရ ပြောသည်။

"သား မသွားချင်လို့ မဟုတ်ပါဘူး၊ မျှော်စင်ကျွန်းဆိုတာ လူများလို့"

"ယောက်ျားလေးပဲကွာ၊ လူတိုးတော့ ပွဲပါသွားတာမှတ်လို့၊ ပြန်တိုးပေါ့"

"အမေ ဘာသိလို့လဲ၊ ဒီကောင်တွေက စတိတ်ရှိုးပြီးလည်း အိမ်တန်းပြန်မယ့်ကောင်တွေ မဟုတ်ဘူး"

"အိမ်ပြန်မှာပါကွ"

"အံမာ ... ပြီးမှ ဟိုကလပ်(ပ)ခဏဝင်တယ်၊ ဒီကလပ်(ပ) ခဏဝင်မယ်တွေ ဖြစ်လာမှာ ငါသိတယ်"

"ကဲပါ ... ဘိုးတော်၊ ကားပေါ်တက်မှာသာ တက်စမ်းပါ။ နေညီလာ့အဖေ 4WD ကြီးပေါ်မှာ စိမ်နဲ့လိုက်စီးစမ်းပါ။ လူကဖြင့် နှစ်ဆယ့်နှစ် မပြည့်သေးဘူး။ အသံက အသက် ခုနစ်ဆယ်အဘိုးကြီး လေသံနဲ့"

ဒီနေ့ညပိုင်း မျှော်စင်ကျွန်းမှာ နာမည်ကြီး ရော့(ခ) ...တော်ရဲ့ စတိတ်ရှိုး ရှိသည်။ လက်မှတ်ကို ထွန်းတောက်အား ...ပေးဘဲ သူတို့သုံးယောက် ဝေစုထည့်ပြီး တစ်စောင်စာပို ...သားလိုက်သည်။ သူတို့သုံးယောက်တည်းသွားရင် ရပေမယ့် ...တောက်ကို ခေါ်ချင်တာနဲ့ပဲ မုန့်ဖိုးထဲက ဝေမျှကာ ထွန်း ...တက်အတွက်ပါ ပိုဝယ်ထားကြောင်း လက်မှတ်ပြတော့မှ



www.burmeseclassic.com

www.burmeseclassic.com



"ဟာ ... မင်းတို့ကလည်းကွ၊ ငါမလိုက်မှ မလိုက်ချင်တာ

လို့ ထွန်းတောက် ဘယ်လောက်ပဲငြင်းငြင်း တော့။ လက်မှတ်က ဝယ်ပြီးနေပြီ။

"ဝယ်ပြီးသား လက်မှတ်ကြီးကို အခုမှ ပြန်သွားရောင်း လျှော့ဈေးနဲ့ ပြန်ရောင်းရတော့မှာပေါ့၊ ငါတို့က မင်း ကြည့်စေချင်လို့ ဝယ်ပေးထားတာကိုကွာ။ မင်း လုပ်တာ ငါတို့ပိုက်ဆံပါ ဆုံးတော့မှာပေါ့"

ဆိုတာတွေ ဘာတွေ ထွန်းတောက် အားနာ ငြင်းလို့မရအောင် လုပ်တော့မှပဲ ထွန်းတောက် လိုက်မယ် ပြောဖော်ရတော့သည်။ သီတင်းကျွတ်ကျောင်းပိတ်ရက် ဆက် လေး သုံးရက်လောက် ရလိုက်သဖြင့် နေညီလာတို့စိတ် အနည်းငယ်တော့ လွတ်လပ်ပေါ့ပါးသွားပါသည်။ ပုံမှန်အ ဆို လပြည့်တစ်ရက်သာ ပိတ်ပေမယ့် ဒီနှစ်တော့ လပြည့် သောကြာနေ့ ဖြစ်သွားသဖြင့် စနေ၊ တနင်္ဂနွေပါ ရက်ဆ သွားပြီး သုံးရက်ပိတ်လိုက်တာရော၊ စာမေးပွဲ မရှိတာရော နေညီလာတို့ကတော့ စတိတ်ရှိုး ကြည့်ဖြစ်အောင် ကြည့် တိုင်ပင်လိုက်ကြတာ ဖြစ်ပါသည်။

"အား ... ကားတွေကလည်း များလိုက်တာ၊ ကျပ်ညှ တာပဲ။ ပါကင်တောင် ရပါ့မလား မသိဘူး"





"မပူပါနဲ့ကွာ၊ ပုရွက်ဆိတ်ကိုယ် တစ်ဝင်စာလောက်ကျန် ရင်လည်း ငါဝင်နိုင်ပါတယ်"

"မင်းအဖေရဲ့ ကားအကောင်းကြီး ပွန်းသွားမှာစိုးလို့"

"ပွန်းသွားတော့လည်း ဆေးပြန်မှုတ်လိုက်ရုံပေါ့ကွာ"

ကန်တော်ကြီး မျှော်စင်ကျွန်းမှာတော့ ခေတ်ပေါ် အပြင်အဆင်နဲ့ လူငယ်လူရွယ်တွေ ပျားပန်းခပ်မျှ ရှုပ်ထွေးနေပါ သည်။ ကားဝင်လာပြီးနောက် ကားပါကင်ဝင်ဖို့ လှည့်ပတ်ရှာရ တာတောင် ဆယ်မိနစ်လောက် ကြာလာသည်။

"မရရင်လည်း အပြင်တစ်နေရာရာမှာ သွားရပ်ပြီး အထဲ လမ်းလျှောက်ဝင်ရမယ် ထင်တယ်"

နေညီလာ့လို တက်ကြွတဲ့သူတောင် စိတ်လျှော့သော အသံဖြင့် တစ်မျိုးပြောင်း စီစဉ်ဖို့ ပြောလာသည်။ တင်မောင်ဦး မျက်လုံးကြီးပြူးပြီးကြည့်ရင်း ...

"ဟာ ... ဟိုမှာ ဟိုမှာကွ၊ တစ်နေရာ လွတ်နေတယ် နေညီလာ။ မီးပြလိုက် မြန်မြန်မီးပြလိုက်၊ မင်း ဝင်လို့ရ တယ်ကွ"

နေညီလာလည်း တင်မောင်ဦး ညွှန်ပြရာသို့ မြန်မြန် ကပ်ပြမီးပြကာ ကားခေါင်းနဲ့ပင် ပါကင်ထိုးဝင်လိုက်ပါသည်။ ထိုအခါမှာ ကားတစ်စီးဆီမှ ဟွန်းအကျယ်ကြီး တီးလိုက်သံထွက် လာခဲ့သည်။ လေးယောက်သား ကားဟွန်းသံကြားရာဆီ ပြိုင်တူ



www.burmeseclassic.com

www.burmeseclassic.com



ကြည့်လိုက်သောအခါ ဆလွန်းကားပြာပြာလေးတစ်စီးကို တွေ့
လိုက်ရသည်။

ကားအတွင်းမှ လူငယ်တစ်ယောက် ခေါင်းမော
ပုံစံဖြင့် တံခါးကို ဒိုင်းခနဲဖွင့်ကာ ထွက်ရပ်လာသည်။

"ဘာလုပ်တာလဲကွ"

ထိုကောင်လေးဆီမှ ခပ်မာမာ အော်မေးသံနှင့်အ
ဒီဘက်လျှောက်လာတာကိုပါ တွေ့လိုက်ရသည်။

"ဟေ့ကောင် ... နေညီလာ၊ ဒီကောင် ဘာမေးတာလဲ"

"ဘာလုပ်တာလဲလို့ မေးတာ ကြားတာပဲ၊ ငါတို့ တာလု
မိလို့လဲ။ ကားပါကင်တွေ့လို့ ဝင်တာပဲလေ"

"သူ နေရာဦးထားလို့လား"

"နေရာဦးထားရအောင် ဒါ အများပြည်သူပိုင် နေရာ
ရန်ကုန်မြို့လယ်က လမ်းတွေထဲမှာလို သူ့အိမ်ရှေ့မို့ ကာ
မရပ်စေချင်တာနဲ့ ခုံနဲ့နေရာဦးထားလို့လည်း မရဘူး"

"အဲဒီကောင် ဒီဘက်လျှောက်လာပြီ"

သူတို့လေးယောက် ကားပေါ်က ဆင်းလိုက်ပေမ
လျှောက်လာနေသော ကောင်လေးကတော့ လေးယောက်နဲ့တ
ယောက် ဖြစ်နေတာကို ဖြုံပုံမရ။

"ငါမေးနေတယ် ဘာလုပ်တာလဲလို့"

နေညီလာ ပခုံးတွန့်ပြရင်း ...





"ဘာလုပ်လို့လဲ၊ ကားပါကင်နေရာတွေ့လို့ ဝင်ရပ်တာ
လေ"

ဟု ခပ်အေးအေး ပြန်ဖြေလိုက်ကာ အနီးကပ်လာ
သော ကောင်လေးကို ဘယ်မှာမြင်ဖူးပါလိမ့်ဆိုတာ စဉ်းစားလို့
ဖြစ်နေသည်။ တစ်နေရာရာမှာ မြင်ဖူးခဲ့သည် ဆိုတာတော့
ညီလာ့ ဦးနှောက်က မှတ်မိနေသည်။

"ငါရပ်ဖို့ မီးပြထားတာ မမြင်ဘူးလား"

"လုံးဝမမြင်ဘူး"

"ဟေ့ကောင် ... မင်း ဖြောင်မလိမ်နဲ့၊ ငါဝင်ဖို့လုပ်လိုက်
တော့မှ မင်းကားကြီး ခေါင်းထိုးပြီး ဝင်ရပ်သွားတာ ...
တောက်"

"လုံးဝမဖြစ်နိုင်ဘူး၊ ငါအချက်ပြမီးပြတဲ့ အချိန်ထိ ငါ့ဘေး
မှာရော၊ ငါ့မျက်နှာချင်းဆိုင်မှာရော မင်းကို လုံးဝမတွေ့
ပါဘူး။ ငါ ဝင်ပြီးမှ မင်း မီးပြတာဆိုရင်တော့ ဒါ ငါနဲ့
မဆိုင်ဘူးထင်တယ်"

အနီးအနား ဝန်းကျင်မှ ဘယ်ကားမှ ပါကင်ဝင်ဖို့
ပြီး စောင့်နေရတာလဲ မတွေ့ရသဖြင့် သူတစ်ဦးတည်း
လွတ်ကျွတ်ကျွတ် ကားပါကင်ဝင်လိုက်တာ ဖြစ်ပါသည်။
ကိုပဲ ဒီကောင်က မကျေမချမ်းကြီးဖြစ်ကာ အလျှော့မပေး
သာပုံစံနဲ့ ခါးထောက် မိုက်ကြည့်ကြည့်လျက် ...



www.burmeseclassic.com

www.burmeseclassic.com



"မင်းကား အခု ပြန်ဖယ်ပေးမလား မဖယ်ပေးဘူးလား"

ကြည်သာထွန်းက လူပျော့၊ လူကြောက်မို့ ပြီး… ရယ်ရယ် ဝင်လုပ်ကာ …

"ဟော့ … ဒီမှာ ညီလေးရာ။ ကိုယ်တို့ကားဝင်တာ မ… ကားမီးပြထားတာလည်း မတွေ့ပါဘူးကွာ။ ဒီကားအ… ဝင်ပြီးမှ မင်းကိုတွေ့တာပါ။ အချင်းချင်းတွေပဲ ပြေ… လည်လည် ပြောကြရအောင်ပါ။ အကုန်လုံး ပျော်ချင်… လာတာပဲ"

"ဟိတ်ကောင် … အခြောက်။ ငါ့ကို အပျော့ဆွဲပုံစံ … ရှင်းမနေနဲ့။ မင်းတို့ကား လွန်တာကွ။ ငါ ဝင်မယ့်နေရာ… အရင်ဦးသွားတာ လုံးဝမကျေနပ်ဘူး။ အခု ဖယ်ပေးစမ်း…"

ကြည်သာထွန်း ပုံစံနွဲ့နွဲ့ကိုကြည့်ပြီး အခြောက်… ရိုင်းပျစွာ ခေါ်ကာ အလျှော့လုံးဝမပေးတဲ့ ပုံစံကြောင့် အား… နည်းနည်းတော့ ဒေါသထွက်သွားကြသည်။ သူတို့အုပ်စုက … လည်းမဖြစ်တတ်၊ ရန်လည်းမလိုတတ်သော ခပ်အေးအေးသ… တွေဖြစ်ရာ ရန်လိုလာသူကို ဒေါသဖြစ်ရုံကလွဲရင် ပြန်ရန်… တော့ စိတ်မကူးကြပါ။

"မင်းတို့ မဖယ်ပေးဘဲ ကားကို ဒီတိုင်းထားရဲရင် ထ… လေ။ ကားလေကာမှန်တို့၊ မီးခွက်တို့ အကောင်း… မြင်ရမယ်တော့ မထင်နဲ့"





"မင်းနဲ့ ငါတို့ ဘာရန်ငြိုးမှလဲ မရှိဘဲနဲ့ ကားပါကင်လေး တစ်နေရာကြောင့် ဒီလောက်ရန်လိုစရာလားကွာ။ ဝင်းထဲ လှည့်ပတ်ရှာရင် တစ်နေရာတော့ တွေ့မှာပါ။ ပြီးတော့ မင်းကားက သိပ်လည်းကြီးတာ မဟုတ်ပါဘူး"

"မလိုချင်ဘူး၊ ဖယ်မပေးဘဲ ထားခဲ့ရင် အဆိုးမဆိုနဲ့၊ သွားရဲရင် သွားကြပေါ့"

မထိမ့်မြင်ဟန်ဖြင့် ခြိမ်းခြောက်နေပုံမှာ အသည်း…စရာ ကောင်းလှသည်။ သူများအသားနာအောင် မလုပ်တတ်…သာ နေညီလာပင် ပြေးပြီးထိုးပစ်ချင်တဲ့စိတ် ဖြစ်လာမိသည်။ …ယောက်သား ဘယ်လိုဖြေရှင်းရမှန်းမသိ ဖြစ်နေစဉ် ကား…ပြားလေးထဲမှ နောက်တစ်ယောက် ထွက်လာတာ တွေ့ရသည်။

ဂျင်းဘောင်းဘီနဲ့ လည်သာဘုထိအရှည်နဲ့ တီရှပ်…ည်ပိတ် လက်တိုအဖြူနှင့် မိန်းကလေးကို မြင်လိုက်ရသောအခါ …ညီလာ့ ရင်ထဲမှာ …

"မရွှေဖဲ"

လို့ သတိတရ ခေါ်လိုက်မိသည်။

သြော် … ဒါကြောင့် ဒီကောင်လေးကို မြင်ဖူးတယ် …င်နေတာကိုး။ ဒီကောင်ဟာ မရွှေဖဲရဲ့ ရည်းစားအကောင်။ …အရင်တစ်ခေါက်ကလိုပဲ ဂျစ်ကန်ကန် မိုက်တီးတီးရုပ်နဲ့ အမြဲ…လိုနေတဲ့ကောင်။



www.burmeseclassic.com

www.burmeseclassic.com



"ဇော်သူ ... သူတို့အရင် မြင်တာ ပေးဝင်လိုက်ပ
လာပါ၊ တခြားမှာ ပတ်ရှာရင် ရမှာပါ၊ ဘာလို့ ရန်ရှာ
ရတာလဲ"

မရွှေဖဲ၏ အာရုံသည် ရည်းစားကောင်လေးထံ
သာ ရှိနေပြီး ဘေးပတ်ဝန်းကျင်ကိုတော့ ရှက်လည်းရှက်နေ
ပေါ်သည်။ ခေါ်သာ ထွက်ခေါ်ရတယ်။ သူမစကားကို နားထော
မယ့်ပုံလည်း မသေချာမှန်း သိနေပုံဖြင့် မဝံ့မရဲ ရှိနေသည်။

"ထွက်လိုက်မလာနဲ့လို့ ငါ ပြောထားတယ်လေ"

"ဇော်သူက ခဏဆိုပြီး ထွက်သွားတာလေ၊ အခု ခဏမ
တော့ဘူး"

"ရွှေဖဲ ... နင် တော်တော်နန့်ချင်နေလား။ ယောကျ်ားလေ
တွေ များတာနဲ့ပဲ နင်က ထွက်ပြချင်တာလား။ အထဲပြ
ဝင်ဆို ဝင်စမ်း။ ငါ့ကိစ္စ ငါရှင်းမယ်"

"ဇော်သူ ... ရွှေဖဲ တောင်းပန်ပါတယ်၊ လာပါ ... သွား
အောင်ပါ"

"ဖယ်စမ်း ... ငါဘာမှ မစ,သေးဘူး၊ ဆွဲတာ ပြုတာမလု
နဲ့ ... သွား"

ကောင်လေးဟာ သူ့လက်မောင်းကို လာကိုင်လိုက်
တဲ့ မရွှေဖဲကိုပင် ပြန်ဆောင့်တွန်းလိုက်သဖြင့် မရွှေဖဲ ခမျာ
နောက်သို့ အနည်းငယ်ယိုင်သွားပါသည်။





"ဟော့ကောင် ... မင်း မိန်းကလေး တစ်ယောက်ကို
respect (ရက်စပက်(ထ်))တော့ ရှိရမှာပေါ့၊ ဒီလိုမပြော
သင့်ဘူး။ မဆက်ဆံသင့်ဘူး"

နေညီလာ မြင်ကွင်းကို သည်းမခံနိုင်တော့သဖြင့်
ရုတ်တရက် အော်ပြောလိုက်မိသည်။

"မင်းနဲ့ ဘာဆိုင်လဲ"

"မဆိုင်ပေမယ့် လူပီသတဲ့ ယောကျ်ားတစ်ယောက်အနေနဲ့
ဝင်တားသင့်ရင် တားရမှာပဲ"

မရွှေဖဲသည် နေညီလာ့ကို ဒီတော့မှ အသေအချာ
မှမ်းကြည့်ဖော်ရသည်။ မှတ်မိပုံတော့ မရပေမယ့် ဘာကြောင့်မှန်း
သိ သေသေချာချာကို စိုက်ကြည့်နေတာ တွေ့ရသည်။ နေညီလာ့
ကို ကြာကြာကြည့်ပြီးတော့မှ ကျန်တဲ့လူတွေကို မျက်လုံးဝေ့ကြည့်
ချင် ကြည်သာထွန်းကိုတော့ မှတ်မိသွားဟန်ဖြင့် ...

"ကိုကြည်သာထွန်း"

လို့ ခပ်တိုးတိုး ခေါ်လိုက်သံ ထွက်လာသည်။

မရွှေဖဲထံမှ အသံသဲ့သဲ့ကြောင့် ဇော်သူ ဗြုန်းဆိုလှည့်
ကြည့်လိုက်ကာ ...

"ဘာပြောလိုက်တယ်"

"ဇော်သူ ရန်ဖြစ်မနေပါနဲ့တော့၊ အဲဒါ ရွှေဖဲသူငယ်ချင်း
ပုံ့ပုံ့ရဲ့ အစ်ကိုဝမ်းကွဲတွေပါ။ ကိုကြည်သာထွန်းတို့ပါ။
ကိုယ့်အချင်းချင်းတွေ အားနာဖို့ကောင်းတယ်"



www.burmeseclassic.com

www.burmeseclassic.com



ကြည်သာထွန်းလည်း ကောင်မလေး ထုတ်ပြောလိုက်သံကြောင့် စူးစမ်းသလိုကြည့်လျက် ...

"မရွှေဖဲလား"

ဟု လှမ်းမေးလိုက်သည်။

"ဟုတ်၊ ကိုကြည်သာထွန်း မမှတ်မိဘူး ထင်တယ်"

"မတွေ့တာ ကြာပြီလေ"

"ပုံ့ပုံ့နဲ့တော့ အမြဲတွေ့တယ်။ ဟိုတလောက အရုပ်ဆိုင်ဖွင့်ပွဲမှာတောင် ကိုကြည်သာထွန်းတို့ကို တွေ့လိုက်သေးတယ်လေ"

"ဪ ... အေး ... ဟုတ်သားပဲ။ ညည်းက အခု ဆံပင်တွေ တိုကုန်တာကို"

ကြည်သာထွန်း ပြောတော့မှ အရင်ကလို ပခုံးကျော်ရုံ ရေစိုကောက်ဆံပင်နဲ့ မဟုတ်တော့ဘဲ ဖစ်တိုးရီးယား ဆံပင်ပုံစံတိုတိုနဲ့ ဖြစ်နေကြောင်း နေညီလာ သတိထားမိသည်။ နေညီလာကတော့ ဘာကြောင့်ရယ်မသိ။ မရွှေဖဲဟာ ဆံပင်ပုံစံ ဘယ်လိုပဲပြောင်းပြောင်း သတိလည်းမထားမိ။ ဒီရုပ်ရည်လေး၊ ဒီပုံလေးကို မြင်လိုက်တာနဲ့တင် စိတ်ထဲမှာ အလိုလို မှတ်မိပြီး ဖြစ်နေသည်။

"ကဲ ... ဘယ်လိုလဲ၊ အခုမှ ဆွေမျိုးစပ်မနေနဲ့ ရွှေဖဲ။ နင့်လူကို နင်ရအောင်ပြောလိုက်စမ်းပါ။ ဒါ ငါတွေ့တဲ့နေရာ ငါဝင်ရှုပ်မယ်လို့"





မရွှေဖဲသည် ဇော်သူ့စကားကြောင့် ရှက်သွားပါသည်။ သို့သော် ဇော်သူနဲ့ပတ်သက်ရင် ရှက်တတ်တဲ့စိတ်တွေကို သိမ်းထားမိသလို ဖြစ်နေပြီး ဇော်သူရဲ့အအော်၊ အငေါက်၊ ခနဲ့သံတွေမှာ နေသားကျနေပြီဖြစ်တဲ့ မရွှေဖဲဟာ ရှက်ပြုံးနေအားတော့ဘဲ ...

"ဇော်သူ ... ရွှေဖဲလည်း ထွက်ခေါ်ပြီးပြီ။ သူတို့မှန်တာလည်း ရွှေဖဲ သိတယ်။ သူတို့ဝင်သွားပြီးမှ ဇော်သူ့ဘာသာ သူတို့အရင်မြင်ရကောင်းလား ဆိုပြီး သွားရမ်းတာလည်း ရမ်းခွင့်ပေးပြီးပြီ။ ဒီလောက်ဆို တော်ရောပေါ့။ ပြောမရရင်လည်း ထားခဲ့တော့မယ်။ ရွှေဖဲ ဘာသာပဲ တက္ကစီငှားပြီး အိမ်ပြန်တော့မယ်။ ဇော်သူ လိုက်ရင်လိုက် မလိုက်ရင်လည်း နေခဲ့"

ဒီတစ်ခါတော့ မရွှေဖဲထံမှ နည်းနည်းရဲရင့်သော စကားတွေကြောင့် နေညီလာ့ရင်ထဲ ဘဝင်ကျသွားပါသည်။ မြင်လိုက်တိုင်း ဇော်သူကချည်း အနိုင်ကျင့်ဗိုလ်ကျနေတာဟာ တစ်ဖက်သတ် ဆန်လွန်းပြီး ဘာကြောင့်များ ဒီလောက်နိုင်နေသလဲ။ နိုင်တာကို ခံနေရသလဲ ဆိုတာ တွေးချင်စရာတောင် ကောင်းနေသည်။

"အံမာ ... (...)ကောင်မ။ နင်က အားကိုးရှိတယ်ဆိုပြီး ငါ့ကို ကလန်ကဆန် လုပ်ပြတာပေါ့လေ"



www.burmeseclassic.com

www.burmeseclassic.com



မချွေဖဲသည် အားလုံးကို နှုတ်ပင်မဆက်တော့ဘဲ ချာခနဲ လှည့်ထွက်သွားပါသည်။

အရှက်ကြီးရှက်ပြီး မျက်ရည်ဝဲသွားသော မျက်လုံးလေးတွေကိုမြင်ရတော့ နေညီလာ့ရင်ထဲ ကျင်သွားသည်။ ဖော်သူ ကတော့ နေညီလာတို့ကို မဲမနေတော့ဘဲ မချွေဖဲနောက် ဆောင့် ကြီး အောင့်ကြီး နင်းလိုက်သွားကာ ကျောခိုင်းသွားနေသော မချွေဖဲ၏ ပခုံးတစ်ဖက်ကို ဆတ်ခနဲ တွန်းလှည့်ပစ်လိုက်တော့ သည်။

“နင်က ဘာဖြစ်ရတာလဲ”

“ဖော်သူ လုပ်နေတာ ဟုတ်မှမဟုတ်တာ”

“နင်တစ်ယောက်တည်း ပြန်ပြရအောင် နင့်ကိုယ်နင် မိန်း မျက် ထင်နေလား”

“တိုးတိုးပြောပါ ဖော်သူရယ်။ ဘာပြဿနာမှလဲ ရှိတာ မဟုတ်ဘဲနဲ့”

“နင် ငါနဲ့ပဲ ပြန်ရမယ်”

လက်မောင်းကို ဆောင့်ဆွဲခေါ်လိုက်သည်မှာ ညှ အားက ဘယ်လောက်ပြင်းသည်မသိ။ မချွေဖဲ မျက်နှာလေးမဲ့ပြီ “အ”ဟု အော်သံပြုတ်ပင် ကြားလိုက်ရသည်။

မချွေဖဲကို ပြန်ဆွဲခေါ်လာ၊ ကားတံခါးဖွင့်တွန်း ထည့်ပြီးလျှင် ဒီဘက်ကို ဘုကြည့်ကြည့်ကာ သူ့ကားပေါ်





တက်ပြီး ဝေါခနဲ၊ ဝူးခနဲ၊ ကျွီခနဲ အသံမျိုးစုံလုပ်၍ မောင်းထွက် သွားသည်ကို လေးယောက်သား အံ့သြမှင်တက်၊ မခံချင်စိတ်တွေ နဲ့ ငေးကြည့်ကျန်ခဲ့ရသည်။ နေညီလာသည် လက်သီးကိုကျစ်ကျစ် ပါအောင် ဆုပ်ထားမိကာ အံကိုပင် ကျိတ်ထားမိသည်။ ရင်ထဲ မှာ တစ်စက်မှ မကောင်းနိုင်။

မချွေဖဲအပေါ် သနားကရုဏာနဲ့ရော၊ အားမလို အားမရ ဖြစ်ရစိတ်နဲ့ရော ပြည့်နှက်ပြီး ကျပ်နေသည်။

ဘာကြောင့် ဒီလိုကောင်ကို သည်းခံပြီး ရည်းစား တော်နေရတာလဲလို့ ချက်ချင်းပြေးလိုက် မေးချင်မိသည်။

“ဘယ်လိုကောင်လဲ မသိဘူးကွာ၊ တော်တော်ရိုင်းတယ်”

တင်မောင်ဦးက ခေါင်းခါရင်း ပြောလိုက်သည်။

“အဲဒါ နေညီလာ ဟိုတစ်ခါက အရုပ်ဆိုင်ဖွင့်ပွဲမှာ ရပ် တောင်စောင့်ကြည့်ရတဲ့ ကောင်မလေး”

ထွန်းတောက် မှတ်မိသလိုဖြင့် ပြောလိုက်လျှင် တင်မောင်ဦး ပုံစံမှာ ပို၍အံ့သြဟန် ဖြစ်သွားသည်။

“သူ့ကို ပထမတစ်ခါတွေ့တော့ သူ့ပုံစံက တစ်စုံတစ် ယောက်ကို အမျှော်ကြီးမျှော်ရင်း စိတ်မကောင်းဖြစ်လည်း ဖြစ်တဲ့ဟန်နဲ့ စောင့်နေတာကိုမြင်ပြီး သတိထားမိတာကွာ။ အဲဒီနေ့က ချိန်းတဲ့သူ ရောက်မလာဘူးဆိုတာ သူ့ရည်းစား ကောင်ပဲ ဖြစ်မယ်။ အခုတွေ့တဲ့ကောင်ပဲ ဖြစ်မယ်။



www.burmeseclassic.com

www.burmeseclassic.com



ဒီကောင့်ပုံစံက ရိုင်းစိုင်းပြီး ကောင်မလေးကို နိုင်ချင်တိုင်း နိုင်နေတဲ့ပုံ ပေါက်တယ်။ ချိန်းထားလည်း သူ လာချင် လာမယ် မလာချင် မလာဘူးဆိုတဲ့ 'အမျိုးနဲ့လေ"

"မင်း မရွှေဖဲကို ဘာကြောင့် အဲဒီလောက် စိတ်ဝင်တစား ဖြစ်နေမှန်းကို မသိဘူး"

"အေး ... အမှန်အတိုင်း ဝန်ခံရရင် စိတ်ဝင်စားတယ် ကွာ။ ဘာကြောင့် စိတ်ဝင်စားလဲဆိုတော့ ဒီလောက် ဆိုးသွမ်းရိုင်းပျတဲ့ကောင်ကို သည်းခံပြီး ရည်းစားဆက် တော်နေလို့ပဲ။ မင်းတို့ကို မပြောပြရသေးဘူး။ ငါ သူ့ကို ဟိုတလောကလည်း ရုပ်ပါမားကပ်ကြီးတစ်ခုမှာ တွေ့ခဲ့သေး တယ်။ အခုတွဲလာတဲ့ကောင်နဲ့ပဲ၊ ဘာတွေပြဿနာဖြစ်မှန်း မသိဘူး။ ဟိုကောင်က စိတ်တစ်ပြန်ကြီးပြီး ကောင်မလေး ကို တစ်ယောက်တည်း ထားခဲ့ရတာနဲ့ ဘာနဲ့။ ကောင်မ လေးက ခြင်းတောင်းအလေးကြီး ဆွဲထားရတယ်။ သူက မဆွဲဘူး။ ကံကဆိုးချင်တော့ ဟိုအကောင် ထားသွား တဲ့ အချိန်မှာ ခြင်းလက်ကိုင်က မခိုင်ဘဲ ကျိုးကျတော့ ဝယ် ထားတဲ့ပစ္စည်းတွေ လွင့်ကျကုန်တော့တာပေါ့။ ငါ နဲ့သာမွေး ဝိုင်းကူပေးလိုက်ရသေးတယ်"

သူငယ်ချင်းလေးယောက်သား လူအုပ်စုတွေထဲ ရောနှော လျှောက်ရင်း နေညီလာ ပြောပြတာကို နားထောင်လာကြသည်။





"စိတ်ဝင်စားတယ် ဆိုတာဟာ ချစ်တာ ကြိုက်တာ မဟုတ် ဘူး။ သူ့ကို စိတ်ဝင်စားတယ်။ သူနဲ့ သူ့ရည်းစားပုံစံကို စိတ်ဝင်စားတယ် ဒါပဲ။ ရိုးသားတယ် ရှင်းတယ်။ ဒါကြောင့် ငါ ဝန်ခံရဲတယ်။ ဘယ်လိုမိန်းကလေးကများ အခုလိုအနိုင် ကျင့် ရိုင်းပျ မိုက်ကန်းနေတဲ့ကောင်ကို သည်းခံပြီး ရည်း စားတော်နေရသလဲဆိုတာ စိတ်ဝင်စားစရာ မကောင်းဘူး လား"

"အေး ... ဟုတ်တယ်ကွ၊ ဘာကြောင့် မရွှေဖဲ ဒီကောင့် ကို သည်းခံနေသလဲ၊ မပြတ်နိုင်သလဲ မသိဘူးနော်၊ ငါ တစ်ရက်ကျမှ ပုံ့ပုံ့ကို မေးကြည့်ဦးမယ်"

ကျန်တဲ့သုံးယောက်ဟာ နာမည်ကြီး တီးဝိုင်းနဲ့ နာမည်ကြီး ရော့(ခ)အဆိုတော်ကြီးရဲ့ပွဲ စတင်လိုက်တဲ့အချိန်တွင် နေက အဖြစ်အပျက်ကို မေ့သွားကြပေမယ့် နေညီလာ တစ်ယောက် ကတော့ မေ့လို့မရ ဖြစ်နေခဲ့သည်။ သနားစဖွယ် မျက်နှာလေးနဲ့ ချစ်သူကို အလျှော့ပေးလွန်း၊ သည်းခံလွန်းသော မရွှေဖဲကို ကရုဏာသက်စိတ်၊ အားမလို အားမရ ဖြစ်စိတ်တွေနဲ့ အဆိုတော် ကြီး ဆိုသမျှ သီချင်းကောင်းတွေကိုတောင် အပြည့်အဝ ခံစားလို့ မရ ဖြစ်ခဲ့ရသတဲ့။

○❤○



www.burmeseclassic.com

www.burmeseclassic.com



## ၆

နောက်တစ်ပတ်ကျော်လောက် အကြာမှာ နေညီလာ သိချင်လှသော မရွှေဖဲအကြောင်းကို ကြည်သာထွန်း သယ်လာ သည်။ အဲဒီနေ့က သူတို့လေးယောက် ထွန်းတောက်အိမ်မှာဆုံ ပြီး စာစုကျက်ကြခြင်းဖြစ်သည်။ သူတို့လေးယောက်မှာ နေညီလာ တို့သုံးယောက်ကတော့ ပို့စတင်တူပြီး ဖတ်ရတဲ့ဘာသာချင်းတူ ပေမယ့် ကြည်သာထွန်းကတော့ ပို့စတင်မတူသဖြင့် ဖတ်ရတဲ့ ဘာသာ မတူပါ။ သို့ပေမဲ့ ဆရာကြီးထွန်းတောက်ကတော့ နေ ညီလာတို့တစ်တွေ ကျောင်းပိတ်ချိန် ဘာစာအုပ်မှမကိုင်ဘဲ လေ နေချိန်မှာ စာတွေကြိုဖတ်ထားသဖြင့် ကြည်သာထွန်းရဲ့ ဆေး ပညာပို့စတင်မှာသင်ရတဲ့ စာတွေကိုလည်း ရှင်းပြနိုင်သေးပေရာ ကြည်သာထွန်း စာလာကျက်လို့ ရပါသည်။ နောက်ပြီး မယ်ဒီဆင် (medicine)ဘာသာရပ်နှ့် ပီဒီရာတရစ်(Paediatric)ဟူသော ကလေး ပညာဘာသာမှာ သိပ်မကွဲပြားလှသော ရောဂါမျိုးတွေလည်း





တတ်တာကြောင့် အတူတူ စာဖတ်ထားတော့လည်း အကျိုးရှိ သည်။ ဒါကြောင့် တစ်ပတ်တစ်ခါ၊ နှစ်ပတ်တစ်ခါလောက် စာစု ကျက်တတ်ကြသည်။

စာဖတ်ပြီး ခဏနားစဉ် ကြည်သာထွန်းက စပြီး ပြောပြတာဖြစ်သည်။

"မင်းသိချင်နေတဲ့ မရွှေဖဲအကြောင်း ပုံ့ပုံ့ဆီက ငါ သိလာ ပြီကွ"

နေညီလာဟာ ဟန်ဆောင်ကောင်းကောင်းနဲ့ ဟုတ် လားလို့ မသဲမကွဲ ပြန်အသံပြုကာ သူ့လက်ထဲက ဟန်းဖုန်းကိုပဲ ကြီးမဲကြီး ကလိပြနေသည်။ ရင်ထဲမှာတော့ ကလိ ... ကလိနဲ့ သိချင်လှပြီ။

"မရွှေဖဲက နဂိုတည်းကကို စိတ်အားငယ်တတ်ပြီး သိပ် လည်းကြောက်တတ်တယ်တဲ့ကွ"

"အလကားနေရင်း ကြောက်တတ်နေတာ normal မဟုတ် ဘူး"

"မပြောပါနဲ့ကွာ၊ သနားပါတယ်"

ထွန်းတောက်က ဝင်ပြီးဝေဖန်လိုက်သဖြင့် တင်မောင် ရယ်ကျဲကျဲနဲ့ ခပ်နောက်နောက်လေး လှမ်းပြောသည်။

"ငယ်ငယ်ကဆို ကျောင်းမှာ သူများဗိုလ်ကျတာ ဘယ်သူ အခံရဆုံးလဲ မေးရင် မရွှေဖဲပဲတဲ့"



www.burmeseclassic.com

www.burmeseclassic.com



"ကျွတ် ... ကျွတ် ... ကျွတ်"

တင်မောင်ဦး အသံမှာ ရှုတ်နောက်နောက် သနားပြလျက် တကျွတ်ကျွတ် လုပ်ပြနေပြန်သည်။

"အဲဒီ ဇော်သူ ဆိုတဲ့ကောင်က သူ့ကို လိုက်တုန်းက အရူးအမူး ချစ်ပြ၊ လိုက်ပြတာဆိုပဲ"

"မရခင်တော့ ဖျာလိုလိပ် ထိပ်ပေါ်တင်၊ ရပြီးတော့ နင်းခုံမှာချနင်းပစ်တဲ့ သဘောပေါ့"

"ဟေ့ကောင် ... တင်မောင်ဦး၊ ဘယ်လိုဖြစ်နေတာလဲ အေးအေးဆေးဆေး နားထောင်စမ်းပါ"

ကြည်သာထွန်း ဟောက်ပစ်လိုက်တော့မှ တင်မောင်ဦး လျှာတစ်လစ်ထုတ်ရင်း ရယ်ကျဲကျဲနဲ့ ငြိမ်သွားပါသည်။ နေညီလာလည်း စိတ်ထဲမှာ ကျိတ်ဝမ်းသာပြီး ကောင်းတဲ့ အဟောက်ခံရပြီလို့ တွေးနေမိသည်။

"ဇော်သူနဲ့က ငယ်သူငယ်ချင်းလို့လည်း ပြောရင်ရ တစ်တန်းတည်း တစ်ကျောင်းတည်း အတူတူတက်လာ ပေါ့။ သိပ်ရင်းနှီးတဲ့ သူငယ်ချင်းတော့ မဟုတ်ပေ နှစ်တိုင်း နှစ်တိုင်း ဒီအတန်း ဒီလူပဲ မြင်တွေ့လာရ တစ်ယောက်အကြောင်း တစ်ယောက် ကောင်းကော ကြတယ်တဲ့။ ဇော်သူ့စရိုက်က အဲဒီလိုပဲတဲ့၊ သူများ





အနိုင်ကျင့် ဗိုလ်ကျ သူပဲ အနိုင်ယူချင်တဲ့စိတ်၊ အကောက် ကြံချင်တဲ့စိတ် သိပ်များတာတဲ့။ ဘယ်မိန်းကလေးမှ ဇော်သူ့ ကို မကြည်ကြဘူးတဲ့။ အစအနောက်လည်း သိပ်သန်လို့ တဲ့။ Bullie (ဘူးလီး) လုပ်တဲ့ကောင်ပေါ့ကွာ။ မရွှေဖဲ ကတော့ ဘာတွေ ဘယ်လိုကျပြီး ပြန်ကြိုက်သွားတယ် မသိဘူး။ သူနဲ့နီးစပ်တဲ့ သူငယ်ချင်းတွေ အားလုံးက ဝိုင်း တားရက်နဲ့ ပြန်ကြိုက်လိုက်တာတဲ့"

ထွန်းတော်ကကတော့ အရာရာကို တွေးတောကြဲဆ ပြော့ရှာတတ်သူပီပီ ...

"ဟိုကောင်က နင် ငါ့ကို ပြန်မကြိုက်ရင် ဘာလုပ်မယ် ညာလုပ်မယ်လို့များ ခြိမ်းခြောက်သလားမှ မသိတာ"

လို့ တစ်ခွန်းဝင်ပြောလျှင် နေညီလာ့ ရင်ထဲမှာ ထို ...ာက်ချက်ကို ဝမ်းသာအားရ ထောက်ခံချင်သွားပါသည်။

"မဖြစ်တော့ မဖြစ်နိုင်ပါဘူး။ ခြိမ်းခြောက်ခံရလို့ ပြန်ကြိုက် ပြီး ရည်းစားတော်ရမယ်ဆိုရင် မိန်းကလေး တော်တော် များများဟာ သူတို့လည်း သိပ်လက်မခံနိုင်တဲ့ ယောကျာ်း လေးတွေနဲ့ ရည်းစားတွေ ဖြစ်ကုန်ကြမှာပေါ့"

"တင်မောင်ဦး ပြောတဲ့စကား ဒီတစ်ခွန်းပဲ အကောင်းဖြစ် တာ ကြားဖူးတယ်"



www.burmeseclassic.com

www.burmeseclassic.com



"ဟိုကောင် အသံတိတ်နေပါလား"

နေညီလာ့အသံတိတ်လွန်းသဖြင့် ကျန်တဲ့သုံးယော သတိထားမိပြီး မေးတော့သည်။ နေညီလာလည်း ဟန်ဆော ကောင်းကောင်းနဲ့ ...

"ဘာမှပြောစရာမှ မရှိတာ၊ အသံမတိတ်ဘဲ အော်ကျ အော်ကျယ် လုပ်နေရမှာလား"

"မင်းပဲ သူ့အကြောင်း သိချင်တာလေ"

"သိချင်တာနဲ့ပဲ ငါက ကျယ်ကျယ် ကျယ်ကျယ် လု ရောလား"

"ကဲပါ ... မင်းသားရာ၊ ဟန်လုပ်မနေပါနဲ့၊ မင်းသိလို ရတော့ ကျေနပ်သွားတယ် မဟုတ်လား၊ ဒါကိုဝန်ခံစမ်း"

"အေးကွာ ... အေးကွာ၊ ဝန်ခံပါတယ်ကွာ၊ ကဲ ... အ နပ်ပြီလား"

"နှံ့သာမွှေးကိုတော့ မေ့ထားလို့ မရဘူးနော်"

"နှံ့သာက ငါ့ရည်းစားမှ မဟုတ်တာ"

"ဒါဖြင့် မင်းတို့က ဘာလဲ"

နေညီလာ တစ်ခဏ စဉ်းစားလိုက်ပါသည်။ ပြောလိုက်သော စကားဟာ တစ်ဖက်မိန်းကလေးအပေါ် နစ် လည်း မဖြစ်စေချင်။ ကိုယ့်ဘက် ကိုယ်ယက်ပြောလိုက်ရ လည်း မဖြစ်စေချင်။





"အခင်ဆုံး သူငယ်ချင်းတွေပါကွာ၊ သူလိုအပ်တဲ့အချိန်မှာ ငါက အမြဲအဆင်သင့် ကူညီပေးနိုင်တယ်။ ငါလိုအပ်တဲ့ အချိန်မှာလည်း သူက မဆိုင်းမတွ ကူညီပေးဖို့ အသင့်ပဲ။ တစ်ယောက်ကိုတစ်ယောက် အရမ်းနားလည်တဲ့ သူငယ် ချင်းပါ။ ငါက သူ့ကို ချစ်တယ်လည်း မပြောဖူးဘူး။ သူ လည်း ငါ့ကို အဖြေမပေးဘူး။ ပေးစရာလည်း မလိုဘူး"

"တတွဲတွဲတော့ သွားနေတယ်လေ"

"သွားတာနဲ့ပဲ ရည်းစားဖြစ်ရရောလားကွာ။ ငါတို့ကျောင်း မှာလည်း ဒီလိုသွားနေတဲ့ သူငယ်ချင်းတွေ ရှိတာပဲ၊ အတူ သွားတယ်ဆိုပေမယ့် သူ့လက်ကို ငါမကိုင်ဘူး၊ သူကလည်း သမီးရည်းစားတွေလို ငါ့လက်မောင်းကို ချိတ်ပြီးသွားတာ မရှိဘူး။ ဆိုင်အတူတူထိုင်ကြရင် ခွံ့ကျွေးတာမရှိဘူး တစ် ယောက်ပန်းကန် တစ်ယောက်လဲစားတာ၊ နှိုက်စားတာ မလုပ်ဘူး"

"အံမယ်လေးကွာ၊ ဖြေရှင်းချက်တွေကလည်း"

ကြည်သာထွန်းကတော့ သေသေချာချာ တွေးတော သော အမူအရာဖြင့် ...

"မင်းက ဘာလဲ၊ မချွေဖဲကို ဘာသဘောလဲကွာ၊ ရှင်းရှင်း ပြော။ ရည်းစားကြီးငုတ်တုတ် ရှိနေတဲ့ မိန်းကလေးကို လိုက်မလို့လား"

ဟူ၍ မေးလာတော့လေသည်။



www.burmeseclassic.com

www.burmeseclassic.com



“မဟုတ်ပါဘူးကွာ၊ မင်းတို့ကလည်း ရှင်းလေ ရှုပ်လေပါ လား။ သူတို့စုံတွဲပုံစံကို ငါ စိတ်ဝင်စားတယ်။ ကောင်မ လေး ဘာလို့ ဒီကောင့်ကို သည်းခံနေရသလဲ ဆိုတာလည်း သိချင်တယ်၊ ဒါပဲလို့ ပြောထားပြီးပြီလေ။ မင်းတို့က နံ့သာနဲ့ ငါ့ကို ဘယ်လိုလဲမေးလို့ ရှင်းပြတော့လည်း တစ် မျိုးလှည့်တွေးပြီး မရွှေဖဲကို ဘာညာဆိုပြီး ငါ့ကိုစွပ်စွဲပြန် ရော၊ ခက်တာပဲ”

“အေးပါ ... အေးပါ၊ ဒါဆိုလည်း ပြီးတာပဲ။ စောင့်ကြည့် ကြတာပေါ့ကွာ”

ဆရာကြီး ထွန်းတောက်ကတော့ စကားဝိုင်းက ဖြတ်တဲ့အနေနဲ့ ...

“ကဲဟေ့ ... ကြာတယ်ဟေ့၊ အပိုတွေ မပြောတော့ဘူး စာဖတ်ကြမယ်။ DHF (ဒီအိပ်ချ်အက်ဖ်)ဖတ်မယ်၊ ဆေး ကျောင်းရောက်ပြီး ဆရာဝန်ဖြစ်ပြီးမှ DHF တောင် မရ တတ်ရင် ဆရာဝန်လုပ်မနေနဲ့၊ ကိုယ့်လည်ပင်းပဲ ကိုယ် ပြန်ညှစ်ပြီး သတ်သေလိုက်တော့”

ဟုဆိုကာ သွေးလွန်တုပ်ကွေးရောဂါနဲ့ ပတ်သက် သော ရောဂါလက္ခဏာများ၊ ကုသပုံ ကုသနည်းများ ပါဝင်သည့် သင်ခန်းစာရှိရာ စာမျက်နှာကို လှန်လိုက်တော့လေသည်။

○ ❤ ○





# အပိုင်း(၂)

www.burmeseclassic.com

www.burmeseclassic.com



## နံပါတ် ၇ အခန်း

မရွှေဖဲသည် ရှေ့ကလူတစ်ယောက်ဟာ သူ စလွယ် သိုင်းထားသော အဖုံးပါ သားရေအိတ်ထဲက တစ်စုံတစ်ခု နှိုက်ယူစဉ် တခြားပစ္စည်းလေးတစ်ခုကပါ ထပ်ခနဲ အောက်ပြုတ် ကျသွားတာကို တွေ့လိုက်ပါသည်။ ထိုလူ သိမည်ထင်ပြီး ကြည့် နေပေမယ့် ထိုလူက သိပုံမရဘဲ ရှေ့ကို ဆက်လျှောက်သွား သည်။ ဒါနဲ့ပဲ မရွှေဖဲမှာ ထိုခပ်လက်လက် အရာလေး ကောက်လိုက်ရပါသည်။

ဘောလ်ပင်န်လေးပဲ။ ငွေရောင် ခပ်လက်လက် ဘောလ်ပင်န်လေးကို ကောက်ကိုင်လိုက်ပြီးလျှင် ...

"ဟိတ် ... ရှတ် ... ရှတ် ... ဟိတ် ... ဒီမှာ ... ဘော ပင်န် ကျကျန်ခဲ့ပြီ"





မရွှေဖဲ အသံကြောင့်ရှေ့ကလူ ဖျတ်ခနဲ လှည့်ကြည့် လာပါသည်။ နှစ်ယောက်သား မျက်လုံးချင်း ဆုံလိုက်သော အခါ ...

"ဩော်"

"ဟင်"

ဟူသော အာမေဍိတ်သံတွေ ပြိုင်တူရွတ်လိုက်မိကြ သည်။

"ဟို ... အစ်ကိုက ကိုကြည်သာထွန်း သူငယ်ချင်း ထင် တယ်။ တစ်ခါတွေ့ဖူးထားသလိုပဲ"

မရွှေဖဲ စတင်မေးလိုက်ပါသည်။ ကိုကြည်သာထွန်း တွေ့ တစ်ခါသာ ဆုံဖူးပေမယ့် အဲဒီအစ်ကိုကြီးကို ဒီပြင်တစ် နေရာမှာလားမသိ တွေ့ဖူးထားသည်ဟု ထင်ပါသည်။

"ကျွန်တော် နေညီလာပါ"

"မရွှေဖဲပါ"

"သိပါတယ်၊ တစ်ခါ ဆုံဖူးတယ်လေ"

"အဟင်း ... ဟုတ်တယ်။ မျှော်စင်ကျွန်းမှာနော်"

မရွှေဖဲမှာ သူမ၏အဖြစ်အပျက်ကို သတိရပြီး ရှက် ရွက်ကန်း ပြန်ဖြေမိသည်။ ဇော်သူ သရုပ်ပျက်ခဲ့တာဟာ တော့ကို အရုပ်ဆိုးပြီး သူမကိုပါ ထိခိုက်စေခဲ့တာ။



www.burmeseclassic.com

www.burmeseclassic.com



"ကိုနေညီလာ့ အိတ်ထဲက တစ်ခုခု ပြုတ်ကျကျန်ခဲ့တာ မသိလိုက်ဘဲ ဆက်သွားနေလို့။ ဒီမှာ ဘော်လ်ပင်န်လေး တစ်ချောင်း"

"ကျေးဇူးပဲ၊ ဒါ သူငယ်ချင်းတစ်ယောက် လက်ဆောင်ပေး ထားတာ။ ပျောက်သွားရင် သူ စိတ်ဆိုးလိမ့်မယ်"

အဲဒီသူငယ်ချင်းဆိုတာ မိန်းကလေးလား။ သူ့ချစ်သူ လား။ မရွှေဖဲသည် ကိုနေညီလာ့ မျက်နှာအမူအရာကိုကြည့်ပြီး တွေးကြည့်နေမိသည်။

"ပြန်ပေးတာကို ကျေးဇူးတင်တဲ့အနေနဲ့ မုန့်ကျွေးမယ်လေ ဘယ်လိုလဲ၊ ဆိုင်ခဏထိုင်မလား"

အခုမှတွေ့ရသလို ဖြစ်နေသော ကိုနေညီလာ့ မရွှေဖဲ မဝံ့မရဲတော့ ဖြစ်နေသည်။ ဒါပေမဲ့ ဒီ ကိုနေညီလာ့ အရင်တည်းက တွေ့ဖူးသလိုလည်း ဖြစ်နေသဖြင့် စိတ်ထဲမှာ ရင်းနှီးသလိုလိုလည်း ဖြစ်နေပါသည်။

"ဘယ်လိုမှ စိတ်ထဲမှာ မရှိနဲ့နော်။ ကျွန်တော်က ခင်မင် တဲ့အနေနဲ့ ခေါ်တာပါ။ မရွှေဖဲ သဘောပါ"

"သြော်... ဆောရီး ... ဆောရီး၊ ရွှေဖဲ အကြာကြီး စဉ်းစား နေတာ မဟုတ်ပါဘူး။ ဘယ်လိုမှလဲ မထင်ပါဘူး။ ကိုနေ ညီလာ့ကို တစ်ခါလောက် တွေ့ဖူးထားပေမယ့် မကြာခဏ တွေ့ဖူးသလို ထင်နေလို့ပါ"



နေညီလာ အသာအယာပြုံးကာ ...

"ဟုတ်တယ် တွေ့ဖူးပါတယ်။ မရွှေဖဲကသာ သတိမထား မိတာပါ။ ကျွန်တော်တို့ နှစ်ခါလောက် ထပ်ဆုံဖူးတယ်"

"ဟင် ... ဟုတ်လား၊ ဘယ်မှာလဲ"

အံ့သြသလို မျက်လုံးလေးဝိုင်းပြီး မေးလိုက်ဟန် ကြောင့် ပြုံးနေရာမှာ အသံထွက် ရယ်လေသည်။

"အရုပ်ဆိုင်ဖွင့်ပွဲလေ ကြည်သာထွန်းအစ်မရဲ့ အရုပ်ဆိုင် ဖွင့်ပွဲမှာ ဆုံဖူးတယ်။ နောက်ပြီး တစ်ခါကတော့ ရူပါမား ကပ်မှာ ဆုံဖူးတာပါ။ ခြင်းတောင်းကိုင်း ကျိုးသွားလို့ ကျွန်တော်တို့ ကူညီပေးလိုက်ဖူးတယ်"

မရွှေဖဲ အသာစဉ်းစားဟန်ပြုပြီးမှ ...

"သြော် ... ဟုတ်တယ်နော်၊ အဲဒီတုန်းက အစ်မလေးတစ် ယောက်က ကူညီတာ။ သူနဲ့တွဲလာတဲ့ လူတစ်ယောက် ပါမှန်းတော့ သိတယ်၊ ရွှေဖဲကလည်း ရှက်နေတော့ ဘာမှ သေသေချာချာ သတိထားပြီး မကြည့်မိလိုက်ဘူး။ အစ်မ ကတော့ တော်တော်ချောပြီး ကျက်သရေရှိမှန်း ရွှေဖဲ မှတ် မိပါတယ်"

"လာလေ ... မုန့်သွားစားရအောင်၊ မိတ်ဖြစ် ဆွေဖြစ်ပါ။ အချိန်ရတယ် မဟုတ်လား"

"ရပါတယ်၊ ကိုနေညီလာရော အားရဲ့လား"

www.burmeseclassic.com

www.burmeseclassic.com



"အားတယ် ... အားတယ်။ ကျွန်တော် ဒီကအပြန် အိမ်ပြန်ရုံပဲ"

ရှော့ပင်းမောလ်၏ Food Court မှာရှိသော ကော်ဖီရော အအေးရော မုန့်ရော ရသည့် Bakery လေးမှာပဲ ဝင်ထိုင်လိုက်ပါသည်။ မရွှေဖဲ စိတ်ထဲမှာလည်း ဒီအစ်ကိုကြီးကို ခင်မင်ချင်နေသည်။ ရုပ်သိပ်မချောပေမယ့် ရိုးသားပြီး သဘောကောင်း ရသော မျက်နှာအမူအရာ၊ အစဉ်ပြုံးနေတတ်သော အသွင်တို့ကြောင့် ခင်ချင်စရာကောင်းတာပဲလား။ ဒါမှမဟုတ် မရွှေ ငယ်ငယ်တည်းက crazy ဖြစ်ခဲ့ရသော ဆေးကျောင်းကို တက်ခွင့်ရတဲ့ ဆေးကျောင်းသား ဆရာဝန်လောင်းဆိုသော အသိစိတ်ကြောင့် ခင်ချင်တာပဲလားတော့ မသိ။ ကိုယ်နဲ့ သိပ်လည်းမရင်းနှီးပါပဲ သူ့ ဖိတ်ခေါ်တာကို အလွယ်တကူ လက်ခံလိုက်မိပြီ။ အတွက်ကြောင့် မရွှေဖဲကိုတော့ သူ အထင်မသေးဘူးလို့တော့ထင်ပါသည်။

"မရွှေဖဲကရော ဘယ်ကျောင်း တက်နေလဲ"

"ရွှေဖဲ အင်္ဂလိပ်ရှုဒီပလိုမာ တက်နေတာ"

"ဪ ... ကောင်းတာပေါ့။ ဘာပဲဖြစ်ဖြစ် အင်္ဂလိပ်ရှု အသုံးဝင်တယ်လေ"

"ကိုနေညီလာနဲ့ ကိုကြည်သာထွန်းနဲ့က ငယ်ငယ်တည်းက ခင်ကြတာလား"





"အလယ်တန်းလောက်တည်းက တွဲလာတာ။ ကျွန်တော့်ကောင်တွေကသာ ဆေးကျောင်းရောက်မှ ခင်ကြတာ။ ဟိုကောင်တွေကို မရွှေဖဲ မြင်ဖူးပါတယ်၊ တစ်ယောက်က စာဂျပိုး၊ တစ်ယောက်က ငလောင်၊ အစအနောက် သန်တယ်"

နှစ်ယောက်သား ပြောစရာစကား သိပ်တော့မရှိလှ ...ာမို့ ကိုယ့်အကြောင်း၊ သူ့အကြောင်း ပြောကြရင်းက တဖြည်း ...ည်း ရင်းနှီးသလိုလိုတော့ ဖြစ်လာပါသည်။ အထူးသဖြင့် ...တိထားမိတာကတော့ ကိုနေညီလာဟာ ရွှေဖဲကို တော်တော် ...ြီး တရင်းတနှီး သိပြီးတဲ့ပုံစံ ရှိနေသည်မှာ အံ့သြစရာ။ ရွှေဖဲ ...းဝသတိထားမိခဲ့ခြင်း မရှိသော တခြားလူစိမ်းတစ်ယောက်က ...ွေဖဲကို ကြိုသိနေသတဲ့။

"မရွှေဖဲ ဆိုတဲ့ နာမည်လေးက ဆန်းတယ်နော်၊ ငယ်ငယ်က သင်ဖူးတဲ့ ကဗျာလိုပဲ"

"ဪ ... ကဗျာထဲက နာမည်တော့ မဟုတ်ပါဘူး"

ရွှေဖဲ တစ်ချက်ရယ်ရင်း ...

"နာမည်က အဘိုးနဲ့အဘွား ပေးတာ။ ပိုး၊ ဖဲ၊ ကတ္တီပါ ဆိုတာ တန်ဖိုးရှိတဲ့ အဝတ်အထည်တွေလေ။ အဲဒါလေးကို ကြိုက်လို့တဲ့။ နောက်ပြီး အဘိုးအဘွားတို့ကလည်း ပိုးထည်



www.burmeseclassic.com

www.burmeseclassic.com



တို့ ဘာတို့ ရောင်းဝယ်တဲ့ ကုန်သည်ကြီးတွေဆိုတော့ သူ
တို့နဲ့ နီးစပ်တဲ့ အဝတ်အထည်နာမည်တွေပဲ ကောက်မှည့်
ပေးတာ ဖြစ်မယ်။ ရွှေဖဲက တစ်ဦးတည်းသောသမီးပေမယ့်
ဝမ်းကွဲထဲမှာ ဒုတိယမွေးတဲ့ မိန်းကလေးမို့လို့ ဖဲဆိုတဲ့
နာမည်မှည့်တာ၊ အဘိုးက ဦးရွှေ။ သူ့နာမည်ပါအောင်
ရွှေပိုး၊ ရွှေဖဲ၊ ရွှေကတ္တီပါ ဆိုပြီး မြေးမိန်းကလေးတွေကို
နာမည်မှည့်ပေးတာပေါ့။ ရွှေဖဲရဲ့ဝမ်းကွဲညီအစ်မနှစ်ယောက်
က ရွှေပိုးနဲ့ ရွှေကတ္တီပါလေ။ အစ်မဝမ်းကွဲနဲ့ ညီမဝမ်းကွဲ
ပေါ့"

"နာမည်က ရိုးသလိုလိုနဲ့ ဆန်းနေတယ်၊ ငယ်ငယ်
အနောက်မခံရဘူးလား။ သူငယ်တန်းလား၊ တစ်တန်းလား
မသိဘူး။ အဲဒီမှာ ကဗျာတိုလေးပါတယ်လေ"

"အနောက်မခံရပါဘူး၊ နောက်သလား မနောက်သလား
တောင် မမှတ်မိတော့ဘူး"

ထိုအချိန်တွင် ရွှေဖဲ၏ ဟန်းဖုန်း Nokia လေး
ခေါ်သံမြည်လာသည်။ Nokia (နိုကီးယား) မူရင်းအသံလေး
ထည့်ထားသော ခေါ်သံလေးပဲဖြစ်သည်။ ရွှေဖဲ ကောက်ကြည့်
လိုက်တော့ ဖော်သူ ခေါ်တာဖြစ်ကြောင်း တွေ့လိုက်ရသည်။

"ဟဲလို"





"အံမယ် ... ဘာဟဲလိုလဲ။ ဖုန်းမှာ ကိုယ့်နာမည်ပေါ်နေ
သားနဲ့"

"အင်းပါ ... ပြောပါ၊ ဘာလဲ"

"အခု ဘယ်ရောက်နေတာလဲ"

"ရှော့ပင်း လုပ်နေတာ"

"မပြီးသေးဘူးလား"

"ပြီးတယ်တော့ ဘယ်ရှိမလဲ၊ ဒီလိုပဲ လျှောက်ကြည့်နေတာ"

"ဘယ်သူမှ မပါဘဲ တစ်ယောက်တည်း ဘာလို့ သွားနေ
ရတာလဲ။ တော်တော်နန့်ချင်တယ် ထင်တယ်"

ရွှေဖဲ ဒီအပြောကို ရိုးနေပြီဆိုတဲ့ဟန်နဲ့ ဘာမှမတုံ့
ပြန်တော့ပါ။ သူ့ကို အသိပေးပြီး ခေါ်သားပဲ။ ခေါ်တုန်းကတော့
"ဟာ ... မိန်းကလေးတွေ ရှော့ပင်းလုပ်ရင် သိပ်ကြာတာ မလိုက်
ချင်ဘူး၊ စိတ်မရှည်ဘူး"ပြောပြီး ငြင်းတာမို့ ရွှေဖဲလည်းမခေါ်
တော့ဘဲ ထွက်လာတာ။ ရွှေဖဲအကျင့်ကလည်း ရှော့ပင်းလုပ်ရင်
တစ်ယောက်တည်း သွားရ၊ ဝယ်ရ ရွေးရတာကို ပိုပြီးကြိုက်
သဖြင့် သူငယ်ချင်းတွေကို မခေါ်ခဲ့ပေ။ သူငယ်ချင်းတွေ ပါနေ
ရင် အဖော်ပါနေရင် ကိုယ်ရွေးတာ အကြာကြီးဖြစ်မှာလည်း
အားနာတတ်သေးသည်။ ပြီးတော့ ကိုယ်က တွေ့တဲ့ဆိုင် စိတ်
ဝင်စားရင်လည်း ဝင်ကြည့်ချင်၊ ပြချင်တာ ရှိသေးသည်။ ဒါကြောင့်



www.burmeseclassic.com

www.burmeseclassic.com



တစ်ယောက်တည်းဆိုလျှင် ပိုပြီး စိတ်လွတ်ကိုယ်လွတ် သွားရသည် ဆင်တာ အဖော်ပါတာ မကြိုက်ပါ။ အပျော်လျှောက်ကြည့်ရင် တော့ သူငယ်ချင်းတွေနဲ့ သွားတတ်တဲ့အခါလည်း ရှိပါသည်။

"အခု ပြန်လာခဲ့တော့"

"ဘာဖြစ်လို့လဲ"

"မင်းတစ်ယောက်တည်း အကြာကြီး အပြင်ထွက်နေတာ မကြိုက်ဘူး။ အိမ်ပြန်နေတာပဲ မြင်ချင်တယ်၊ ပြန်လာ နော်၊ ကိုယ် စောင့်ကြည့်နေမယ်"

"အင်းပါ"

ဖော်သူက ရွှေဖဲတို့နဲ့ တစ်လမ်းတည်းနေကာ လ ထိပ်အိမ်လို ဖြစ်နေတာမို့ လမ်းအတွင်းပိုင်းမှာနေသော ရွှေဖဲ အဝင်အထွက်ကို စောင့်ကြည့်နေနိုင်လေသည်။ အတူသွားမ ခေါ်တုန်းက မလိုက်ဘဲ တစ်ယောက်တည်း ထွက်လာတော့လည် မကြိုက်ပါဘူး၊ မသွားနဲ့တော့တွေ ပြောပြီး ပြန်ခေါ်နေပြန်ပြ ရွှေဖဲ မျက်နှာမကောင်းစွာနဲ့ ဖုန်းကိုပြန်ခေါက်ပိတ်လိုက်သည် အကဲခတ်သလို ကြည့်နေသော နေညီလာ့ကို တစ်ချက်လှမ်း ပြရင်း ...

"ရွှေဖဲ ပြန်တော့မယ် ကိုနေညီလာ"

"ပြန်တော့မယ်ဆိုလည်း ရပါတယ်၊ ပြန်ကြတာပေါ့"





နေညီလာ ထိုသို့ပြောပြီး အတူထရပ်လိုက်သည်။

"စပ်စုတယ်လို့ မထင်နဲ့နော်။ ခုန ဖုန်းဆက်ခေါ်တာ မရွှေဖဲရဲ့ ကောင်လေးလား"

ရွှေဖဲ ရှက်သလို ဟက်ခနဲ တစ်ချက်သာ ရယ်မိ သည်။ ဟုတ်တယ်၊ မဟုတ်ဘူး ပြန်မဖြေပေမယ့် ရယ်သံဟာ အဖြေတစ်ခုလို ဖြစ်နေပြီးသားမို့ နေညီလာလည်း အဖြေကိုသိသွား ပါသည်။

"မရွှေဖဲ သူ့ကိုသည်းခံပြီး အကြာကြီးတွဲနေတာကို တကယ် အံ့သြပါတယ်"

ရွှေဖဲသည် အခုမှတွေ့၊ သိရသော လူတစ်ယောက် ပြောပြချင်တာမို့ အသာအယာ ပြုံးနေရုံသာ နားထောင်လိုက် နှုတ်ဆက်ကာ ကျောခိုင်းထွက်လာခဲ့ပါသည်။

ကျောခိုင်းထွက်လာ၊ ကားပါကင်ဆီသွား၊ ကားစက် ပြီး ထွက်လာသည်အထိ အသေအချာ ရပ်ကြည့်နေခဲ့သော နေညီလာ့ကို ရွှေဖဲ ထပ်ပြီးတော့ တွေ့ချင်စိတ်၊ စကားပြောချင် တာတွေ ဖြစ်နေသေးသည်မှာ အံ့သြစရာ။ ဖော်သူနဲ့ ချစ်သူဖြစ် တစ်နှစ်ကျော်အတွင်း ဘယ်ယောကျ်ားလေးကိုမှ ခင်မင်ရင်း ခွင့်မပေး၊ စကားပြောခွင့်မပေးဘဲ ချုပ်နှောင်ခံခဲ့ရသလို ရွှေဖဲ ကိုယ်တိုင်ကလည်း ရောနှောရှုပ်ထွေးရတာတွေ မကြိုက်လို့ အေး ဆိတ်ဆိတ် နေနိုင်ခဲ့တာ။ အခု ဒီ ကိုနေညီလာနဲ့ကျမှ ရွှေဖဲ



www.burmeseclassic.com

www.burmeseclassic.com



စိတ်တွေဘာဖြစ်နေသည်မသိ။ သူ့ကို ဆုံချင်၊ စကားပြော
ရင်ထဲမှာ ရှိနေတာတွေ အသိပေးချင်၊ ပြောပြချင်၊ အိုး ... အ
ခွန်ပြောမယ် ဇော်သူ့ထက်စာရင် ဒီအစ်ကိုကြီးနဲ့သာ အရင်ချ
ဖြစ်ခဲ့ရင် ဆိုသော ထူးဆန်းတဲ့စိတ်ကူးလေးတောင် ဖျတ်
ဖျတ်ခနဲ ပေါ်လာခဲ့မိပါသတဲ့။ ဘယ်လောက် ရက်စရာကောင်း

○❤○





## ၈

ဇော်သူ မောင်းသော ဗရမ်းဗတာနှင့် ဝရုန်းသုန်း
နိုင်သည့်ကားပေါ် ထိုင်ပါလာရပေမယ့် စိတ်ကမပါလှ။ စာ
ခဲ့လည်း နီးပြီဖြစ်သဖြင့် အိမ်မှာ အေးအေးဆေးဆေးလေးနေ
စာကျက်ချင်နေသည်။ သို့သော် ဇော်သူက ဖုန်းဖြင့်မက်
ချ်တွေ တစ်ချိန်လုံးပို့ခေါ်လျက် ...

"နောက်တစ်ခေါက် ထပ်ခေါ်လို့မှ မရရင် ငါ မင်းအိမ်ရှေ့မှာ အကျယ်ကြီး လာအော်မယ်။ မင်းနဲ့ ငါ ရည်းစားဖြစ်နေကြပြီဆိုတဲ့ အကြောင်းကို တစ်လမ်းလုံးသိအောင် အော်မယ်၊ မင်းအိမ်က သိအောင်လုပ်မယ်"

ဆိုသော ခြိမ်းခြောက်သလိုလို စာတွေပို့နေသဖြင့်
လည်း ကြောက်ပြီး သူနဲ့လိုက်ဖို့ ထွက်လာခဲ့ရသည်။ အရင်
ကိုယ့်ကားနဲ့ကိုယ် ထွက်လာ၊ ဇော်သူ့ကားနဲ့လိုက်ဖို့ ရှိတာ
ရွှေဖဲ့ရဲ့သူငယ်ချင်းအိမ်မှာ ရွှေဖဲကားကို ထားပစ်ခဲ့ရပါသည်။



www.burmeseclassic.com

www.burmeseclassic.com



တကယ် သူ့ကားပေါ် ပါလာပြီး ...

"ဘယ်ကို အရေးတကြီး သွားစရာရှိနေလို့လဲ"

မေးတော့ ဘာမှ အရေးကြီးတာလဲ မဟုတ်။

"ကိုယ် ဂျင်းနှ်သွားဝယ်မလို့ မရွှေဖဲ လိုက်ရွေးပေးဖို့ တာ"

ရွှေဖဲ နည်းနည်းတော့ ဒေါသဖြစ်မိသည်။

ခေါ်တုန်းကတော့ မရွှေဖဲ မလိုက်ရင် မဖြစ် အရေးကြီးလို့ပါ၊ မရွှေဖဲပါရင် ပိုကောင်းမယ်တွေ ဘာတွေ ပြောလာတာမို့ ရွှေဖဲလည်း သူ့စကား အဟုတ်ထင်ခဲ့သေး အခုတော့ ဘာမဟုတ်တဲ့ ဂျင်းနှ်ဘောင်းဘီ သွားဝယ်ဖို့ကို ကျက်နေပါတယ် ပြောထားတဲ့ သူတစ်ယောက်ကို အတင်း ထုတ်တာ ခံရသည်။

ဇော်သူဟာ အတ္တကြီးမှန်းတော့ သိသည်။ သူ ချင်တာ၊ သူလုပ်ချင်တာ။ သူသွားချင်တာဆို ချက်ချင်းဆို မျိုးရှိသည်။

"ကိုယ့်ကို ချစ်တယ် မဟုတ်လား"

လို့ ခဏခဏ မေးကာ သူ့ကိုတော့ ရွှေဖဲက ချစ်နေစေ့ချင်မှန်း သိသာစွာ မေးတာမျိုး။

ရွှေဖဲကသာ စိတ်ပါသည်ဖြစ်စေ၊ စိတ်မပါသည် စေ ...





"ချစ်တာပေါ့"

တဲ့ ...။

"ချစ်လို့ပဲ လက်ခံခဲ့တာ"

တဲ့ ...။

"ရွှေဖဲမှာ ချစ်သူ ဒီတစ်ယောက်တည်းရှိတာ"

တဲ့ ...။ သူ ကျေနပ်စိတ်ချမ်းသာအောင် ပြောပေး၊ ပေးခဲ့ရပေါင်း များပြီ။

သူ့ဘက်ကကျတော့ ရည်းစားစကား ပြောတုန်း ည်းအသန့်လိုက်တုန်း၊ တစ်ဖက်လူ အရည်ပျော်ကျရလောက် င် သည်းပြ ကဲပြတုန်းကသာ ရွှေဖဲကို "ချစ်တယ်"ဆိုတဲ့ ကို အကြိမ်ကြိမ် ပြောတာ ကြားဖူးခဲ့တာဖြစ်သည်။

ရည်းစားဖြစ်ပြီး နောက်ပိုင်းမှာ သူ့ဘက်က ချစ် ပြောဖို့နေနေသာသာ လူကိုမြင်လိုက်တာနဲ့ ဟိန်းလိုက်၊ ကိလိုက်၊ လုပ်သမျှအရာရာတိုင်းကို အထင်သေးကဲ့ရဲ့ရှုတ်ချ အပြစ်တင်လိုက်၊ ရွှေဖဲကလွဲရင် ကျန်တဲ့မိန်းကလေးတွေကပဲ ပိုစတိုင်လ်ကျ၊ ပိုပြီး smart (စမတ်)ဖြစ်တဲ့ပုံစံ ရွှေဖဲ ရှေ့ ာ ပေါ်တင်ကြီး ချီးမွမ်းပြောဆိုလိုက်ဖြင့် ဆက်ဆံပုံပြောင်း သည်မှာ တော်တော်တော့ အံ့သြစရာ။

အစပိုင်းတော့ ရွှေဖဲလည်း မိန်းကလေးပီပီ မခံချင် ကျေနပ်စိတ်တွေနဲ့ စိတ်ကောက်မိသေးသည်။ စိတ်ကောက်



www.burmeseclassic.com

www.burmeseclassic.com



လိုက်၊ သူက ချော့လိုက်နဲ့ အစကတော့ ဟုတ်နေသေးသည် နောက်ပိုင်းကျ မချော့တော့ဘဲ လူကိုခြိမ်းခြောက် အနိုင်ယူ တွေနဲ့ သူနဲ့ပြန်တွဲဖို့၊ ပြန်ခေါ်ပြောဖို့ ကြိုးစားလာတာ ကြုံရ သည်။ ရွှေဖဲရဲ့ နဂိုစိတ်အခံကိုက ကြောက်လည်းကြောက်တ အားလည်းငယ်တတ်လေရာ လူတစ်ယောက်က နည်းနည်းခြော ရင် များများကြောက်တတ်သော အားနည်းချက်ကို ဇော် ကောင်းကောင်း သိထားလေရာ ရွှေဖဲဟာ အဲဒီအချက်တွေ ဇော်သူ့အနားမှာ မခွဲနိုင်၊ မခွာရက်ကြီး ဖြစ်နေရတော့သည်။

ရွှေဖဲရဲ့ ခံယူချက်ကိုကလည်း ရည်းစားမများ ဘူး၊ ဒီတစ်ယောက်နဲ့ပဲကြိုက်ပြီး ဒီတစ်ယောက်နဲ့ပဲ ယူမယ်ဆို ဘယ်လိုဝင်နေတဲ့ ခံယူချက်ကြီးက အစွဲကြီး စွဲနေလေရာ ဇော် ကိုယ့်အပေါ် ဘယ်လောက်ပဲ အနိုင်ကျင့်ကျင့်၊ မိုက်ကျကျ၊ ဘ လောက်ပဲ လွှမ်းမိုးပါစေ သည်းခံပြီး တွဲနေဖို့သာ စိတ်ကူး သည်။

သူ ငါ့ကို ချစ်တော့ ချစ်သားပဲ။ တမင်အနိုင် ချင်တဲ့စိတ်နဲ့ အနိုင်ကျင့်နေတာလို့လည်း သိထားလေရာ တွေက ကိုယ့်အစား ဘယ်လောက်ပဲ မခံချင်ပါစေ ဆက် နေခဲ့မိသည်။ အခုတော့ ဘယ်လိုဖြစ်တယ်ရယ် မသိ။ ရွှေဖဲ စိ တွေ တော်တော် ပြောင်းချင်နေသည်။ သူ့နေရာမှာ ဒီလူသာ အတွေးမျိုး၊ စိတ်ကူးမျိုး ကြာနေခဲ့တာ ဘယ်လောက်တောင်





လဲ။ တစ်ခါတလေကျ ကိုယ့်အတွေး၊ ကိုယ့်စိတ်ကူးကိုပင် က်မိတဲ့အထိ ရွှေဖဲရဲ့အာရုံတွေကို ညှို့ငင်ဖမ်းစားခံထားရတာမျိုး ဖြစ်နေတော့သည်။

ထိုသူကား ကိုနေညီလာပဲ ဖြစ်သည်။ ကိုနေညီလာ ဲ့ ဆုံတွေ့စကားပြောပြီးတဲ့ နောက်ပိုင်းမှာ ရွှေဖဲရဲ့စိတ်တွေ ပြောင်းစပြုလာတာ။ ကားက ရန်ကုန်ဆေးရုံကြီးရှေ့နားရောက် ာ ယာဉ်ကြောပိတ်ဆို့မှုနှင့် အမှတ်မထင်ဆုံရာ ဇော်သူ့ပါးစပ် ဆဲလိုက်၊ စတီယာရင်ထုလိုက်ဖြင့် ဒေါသတွေ အလကား ကြီး နေတော့သည်။

ရွှေဖဲကတော့ ဇော်သူ့ကို အရင်ကလို ပြေရာ ပြေ ကြောင်း စကားလျှော့ပြောဖို့ထက် ရန်ကုန်ဆေးရုံကြီးဝင်းထဲ မှာ တစ်စုံတစ်ယောက်ကိုများ ဖျတ်ခနဲ တွေ့ရလေမလားဆိုသော မျှော်လင့်ချက်နဲ့ ရှာဖွေကြည့်နေမိသည်။ ကိုနေညီလာက ဘယ် ဆေးရုံမှာလဲ။

နောက်ဆုံးနှစ်မို့ ဆေးရုံတွေမှာပဲ ကျောင်းတက်ရ ဘယ်ဆိုတာ သိထားတော့ (ရွှေဖဲကိုယ်တိုင်ကလည်း ဆေးကျောင်း ာလူတွေကို သိပ်စိတ်ဝင်စားတတ်လို့ စုံစမ်းထားတာ) ရန်ကုန် ဆေးရုံကြီးမှာများ ကျောင်းတက်နေမလားလို့ မျှော်လင့်ချက်နဲ့ ရှာမိတာဖြစ်သည်။

"ဟင်"



www.burmeseclassic.com

www.burmeseclassic.com



ဟု ရွှေဖဲ နှုတ်က ယောင်ပြီးထွက်တော့မလော အသံမပွင့်တပွင့်ကို ကြားရသဖြင့် ဇော်သူ လှည့်ကြည့်လာသည်။ ဇော်သူ လိုချင်တာက ရွှေဖဲ သူ့ရဲ့ဒေါသကို အရေးတယူနဲ့ ရာပြေကြောင်း စကားတွေ လျှောက်ပြော ချော့မော့စေချင်တာ ပင်။ ဇော်သူ့ စိတ်ထဲမှာ ဘာကြောင့်မှန်းမသိ ရွှေဖဲက ချစ်တာ အရေးယူတာ၊ အလိုလိုက်တာ ချော့မော့တာကိုသာ ခံယူချင်သည်။ ရွှေဖဲက သူ့ကို သိပ်ပြီးစွဲလမ်းချစ်ခင်နေစေချင်သည်။

"ဘာလဲ မရွှေဖဲ"

ရွယ်တူချင်းပေမယ့် မရွှေဖဲကိုဆို ကြီးကြီးငယ်ငယ် ရွယ်တူကအစ "မရွှေဖဲ"ရယ်လို့သာ ခေါ်သဖြင့် ဇော်သူလည်း နှုတ်ကျိုးနေပြီမို့ မရွှေဖဲဟုသာ ခေါ်သည်။ တကယ်တော့ ရွှေ က ဇော်သူ့ထက်ပင် လေးလလောက် ငယ်ပါသည်။

"ဘာမှမဟုတ်ဘူး"

"ဒီမှာ ကားတွေကျပ်ညပ်နေတာ"

"… …"

"ကြည့်ဦး၊ မီးပွိုင့်ကဖြင့် အဝေးကြီး လိုသေးတာ ဒီဆေးရုံကြီးရှေ့လောက်တည်းက စပြီးကျပ်နေတော့ ဘ လိုလုပ် ဈေးထဲရောက်တော့မလဲ။ ကားမောင်းရတာ စိ မတိုဘူး။ အဲဒီလိုစောင့်ပြီး တရွေ့ရွေ့သွားရတာကို စိတ် တာ"





ရွှေဖဲဆီမှ ဘာတုံ့ပြန်သံမှ မကြားရဘဲ ဆေးရုံဝင်း ကိုသာ သဲကြီးမဲကြီး ကြည့်နေသဖြင့် ဇော်သူ ရသလောက် ကြည့်မိသည်။ ဘာမှမတွေ့ရပေမယ့် စိတ်ထဲမှာ သံသယ တော့ ဖြစ်သွားမိသည်။

"မရွှေဖဲ"

"… … …"

"ဟေ့ … မရွှေဖဲ"

ဇော်သူ စိတ်တော်တော်ဆိုးသွားပြီး ရွှေဖဲ၏ပခုံး န်းတစ်ဖက်ကို ခပ်သာသာလေး ညှပ်ပစ်လိုက်လျှင် ရွှေဖဲ "အ" ခဲ့ အော်ရင်း …

"နာလိုက်တာ"

"ငါ ခေါ်နေတယ်"

"ဘာပြောစရာရှိလို့လဲ ပြောလေ၊ နားထောင်နေတာပဲ"

"ဆေးရုံထဲမှာ ဘယ်သူ့ကိုတွေ့လို့ သဲကြီးမဲကြီး ကြည့်နေရတာလဲ။ မျက်လုံးတောင် မခွာနိုင်ဘူး"

တကယ်တော့ ရွှေဖဲလည်း စိတ်ထဲမှာ ဇော်သူ့ကို တောင် မေ့သွားပြီး အဲဒီနေရာကို တအားကြည့်နေမိတာ။ ဘာ ကြောင့်လဲဆိုတော့ ကိုနေညီလာ့ကို တွေ့လိုက်လို့ပါ။ ဒါပေမဲ့ ကိုနေညီလာ တစ်ယောက်တည်းတော့ မဟုတ်။ သူ့ဘေးမှာ မိန်း ကလေးတစ်ယောက်တော့ ပါတယ်။ ထိုမိန်းကလေးကိုတော့



www.burmeseclassic.com

www.burmeseclassic.com



ရွှေဖဲ အာရုံထဲမှာ ပြန်စဉ်းစားလိုက်တာနဲ့ အလွယ်တကူ မှတ်မိပါသည်။ ဟိုးတစ်ခါ ရုပ်ပါမားကပ်မှာ ဇော်သူ့ကြောင့် အရှက်ကွဲတုန်းက ကူညီပေးခဲ့တဲ့ အစ်မလေး။ ဆေးကျောင်းသူပေမယ့် ဆံပင်ဖြောင့်ဖြောင့် အရှည်လေးနဲ့ လိမ်းခြယ်ပြင်ဆင်ထားပုံလေးက တစ်မျိုးလှပြီး ဆွဲဆောင်မှုရှိနေတာမို့ တစ်ခါမြင်ဖူးရုံနဲ့ မှတ်မိလွယ်သည်။

ဆံပင်ဖြောင့်ဖြောင့်စင်းစင်းလေးတွေက ကတ္တီပါသားလိုပဲ မည်းနက်ပြောင်လက်နေတာ။ ရှန်ပူကြော်ငြာတွေထဲကလိုပဲ။ အသားဖြူဖြူ ဆံပင်နက်နက် မျက်လုံးနက်နက်လေးတွေကကို ထူးခြားမှုရှိတယ်လို့ ထင်သည်။

အဲဒီအစ်မလေးဟာ ကိုနေညီလာ ချစ်သူပဲပေါ့။ တွဲတွေ့နေတာကြောင့်တင် မဟုတ်ဘူး။ သူတို့နှစ်ယောက် ပြောဆိုပုံ၊ တစ်ယောက်နဲ့တစ်ယောက်ကြည့်ပြီး ရယ်ပုံကိုက စုံတွဲလေးတစ်တွဲလို့ကို သိသာနေတာ။ ပြီးတော့ အမှန်အတိုင်းပြောရရင် သူတို့နှစ်ယောက်ရဲ့ ပညာအရည်အချင်းအရရော၊ လှပုံသဏ္ဌာန်တွေအရရော နှစ်ယောက်စလုံးဟာ သိပ်ကို လိုက်ဖက်လှတဲ့စုံတွဲလေးပါပဲရယ်လို့ ပြောချင်စရာ။

ရွှေဖဲသည် ရင်ထဲမှာ နမြောတသပြီး ငိုချင်သလိုလိုတောင် ဖြစ်သွားမိတဲ့ သူမကိုယ်သူမ အံ့ဩနေမိသည်။ ငါ့လည်း ရည်းစားတစ်ယောက် လက်ရှိ,ရှိနေတာ။ ဘာကြော





တခြားယောက်ျားတစ်ယောက်နဲ့ ပတ်သက်ပြီး စိတ်လှုပ်ရှားနေရသလဲ။

“မရွှေဖဲ”

“ဘာလဲ ဇော်သူ”

ဒီတစ်ခါတော့ ရွှေဖဲ ပခုံးထပ်နာမှာစိုးတာနဲ့ ပြန်၍အသံပြုလိုက်ရသည်။

“ဘယ်သူ့ကို ကြည့်နေတာလဲ”

“အသိတွေ့လို့”

“မတော်တဆတွေ့တဲ့ပုံကို မဟုတ်ဘူး။ တွေ့များတွေ့မလားဆိုပြီး အတင်းပြူးပြဲရှာနေတဲ့ပုံ။ တွေ့လည်းတွေ့ရော ကမ္ဘာလောကကြီးတောင် မေ့ပြီးကြည့်တယ်၊ ဘယ်သူလဲ မရွှေဖဲ။ နင် ဘယ်အကောင်ကို ကြည့်နေတာလဲ”

သူ့ကျရင်တော့ ရွှေဖဲရှေ့မှာတင် ဘယ်မိန်းကလေးက ဘယ်လိုလှတာ။ ဘယ်ကောင်မလေးက ဘယ်လိုမိုက်တာလို့ ပြောလည်းပြောရုံတင်မက ရွှေဖဲကို ရှေ့ထားပြီးတောင် ငမ်းရင်ငမ်းတတ်သေးတဲ့ ဇော်သူဟာ ရွှေဖဲကိုဆိုရင်တော့ အရင်ထဲကဒီလိုပဲ စွပ်စွဲသမုတ်ပြီး မရမက တားမြစ်တတ်စမြဲမို့ ရွှေဖဲအတွက်ကတော့ ရိုးနေပြီ ဒီအပြောလောက်ကို။

“ဘာမှညာစရာ မလိုဘူး၊ ညာလည်းမပြောဘူး၊ ကြည့်ချင်ရင် ဇော်သူပါ လှမ်းကြည့်လိုက်၊ အခု ကားမောင်းတွက်



www.burmeseclassic.com

www.burmeseclassic.com



လာတဲ့ စူပါဆလွန်းအဖြူလေးပေါ်က စုံတွဲကို ကြည့်လိုက်ပေါ့။ အဲဒါ ရွှေဖဲရဲ့အသိတွေပဲ။ အဲဒီအစ်ကိုနဲ့ အစ်မစုံတွဲကို ရွှေဖဲ သိတယ်။ သူတို့ ဒီဆေးရုံမှာ စာသင်ရတယ်ဆိုတာ သိတယ်၊ ဒါကြောင့် ရှာတာ"

ရွှေဖဲ အမှန်ရောမမှန်တာရော စုစည်းပြီး ပြောလိုက်လေရာ ဇော်သူ နည်းနည်းအသံတိတ်သွားသည်။ ဆေးရုံကြီးဝင်းထဲမှ ကိုနေညီလာ မောင်းသော စူပါဆလွန်း အဖြူလေးကလည်း ထွက်လာနေပြီမို့ ဇော်သူ လှမ်းကြည့်ပါသည်။ စုံတွဲတစ်တွဲ ရယ်ရယ်မောမောဖြင့် စကားတွေ ပြောလာကြတာမြင်လျှင် သူ စိတ်မဝင်စားတော့ပါ။

ဇော်သူ ကိုယ်တိုင်ကလည်း ရွှေဖဲရဲ့စိတ်ကို သိလေသည်။ ရွှေဖဲဟာ ဉာဏ်သိပ်အကောင်းကြီးထဲက မဟုတ်ပေမယ့် ငယ်ငယ်ကဆို ဆေးကျောင်းအလွန်တက်ချင်၍ စာကို တအားကြိုးစားသူဖြစ်သည်။ သူများတစ်လှမ်းလှမ်းတဲ့ အချိန်မှာ ဆယ်လှမ်းလောက်ရောက်အောင် ကြိုးပြီးလှမ်းပေမယ့် ဉာဏ်ရည်က သိပ်မလိုက်နိုင်လေရာ ဆယ်တန်းမှာ (ဒီ)တွေအများကြီးထွက်ပြီး အမှတ်ကောင်းဖို့ဆိုတာ သိပ်မဖြစ်နိုင်ခဲ့ပါ။

ရွှေဖဲ သိပ်ကြိုးစားလွန်း၍ အင်္ဂလိပ်စာ(ဒီ)တစ်ခုသာပါပြီး စာမေးပွဲအောင်ခဲ့တုန်းက ရွှေဖဲနဲ့ပတ်သက်တဲ့ မိသားစုတွေကတော့ ဝမ်းသာကြပေမယ့် ရွှေဖဲမှာတော့ ဝမ်းမသာနိုင်ခဲ့။





"ရွှေဖဲ ဆေးကျောင်းတက်ချင်လို့ ကြိုးစားခဲ့တာ၊ အခုတော့ (ဒီ)တစ်လုံးတည်းနဲ့ ဘာသွားလုပ်မှာလဲ"

ဆိုပြီး မျက်ရည်ကျခဲ့တာကို ဇော်သူ မှတ်မိသည်။ ဇော်သူက ရွှေဖဲကို ဆယ်တန်းနှစ်စတည်းက စတင်စိတ်ဝင်စားပြီး ဆယ်တန်းအောင်ရင် လိုက်မယ်လို့ ရည်ရွယ်ထားခဲ့သူဖြစ်လေရာ ရွှေဖဲနဲ့ပတ်သက်ရင် အကုန်လုံးလိုလို သိနေပါသည်။

အခုလည်း ဟိုဆေးကျောင်းသား၊ ဆေးကျောင်းသူစုံတွဲ ရွှေဖဲရဲ့အသိမိတ်ဆွေဆိုတာကို အားကျစိတ်နဲ့ ရွှေဖဲ ငေးမောနေသည်ရယ်လို့ ဇော်သူ ထင်သွားကာ ...

"ကြည့်ပါလား ရုပ်တွေကိုက၊ ဆေးရုံဝင်းထဲကဖြစ်ဖြစ် ကျောင်းဝင်းထဲကဖြစ်ဖြစ် ထွက်လာတဲ့ ဆေးကျောင်းသား၊ ဆေးကျောင်းသူတွေရဲ့မျက်နှာတွေဟာ ချိနေတာပဲ။ မာန်တက်နေတဲ့ရုပ်တွေ။ သူတို့လောက် ဘယ်သူကမှ စာမတော်ဘူး၊ သူတို့သင်တဲ့ ပညာမျိုးကို ဘယ်လိုလူမျိုးကမှ အလွယ်တကူ မသင်ယူနိုင်ဘူးဆိုတဲ့ မာန်တွေတက်နေတာ မရွှေဖဲ။ သွားပြီး အားကျမနေနဲ့၊ အားကျတဲ့စိတ်နဲ့ ငေးပြီးမနေနဲ့။ အဲဒီလိုလုပ်လေ သူတို့ကို မြှောက်ပေးသလို ဖြစ်လေပဲ"

ရွှေဖဲကတော့ စိတ်မဝင်စားနိုင်ဘဲ စူပါဆလွန်းကားဖြူလေး တစ်ဖက်ခြမ်း ကားလိုင်းထဲ ရောဝင်သွားတာကိုသာ



www.burmeseclassic.com

www.burmeseclassic.com



တငေးတမော ကြည့်နေမိသည်။ သူတို့ သိပ်လိုက်တာပဲ။ သိပ် အားကျစရာ ကောင်းတာပဲ။ ကိုနေညီလာ ပုံစံက သိပ်သဘော ကောင်းပြီး အလေးအနက်ထားတတ်တဲ့ ပုံစံ။

သူဟာ သူ့ချစ်သူကို သိပ်ချစ်တတ်မှာပဲ။ အဲဒီအစ်မ ဟာ သိပ်ကို ကံကောင်းတာပဲ။

ရွှေဖဲသည် ဒီအတွေးတွေနဲ့ပဲ ရှာလည်နေကာ လူက ဒီမှာရှိနေပေမယ့် စိတ်ကတော့ အဲဒီကားလေးနောက်ကို ပါသွား ခဲ့ပါသည်။

ဗိုလ်ချုပ်ဈေးထဲ ရောက်ပြီးနောက် ဇော်သူကတော့ သူ့ထုံးစံအတိုင်း ရှိသမျှ သူ့သူငယ်ချင်းဆိုင်တွေဝင် ဟေးလား ဝါးလား စကားတွေပြော၊ သူဝယ်ချင်တာရှိရင် တမေ့တမော ရွေးလို့မဆုံးသလို သူ တစ်ခုခု ဝတ်ကြည့်ပြီးတိုင်းလည်း ရွှေဖဲရဲ့ အကြံဉာဏ်ကို တောင်းတတ်သေးသည်။ ဘေးလူကြည့်ရင်တော့ သူဟာ ချစ်သူကို အရေးစိုက်ပြီး နေရာပေး ဆက်ဆံတတ်သူရယ် လို့ ရုတ်တရက် မှတ်ချက်ချနိုင်လောက်တဲ့ အမူအရာနဲ့ ရွှေဖဲကို သူက ဦးစားပေးနေပြန်သည်။ ဇော်သူက အဲဒီလိုပဲ တစ်ခါတလေ ကောင်းလိုက်၊ တစ်ခါတလေ ဆိုးလိုက်။ ဒီနေ့တော့ ဘာစိတ်ကူး ပေါက်ပြီး ကောင်းနေပြန်သည်မသိ။ တစ်ခါတလေကျလည်း ရွှေဖဲကို လူရှေ့သူရှေ့မရှောင် သူ့လောက်နိုင်ပြတတ်တာလည်း မရှိ။ ရွှေဖဲကို သူက အသေနိုင်ရတယ် ဆိုတာကို သူ့သူငယ်ချင်း





တွေရှေ့မှာ ဂုဏ်ယူပြချင်တတ်တဲ့ အခါတွေလည်း ရှိသေးသည်။ အခုလိုမျိုး ကြည်သာရွှင်ပျပြီး ဖေးမနေတတ်တာမျိုးက အင်မတန် ရှားပါသည်။

သူဝယ်ချင်တာဝယ်ပြီးတော့မှ ဈေးထဲလည်း နှစ် နာရီကျော်လောက် လမ်းလျှောက်ပြီးတော့မှ ရွှေဖဲကို သတိရပြီး ...

"မရွှေဖဲရော ဘာဝယ်မလဲ"

ဟု မေးဖော်ရတော့သည်။

ဇော်သူဟာ ယောကျ်ားလေးပေမယ့် သူ့ကိုယ်သူ လှ,လှအောင်။ ကြည့်မကောင်း၊ ကောင်းအောင်။ ပြင်တတ် ဆင်တတ်လှသူလည်း ဖြစ်ပြန်သည်။ လှချင်တယ် ဆိုတာက အခြောက်ဖြစ်လောက်အောင် လှချင်တာမျိုး မဟုတ်ဘဲ ယောကျ်ား ဆန်တဲ့စိတ်နဲ့ လှအောင်လုပ်တဲ့ ပုံစံမျိုး။ ဥပမာ ... သူ့လက်မောင်း တွေ သိပ်ပိန်နေတယ်ဆိုရင် အလေးမ ကစားတာမျိုး၊ ယောကျ်ား ဖြစ်ပြီး ခါးသေးပိန်နွဲ့နေရင် ကြည့်မကောင်းဘူးဆိုပြီး တုတ်ခိုင် ကျစ်လျစ်အောင် ကစားတတ်တာမျိုး စသဖြင့် ကိုယ်ခန္ဓာအလှကို ဂရုစိုက်တတ်သလို သူ့မျက်နှာနဲ့လိုက်မယ့် ဆံပင်ပုံမျိုးကို ရွေးထား ဖို့ သူ့ရုပ်ရည်နဲ့ အနီးစပ်ဆုံးတူတဲ့ Celebrities (ဆီလီဘရိုတီ(စ)) တွေကို ရှာဖွေ၊ သူတို့ထားသော ဆံပင်ပုံစံမျိုးထားတတ်၊ ဆံပင် အတိုအရှည်တောင် အများမခံဘဲ တစ်လတစ်ခါလောက် ပုံသွင်း ပြန်ညှပ်တတ်ခြင်းတွေဖြင့် အတော်ဂရုစိုက်တတ်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com



အခုလည်း အဝတ်အစား ရွေးဝယ်တာတော

ယောက်ျားလေးပေမယ့် ဈေးထဲ စိတ်ရှည်လက်ရှည် နှစ်နာရီကြာ အောင်ပတ်ပြီး ရှာဝယ်လိုက်ပါသည်။

"ရွှေဖဲ ညောင်းနေပြီ"

"ကိုယ် ဟမ်ဘာဂါစားမယ်"

"ရွှေဖဲ နန်းကြီးသုပ်စားချင်လို့"

"ဒါဆို ကိုယ်က ဘာလုပ်ရမှာလဲ။ မစားဘဲ ဘေးမှာထိုင် စောင့်ရတာတော့ မလုပ်ချင်ဘူးနော်၊ လူက ထိုင်မျှော် ရတာနဲ့တူတယ်။ ကိုယ်မစောင့်နိုင်ဘူး။ မစားနဲ့။ ကိုယ် အတူတူ ဟမ်ဘာဂါပဲစား"

သူစားချင်တာတစ်မျိုး၊ ကိုယ်စားချင်တာတစ်မျိုး ဖြစ်နေရင် ဘယ်တော့မှ ရွှေဖဲ အနိုင်မရမှန်း သိပြီးသားဖြစ် ဆက်အငြင်းပွားမနေတော့ဘဲ ...

"ဒါဖြင့် တစ်ခုတော့ ခွင့်ပြုပေး"

ဟု ပြေပြေလည်လည် ပြန်ပြောလိုက်သည်။

"ဘာလဲ"

"ရွှေဖဲ အချဉ်ထုပ်တို့၊ ကွာစေ့ နေကြာစေ့တို့ ဝယ်ချင် တယ်"

"ဘယ်မှာလဲ"





"ဒီဈေးထဲမှာပဲလေ၊ ရွှေဖဲ ဒီလာတိုင်း ဝယ်နေကျပါ၊ ဖော်သူ မှတ်မထားလို့ မသိတာ"

"ဒါဆိုလည်း မြန်မြန်ဝယ်၊ ကိုယ် ဗိုက်အရမ်းဆာနေပြီ၊ ဈေးထဲ အကြာကြီးလျှောက်လိုက်ရတော့ ဇော်ဇော်ဗိုက် ဆာသွားတာ"

ရွှေဖဲ သူ့စကားဆုံးအောင်တောင် နားမထောင်တော့ ဘဲ ဝယ်နေကျ အချဉ်ထုပ်ဆိုင်တွေဆီ ထွက်သွားနှင့်လိုက်ပါသည်။

ရွှေဖဲ တစ်ယောက် အချဉ်ထုပ်ရွေးဖို့ ပလတ်စတစ် ဒန်ခါလေး ကောက်ကိုင်လိုက်စဉ် တခြားတစ်ယောက်ကလည်း ဒန်ခါကို လက်အလှမ်းနှင့် ဆုံသွားပါသည်။

"အို ... ဆောရီး"

ရွှေဖဲဟာ သူတစ်ပါးဆို အမြဲအလျှော့ပေးနေကျ စိတ်ဓာတ်အတိုင်း ကိုယ့်လက်က ဦးပေမယ့် လက်ကိုအသာပြန် ချပ်၊ ပါးစပ်ကလည်း ဆောရီး ပြောပြီးသား ဖြစ်နေတော့သည်။ ပြီးမှ တစ်ဖက်လူကို မော့ကြည့်လေရာ ...

"ဟင်"

ဟု ရွှေဖဲ ယောင်ပြီး ရေရွတ်မိသွားသည်။

ခုနကမှ ဆေးရုံဝင်းထဲကနေ ကိုနေညီလာနဲ့ နှစ် ယောက်တွဲ ထွက်သွားတဲ့ အစ်မလေးကို ရွှေဖဲ တအံ့တဩ ငေး ကြည့်မိသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဟော ... ဟိုတစ်ခါ ဆုံဖူးတဲ့ ညီမလေးပါလား"

"အစ်မ မှတ်မိတယ်နော်"

"မှတ်မိတာပေါ့ ညီမလေးက ချစ်စရာလေးလေ"

ရွှေဖဲသည် အစ်မလေးနောက်နားမှာ ပြုံးပြီးကြည့်နေသော ကိုနေညီလာ့ကို အသာလှမ်းကြည့်မိသည်။

မြင်တွေ့နေကျအတိုင်း ရှပ်အစင်းကျား လက်တိုရယ်၊ ဂျင်းနက်နက်ပြာရင့်ရယ်ကို ကြိုးသိုင်းကွင်းထိုးယောကျ်ားစီးဖိနပ်နဲ့ တွဲဝတ်ထားပြီး အကောင်းစား သားရေအိတ်ကိုတော့ စလွယ်သိုင်းလွယ်ထားတဲ့ ရိုးရိုးသာမန်ရုပ်လေးနဲ့ ကိုနေညီလာ့ကို ရွှေဖဲ မြင်ရပေမယ့် ရင်ထဲမှာ လွမ်းမိသလို ခံစားလိုက်ရသည်။ သူ့မှာလည်း ပိုင်ဆိုင်သူရှိတယ်။ ကိုယ့်မှာလည်း သက်ဆိုင်သူရှိတယ်။ ဘယ်လိုမှ မနီးစပ်နိုင်တဲ့အဖြစ်နဲ့မို့ အလိုလို လွမ်းမိလာတာပဲလားမသိ။

ဇော်သူဟာ ကိုနေညီလာ့ထက် အများကြီး ပိုချောပြီး မိုက်တိမိုက်ကန်းရုပ်လေးနဲ့ မိန်းကလေးတိုင်း သဘောကျချင်စရာပုံပါ။ ဒါပေမဲ့ ရွှေဖဲရဲ့အာရုံတွေကို လွှမ်းမိုးနိုင်မှုမှာတော့ ကိုနေညီလာက ပိုပြီးလွှမ်းမိုးနိုင်စွမ်း ရှိနေတာတော့ သေချာသည်။ သေချာသည် ရွှေဖဲ ကိုနေညီလာ့ကိုသာ စွဲလမ်းမိနေပြီ။

"ဆန်ခါလေး ညီမ အရင်ဦးတာ ယူလိုက်လေ၊ အစ်မ နောက်တစ်ခု ယူလိုက်မယ်"

"အစ်မယူပါ၊ ရွှေဖဲပဲ နောက်တစ်ခု ယူလိုက်ပါ့မယ်"





ဆန်ခါကိုစွ အငြင်းမပွားတော့ဘဲ အသီးသီး ဆန်ခါ ...ွကိုင်ကာ အချဉ်ထုပ်တွေ၊ ကွာစေ့ နေကြာစေ့ထုပ်တွေ ...ှုန်း ဆွဲဖြုတ်ရွေးချယ်ကြပါသည်။

"တစ်ယောက်တည်းလား"

"အဟင်းဟင်း ... မဟုတ်ဘူး အစ်မ၊ သူ ပါပါတယ်။ ဟိုနားက ရပ်စောင့်နေတယ်"

အစ်မလေး၏အမေးကို ရွှေဖဲ ရှက်ရယ် ရယ်ရင်း ...ဘက် မေးထိုးပြပါသည်။ ဇော်သူကတော့ သူ့ကားကိုမှီ ...က်ပိုက်ရင်း မှုန်တေတေ ပြန်ကြည့်နေသည်။ သူ ပြန် ...နေတဲ့ နေရာကို အကဲခတ်လိုက်တော့ ကိုနေညီလာ့ကို ...နေမှန်း ရွှေဖဲ သတိထားမိသွားသည်။ ဘုရားရေ ... သူ ...ကြောင့် ကိုနေညီလာ့ကို မှုန်တေတေ၊ ဂျစ်ကန်ကန် ကြည့်နေ ...ပဲ။

"ညီမလေးနာမည်က ဘယ်လို။ တစ်ခါကတော့ အစ်မကို ပြောတာကြားဖူးတယ်။ အစ်မ မေ့သွားလို့ ရွှေ ...ဘာလဲ"

"ရွှေဖဲပါ"

"ဪ ... ဟုတ်ပြီ ... ရွှေဖဲ ... ရွှေဖဲ။ မရွှေဖဲပေါ့၊ ဟုတ်လား"

"ဟုတ်ကဲ့ ... ဒါနဲ့ အစ်မနာမည်ကရော"

"အစ်မက နံ့သာမွှေး"



www.burmeseclassic.com

www.burmeseclassic.com



ရွှေဖဲသည် ဒီအစ်မလေးက ဖော်ရွေပြီး ခင်စရာလ
ကောင်းမှန်းသိပေမယ့် ကိုနေညီလာနဲ့ တတွဲတွဲရှိတာကို
မနာလို မရှုစိမ့်နိုင် ဖြစ်နေမိသည်။

"ကိုနေညီလာ့ကိုတော့ ရွှေဖဲ သိပြီးသားပါ"

"ဟုတ်လား"

နန့်သာမွှေး အသံက အံ့သြတကြီးအသံ ပေါက်
ပါသည်။

"ကိုနေညီလာ့ သူငယ်ချင်း ကိုကြည်သာထွန်းကြောင့်
ကြတာပါ။ ကိုကြည်သာထွန်း ညီမဝမ်းကွဲနဲ့ ရွှေဖဲ
သူငယ်ချင်းပါ၊ တစ်ခါက မျှော်စင်ကျွန်း စတိတ်ရှိ
တုန်း ကိုကြည်သာထွန်းနဲ့ ကိုနေညီလာတို့ကို တွဲတွေ့
မိတ်ဆက်ပေးထားလို့ သိထားတာ"

နေညီလာ့ကတော့ ရွှေဖဲ အကြောင်းစုံ ပြောပြ
ကို ထောက်ခံဟန်ဖြင့် ခေါင်းအသာညိတ် ပြုံးနေသည်။ နေညီ
စိတ်ထဲမှာလည်း ရွှေဖဲကို ဇော်သူနဲ့အတူ ရှိနေတာ သိထား
မကျေမနပ် ဖြစ်နေသလိုလို ဘာလိုလို ခံစားနေရသည်။ ဒါပေ
ရွှေဖဲကို တွေ့တွေ့ချင်း ဟက်ဟက်ပက်ပက် စကားလည်
ပြော၊ နှုတ်လည်းမဆက်မိ။ ဒီကြားထဲ ရွှေဖဲရဲ့အကောင်က
မှောင့်။ လူကို ဟိုဘက်က ပတ်ကြည့်လိုက်၊ ဒီဘက်က ပတ်ကြ
လိုက် မိုက်ကြည့် ကြည့်နေတာမို့ စိတ်ထဲမှာ တင်းနေပြီ။





ဇော်သူ အဝေးက ကြည့်နေရာမှ ဘာစိတ်ကူးပေါက်
မသိ။ ရွှေဖဲ အနား ခြေလှမ်းကျဲတွေနဲ့ ရောက်ချလာသည်။

"မပြီးသေးဘူးလား"

"ပြီးတော့မှာပါ"

"ဝယ်တာနည်းနည်း စကားပြောတာများများ"

ဇော်သူဟာ သူ့အကျင့်အတိုင်း တစ်ဖက်သားကို
ရကောင်းမှန်း မသိဘဲ ဝေဖန်လိုက်ပြီး ဘယ်သူ့ကိုမှလဲ
ရယ်ဘဲ မှုန်တည်တည်ကြီး ရပ်နေတော့သည်။

ရွှေဖဲလည်း ခပ်မြန်မြန်ပဲ ပိုက်ဆံရှင်းလိုက်ပြီး မုန့်
ထည့်သော့အိတ်ကို ဆွဲကာ ...

"မနန့်သာမွှေးရော၊ ကိုနေညီလာရော ရွှေဖဲကို ခွင့်ပြုပါဦး"

ဟူ၍ နှုတ်ဆက်လိုက်ပါသည်။ ဇော်သူနဲ့လည်း
ဆက်မပေးနေတော့ဘဲ သူတို့ရှေ့ကသာ အမြန်ဆုံး ထွက်လာ
တော့သည်။

○❤○



www.burmeseclassic.com

www.burmeseclassic.com



# အခန်း ၉

ရွှေဖဲသည် ဘေးက ဖြတ်မောင်းသွားသော
မှာ ကိုနေညီလာတို့ ပါသည်ဟု မြင်လိုက်သောအခါ
နောက်က နောက်ယောင်ခံလိုက်ကြည့်ချင်စိတ်တွေ
ဆီးမရ ဖြစ်လာသည်။ နတလောမှာမှ ရွှေဖဲကပဲ စိတ်တ
ကြီးနေလို့ပဲလား မသိ။ ကိုနေညီလာ့အကြောင်းလည်း
လုံး တွေးနေမိပြီး တွေ့ချင်လိုက်တာရယ်လို့ စိတ်ထဲမှာ
မိလိုက်ရင်လည်း ကိုနေညီလာ့ကို တစ်နည်းမဟုတ် တစ်
တွေ့လိုက်ရစမြဲ ဖြစ်နေသည်။

ရွှေဖဲမောင်းနေကျ ဆလွန်းကား ငွေရောင်
လှစ်ခနဲ မောင်းထွက်လိုက်ကာ ရှေ့မှာမြင်နေရသော ဗင်
ဗင်နဲ့အဖြူရောင်နောက်ကို လိုက်ကြည့်လိုက်ပါသည်။





ကားထဲမှာ ကိုနေညီလာရယ် ဘယ်သူတွေရယ်ပါ တာလဲ။ အားလုံး ရယ်မောပြီး စကားတွေပြောနေလိုက်ကြတာ။ ကိုနေညီလာက အပေါင်းအသင်းများပုံ ရတယ်။ ရွှေဖဲကတော့ ကံကပဲ မကောင်းတာလား မသိဘူး။ ပေါင်းလိုက်တဲ့လူတိုင်းက ကိုယ့်ကို တစ်မျိုးမျိုး အနိုင်ကျင့်ကြ၊ ဗိုလ်ကျကြ၊ ကွယ်ရာမှာ ကိုယ့်မကောင်းကြောင်းပဲ ရှာကြံအတင်းပြောကြ၊ ကိုယ်က မပြိုင် ပါဘဲ သူကပဲ ကျိတ်ပြိုင်ပြီး အလိုလိုနေရင်း မနာလိုသလိုတွေ ဖြစ် မုန်းတီးကြနဲ့ နောက်ဆုံးတော့ အပေါ်ယံသာပေါင်းဖြစ်ပြီး အချစ်ဆုံး၊ အခင်ဆုံး သူငယ်ချင်းရယ်လို့ ရှိတောင်မရှိခဲ့ဖူးပါ။ အချစ်ဆုံး အခင်ဆုံး မပြောနဲ့ သေသေချာချာ စကားပြောဆက်ဆံ တဲ့ သူငယ်ချင်းတောင် လက်ချိုးရေရင် ငါးချောင်းမပြည့်ချင်။ အဲဒီထဲမှာ ကိုနေညီလာ့ သူငယ်ချင်း ကိုကြည်သာထွန်းညီမဝမ်းကွဲ ပုံပုံ ပါနေတာက ကံကောင်းတယ် ပြောရမလား မသိ။ ပုံပုံ ကြောင့်ပဲ သွယ်ဝိုက်သောနည်းနဲ့ ကိုနေညီလာ့ကို ရွှေဖဲ ဆုံလိုက် ရတာမို့ပါ။

ရွှေဖဲဟာ အခုတော့ ကိုယ့်ကိုယ်ကိုယ် အတော်ကြီး သေချာနေပြီမို့ ဖော်သူအပြင် နေညီလာ့ကို ရင်ထဲမှာ နေရာပေးမိ တာကို မငြင်းဆန်ချင်တော့။ စစချင်းကတော့ ...

"ငါကပဲ စိတ်ဖောက်ပြန်တတ်တဲ့ မိန်းကလေးမျိုးလား။ ရည်းစားတစ်ယောက်ရှိရက်နဲ့ ဒီလူ့အပေါ် သစ္စာမရှိဘဲ



www.burmeseclassic.com

www.burmeseclassic.com



တခြားတစ်ယောက်ကို စိတ်ဝင်စားတာဟာ မိန်းမကောင်း စိတ်ဓာတ် မဟုတ်တော့ဘူး။ ရှက်ဖို့ကောင်းလိုက်တာ လေ”

ဆိုပြီး ကိုနေညီလာ့ကို စိတ်ထဲက ကြိုးစား၍မျောက် ဖျက်ကြည့်သည်။ မေ့အောင် နည်းမျိုးစုံနဲ့ ကြိုးစားခဲ့ဖူးသည်။

ဒီရည်းစားတစ်ယောက်တည်းကိုပဲ ထားမယ်။ ဒီလူကိုပဲတွဲမယ်။ လက်ထပ်ရင်လည်း ဒီလူပဲ ဖြစ်ရမယ်ဆိုတဲ့ ဘယ်က ဘယ်လိုဝင်ထားမှန်းမသိတဲ့ အတွေးအခေါ်ကြီးနဲ့ ကိုယ့်ကိုယ်ကိုယ် ဖော်သူကလွဲရင် ဘယ်သူမှ မစဉ်းစားရတော့လို့ တင်းကျပ်ခဲ့ဖူးသည်။ သို့သော် တကယ့် တကယ်မှာကျတော့မရ။ ရွှေဖဲ ရင်ထဲမှာ ချစ်ခင်ခြင်း၊ လေးစားခြင်း၊ အားကိုးခြင်းတွေနဲ့အတူ လက်တွဲထားလိုက်ချင်သော ကိုနေညီလာကား ရွှေဖဲရဲ့စိတ်တွေကို လွှမ်းမိုးထားနိုင်ခဲ့လေပြီ။

ကိုနေညီလာတို့ကားက အင်းလျားကန်ပေါင်ဘက် ချိုးဝင်သွားတာတွေ့လျှင် ရွှေဖဲပါ လိုက်ချိုးကွေ့ ဝင်လိုက်ပါသည်။ ကိုနေညီလာတို့ကား ရပ်လိုက်ကြပြီး အားလုံးဆင်းလာကြတာကို ရွှေဖဲကားထဲမှ အသာလေး စောင့်ကြည့်လိုက်သည်။

ကိုနေညီလာတို့ လေးယောက်အပြင် မိန်းကလေး နှစ်ယောက်ပါလာတာ တွေ့ရသည်။ တစ်ယောက်ကတော့ ကိုနေညီလာ့ချစ်သူဟု သိထားသော မနံ့သာမွှေး။ နောက်တစ်ယောက်





တော့ မနံ့သာမွှေး သူငယ်ချင်းပဲလား။ ဒါမှမဟုတ် တစ်ယောက် ယောက်ရဲ့ချစ်သူပဲလား။

သူတို့အုပ်စု ကန်စပ်ကဝိုင်းမှာ ဝင်ထိုင်လိုက်ချိန်ထိ ရွှေဖဲ ဘာဆက်လုပ်ရမှန်းမသိဖြစ်ပြီး ကားထဲမှာ ထိုင်စဉ်းစားနေသည်။ နောက်တော့လည်း ရွှေဖဲဟာ စိတ်ရဲ့အလိုကို မငြင်းဆန် ဘဲ ကိုနေညီလာ့ကို တွေ့ခွင့်၊ ခဏတာစကားပြောခွင့် ရချင် တဲ့နဲ့ပဲ ကားပေါ်က ဆင်းလာခဲ့သည်။

မိန်းကလေးတို့ရဲ့မာယာအတိုင်း ထိုအုပ်စုကို မမြင် ဟန်ဆောင်ကာ လမ်းလျှောက်ရင်း ဖုန်းကိုဖွင့်ကြည့် လက်မ ဟိုနှိပ်ဒီနှိပ်လုပ်လျက် အလုပ်ရှုပ်ဟန်ဆောင်ဖို့ ရွှေဖဲ မာယာ မိလေသည်။

သူတို့စားပွဲဝိုင်းနဲ့ တစ်ဝိုင်းကျော်မှာ ဝင်ထိုင်တော့ လိုလုပ်တုန်း (ရွှေဖဲ မျှော်လင့်ထားတဲ့အတိုင်းပါစဲ) တစ်ဖက် ပွဲမှမြင်ပြီး လှမ်းခေါ်သံ ကြားရတော့သည်။

“ဟေး ... ဟေး ... ရွှေဖဲ ... မရွှေဖဲ”

မနံ့သာမွှေး အသံဟု သိလိုက်ပါသည်။ ရွှေဖဲ သံကြားကြားချင်းပဲ ကြည့်လိုက်သည်။ အခုမှ မြင်သွားတဲ့ပုံနဲ့ ဆောင်ပြလိုက်ပြီး ...

“ဪ ... မနံ့သာမွှေးတို့ပါလား”

လို့ ပြန်နှုတ်ဆက်လိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



"လာ ... လာ ... မုန့်လာစားတာဆိုရင် ဒီဝိုင်းကို
ညီမ"

"တစ်ယောက်တည်းဆိုရင် ဒီမှာလာထိုင်လို့ရတယ်"

မန့်သာမွှေး ပြောသံအဆုံးမှာ ကိုနေညီလာ ဆက်ပြီး "တစ်ယောက်တည်းဆိုရင်"ဟူသော အသုံးအ ပြောလိုက်သဖြင့် ရွှေဖဲ ရင်ထဲမှာ ရှုပ်တော့ရှုပ်သွားပါ ကိုနေညီလာ့ အမြင်မှာ ရွှေဖဲဟာ ဖော်သူ ဆိုတဲ့ ရည်းစားရှိ ဖော်သူနဲ့ မကြာခဏ အပြင်မှာတွေ့ရတတ်လို့ အခုလည်း နဲ့လာသလားဆိုတဲ့ အတွေးရှိနေတယ်။ ရွှေဖဲ မကျေမနပ်စိ နဲ့ စိတ်ရှုပ်ရပေမယ့် ကိုယ့်ဘက်မှာလည်း တကယ်ပဲ ဖော် တဲ့ တစ်စုံတစ်ယောက်ဟာ ရှိနေတာပဲမို့ ဒါကို ဘယ်လိုမှ မရနိုင်တော့။

"ရွှေဖဲ ... ဒီတစ်ခါ တစ်ယောက်တည်းပါ"

"လာ ... လာလေ၊ မတ်တတ်ကြီး ရပ်နေပြန်ပြီ၊ လာ

ကိုကြည်သာထွန်းကပါ ထပြီးခေါ်သဖြင့် ရွှ ဘက်ဝိုင်းကို လျှောက်လာလိုက်ပါသည်။ ကိုနေညီလာ ရွှေဖဲ တွေ့လိုက်တိုင်း ဝတ်နေကျပုံစံ ရှပ်လက်တိုပွပွလေ တစ်ခါတော့ ဂျင်းသားလိုလို ကြေကြေမွမွ ထူထူအ ဆောင်းဘီရှည်ပွပွ စတိုင်လ်လေးနဲ့ ဝတ်ထားပြန်သည်။ ကို ဆံပင်လေးတွေက တြမ်းသယောင် ထင်ရပြီး အခုခေတ်





လည်းမဟုတ်။ ခပ်တိုတိုပုံစံဖြစ်ပြီး တိုတိုထောင်ထောင်လေးနဲ့။ လည်ကုပ်လေးတွေ ဖွေးနေတာလေးက ရွှေဖဲအနေနဲ့တော့ စွဲလမ်းချင်စရာတစ်ခုပေါ့။ ဒီပုံစံဟာ ဘာမှစွဲလမ်းစရာမပါပါဘဲ စွဲလမ်းနေမိပြန်တာ။

"လာ ... ထိုင် ညီမ။ ဘာစားမလဲ"

"ဘူးသီးကြော်"

"အအေးသောက်ဦးမလား"

"အအေးပုလင်းတွေ အစုံရှိတယ် ထင်တယ်၊ ရွှေဖဲ လိမ္မော်ရည်ပဲသောက်မယ်၊ ဘာတံဆိပ်ဖြစ်ဖြစ်"

မန့်သာမွှေးက အားလုံးကိုယ်စား အိုင်ခံမှာပေးပါသည်။ ရွှေဖဲမှာ ကိုယ်နဲ့မသိသူတချို့ပါသော စားပွဲဝိုင်းထဲ ဝင်ထိုင်ရသဖြင့် ရှက်ကိုး ရှက်ကန်းတော့ ဖြစ်နေမိသည်။ အားလုံးက ဝိုင်းကြည့်နေသည်ဟုလည်း ခံစားရသည်။ တကယ်တော့ ဘယ်သူကမှလဲ သေသေချာချာ ကြည့်တာမဟုတ်။ မေးခွန်းစာရွက်ဟု ထင်ရသော စာရွက်ကိုဖြန့်ပြီး အကြီးအကျယ် ငြင်းခုံဖို့ ပြင်နေကြတာ။

"ဒီလိုမေးခွန်းမျိုး မေးလာရင် ဖြေစရာက ဘာမှမရှိဘူး။ ဘယ်လိုလုပ် ချဲ့ဖြေမလဲ။ ဆရာတွေက ပညာစမ်းချင်တာလား၊ ပညာပြချင်တာလား မသိဘူး။ မေးတဲ့မေးခွန်းမှာ ချောင်ကလောင်က ထွက်လာတဲ့ အပုဒ်တွေချည်းပဲ"



www.burmeseclassic.com

www.burmeseclassic.com



မျက်မှန်ထူထူကြီး တပ်ထားသော တစ်ယောက်က မကျေမနပ် ပြောလိုက်သံစလျှင် ကျွန်တဲ့သူတွေကပါ သူတို့ကျောင်းစာနဲ့ ပတ်သက်သော အသုံးအနှုန်းတွေ လှိုင်လှိုင်သုံးပြီး ထိုမေးခွန်းအကြောင်း ငြင်းခုံတော့လေသည်။ မငြင်းခုံသူဆိုလို့ ကိုကြည်သာထွန်းပဲ ရှိသည်။

ကြောင်တောင်တောင်လေး ထိုင်နေသော ရွှေဖဲကို မနံ့သာမွှေးက ...

"ပို့စတင်စာမေးပွဲဖြေပြီး ပြန်လာကြတာလေ"

ဟု ရှင်းပြလေသည်။

"သူတို့အားလုံးက ပို့စတင် အတူတူတွေ၊ ငါတစ်ယောက်ပဲ ကွဲပြီး တခြားပို့စတင်ဆိုတော့ မေးခွန်းကို ရှေ့ချပြီး ငြင်းလို့မရဘူး ဖြစ်နေတယ်"

"ကိုကြည်သာထွန်းနဲ့ မတူဘူးလား"

"ငါတို့ဆေးကျောင်းမှာ နာမည်ရှေ့အက္ခရာနဲ့ ခုံနံပါတ်ကို စီတာလေ။ ငါက 'က'ကြီးနဲ့စတော့ ခုံနံပါတ်ရှေ့ဘက်ရောက်တယ်။ သူတို့တွေကတော့ 'တ'ဝမ်းပူ၊ 'ထ'ဆင်ထူး၊ 'ဒ'ဒွေးနဲ့၊ 'န'ငယ်အုပ်စုတွေ၊ ခုံနံပါတ်တွေ ဖြတ်ချပြီး အုပ်စုလေးစု ခွဲထားတာပေါ့။ တစ်အုပ်စု ပို့စတင်တစ်ခုစီနဲ့ ဘာသာရပ်မတူဘဲ သင်ကြရတယ်၊ ပို့စတင်တစ်ခု လေးလဆီ သင်ရတယ်။ တစ်ခုပြီးရင် စာမေးပွဲစစ်တယ်လေ။ ဒီနေ့ စာမေးပွဲဖြေပြီး ပြန်လာကြတာ"





ရွှေဖဲ အားကျစွာ ငေးမောနားထောင်မိပါသည်။ ရွှေဖဲလည်း အဲဒီလို သိပ်ဖြစ်ချင်တာပဲ။ သူတို့တွေ ပြောသလို ဆေးပညာဝေါဟာရ စကားလုံးတွေနဲ့ ပြောတာဆိုတာကို သိပ်ပြောတတ်ချင်တာပဲ။ သူတို့ ငြင်းခုံကြသလို ဒီရောဂါဟုတ်တယ်၊ မဟုတ်ဘူးဟု ငြင်းနိုင်သလိုမျိုး ရွှေဖဲ ငြင်းတတ်ချင်သည်။

"မရွှေဖဲ အခု ဘယ်ကပြန်လာတာလဲ"

ကိုနေညီလာ မေးလိုက်တော့ ရွှေဖဲ အဖြေရကျပ်သွားသည်။ တကယ်တော့ ရွှေဖဲ အခုသွားရမှာက ကျောင်းချိန်ပြီးရင် သွားတက်နေကျဖြစ်တဲ့ ဒီဖိုင်နာသင်တန်းကို သွားမလို့ပါ။ ကိုနေညီလာ့ကို တွေ့တာနဲ့ ကောက်ကောက်ပါပြီး သူတို့ကားနောက်မှာ နောက်ယောင်ခံ လိုက်လာမိတာ။ သင်တန်းချိန်တောင် လွန်သွားပြီ။ ဒီနေ့တော့ တစ်ရက်ပျက်ပြီပေါ့။

"ကျောင်းက ပြန်လာတာ ကိုနေညီလာ။ အိမ်မပြန်ချင်သေးတာနဲ့ အင်းလျားဘက် ခဏဝင်တာလေ"

"ဩော် ... အတန်းပြီးတာ နောက်ကျတယ်နော်"

ညနေငါးနာရီလောက် ဖြစ်နေတာမို့ ကိုနေညီလာက အတန်းပြီးတာ နောက်ကျတယ်လို့ သုံးသပ်လိုက်ခြင်းဖြစ်သည်။ တကယ်တော့ ကျောင်းက သုံးနာရီလောက်မှာပြီးနေတာ။ အိမ်ပြန်၊ ရေမိုးချိုး၊ စားသောက်အကျီလဲပြီး ညနေငါးနာရီမှာစမယ့် ဒီဖိုင်နာ သင်တန်းကို သွားတက်ဖို့ ပြန်ထွက်လာရခြင်းဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



"မရွှေဖဲကို တွေ့လိုက်တိုင်း သူငယ်ချင်းအုပ်စုနဲ့ သွားတာ သိပ်မတွေ့ရဘူးနော်"

မနံ့သာမွှေး မေးတော့ ရွှေဖဲ မငြင်းချင်။

"ဟုတ်တယ် ရွှေဖဲမှာ သိပ်ခင်တဲ့ သူငယ်ချင်းရယ်လို့ သိပ်မရှိဘူး။ ရွှေဖဲက အပေါင်းအသင်း ညံ့တယ်။ အပေါင်းအသင်းလည်း နည်းတယ်။ တစ်ယောက်တည်း ဖြစ်နေတတ်တာ များတယ်"

"နှစ်ယောက်ပါ တစ်ယောက်တည်း မဟုတ်ပါဘူး။ မရွှေဖဲကောင်လေးတော့ အမြဲပါတတ်တယ် မဟုတ်လား"

"သူက စိတ်မရှည်ဘူး၊ သူလိုက်ပေးချင်တဲ့အခါ လိုက်တယ်၊ မလိုက်ပေးချင်ရင် ခေါ်လို့မရဘူး ရွှေဖဲ၊ တစ်ယောက်တည်း အကြာကြီး အပြင်သွားရင်လည်း သူက မကြိုက်ဘူး"

ကိုကြည်သာထွန်းက မနေနိုင်သလိုဟန်ဖြင့် ဝင်ပြောပါသည်။

"ညည်းကောင်လေးက ဘယ်လိုလဲဟာ။ ညည်းကို တော်တော် အနိုင်ကျင့်တာပဲ။ ဒီလောက် မလုပ်သင့်ဘူးပေါ့"

"ဟော့ကောင် ... ကြည်သာထွန်း"

ကိုနေညီလာကတော့ ကိုကြည်သာထွန်း ပြောလိုက်တာကို အားနာဟန်ဖြင့် ဟန့်လိုက်ပေမယ့် ရွှေဖဲအတွက်တော့ စကားပြောစရာအချက် ရသွားသလိုဖြစ်သည်။ ဘာကြောင့်လဲဆို





ကိုယ်က သူတို့နဲ့လည်း သိပ်မရင်းနှီးလှသလို သူတို့ပြော ာ အကြောင်းအရာတွေထဲလည်း ဝင်မပါနိုင်သည်ဖြစ်ရာ ရာစကားက ရှာမရသလိုဖြစ်နေသည်။

ကြောင်တက်တက်နဲ့ သူတို့ကြားထဲထိုင်ကာ ဟိုလူ ာလိုက်ကြည့်လိုက်၊ ဒီလူပြောတာ လိုက်ကြည့်လိုက် ဖြစ် ာထက်စာရင် ရွှေဖဲမှာလည်း ပြောစရာအကြောင်းအရာ ခုရှိဖို့ လိုသည်လေ။

"ရပါတယ် ကိုနေညီလာ၊ ကိုကြည်သာထွန်း ဝေဖန်တာ မမှားပါဘူး"

ကိုနေညီလာ၊ ကိုကြည်သာထွန်းနဲ့ မနံ့သာမွှေးတို့ ဘာပြောမလဲဆိုတာ စိတ်ဝင်စားဟန်ဖြင့် ရွှေဖဲကို စောင့် နေတာ တွေ့ရသည်။

"သူနဲ့ ရွှေဖဲ ဆက်ဆံရေးကို မြင်ကြသူတိုင်း ဒီလိုပဲ ဝေဖန်တာ ခံနေကျမို့ ရွှေဖဲအတွက် ရိုးနေပါပြီ"

"ညီမက သူ့ကို တော်တော်လေး သည်းခံနေတော့ သူ့ကို တော်တော်ချစ်လို့လားဟင်"

မနံ့သာမွှေး၏ မေးခွန်းကို ရွှေဖဲ ဖြေ့လည်းဖြေချင်။ လည်း မဖြေချင်ပေ။ ဘာကြောင့် သည်းခံနေရတာလဲ။ ဘာ င် လက်ခံပြီး တွဲနေရတာလဲ ?။ ရွှေဖဲမှာ အရင်တည်းက အဖြေရှိတယ်။ အခုလည်း ရှိတယ်။ ဒါပေမယ့် အဲဒီအဖြေ



www.burmeseclassic.com

www.burmeseclassic.com



ကို အခု မဖြေချင်တော့ဘူး။ ဘာကြောင့်လဲဆိုတော့ ရွှေဖဲတိ
တခိုး ချစ်မိတဲ့ ကိုနေညီလာ့ ရှေ့မှာမို့ပဲ။

မုန်တာ တိတ်တခိုး ဝန်ခံရရင် ရွှေဖဲကို ကိုနေညီ
ချစ်လာစေချင်တယ်။ ကိုနေညီလာ့ ရင်ထဲမှာ ရွှေဖဲ ရှိလာစေ
နေတယ်။ ဒါပေမဲ့ ဒီဆုတောင်းက မဖြစ်နိုင်ပါဘူးဗီလ။ ကိုနေ
လာ့ ဘေးမှာ သိပ်လှပြီး ကျက်သရေရှိတဲ့၊ ပညာအဆင့်အတ
မြင့်မားတဲ့ မနှံ့သာမွေး ရှိပြီးနေပြီ။

"ဒီမေးခွန်းကို မဖြေချင်လည်း မဖြေနဲ့နော်"

မနှံ့သာမွေးက မေးပြီးမှ အားနာသွားဟန်၊ တစ်
ရွှေဖဲ အသံတိတ်နေတာကို အဓိပ္ပာယ်တစ်လွဲ တွေးသွားဟန်
ဆပ်ပြောပါသည်။

"မဖြေချင်လို့ မဟုတ်ပါဘူး မနှံ့သာ။ ဘာဖြေရမှန်း
တာပါ။ သူ့ကို သည်းခံနိုင်တာဟာ သူ့ကို သိပ်ချစ်
မဟုတ်တာတော့ သေချာတယ်၊ ရွှေဖဲ ဆုံးဖြတ်ချက်တ
မှားသွားတာနဲ့ သူ့ကို ရွေးလိုက်မိတယ်။ အဲဒီအချိ
တော့ သူ့ကို ချစ်နိုင်တယ်။ သူဆိုးတာ ခံနိုင်တယ်။
အနိုင်ကျင့်တာကို လက်ခံနိုင်တယ်ဆိုပြီး ကိုယ့်ဆုံးဖြ
ချက်ကိုယ် မှန်တယ်ထင်ခဲ့ဖူးပါတယ်။ ဒါပေမဲ့ ရွှေဖဲ အ
တော့ နောင်တရလာပြီ။ ရွှေဖဲ ဆုံးဖြတ်ချက် မှားသွားတ
ဆိုတာ သိလာပြီ"





"ဒီလူမကောင်းမှန်း သိနေတာပဲ။ ကိုယ်နဲ့အဆင်မပြေမှန်း
သိနေတာပဲ။ ဘာကြောင့် လမ်းမခွဲလဲ"

ကိုနေညီလာ တစ်ချက် ဝင်ပြောလိုက်တော့ ရွှေဖဲ
ရင်ထဲမှာ အားရှိသွားပါသည်။ ထိုသို့ပြောလိုက်သံကြောင့် မနှံ့သာ
မွေးကတော့ ကိုနေညီလာ့ကို အကဲခတ်ဟန်ဖြင့် အသေအချာကြည့်
လိုက်သလို ရွှေဖဲကိုလည်း မသိမသာလေးကြည့်တာ တွေ့ရသည်။

"မိန်းကလေးတစ်ယောက်ဟာ ရည်းစားတွေ တစ်ယောက်
ပြီးတစ်ယောက် ပြောင်းတာ မကောင်းဘူးထင်လို့"

"ဟာ ... အဲဒါတော့ ဟုတ်တယ်လေ။ ဒါပေမဲ့ ကိုယ်က
ဟောတစ်ယောက် ဟောတစ်ယောက် အလှကြားနေရင်း
တွဲလိုက်၊ ကွဲလိုက် တမင်လျှောက်လုပ်နေတာမှ မဟုတ်တာ။
ကိုယ့်အပေါ်မကောင်းတဲ့သူကို သည်းခံပြီး တွဲနေရလောက်
တဲ့အထိတော့ စိတ်ကူးတစ်လွဲတွေ မတွေးနဲ့ပေါ့"

ကိုနေညီလာဟာ အစကတော့ ကိုကြည်သာထွန်း
ဖေးတာ ဝေဖန်တာကို သူပဲမနှစ်မြို့မှာန်၊ သူများစုံတွဲကြားထဲ
ဝင်မပါချင်ဟန်နဲ့ ဝင်ဟန့်တားခဲ့ပေမယ့် အခုကျတော့ သူကိုယ်
တိုင်ပဲ အားတက်သရော ဝင်ပြောနေပြန်သည်။ ကိုကြည်သာထွန်း
အပါအဝင် ကျန်တဲ့အားလုံးဟာ အသံတွေ တိတ်ဆိတ်သွားကြ
ပြီး ကိုနေညီလာ့ကို အသေအချာ စိုက်ကြည့်နေကြတော့သည်။
ကိုနေညီလာဟာ ဒါကို အမှုမထားဟန်နဲ့ ခပ်တည်တည် ဆက်ပြော
နေပြန်သည်။



www.burmeseclassic.com

www.burmeseclassic.com



မန့်သာမွှေး မျက်နှာမှာ သိသိသာသာ ပျက်ခေ
အရယ်အပြုံးတောင် လျော့သွားပါသည်။

"ရွှေဖဲ အဲဒီလို သူ့ကို ကွဲမယ်ပြောရင် ဖော်သူက အလွ
တကူ လက်ခံမယ်တော့ မထင်ဘူး"

"ဘာဖြစ်လို့လဲ"

"ဖော်သူက ရွှေဖဲကို အမြဲခြိမ်းခြောက်တယ်၊ သူ့ကို
လမ်းခွဲမယ်ဆိုရင် အသေပဲမှတ်တဲ့"

"အံမာ ... ဒီလိုမျိုးလုပ်လို့ ရမလား၊ ဒီလိုခြိမ်းခြော
တိုင်း ကြောက်စရာလား။ အဲဒီလိုမျိုးတွေသာ ခြိမ်းခြော
ခံရလို့ ကြောက်ပြီး ရည်းစားဆက်တော်ရမယ်ဆိုရင်
ကလေးတွေအကုန်လုံး လူဆိုး၊ လူပေတွေနဲ့ လက်တွဲ
ကြရတော့မှာပေါ့"

"နေညီလာ ... ရွှေဖဲကို အားနာဦးလေ၊ စကားတွေ အ
လွန်ကုန်မယ်"

မန့်သာမွှေးက ဝင်ဟန့်တားလိုက်တော့ ကိုနေ
လာ နည်းနည်းရှက်သွားသလိုဖြစ် ...

"ဆောရီး ... ဆောရီး ... ငါက ညည်းကို တွေ့လိုက်
ကောင်လေးက ဒုက္ခပေးနေတာပဲ မြင်မြင်နေတော့ ညီမေ
ချင်းတစ်ယောက်လို မခံနိုင်ဖြစ်ပြီး ဝေဖန်မိတာနော်"

ဟု တောင်းပန်လေသည်။





"ရပါတယ် ... ရွှေဖဲ စိတ်မဆိုးပါဘူး။ ဖော်သူ့အကြောင်း
က ဘေးလူတွေ ဝေဖန်သမျှ မှန်နေတာပဲမို့ ရွှေဖဲ လက်ခံ
ပါတယ်"

"ကဲ ... ကဲ... မရွှေဖဲက ဘူးသီးကြော်စားချင်လို့ ဒီရောက်
လာတာ။ ငါတို့ကခေါ်ပြီး ဒီမှာလည်း ဝင်ထိုင်နိုင်းသေး
တယ်။ သူ့စိတ်ညစ်အောင်လည်း ဝိုင်းပြောကြတယ်ဆိုတော့
မကောင်းပါဘူးဟာ။ တော်ကြပါ တခြားအကြောင်းအရာ
တွေပဲ ပြောကြရအောင်ပါ"

ကိုကြည်သာထွန်း ဝင်ပြီး စကားလမ်းကြောင်း လွှဲ
တော့မှ ဖော်သူနဲ့ ရွှေဖဲ ဆိုသော ခေါင်းစဉ်တစ်ခု အဆုံးသတ်
သွားပါသည်။

တခြားအကြောင်းအရာ ဆိုတာကလည်း သူတို့
သူငယ်ချင်းအုပ်စုတွေ ပြောသမျှ ရွှေဖဲမှာ မျက်လုံးလေးပြူးလိုက်၊
ယ်စရာရှိ လိုက်ရယ်လိုက် (တစ်ခါတလေ သူတို့ပြောတဲ့ ဆေး
ကျောင်းသားနဲ့ လူနာစမ်းသပ်ပုံ အလွဲများကို လိုက်ရယ်ရတာ
များတော့ မလည်ဘူးပေါ့)၊ အံ့သြစရာရှိ အံ့သြလိုက်။ ကြောက်
စရာရှိ လိုက်ကြောက်လိုက်၊ ဥပမာ သရဲခြောက်သည်ဟု နာမည်
ကြီးသော ward တစ်ခုရဲ့ စာသင်ခန်းလေးအတွင်းမှာ မနက်
စောကြီး ဘယ်ကျောင်းသားမှ မရောက်သေးဘဲ ကိုယ်တစ်
ယောက်တည်းရောက်သွား၊ စာသင်ခန်းလေးထဲ စာထိုင်ကျက်နေ



www.burmeseclassic.com

www.burmeseclassic.com



တုန်း မသင်္ကာစရာကောင်းသော အသံအဆန်းအပြား ကြားရ
မျိုး၊ ကြက်သီးထစရာကောင်းတဲ့ အရိပ်တစ်ရိပ် ကိုယ်နားမှာ
ရပ်တာမျိုး၊ ကိုယ့်ဘေးနား လူတစ်ယောက် လာထိုင်လိုက်သ
လေဟပ်ခံရပေမယ့် လှည့်ကြည့်လိုက်တော့ ဘယ်သူမှ ရှိမနေ
မို့ ကြက်သီးဖုကြီးတွေ ဖြန်းခနဲ ထသွားခဲ့တယ် ဆိုတာမျိုး
ပေါ့။ သူတို့ပြောသမျှ ရွှေဖဲ တစ်ယောက် လိုက်ပါဝင်စား
ထောင်ရင်းနဲ့ ကိုနေညီလာကို ခိုးခိုးကြည့်နေခဲ့ရတဲ့ ညနေ
လေးပါ။

အားလုံး နှုတ်ဆက်ပြီး လမ်းခွဲကြတော့ ရွှေဖဲ
ယောက်တည်း မရေရာ၊ မသေချာသော အတွေးပေါင်းစုံနဲ့ ကို
ညီလာကို လွမ်းပြီးပြန်ခဲ့ရတယ်။

○❤○





## ၁၀

သူ့အကြောင်းကို သတိတရ တွေးနေခိုက်မှာ စိတ်
ဆက်သွယ်တာပဲလား၊ တိုက်ဆိုင်တာပဲလားတော့ မသိ။ နေ
ာ ဒီနေ့ ဆိုင်ကောင်တာမှာ ဝင်ထိုင်တဲ့နေ့မှာမှ ရွှေဖဲကို
ဆုံရသည်။ ဆိုင်အပြင်ဘက်ကို အတွင်းမှ ကြိုမြင်ရတာမို့
ခံ့တွဲ ဆိုင်ထဲဝင်လာတော့မှာကို ကြိုမြင်ပြီး ဖြစ်နေသည်။
င်းမှသာ အပြင်သို့လှမ်းမြင်နိုင်သော မှန်တွေကြောင့် သူတို့
လာကတည်းက နှစ်ယောက်စလုံး တစ်ယောက်မှ မျက်နှာ
ကြည်သာသာ ဖြစ်မနေဘူး ဆိုတာ ကြိုမှန်းဆနိုင်လေသည်။

ဒီကောင်နဲ့ တွဲတုန်းပဲလား မရွှေဖဲ။

နေညီလာ စိတ်ထဲမှာ မခံချင်သလို ရေရွတ်မိ၏။

တဲ့ ဆယ်ရက်ကျော်လောက်က အင်းလျားမှာ မရွှေဖဲနဲ့
တွေ့ခဲ့ပြီး နောက်ပိုင်းမှာ သူငယ်ချင်းအုပ်စုကြားမှာ နေညီလာ
စရာတွေ ရှိလာခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com



"မင်း သူ့ကို တစ်နည်းနည်းနဲ့တော့ စိတ်ဝင်စားနေတယ်လို့ ငါ ထင်တယ်"

ကြည်သာထွန်း စပြောလာတာ။ သူတို့ယောက်ျား လေး လေးယောက်တည်းရှိတုန်း နေညီလာ့ကို တရားခံတင် ယောက် စစ်သလို သုံးယောက်ဝိုင်းစစ်ချင်တဲ့ဟန်တွေနဲ့။

"ကော်ဖီဆိုင်မှာ တစ်ယောက်တည်း လာထိုင်တာကို မင်း အမှတ်တရ ဖြစ်ခဲ့တယ်။ နောက် ... ငါ့ရဲ့ Facebook ပေါ်မှာတွေ့တဲ့ ဓာတ်ပုံကို အရေးတယူ လုပ်တယ်၊ ငါ့ဆီ ဖုန်းဆက်ပြီးတောင် မေးရတယ်။ နောက်ပိုင်း ... နောက် ပိုင်းတွေမှာကွာ မင်းဘက်က မရှေ့ဖဲနဲ့ ပတ်သက်ရင် ငါ အပ်တာထက်ပိုပြီး စိတ်ဝင်စားနေတာတွေ တွေ့ရတယ် ဒါဟာ ရိုးရိုးသားသား စိတ်ဝင်စားတာပါလို့ ဘယ်လို ညာပြောလို့ မရနိုင်တဲ့အချက်ပဲ"

"ဟုတ်တယ်၊ မင်း တစ်ခုခုတော့ ဝန်ခံဖို့ ကောင်းပါတယ် ကွယ်"

တင်မောင်ဦးအသံ ညောင်နာနာက ဝင်ပင့်ပေး သည်။ ကျောင်းစာဆွေးနွေးဖို့ကလွဲရင် ကျန်တဲ့အရာတွေ ဆွေး နွေးပြီး အချိန်မဖြုန်းချင်တတ်သော ထွန်းတောက်ကတောင် တစ်ခါ ဝင်ပါလာသေးသည်။

"ငါတော့ ယုံတယ်၊ မင်း မရွှေဖဲကို ကြိုက်နေပြီ"





တဲ့လေ _။ နေညီလာကလည်း အလျှော့မပေးသော သံနဲ့ ...

"မကြိုက်ပါဘူး။ ဘယ်တုန်းက ကြိုက်တယ်ပြောလို့လဲ၊ တွေ့လိုက်တိုင်း ရည်းစားကနိုပ်စက်၊ ဗိုလ်ကျတာ ခံနေရ တဲ့ လူထူးလူဆန်း မိန်းကလေးကို အကြံပေးကူညီချင်တာ ကလွဲရင် ငါ့မှာ ဘာပတ်သက်မှုမှ ရှိမနေပါဘူး"

ဟု ရအောင်ရတော့ ငြင်းနေမိသေးသည်။

ဒါပေမဲ့ စိတ်ထဲမှာတော့ သူတို့ပြောတာ ဝန်ခံလိုက် တော့မလိုဘဲ။ ငါ့စိတ်ထဲကို ဘယ်သူမှ မရွှေဖဲလောက် ဝင်မလာ ဘူးဘူး။ မလွှမ်းမိုးနိုင်ခဲ့ဘူး။

"အင်းလျားမှာ ဘူးသီးကြော် အတူတူ စားကြတုန်းက မင်းတို့နှစ်ယောက် သိပ်သိသာတယ်။ ကောင်မလေးက လည်း မင်းပြောတာဆို ပိုအလေးအနက်ထားတဲ့ပုံပဲ။ မင်း မျက်နှာကို တကြည့်ကြည့်နဲ့ အားကိုးတကြီး ရင်ဖွင့်ချင် နေသလိုမျိုးပဲ။ သူ မင်းကို ကြွေနေတယ်ထင်တယ်"

"ဒီကောင်ကရော ဘာထူးလဲ တင်မောင်ဦးရာ၊ ငါတို့ဝေဖန် တော့ ဝင်ဟန့်လိုဟန့်နဲ့၊ ဟော ... တကယ်လည်းပြောကြ ရော သူ့အသံချည်းပဲ။ အသံထဲမှာကိုက ခုချက်ချင်းပဲ ဓော်သူ့ကို သွားထိုးပြီး ဆွဲမပေးလိုက်ချင်သလိုလိုနဲ့လေ"



www.burmeseclassic.com

www.burmeseclassic.com



"နံ့သာမွှေးဆိုတာ မျက်နှာကို ပျက်နေတာပဲ။ ပြီးတောင် မပြီးတော့ဘူး။ ဖင်း သတိထားမိလား အဲဒီနေ့တည်းက နံ့သာမွှေး ဒီကောင့်ကို တအား ဂရုစိုက်ပြပြီး အရင်က ထက် အနွံအတာခံသလိုပဲ။ ဒီကောင်ကသာ အနီးမှုန်နေ တာ"

သူငယ်ချင်းသုံးယောက်သား အတိုင်အဖောက်ညီညီ နဲ့ ဝိုင်းမေးကြ၊ ဝိုင်းပြောကြပေမယ့် နေညီလာဟာ ရအောင်ကွေ့ ဝိုက်ငြင်းဆန်ရင်း အဖြေကို ရှောင်ရှားခဲ့မိသည်။

ဟော ... အခု တိုက်ဆိုင်ချင်တော့ နေညီလာ ဆိုင် ခဏဝင်ထိုင်တဲ့ အချိန်လေးကျမှ မရွှေဖဲနဲ့ ဇော်သူ ဒီဆိုင်ထဲ ဝင် လာတာ ကြုံရသတဲ့။

မရွှေဖဲကတော့ သူ့အာရုံနဲ့သူ၊ သူ့အဆင်မပြေမှုနဲ့ သူမို့ ကောင်တာမှာ နေညီလာ ထိုင်နေခဲ့တာကို မမြင်။ တော်ရုံ တန်ရုံနဲ့လည်း ဘယ်သူကမှ ဆိုင်ကောင်တာမှာ ဘယ်သူထိုင်နေ သလဲဆိုတာ ကြည့်ခဲကြတာလည်း ပါပါသည်။

ထောင့်ကျသော နှစ်ယောက် သီးသန့်ထိုင်ရာဝိုင်း မှာ သူတို့ မျက်နှာချင်းဆိုင် ဝင်ထိုင်သည်။ ဇော်သူ့မျက်နှာက နေညီလာ ရှိရာဘက် လှည့်ထားကာ မရွှေဖဲကတော့ နေညီလာ့ ကို ကျောခိုင်းထိုင်တဲ့ခုံမှာ ဖြစ်နေသည်။ ဇော်သူလည်း နေညီလာ ရှိရာဘက်သာ မျက်နှာလှည့်ထိုင်နေပေမယ့် သတိထားမိဟန်မတူ။





က်နှာမှာ မြင်တွေ့နေကျအတိုင်း မှုန်တေတေ၊ မျက်မှောင်ချိုး း၊ အရင်ကထက် ပိုတင်းမာနေသယောင်ယောင်။ မရွှေဖဲလည်း ရင်ကဆို ဇော်သူ ဘယ်လောက်မှုန်နေနေ မျက်နှာလေးကြည် ာပြီး အစွမ်းကုန် ခွင့်လွှတ်ထားဟန် တွေ့ရတတ်ပေမယ့် ဒီ စ်ခါ ဝင်လာတည်းကကို မရွှေဖဲကပါ တင်းမာအေးစက်နေတာ တိထားမိပါသည်။

ဝိတ်တာ သွားမေးတော့ သူတို့ တစ်ခုခုကို ချက် င်းပဲ ကောက်မှာသလိုဖြင့် ခပ်မြန်မြန်ပဲ ပြီးသွားတာ တွေ့ရ သည်။

"အဲဒီလိုအချိုးမျိုးတွေ လာမချိုးနဲ့ မရဘူးမှတ်"

• ဇော်သူ့အသံက ဘယ်သူ့ကိုမှ ဂရုမစိုက်ဟန်ဖြင့် ာမာ၊ ခပ်တောင့်တောင့် ပြောလိုက်တာ ကြားရသည်။

ဆိုင်ထဲမှာ Tayler Swift (တေလာဆွဲစ်(ဖ))ရဲ့ "You belong with me "သီချင်းသံ အေးအေးလေးကို ခပ်ကျယ် ယ်လေး ဖွင့်ထားပေမယ့် ဇော်သူ့ အသံကတော့ သီချင်းသံ ပင် ထိုးဖောက်ပြီး ကြားလိုက်ရသည်။ Tayler Swift ကသာ ချင်းထဲမှာ မင်းဟာ ငါနဲ့ သက်ဆိုင်တယ်လို့ ဆိုညည်းပြနေ မယ့် ဒီစုံတွဲကတော့ တစ်ယောက်နဲ့တစ်ယောက် မသက်ဆိုင် င်တော့ဘူး ထင်ပါရဲ့။

"ဘယ်တုန်းက နင် ဒီလိုစကားမျိုး ပြောရဲခဲ့လို့လဲ"



www.burmeseclassic.com

www.burmeseclassic.com



"တိုးတိုးပြောလည်း ရတယ်၊ မအော်ပါနဲ့"

"ဘယ်သူ့ကို ခုမှရှက်နေရတာလဲ။ ဒီဆိုင် လူရှင်းလို့ဝင်လာထိုင်တာလေ။ ဒီဆိုင်ထဲမှာရှိမယ့် လူဆယ်ယောက်လောက်ကြားတာ ဘာဖြစ်လဲ။ ဘာအရေးစိုက်စရာရှိလဲ ... ရှစ်(ထ်)"

"ရွှေဖဲ နင်နဲ့လိုက်ချင်လို့ လိုက်လာခဲ့တာ မဟုတ်ဘူး။ နင် မရမက ကားပေါ်ဆွဲခေါ်လို့ ပါလာတာ၊ ဖြေရှင်းစရာရှိတယ်ဆိုလို့ လိုက်လာတာ။ အနိုင်ကျင့်ပြီး မပြောနဲ့။ ရွှေဖဲ အခုကစပြီး ဖော်သူ အနိုင်ကျင့်တာကို လုံးဝငြိမ်မခံတော့ဘူး။ ရွှေဖဲ ဒီနေ့ကစပြီး ဖော်သူ့ လောင်းရိပ်အောက်က ထွက်တယ်"

"အံမာ ... တောက်၊ နင် ဒါမျိုးပြောရဲစရာလား၊ ငါကို နင်ကစပြီး လမ်းခွဲရဲစရာလား၊ မရဘူး မှတ်လိုက်။ ဘယ်တော့မှ မရဘူး။ ငါ မသေသေးသရွေ့လည်း နင်ဟာ ငါနဲ့ဆိုင်တယ်။ ငါ သေသွားပြီး နင်မသေသေးရင်တောင် နင့်ကို ငါ ဝိညာဉ်အဖြစ်နဲ့ နင့်နားကပ်ပြီး နေဦးမှာကြားလား။ လုံးဝအဲဒီစကားကို ရုပ်သိမ်းလိုက်။ ပြန်ပြောစမ်း ... ရွှေဖဲ ဒီစကားကို ရုပ်သိမ်းပါတယ်၊ ဖော်သူ့ကိုပဲ ချစ်ပါတယ်၊ ဖော်သူ့ကိုပဲ လက်တွဲမယ်လို့ ပြန်ပြောစမ်း"





ဖော်သူ့အသံ တော်တော်ကျယ်လှသဖြင့် ဆိုင်ထဲမှာရှိနေသော စားသုံးသူ အနည်းငယ်ရော၊ ဝိတ်တာရော အားလုံး သတိထားမိကာ သိသိသာသာ ကြည့်နေကြတော့သည်။ ဖော်သူကာ ဒါကိုလုံးဝဂရုမစိုက်ပါ။ သူ့ကို ထိုသို့ကြည့်လေလေ၊ အလိုလိုအဝင်မြင့်ပြီး ပိုလုပ်ပြချင်လေလေဖြစ်သော မူမမှန်မှုကို တွေ့နေရသည်။

ချစ်သူရည်းစား မိန်းကလေးတစ်ယောက်အပေါ် နိုင်ပြခြင်းဟာ သူ့အတွက် အတော့်ကို ဂုဏ်သိက္ခာရှိသည်ဟု အထင်များ၊ အမြင်များနေသည်မှာ အံ့သြစရာကောင်းသည်။ ဘယ်သူများ ဒီအတွေးအခေါ်ကို ပိုင်ဆိုင်ထားခဲ့သည်မသိ။

"ဟေ့ ... ရွှေဖဲ၊ ငါ ပြောနေတယ်၊ ငါ အမိန့်ပေးနေတယ်၊ ငါ ကြားချင်တာကို ပြန်ပြောစမ်း"

ဝိတ်တာသည် သူတို့နား ခပ်ရွံ့ရွံ့ ကပ်သွားပြီး သူ့တို့မှာတဲ့ မေခ်ရှိတ်နှစ်ခွက်ကို သွားချတာ တွေ့ရသည်။

ခပ်မြန်မြန် ချပြီးတာနဲ့ ကုပ်ချောင်းချောင်း ပြန်လစ်သွားသော ဝိတ်တာကို ကျန်တဲ့လုပ်ဖော်ကိုင်ဖက် ဝိတ်တာတွေက ပြုံးရယ်နေကြပါသည်။ နေညီလာကတော့ အများရှေ့မှာ အရှက်ကွဲနေရတဲ့ ရွှေဖဲကိုကြည့်ပြီး ရှင်ထဲမှာ နင့်နေတော့သည်။

သူတို့စကားပြောကြတဲ့ အသံဟာ ခပ်တိုးတိုး မဟုတ်တော့ဘဲ သိသိသာသာကို ကျယ်နေလေရာ သူတို့ပြောသမျှ အားလုံး ကြားနေရသည်။



www.burmeseclassic.com

www.burmeseclassic.com



"ရွှေဖဲ နင့်ကို မချစ်တော့ဘူး ဇော်သူ။ ဒီတော့ လမ်းခွဲဖို့ပဲ ရှိတယ်။ မချစ်တာကို ချစ်ဟန်ဆောင်ပြီးတော့လည်း တွဲမနေချင်ဘူး"

"နင် ငါ့ကို ဘာလို့မချစ်ရမှာလဲ။ ချစ်ရမယ်၊ ဒီကမ္ဘာကြီးမှာ နင်ချစ်ရမယ့်သူ ငါတစ်ယောက်တည်းပဲ။ ဘယ်ကောင့်ကိုမှ နင်မချစ်ရဘူး၊ နင် လုံးဝစိတ်မဝင်စားရဘူး"

"ရွှေဖဲမှာ တကယ်ချစ်ရတဲ့သူ ရှိနေပြီ"

"တော်စမ်း ... ပါးစပ်ပိတ်"

ဇော်သူဟာ ထိုစကားကို ဆတ်ဆတ်ထိ မခံနိုင်အောင် နာကျင်သွားဟန်ဖြင့် ရွှေဖဲကို လက်တောင်ရွယ်တဲ့အထိ ဖြစ်သွားပါသည်။ ရွှေဖဲ ယောင်ပြီး မျက်လုံးတောင် မှိတ်သွားတဲ့အထိ ထိတ်လန့်သွားတာ တွေ့ရလျှင် နေညီလာ ရုတ်တရက်ဆိုင်ကောင်တာမှ ထပြီးရပ်လိုက်မိတော့သည်။

"နောက်တစ်ခါ အဲဒီစကားမျိုး ပြောရဲရင် ပြောကြည့်၊ နင် အသေပဲမှတ်"

"နင်သတ်ချင်ရင် သတ်လိုက်။ ရွှေဖဲကတော့ ကိုယ်တကယ်ချစ်တဲ့သူ ရှိနေတာကို မရှိပါဘူးလို့ ညာလည်းမပြောဘူး။ တကယ်မချစ်တဲ့သူကိုလည်း ချစ်ပါတယ်လို့လည်း ဟန်ဆောင်မနေချင်ဘူး"

"ဝောက်"





ဇော်သူဟာ တောက်ခေါက်သံ အကျယ်ကြီးခေါက်ပြီးတာနဲ့ လက်က ဖျတ်ခနဲ သူ့ရှေ့ရှိ မေ့ခ်ရှိတ်ခွက်ကို ကောက်ကိုင်လိုက်ကာ ရွှေဖဲ၏လည်ပင်းဆီသို့ ပက်လိုက်တော့လေသည်။ နို့အေးရည်တွေဟာ လည်ပင်းတစ်ဝိုက်ဆီမှတစ်ဆင့် ရွှေဖဲ၏အင်္ကျီပေါ်ကိုပါ စီးကျလာခဲ့သည်။

နေညီလာသည် အဖြစ်အပျက်ကို မြင်လိုက်တာနဲ့ ချက်ချင်းပဲ ထိုစားပွဲရှိရာဆီ ရောက်သွားပြီး ဖြစ်နေတော့သည်။ စိတ်ရဲ့စေ့ဆော်မှုကြောင့် ရောက်သွားရလေရာ ဘယ်လိုလျှင်မြန်မှုမျိုးနဲ့ လျှောက်သွားခဲ့သလဲပင် သူ့ကိုယ်သူ သတိမထားလိုက်မိချေ။

ရွှေဖဲသည် အရှက်ကြီးရှက်ကာ ထ,အရပ်မှာ နေညီလာ အနားကို ဖျတ်ခနဲ ရောက်လာတာကို ကြုံလိုက်ရလျှင် ရှက်သောစိတ်၊ အံ့ဩသောစိတ်တွေနဲ့ ငေးကြောင်ကြည့်နေခဲ့သည်။

ရွှေဖဲ နှုတ်ဖျားမှ ဘာမှမပြောခင် ဇော်သူကတော့ နေညီလာ့ကို မှတ်မိလျက် ...

"ဘာကိစ္စလဲ"

လို့ ခပ်မာမာ မေးလိုက်သည်။

"ငါ့ဆိုင်ထဲမှာ ဒီလိုမျိုး ဣန္ဒြေပျက်လောက်အောင် ပြဿနာဖြစ်ကြတာ မမြင်ချင်ဘူး"



www.burmeseclassic.com

www.burmeseclassic.com



"ဘာ ... ဘာ ငါ့ဆိုင်လဲ"

"ဟုတ်တယ်၊ ငါ့ဆိုင်မို့ ငါ့ဆိုင်လို့ ပြောတာ။ ငါ ကော
တာမှာထိုင်ပြီး မင်းတို့ဝင်လာတာကို ကြည့်နေခဲ့တယ်လေ"

"မင်းနဲ့ ဘာဆိုင်လဲ၊ ဘာဆိုင်လို့ ဝင်ပါရတာလဲ၊ ဒီမှ
လာထိုင်တယ်၊ အခကြေးငွေပေးပြီး ဒီဖျော်ရည်ကို မှာတယ်
ငါ့ဘာသာ သောက်ချင်ရင်သောက်မယ်၊ မသောက်ချင်ရ
မသောက်ဘူး။ ဘာဖြစ်လဲ။ ဖန်ခွက်ကွဲသွားရင်တော
လျော်ပေးလိုက်ဦးမယ်"

"ငါပြောချင်တာက မင်း ဒီခွက်ထဲက အရည်ကို မင်းအ
သာ မသောက်ချင်ရင် သွန်ပစ်လိုက်လို့ရတယ်။ မကျေန
ရင် ခွဲပစ်လို့ရတယ်၊ ဒါပေမဲ့ ဘာဖြစ်လို့ ဒီမိန်းကလေး
အရှက်ကွဲရအောင် လုပ်တာလဲ။ မင်း လူစိတ်မရှိဘူးလာ
ယောကျ်ားမပီသဘူးလား"

"ဟား ဟား ဟား ... လက်စသတ်တော့ ဒါကြော
ရောက်လာတာကိုး။ ထင်တော့ ထင်သားပဲ။ မဆိုင်တဲ့
တစ်ယောက်ဟာ ငါတို့နှစ်ယောက်ကြားကို ဘာမှရော
လာစရာ အကြောင်းမရှိဘူးလေ။ မင်းကတော့ မရွှေဖ
စောင့်ရှောက်ချင် စိတ်တွေနဲ့ ဒီနားရောက်လာတဲ့ကော
ကိုး"





"စောင့်ရှောက်သင့်ရင် စောင့်ရှောက်ရမယ်ကွ။ မင်းလို
လူရမ်းကားတစ်ယောက်ကို ဘယ်လိုသည်းခံစိတ်နဲ့ တွဲနေ
မှန်းမသိတဲ့ မရွှေဖဲကို မင်း နှိပ်စက်အနိုင်ကျင့်ချင်တိုင်း
အနိုင်ကျင့်လို့ မရအောင် ငါ စောင့်ရှောက်ရမယ်"

"သူ ငါ့ကိုချစ်လို့ ဘယ်လောက်ပဲ သည်းခံနေနေ။ မင်း
အပူ ဘာပါလဲ"

ဇော်သူ အဲဒီလိုပြောလိုက်သံ အဆုံးမှာ ရွှေဖဲသည်
မျက်ရည်တွေ ရစ်ဝိုင်းနေလျက် (ခုနက မေ့ခ်ရှိတ်နဲ့ အပက်ခံလိုက်
ရကတည်းက ရှက်ပြီး မျက်ရည်ရစ်ဝိုင်းနေခဲ့တာ) မခံမရပ်နိုင်
သော မျက်လုံးတွေနဲ့ကြည့်ရင်း ...

"မဟုတ်ဘူး၊ မဟုတ်ဘူး၊ ငါ ဘာထပ်ပြောရဦးမှာလဲ။
နင့်ကို မချစ်ဘူး။ မချစ်တော့လို့ လမ်းခွဲမယ် ပြောပြီးပြီ
လေ။ နင်နဲ့ငါ ဘာမှမသက်ဆိုင်တော့ဘူး ဇော်သူ"

ဟု ဗလုံးဗထွေး ဝင်ငြင်းပစ်လိုက်သည်။

ဇော်သူဟာ ရှူးရှူးရှားရှား ဖြစ်လာပြီး ရွှေဖဲ၏
လက်မောင်းတစ်ဖက်ကို ဆောင့်ဆွဲလိုက်တော့သည်။ ရုတ်တရက်မို့
အငိုက်မိပြီး ဇော်သူ့ဘက် ယိမ်းယိုင်ပါသွားသည်။ ဆွဲလိုက်ပုံက
အကြမ်းပတမ်းလည်း နိုင်တာမို့ ရွှေဖဲဟာ အလဲလဲ အပြိုပြိုဖြစ်
တော့မတတ် ဇော်သူ့ဘက် ပြိုလဲသလို ပါသွားတာဖြစ်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com



"နင် ဘယ်တော့မှ ငါ့ကိုလမ်းမခွဲရဘူး၊ လာ ... ပြန်မယ် နောက် ... ဒီဆိုင်ကို ဘယ်တော့မှ မလာဘူးဆိုတာ ထပ် ပြောလိုက်ဦးမယ်၊ ကက်စတန်မာတွေရဲ့ ကိုယ်ရေးကိုယ် တာကို ဝင်စွက်ဖက်တဲ့ဆိုင်မျိုး ဘယ်တော့မှ မလာသင့် ဘူး"

"ဇော်သူ ... နင့်ဘာသာပြန်၊ ငါ မလိုက်ဘူး"

"နင့်ပါးစပ် ပိတ်ထား"

ဇော်သူဟာ ရွှေဖဲ အော်ပြောတာကို လုံးဝနား ထောင်ဘဲ တရွတ်တိုက် ဆွဲခေါ်လိုက်လျှင် ရွှေဖဲကလည်း ပြန်ရု နှင့် ဝရုန်းသုန်းကား ဖြစ်နေသောအခါ နေညီလာသည် ရွှေဖဲ ဒီအတိုင်း ကြည့်မနေရက်တော့တာကြောင့် ...

"ဟေ့ကောင် ... သူ့မလိုက်ဘူးလို့ ငြင်းနေတယ်လေ မင်း လွှတ်ပေးလိုက်ပါ"

ဟု ဝင်တားလိုက်ရတော့သည်။

တကယ်တော့ စိတ်ရဲ့အလိုဆန္ဒအရ နှစ်ခါတော့ မစဉ်းစားမိလိုက်ဘဲ ဝင်ပါပြီးမှ နောင်တရတော့မလိုဖြစ်ပြီး ဖြ တွေဝေနေခဲ့တာပါ။ သူတို့ ခဏတစ်ဖြုတ် စိတ်ကောက်ရန်ဖြစ်ပြီး မကြာခင် ပြန်တည့်သွားရင် ဘယ်လိုလုပ်မလဲဆိုသော အတွေး တွေဝေနေတုန်း တစ်ဖက်မှာက ဝရုန်းသုန်းကားတွေ ဖြစ်နေသော တာမို့ သူ ဒီအတိုင်းကြီး ကြည့်မနေရက်တော့။





"ငါခေါ်ရင် သူ လိုက်ကိုလိုက်ရမယ်"

"မိန်းကလေးတစ်ယောက် အလိုမတူဘဲ အတင်းဆွဲခေါ်ရင် မင်းကိုဖမ်းချုပ်ပြီး ထောင်ထဲပို့လို့ ရတယ်ဆိုတာ မမေ့နဲ့"

"အဲဒီလို လာဖြိမခြောက်နဲ့၊ ကြောက်ပြီး ငြိမ်ကုပ်သွားမယ် များ ထင်လား"

နေညီလာသည် ဆိုင်ထဲကို ဝေ့ကြည့်ပြလိုက်ပြီး ...

"ကဲ ... အားလုံးပဲ မြင်တယ်နော်။ ဒီကောင်လေးဟာ ကောင်မလေးကို အလိုမတူဘဲ အတင်းအဓမ္မ ဆွဲခေါ်နေ တယ်။ ကောင်မလေး ဣန္ဒြေသိက္ခာပျက်အောင်လည်း လူ ပုံလယ်မှာ အရှက်ခွဲတယ်။ ဒီတော့ သူ့ကို ကျွန်တော်တို့ အားလုံး ဝိုင်းတားဖမ်းချုပ်ပြီး ရဲစခန်းပို့ချင်ရင် ရတယ် မဟုတ်လား။ ကျွန်တော့်ဘက်က ဘယ်သူဝင်ပါပြီး သူ့ကို ရဲစခန်းပို့မလဲ"

ဟု အသံကျယ်ကျယ်နဲ့ မေးလိုက်ပါသည်။

လာရောက်စားသုံးနေသူတချို့ အသာထားဦး။ ဆိုင် ရှိတဲ့ ဝိတ်တာတို့၊ ညှော်ကြိုတို့၊ သန့်ရှင်းရေးလုပ်တဲ့သူတို့၊ ...က်ဖေးစားဖို့ဆောင်မှာ အစားအသောက် ပြင်ဆင်ချက်ပြုတ်တဲ့ ...တို့ အားလုံးလိုလို အပြင်ရောက်လာကြပြီမို့ သူတို့ဟာ ဆိုင် ...ရဲ့ညီဖြစ်သော နေညီလာ့ဘက်လိုက်ပြီး ...



www.burmeseclassic.com

www.burmeseclassic.com



"ကိုနေညီလာနဲ့အတူ ကျွန်တော်တို့အားလုံး ဝိုင်းချုပ်ပြီး ရဲစခန်း ပို့ကြတာပေါ့"

"ပြောနေ ကြာတယ်၊ ခုပဲ ဝိုင်းဖမ်းကြမလား"

"ကောင်မလေးကို အသာတကြည် ထားခဲ့ပြီး ထွက်သွား ရင် ထွက်သွား။ ကောင်မလေးကို ဆက်ပြီးဆွဲခေါ်နေမ ဆိုရင်တော့ ငါတို့ကလည်း လက်မနှေးဘူးနော်"

"အစတည်းက မတရားလို့ ကြည့်နေတာကွ။ ကိုယ် မဆိုင်တာတောင် လက်က ယားနေခဲ့သေးတာ။ အ ငါတို့ Boss ကိုနေညီလာနဲ့ဆိုင်တဲ့ အသိမိတ်ဆွေဆို ဝမ်းသာအားရနဲ့ကို ဝင်ပါလိုက်ရသေးတာပေါ့"

ဝိုင်းပြောကြသံတွေနဲ့အတူ အားလုံးကပါ အစု ဝိုင်းလာလေရာ ဇော်သူ ဖြုံသွားပါသည်။ တကယ်မလုပ်ဘူး ပြီး အော်ကျယ်၊ အော်ကျယ် ပြန်ပြောရဲပေမယ့် တကယ်လ ရဲစခန်းပို့ခံရမယ်၊ ထောင်ထဲသွင်းခံရမယ်ဆိုတော့ သူ ကြော သွားပါသည်။

ရွှေဖဲ၏လက်မောင်းကို ဆောင့်တွန်းလွှတ်ပေး လေသည်။ ပြိုလဲသွားတဲ့ ရွှေဖဲ ခွေမကျသွားခင် နေညီလာ အ ဆုံး ထိန်းထားပေးလိုက်ရသည်။ ရွှေဖဲသည် ရှက်ရလွန်း၍ ကြီးတငင်ငင် ငိုကြွေးနေကာ မျက်လုံးတွေ ပြာဝေနေပြီး ဘာမှကို မမြင်တော့သလို ခံစားနေရသည်။





"အားလုံးကို မကျေဘူးမှတ်၊ တစ်နေ့ကျရင်တော့ ခင်ဗျား နဲ့ကျုပ် တွေ့ကြသေးတာပေါ့ နေညီလာ"

○❤○



www.burmeseclassic.com

www.burmeseclassic.com



## ၁၁

သူ့ဘေးမှာ တိတ်ဆိတ်စွာ ထိုင်နေတဲ့ ရွှေဖဲ
နေညီလာ ဘယ်ကဘယ်လို စကားစပြောရမှန်းမသိ ဖြစ်နေ
သည်။ ဇော်သူ ပြန်ထွက်သွားသောအခါ မရှေးမနှောင်းလေးမှာ

“ရွှေဖဲလည်း ပြန်တော့မယ် ကိုနေညီလာ”

ဟု ပြောလာခဲ့သည်။

ဆိုင်ထဲမှာ နေညီလာ ကိုယ်တိုင်လည်း ဆက်မထိုင်
ကြောင့် ...

“ပါ အပြင်ထွက်လိုက်ခဲ့မယ်”

ပြီး စိတ်ချရသော ဝန်ထမ်းတစ်ယောက်
ရွှေဖဲနဲ့အတူ ထွက်လာခဲ့သည်။



“မရွှေဖဲ ကားပါလာတာလား။ ဒါမှမဟုတ် ဇော်သူ့ကားနဲ့ အတူတူ လာတာလား”

ဟု၍ မေးလိုက်ပါသည်။ ရွှေဖဲရဲ့ကားကို နေညီလာ
တော်မိ။ သိလည်း မသိပါ။

“ဇော်သူ့ကားနဲ့ လာတာပါ”

“ဒါဖြင့် အခု အိမ်ပြန်မှာလား”

“အိမ်ပဲ ပြန်ချင်တယ်”

“ကျွန်တော် လိုက်ပို့ပေးမယ်၊ လက်ခံချင်ရဲ့လား”

ရွှေဖဲ မျက်လုံးဝိုင်းကြီးတွေနဲ့ တစ်ချက်သာကြည့်
ခေါင်းညိတ်ပါသည်။

အဲဒီနောက်တော့ နေညီလာ့ကားပေါ် ပါလာခဲ့ပေ
ရွှေဖဲ တိတ်ဆိတ်နေခဲ့သည်။ ဒီနေ့အဖြစ်အပျက်ဟာ ရွှေဖဲကို
ားကြီး ရှော့(ခ)ရစေသလို တစ်ခါမှလည်း ဒီလောက်ထိ ရုပ်
ဆင်းပျက်ကြီး လူတွေသူတွေကြားထဲ ဖြစ်ပျက်ခဲ့တာမျိုး
ပူးတာမို့ လူကရှက်ပြီး ကြောင်တောင်တောင်ကြီး ဖြစ်နေ
။ ဘယ်သူ့ကိုမှတောင် ရဲရဲပြန်မကြည့်ရဲသလို ဖြစ်နေခဲ့သည်။

ကိုနေညီလာ့ ဆိုင်မှာမှ ဖြစ်ရသော ပြဿနာကြောင့်
ပို၍ဝမ်းနည်းကြေကွဲနေသည်။ ဒီဆိုင်ဟာ ကိုနေညီလာ့ဆိုင်
ကို မသိခဲ့ပါဘူး။ အရင်တည်းကလည်း ဇော်သူနဲ့ သုံးခါ
က် လာဖူးသလို၊ တစ်ခါကလည်း ဇော်သူနဲ့ ချိန်းထားပြီး

www.burmeseclassic.com



လာစောင့်နေတော့ ဇော်သူ ပေါ်မလာခဲ့တာမို့ ရွှေဖဲ စိတ်ပျက် စိတ်ကုန်ပြီး ပြန်ခဲ့ဖူးတာပါ နေပါဦးရင် လေးခါတောင် ရောက်ဖူး တာ။ ဘာဖြစ်လို့ ကိုနေညီလာ့ဆိုင်မှန်း မသိခဲ့ရသလဲ။

"ခုနက ..."

"တကယ်တော့ ရွှေဖဲက ..."

ရုတ်တရက် စကားပြောမယ့် ပြောတော့လည်း နှ ယောက်လုံး တစ်ပြိုင်တည်း ကိုယ်စီပြောမိကြသောအခါ သံပြို တစ်ထပ်တည်း ဖြစ်သွားပါသည်။ နှစ်ယောက်သားလည်း ဒီတော မှ တင်းကျပ်နေတဲ့စိတ်တွေ အနည်းငယ်ပြေသွားသလိုဖြင့် အသ ထွက် ရယ်မိလိုက်ကြပါသည်။

"ကဲပါ ... မရွှေဖဲပဲ အရင်စပြောပါ"

"မဟုတ်ဘူး၊ ကိုနေညီလာ ပြောပါ၊ ကိုနေညီလာ အကြီးပဲ အရင်ပြော"

"Lady's First လေ၊ အမျိုးသမီးကို အရင်ဦးစားပေးရမယ် ဒီတော့ မရွှေဖဲ အရင်ပြော"

"ရွှေဖဲမှာ ပြောစရာတွေက အများကြီး ပြီးမှာမဟုတ်ဘူး ဒီတော့ ကိုနေညီလာပဲ အရင်ပြောပါ။ ကိုနေညီလာ ပြော တာတွေကိုလည်း ရွှေဖဲ ကြားချင်သေးတယ်လေ"

"ကောင်းပါပြီ၊ ဒါဆိုလည်း ကျွန်တော်ပဲ စပြီးပြောပါမယ် ခင်ဗျာ"





ကိုနေညီလာ ခပ်နောက်နောက်ကလေး တရိုတသေ နဲ့ ခေါင်းညွှတ်ပြီးပြောတော့ ရွှေဖဲ ရယ်သည်။ သူ့အနားမှာ ရှိရင် ရွှေဖဲဘဝမှာ တစ်ခါမှ မရခဲ့ဖူးတဲ့ စိတ်ချမ်းသာမှုမျိုးကို ရတယ်။ ရွှေဖဲ သူ့အနားမှာ တစ်သက်လုံး နေပါရစေလို့ ဆု တောင်းချင်ပါရဲ့။

"ဩော် ... ခုနက အဖြစ်အပျက်ကြောင့် ဇော်သူဟာ ရွှေဖဲကိုမဲပြီး ရန်လိုနိုင်သလားလို့ သိချင်လို့ပါ"

"ဇော်သူ့ကို သတိထားပြီးတော့ ရှောင်ရမှာပေါ့၊ သူကတော့ ဟိုမဲ ဒီမဲ လုပ်မှာပဲ။ သူ့မှာ ဒေါသကိုမထိန်းနိုင်တဲ့ စိတ်ဓာတ်မျိုးရှိတယ်"

"Anger Management ဆိုတာ ကြားဖူးလား"

"မကြားဖူးဘူး"

"Anger Management ဆိုတာက ဒေါသကို ထိန်းချုပ်ဖို့ စိတ်ကို လေ့ကျင့်ပေးတာမျိုးပေါ့၊ ဇော်သူဆို အဲဒီသင်တန်း တက်ဖို့ လိုတယ်၊ ဒေါသကို ထိန်းချုပ်ဖို့လိုတယ်"

"ကိုနေညီလာက ရွှေဖဲနဲ့ ဆိုင်တယ်ထင်လို့ လာပြောနေတာလား"

နေညီလာ ဘာမှမဖြေပါ။ ရွှေဖဲနဲ့ ဇော်သူက ခဏ တစ်ဖြုတ် စိတ်ကောက် ရန်ဖြစ်တာမျိုးဖြစ်ရင် ဖြစ်မယ်ထင်သဖြင့် မေးလိုက်တာ ဖြစ်ပါသည်။ ရွှေဖဲဟာ ဇော်သူ့အပေါ် ဘယ်လောက်



www.burmeseclassic.com

www.burmeseclassic.com

ချစ်ထားသလဲဆိုတာ မသိနိုင်တာမို့ စကားအကုန် မပြောလိုက်ရဲပါ။

"ရွှေဖဲ သူ့ကို တကယ် စိတ်ကုန်သွားလို့ လမ်းခွဲဖို့ ဆွေးနွေးတာပါ။ ကိုနေညီလာ ဆိုင်ကိုလည်း သုံးလေးခေါက်လောက် ရောက်ဖူးပါတယ်။ ကိုနေညီလာ ဆိုင်မှန်းသိကို မသိဘူး၊ ဒီနေ့ကျမှ တိုက်တိုက်ဆိုင်ဆိုင် ဆုံသွားတာ"

"ရပါတယ်၊ ကျွန်တော့်ဆိုင် ဖြစ်နေတော့ရော ဘာဖြစ်လဲ။ မရွှေဖဲကို သူ ခုနကလို အကြမ်းပတမ်း ဆက်ဆံနေတော့ ကျွန်တော် ဝင်ပြောပေးလို့ ရတာပေါ့။ တကယ်လို့ တခြားဆိုင်ဆိုရင် ဘယ်သူကမှ ဝင်ပါရဲကြမှာ မဟုတ်ဘူးလေ။ ကျွန်တော်ကတော့ ကိုယ့်အသိမိတ်ဆွေ တစ်ယောက်လို သဘောထားပြီး ဝင်ပါမိတာပါ"

"ကိုနေညီလာ ဝင်ကူတာကို ရွှေဖဲ ကျေနပ်ပါတယ်၊ ရွှေဖဲ အပြစ်ပြောတာ မဟုတ်ပါဘူး။ ရွှေဖဲကို ဂရုတစိုက်ရှိတာ သိရလို့လည်း ဝမ်းသာပါတယ်။ ရွှေဖဲ စိတ်ပူတာက ဖော်သူ ကိုနေညီလာ့ကိုပါ မဆီမဆိုင် လာ့မဲမှာ စိုးလို့ပါ"

"ရပါတယ်၊ ကျွန်တော်တို့က ယောကျ်ားလေးချင်းပဲ မကြောက်ပါဘူး။ ကျွန်တော် ရန်ဖြစ်ရှုလေ့ဖြစ်ထတော့ မရှိပေမယ့် သူ လာထိုးရင်တော့ ပြန်ကိုးဖို့ ဝန်မလေးဘူး"





"ရွှေဖဲ တကယ်တော့ သူ့ကို ချစ်လည်းမချစ်ခဲ့ပါဘူး။ သူ ရွှေဖဲကို အသည်းအသန် လိုက်ပြပြီး အားလုံးရှေ့မှာ အားကျရလောက်အောင် ခယပြတော့ မိန်းကလေးပီပီ ဒါကို သာယာယစ်မူးခဲ့မိတယ်ဆိုတာ ဝန်ခံပါတယ်။ ကိုယ့်အချင်းချင်းတွေရှေ့မှာ ကိုယ့်အပေါ် အရူးအမူး ချစ်ပြတဲ့ ယောကျ်ားလေးတစ်ယောက် ရှိတာဟာ ဂုဏ်ယူစရာကြီးလိုလို ထင်ခဲ့ဖူးတယ်၊ အဲဒီ သာယာယစ်မူးမှု၊ ဂုဏ်ယူမှုတွေကပဲ ရွှေဖဲ သူ့ကို လက်ခံဖို့ တွန်းပို့ပေးသလို ဖြစ်သွားတယ်၊ ရွှေဖဲ ဆုံးဖြတ်ချက် မှားသွားခဲ့တာ"

နေညီလာ ကားကိုမောင်းနေရင်း နားထောင်နေပါသည်။ ရွှေဖဲ လိပ်စာပြောထားတဲ့ အိမ်ကတော့ နီးလာပြီ။ ရွှေဖဲ ပြောတာတွေလည်း နားထောင်ချင်တယ်။ ရွှေဖဲကို ခဏခွင့်တောင်းပြီး လမ်းဘေးကားရပ်လို့ရတဲ့ နေရာမှာ ကားခဏရပ်ရင် ကောင်းမလား။

"ရွှေဖဲ အိမ်နီးလာပြီ ကိုနေညီလာ"

"အင်း ... သိတယ်၊ မရွှေဖဲ ဘယ်လိုသဘောရလဲ"

"ရှင်"

"ဩော် ... ဘယ်လိုသဘောရလဲ ဆိုတာက အခုဖြစ်ပျက်ခဲ့တာတွေကြောင့် တစ်စုံတစ်ယောက်ကို ရင်ဖွင့်ချင်နေ



www.burmeseclassic.com

www.burmeseclassic.com



လား။ တစ်စုံတစ်ယောက်ကို ပြောပြလိုက်ရရင် ရင်ထဲမှာ ခံစားရတာတွေ သက်သာမယ် ထင်လားလို့ပါ"

"………"

"မရွှေဖဲ သဘောပါ။ အိမ်ပြန်တော့မယ်ဆိုလည်း ရတယ်၊ ပို့ပေးမယ်နော်"

"ရွှေဖဲက ဟို … ရွှေဖဲက ကိုနေညိုလာ့ကိုပဲ စကားပြောချင်တာ။ ကိုနေညိုလာ နားထောင်ချင်ရဲ့လား"

"နားထောင်ချင်တာပေါ့"

"ဒါဆို ရွှေဖဲ မပြန်သေးဘူး။ ကိုနေညိုလာကို အကုန် ပြောပြပြီးမှ ပြန်မယ်"

"ဒါဆို ဒီနား ကားခဏရပ်လို့ရတယ်၊ ရပ်လိုက်မယ်၊ ကြိုက်ရဲ့လား"

"ကြိုက်ပါတယ်"

ရွှေဖဲ ကိုနေညိုလာ့ကို သဘောကျတာက အဲဒီအချက်တွေပဲ။ ဘာပဲလုပ်လုပ် ဘယ်တော့မှ သူ့ဆန္ဒကို အရင်မပြောဘူး။ အရင်ဦးစားမပေးဘူး။

တစ်ဖက်သားကို အရင်ဦးစားပေး တတ်တာလေးတွေက ရွှေဖဲကို အရည်ပျော်စေပါတယ်ရှင်။

"ကဲ … ဆက်ပြောပါဦး၊ မရွှေဖဲနဲ့ ဇော်သူ့အကြောင်း"





နေညိုလာက စတီယာရင်ပေါ် လက်တစ်ဖက်ထောက်ကာ ကိုယ်ကို ရွှေဖဲဘက် တစ်ခြမ်းစောင်းလှည့်ကာ ထောက်ထားသောလက်ရဲ့ လက်သီးဆုပ်နဲ့ သူ့နားထင်ကိုပါမှီပြီး ဒီဘက်လှည့်ကြည့်နေတာဖြစ်သည်။ ရွှေဖဲကတော့ ခြေထောက်ချိတ်၊ ကျောမှီ၊ လက်ကလေးပိုက်ထိုင်ကာ ကိုယ့်ကို သေသေချာချာ အရေးတယူကြည့် နားထောင်နေသော ကိုနေညိုလာ့ကို (အထူးသဖြင့် ကိုနေညိုလာရဲ့ အကြင်နာမျက်ဝန်းများကို) ရင်တခုန်ခုန် ခံယူရင်း ဣန္ဒြေမပျက်အောင် ကြိုးစားကာ ပြောပြနေရသည်။

"စစချင်းတုန်းကရော ဇော်သူက မရွှေဖဲကို အနိုင်ကျင့်တာပဲလား"

"ရည်းစားဖြစ်စကတော့ အနိုင်မကျင့်ပါဘူး၊ ကောင်းကောင်းမွန်မွန်ပါပဲ။ တစ်ခုတော့ ရှိတယ်၊ သူက သူများကို ဦးစားမပေးတတ်ဘူး။ သူ့ဆန္ဒပဲ အရင်ဦးစားပေးတဲ့စိတ်ရှိတယ်၊ သူက သူ့ကိုယ်သူပဲ အမြဲ Top Priority ပေါ့။ ထိပ်ဆုံးဦးစားပေးပြီးမှ ရွှေဖဲက သူ့ရဲ့ Second Priority ဖြစ်နေတယ်ဆိုတာ စစချင်းမှာတည်းက သတိထားမိလိုက်တယ်"

"အဲဒီတော့ မရွှေဖဲ စိတ်ကောက်မိတာတွေ ဘာတွေ လုပ်ဖူးလား"



www.burmeseclassic.com

www.burmeseclassic.com



“စိတ်ကောက်တာပေါ့။ မိန်းကလေးပဲ။ ကိုယ့်ကို ရည်းစားက ဦးစားပေးအဆင့်မှာပဲ ထားစေချင်တာပေါ့”

“သူက ပြန်ချော့လား”

“သူ ပြန်ချော့ပါတယ်၊ ဒါပေမဲ့ ပြန်ချော့ပုံကလည်း သိပ်တော့ ထောင့်မကျိုးခဲ့ဘူး”

“ဘယ်လိုမျိုးမို့လဲ”

ရွှေဖဲသည် ဇော်သူ ပထမဦးဆုံး ပြန်ချော့စဉ်က ကြားခဲ့ရဖူးသည်တို့ကို ပြန်သတိရမိရင်း ရင်ထဲမှာ နောင်တ ထပ်ရချင်သွားပြန်သည်။ ငါ ဘာဖြစ်လို့ စိတ်ပြေပြခဲ့ရသလဲ။ ငါ တော်တော်တုံးတဲ့၊ ညံ့ဖျင်းတဲ့ မိန်းမပဲ။

“ရွှေဖဲနော် ကိုယ် ပြန်ချော့တုန်း စိတ်ကောက်ပြေလိုက်။ ကိုယ်က ဘယ်သူ့အပေါ်မှ သည်းခံခဲ့ဖူးတာ မရှိဘူး။ ရွှေဖဲက ပထမဦးဆုံးပဲ။ ရွှေဖဲမို့ ကိုယ်သည်းခံပြီး ပြန်ချော့တာ။ အိမ်မှာဆို အမေ့တောင် ဒီလောက် သည်းခံခဲ့တာ မဟုတ်ဘူး။ နောက်ပြီး ရွှေဖဲ ဘာသာလည်း ပြန်စဉ်းစားကြည့်ဦး။ စိတ်ကောက်တဲ့ အကြောင်းအရာက မှန်လား၊ မှားလားဆိုတာ”

သူ အဲဒီလို ပြောလာတော့ ရွှေဖဲကလည်း ကိုယ်မှန်တယ်ထင်ပြီး ...





“မှန်တာပေါ့၊ ဘာလို့ မမှန်ရမှာလဲ။ ဘယ်သူမဆို ကိုယ့်ရည်းစားက ကိုယ့်ဆန္ဒကိုပဲ ဦးစားပေးစေချင်တာပဲ။ အဲဒါ မှန်တာပေါ့။ ဇော်သူက ရွှေဖဲကို လုံးဝဂရုမစိုက်ဘဲ ဇော်သူ့ဆန္ဒတွေသာ ဦးစားပေးနေတာမို့ ရွှေဖဲ စိတ်ကောက်တာ မှန်တယ်”

“ဟား ဟား ... အဲဒါ မမှန်ဘူး၊ မှားနေတာ၊ ကိုယ့်ဘက်က ရှင်းတယ်လေ။ လူဆိုတာ ကိုယ့်ကိုယ်ကိုယ်သာ အချစ်ဆုံးကွ မှတ်ထား။ ကိုယ့်အသက်ထက်ကို ပိုချစ်ပါတယ်။ ကိုယ့်ကိုယ်ကိုယ်ထက် ပိုချစ်ပါတယ် ညာဖြီးပြီး ရည်းစားကို လိမ်နေတာကိုမှ မင်းက ယုံချင်တာလား။ အဲဒါကိုမှ မှန်တယ်ထင်တာလား။ လုံးဝမမှန်ဘူး။ ကိုယ့်ရည်းစား ကိုယ်လိမ်နေတာ မှားတာပေါ့။ ဟန်ဆောင်မှုတွေပေါ့။ ကိုယ်ကတော့ ဟန်မဆောင်တတ်ဘူး။ မင်းကို အမှန်အတိုင်းတွေနဲ့ပဲ ဆက်ဆံပြတာ။ နှစ်ယောက်အတူတူ သဘောတူလို့ ချိန်းတွေ့တယ်။ သူ့ဦးစားပေးရမယ်၊ ငါ့ဦးစားပေးရမယ်နဲ့ တွက်ချက်နေရရင် ဘာအဓိပ္ပာယ်ရှိမှာလဲ။ စိတ်တူကိုယ်တူ ချစ်ကြလို့ ရည်းစားဖြစ်ပြီးပြီပဲ။ ဘယ်သူ့ဆန္ဒပဲဖြစ်ဖြစ် ဦးစားပေးတယ်လို့ မမြင်ဘဲ ငါတို့ စိတ်တူကိုယ်တူရှိလို့ လုပ်တာပဲလို့ မြင်တတ်ရင် ကိုယ်တို့ကြားမှာ ဘာပြဿနာမှ ရှိလာမှာ မဟုတ်ဘူး။ ရွှေဖဲကသာ အတွေး



www.burmeseclassic.com

www.burmeseclassic.com



အမြင်တစ်မျိုးနဲ့ မှားနေတာ။ သူများပြောတာတွေ နားယောင်နေတာ"

ရွှေဖဲဟာ အဲဒီတုန်းကတော့ မအူမလည်နဲ့ ဖော်သူ့စကားကိုတောင် နားယောင်ခဲ့မိသည်။

သူက စိတ်ရှည်လက်ရှည်နဲ့ကို ချက်ကျလက်ကျ ရှင်းပြခဲ့တာမို့ ရွှေဖဲကပဲ အတွေးအခေါ်တွေ မှားနေခဲ့သလို ထင်မိသွားသည်။

ဒီလိုတွက်ကပ်ပြီး စိတ်တွေကောက်နေခဲ့မိသော ကိုယ့်ဘာသာပင် ရှက်သလိုလိုတောင် ဖြစ်သွားခဲ့သေးသည်။

ရွှေဖဲက နဂိုအညီးက တုံးအပြီး သူများအပြော ကောင်းရင် နားယောင်တတ်တာလည်း ပါသည်။ ဖော်သူ လည်း ရွှေဖဲနဲ့ဆိုရင် ငယ်ငယ်တည်းက တွေ့မြင်လာသူ၊ အကြောင်း သိ ဖြစ်လေရာ ရွှေဖဲကို ဘယ်လိုပြောရင် ရမယ်၊ ဘယ်လိုဆွဲ ရင် ရမယ်ဆိုတာ အကဲဖမ်းမိကာ အပြောကောင်းကောင်းနဲ့ ရွှေဖဲကို သိမ်းသွင်းနိုင်ခဲ့လေသည်။

"ဒီကောင် တော်တော် လူလည်ပဲ"

ကိုနေညီလာသည် ရွှေဖဲ စကားဆုံးတော့ ဟက်ခနဲ တစ်ချက်ရယ်ကာ ထိုသို့ မှတ်ချက်ချသည်။

"သူက သိပ်လည်တယ်ဆိုတာ နောက်ပိုင်း ရွှေဖဲ တဖြည်းဖြည်းတော့ လေ့လာတတ်လာပါတယ်"





"မရွှေဖဲကို သူ ချစ်တော့ ချစ်မှာပါ။ ဒါပေမဲ့ ဘာဖြစ်လို့ သူ အနိုင်ကျင့်တာတွေ ကိုယ်ထိလက်ရောက် နာကျင်အောင် လုပ်တာတွေ လုပ်တတ်လဲ မသိဘူး။ အခုလည်း သူ မရွှေဖဲကို အကြမ်းပတမ်း ဆွဲခေါ်သွားလို့ လက်မောင်းမှာ သူ့လက်ချောင်းရာကြီး ညိုပြီးကျန်ခဲ့တယ်"

လက်မောင်းသားလေးတွေ ပေါ်နေသော အင်္ကျီလေးနဲ့မို့ ရွှေဖဲ လက်မောင်းမှာ ထင်ကျန်ခဲ့တဲ့ ဖော်သူရဲ့လက်ချောင်းရာတွေကို သတိထားမိပြီး နေညီလာ ပြောလိုက်မိသည်။ ရွှေဖဲ ရှက်ပြီး သူ့လက်မောင်းသူ ကျန်လက်ဖဝါးဖြင့် အုပ်ထားလိုက်တာတွေ့မှ ...

"ဆောရီး ... ကျွန်တော် မတော်တဆ မြင်သွားလို့ ပြောမိတာ"

ဟု တောင်းပန်လိုက်ရသည်။

"ရပါတယ်၊ ရွှေဖဲ ဘယ်လိုမှ မထင်ပါဘူး"

"အိမ်ရောက်ရင် ဆေးလေး ဘာလေး လိမ်းလိုက်ဦး၊ မိဘတို့ အစ်ကိုတို့ ဘာတို့ ရှိခဲ့ရင် မြင်မှာစိုးရင် လက်ပြတ် မဝတ်နဲ့ပေါ့"

"ဟုတ်ကဲ့"

"မရွှေဖဲ ပြန်ချင်ပြီလား"



www.burmeseclassic.com

www.burmeseclassic.com



"ခုန ကိုနေညီလာ မေးထားတဲ့ဟာကို မဖြေရသေးဘူး"

"ဘယ်ဟာလဲ"

"သူ ရွှေဖဲကို ဘာကြောင့် အနိုင်ကျင့်လဲဆိုတာ"

"သြော် ... အင်း ... ပြောပါဦး"

"သူတို့က မျိုးရိုးလိုက်တာထင်တယ်၊ သူ့အဖေကလည်း မိန်းမသိပ်နိုင်တာ၊ သူ့အမေကို သိပ်နိုင်တယ်တဲ့။ လူရှေ့ သူရှေ့လည်း အော်ရင်အော်တယ်။ စိတ်ဆိုးရင် တွေ့တာနဲ့ ကောက်ပေါက်တတ်တယ်။ ရိုက်လည်းရိုက်တယ်တဲ့၊ အဲဒီလိုပဲ သူ့အဘိုးတို့၊ ဦးလေးတို့ အကုန်ပဲ မိန်းမကို နိုင်ကြတယ်။ သူကိုယ်တိုင်ပဲ အဲဒါကို ဂုဏ်ယူစရာကြီးလိုလို တပြောပြောလုပ်ရင်း တဖြည်းဖြည်းနဲ့ ရွှေဖဲကိုပါ သူက အဲဒီလို စပြီးဆက်ဆံလာတာ"

"မရွှေဖဲ ဘာလို့ ငုံ့ခံလဲ"

"ရွှေဖဲ မသိဘူး ကိုနေညီလာ။ ဘာကြောင့် ရွှေဖဲ သူနှင့်သမျှ ငြိမ်ခံပြီး တစ်နှစ်ကျော်တောင် ရည်းစားသက်တမ်းကြာအောင် တွဲလာလဲ မသိပါဘူး။ အဲဒါကို ခုထိ ကိုယ့်ဘာသာ စဉ်းစားအဖြေရှာကြည့်လို့တောင် မရဘူး"

"အေးလေ ... ထားလိုက်ပါ။ မရွှေဖဲ အဖြေရှာမရတာ မပြောနဲ့။ ဇော်သူ့အဘိုး အနိုင်ကျင့်တာခံနိုင်တဲ့ အဘွားတို့၊ ဇော်သူ့ဦးလေး အနိုင်ကျင့်တာခံနိုင်တဲ့ အဒေါ်တို့၊ ဇော်သူ့





အဖေ အနိုင်ကျင့်တာ ခံနိုင်တဲ့ ဇော်သူ့အမေတို့မှာလည်း အဖြေရှိမယ် မထင်ဘူး"

ရွှေဖဲသည် အိမ်ပြန်မရောက်ခင်လေးမှာ ကိုနေညီလာသိအောင်တော့ တိကျသောအသံဖြင့် ပြောဖြစ်အောင် ပြောခဲ့သည်။

"ဒါပေမဲ့ ဒီတစ်ခါတော့ သေချာပါတယ်၊ ရွှေဖဲ သူကို တကယ်ပြတ်တာပါ။ ရွှေဖဲ သူ့ကို တကယ်မချစ်ခဲ့ဘူးဆိုတာ သေချာနေမှတော့ ဘာကြောင့် မပြတ်ရဲစရာရှိလဲ"

ကိုနေညီလာကတော့ ရွှေဖဲကို ငေးကြည့်ကာ နားထောင်နေခဲ့ပါသည်။ ဇော်သူ့ကို တကယ်မချစ်ဘူး။ ကိုနေညီလာ့ကိုတွေ့မှ ရွှေဖဲ တကယ်ချစ်ရတဲ့သူ တွေ့ပြီဆိုတာ သိလာတယ်ဆိုသော စကားစုလေးကိုတော့ ရွှေဖဲ ပြောမထွက်ရဲပါဘူး။ ရွှေဖဲရင်ထဲမှာပဲ သိမ်းဆည်းထားပါမယ်။ ဘာကြောင့်လဲဆိုတော့ ကိုနေညီလာ့မှာက ချစ်သူရှိနေပြီးသားလေ။ ရွှေဖဲ သူများရည်းစားကို လုမယူတတ်ဘူး။ လုလည်း မယူရဲဘူး။ ဝင့်လိုက်မှာကြောက်လို့ပါ။

○ ❤ ○



www.burmeseclassic.com

www.burmeseclassic.com



# အခန်း ၁၂ အခန်း

"သူများစုံတွဲကြားထဲ ဝင်ပါတာတော့ဟုတ်တယ်၊ တော်
ကြာ သူတို့ချင်း ပြန်အဆင်ပြေသွားတဲ့အခါ နင်ပဲ ငေါ
ကြီးဖြစ်နေဦးမယ်နော်"

နံ့သာမွှေးသည် သူငယ်ချင်းတွေ အားလုံး၏ အကြောင်းစုံ ပြန်ပြောပြနေသော နေညီလာ့ စကားအဆုံးတွင် ထိုသို့ ဝေဖန်လိုက်ပါသည်။ နံ့သာမွှေးရဲ့ ရင်ထဲမှာ ဘယ်လိုမှ မပူပင်ဘဲ နေလို့မရတော့။ ရင်ထဲမှာ ပူလောင်နေပြီ။ နေညီလာ ဟာ မရွှေဖဲကို တစ်နေ့ကျ ချစ်ကိုချစ်သွားတော့မယ်ရယ်လို့ ကြို တင်မှန်းဆ ကြည့်လိုက်တိုင်း ရင်ထဲမှာပူကာ လောင်မြိုက်နေတော့ သည်မှာ ဘာအပူနဲ့မှကို မတူနိုင်တော့။

အစတည်းကကို သူငယ်ချင်းတွေ ဝိုင်းစ၊ ဝိုင်းပို့ ဝိုင်းတွဲ ပေးထားလို့ စုံတွဲလိုလို ဘာလိုလို အထင်ခံရရုံလေးပဲ တယ်ဆိုတာ နံ့သာမွှေး ကိုယ်တိုင်ပဲ သိပါသည်။ နေညီလာဟာ





ယ်တော့မှ ဖွင့်ပြောမလာခဲ့ဖူးဘူး။ ဒါပေမဲ့ သူနဲ့ကိုယ့်ကြားမှာ လည်မှု တစ်ခုခုပဲ ရှိနေသလိုလို၊ ဆက်သွယ်မှု တစ်ခုပဲ ရှိနေ လိုလိုနဲ့ ကိုယ့်အတွက် လိုအပ်မယ့် Notes တွေဆို သတိတရ ာ်ပီကူးပေးထားတာမျိုး၊ ကျောင်းလခ ဘာညာ ငွေသွင်းစရာ င်သွင်းလာခဲ့ပေးတာမျိုး၊ ကိုယ်ကြိုက်တတ်တဲ့ အစားအသောက် ိုင် လမ်းကြုံတဲ့အခါ ဝင်ဝယ်ပေးလာခဲ့တာမျိုး၊ ကိုယ့်နှစ်သက် ာ်တဲ့ ဒရာမာကား ကောင်းကောင်းလေးတွေ တွေ့ရင် ဝယ် လာတာမျိုး ဘယ်မင်းသား၊ မင်းသမီးကို ကြိုက်တယ်၊ သူတို့ တဲ့ကားဆို မလွတ်တမ်း ကြည့်တယ်၊ ဘယ်အဆိုတော်ကို ကြိုက်တယ်၊ ဘယ်လိုသီချင်းမျိုးကို ကြိုက်တတ်တယ်။

ရေမွှေး ဆိုရင် D'ior ကထွက်တဲ့ Brand တွေ မျိုးစုံ ဝယ်စုထားတတ် တယ်။ Skin Care အတွက်ဆို L'oreal ခုပဲသုံးတယ် စသဖြင့်ပေါ့ တကယ့်ကို အသေးစိတ်ကအစ ညီလာ့က အကုန်သိရှိ မှတ်သားထားတတ်တာပါ။

နံ့သာမွှေး သွားချင်တဲ့နေရာတိုင်း မညည်းမညူ ခေါ်လိုက်ပေးတတ်ပြီး စိတ်လည်းရှည်လှတဲ့ နေညီလာ့ဆီမှာ သာမွှေးအတွက် အချစ်မရှိဘူးလို့ သူငယ်ချင်းတွေ ပြန်ပြောမိရင် ယ်ခံရတတ်တယ်။

"နင်တို့ကလည်းဟယ် ဒီလောက်တွဲနေတာ။ မချစ်ဘူးတို့ အချစ်မရှိဘူးတို့ ပြောမနေပါနဲ့။ 'အချစ်ဆိုတာ ဘာလဲဟင်



www.burmeseclassic.com

www.burmeseclassic.com



လို့ မြန်မာဗီဒီယိုကားတွေထဲမှာ ခဏခဏသုံးတဲ့ စကား
လုံးလုလုလို ဖြစ်နေပြီ။ အဲဒီ မသိတဲ့ အချစ်ကြီးကိုပဲ
တန်းတင်နေဖို့ မလိုဘူး”

“ဒီလောက် တစ်ယောက်အကြိုက် တစ်ယောက်သိ
နားလည်မှု ရှိနေတာဟာ။ ချစ်တယ်ပြောဖို့ လိုသေးလား”

နေညီလာ ဘာကိုကြိုက်တတ်သလဲ။ ဘယ်
အကြောင်းအရာမျိုးကို ပိုစိတ်ဝင်စားတတ်သလဲကအစ ကျော
စာတွင် ဘယ်ဘာသာမှာ အားနည်းပြီး ဘယ်ဘာသာမှာ တ
တော်နေတာ အလယ်၊ ကျောင်းလစ်ပြီး အဆောင်မှာ ဖဲသွား
ရင် ဘယ်တော့မှ မနိုင်ဘဲ ရှုံးပြန်လာရလည်း မမှတ်ဘဲ သွား
ရိုက်တတ်တာအဆုံး နှံ့သာမွှေးကလည်း သိနေတတ်ပြန်သ
တစ်ယောက်နဲ့တစ်ယောက်ဟာ သူတို့လောက် နားလည်မှုရှိ
လည်း ရှာမတွေ့နိုင်ပါဘဲနဲ့ သူတို့ကြားမှာ ပွင့်ပွင့်လင်းလင်းချ
ဖြစ်မလာတာဟာ စိုးရိမ်စရာ တစ်ခုရှယ်လို့ နှံ့သာမွှေး အရင်တ
ကကို ကြိုစိုးရိမ်နေတတ်ခဲ့တာပါ။

ကဲ ... အခုတော့ စိုးရိမ်နေခဲ့သလိုမျိုးပဲ ဖြစ်
တော့လေမလား။ မရွှေဖဲနဲ့ ပတ်သက်ရင် သိသိသာသာကို စ
လှုပ်ရှားတတ်တဲ့ နေညီလာ့ ရင်ထဲကို နှံ့သာမွှေး မြင်နေရပါသ
နေညီလာ့ အရိပ်အကဲကို အမြဲလိုကြည့်ပြီး သူ့ရင်ထဲကို နှံ့သာ
သာ အမြင်တတ်ဆုံး ဖြစ်ခဲ့တာကြောင့် ယခုလည်း မြင်နေခဲ့ပါ





“နှင် အဲဒီနေ့က ကိုယ်တိုင်မတွေ့လို့ပါ နှံ့သာ။ ဟိုကောင်
တော်တော့်ကိုရိုင်းတာ သိလား။ မရွှေဖဲသာ ငါ့ညီမဆိုရင်
အဲဒီကောင်ကို ငါ ကြေမွသွားအောင် ရိုက်သတ်ပစ်ပြီးနေ
ပြီ။ စိတ်ကို တအားထိန်းထားရတာ။ ကိုယ့်ဆိုင်ထဲမှာဆို
တော့ ကိုယ်ကစ,ထိုးလိုက်ရင် ကျန်တဲ့ဝန်ထမ်းတွေပါ
ဝိုင်းပါကြမှာလေ။ နာမည်ထွက်သွားတော့ ငါတို့ပဲအဆိုး
ဖြစ်မှာစိုးလို့ ငါ နှုတ်ခမ်းအတွင်းသားကို ဖိကိုက်ပြီး စိတ်
ထိန်းထားရတယ်”

သူငယ်ချင်းတွေကတော့ သာမာန်ကာလျှံကာ
ဘောမျိုးနဲ့ နားထောင်နေကြပေမယ့် နှံ့သာမွှေးမှာတော့ ဒါကို
အေးအေးနဲ့ နားမထောင်နိုင်ခဲ့ပါ။

“ဇော်သူဟာ အဲဒီလိုမျိုး ဘယ်နှကြိမ် လုပ်ခဲ့ဖူးပြီလဲ။
မရွှေဖဲကရော အမှတ်မရှိဘဲ ဟိုက ပြန်အချော့ကောင်းရင်
ဘယ်နှကြိမ်လောက် ပြန်ခွင့်လွှတ်ခဲ့ဖူးသလဲ ဆိုတာတော့
နှင် ခေါင်းထဲထည့်ဖို့ သင့်တယ်နော်။ စကားပုံရှိတယ်
မဟုတ်လား၊ ကြားသုံးကြား မဝင်ရဘူးဆိုတာ”

“ဘာဆိုင်လဲ နှံ့သာရဲ့၊ သူတို့က ရည်းစားပဲ။ ရည်းစားတွေ
ကြား မဝင်ရဘူးဆိုတာ မကြားဖူးပါဘူး”

“သူတို့က တစ်နှစ်ကျော်ကျော်လား နှစ်နှစ်လား ရည်းစား
ဖြစ်လာတာ။ တစ်ယောက်အကြောင်း တစ်ယောက် အကုန်



www.burmeseclassic.com

www.burmeseclassic.com



နီးပါး သိနေကြတဲ့ လင်မယားနီးပါး စိတ်ခတ်ချင်းနီး
နေပြီလေ။ လူတစ်ယောက်နဲ့ တစ်ယောက်ဟာ အနေ
လာရင်၊အနေကြာလာရင် သံယောဇဉ်ဆိုတာ ပိုခိုင်မြဲ
တာပဲ။ သူတို့ကြားက သံယောဇဉ်ကတော့ လင်မယ
လောက်နီးနီး ခိုင်နေပြီ”

“အဲဒီလောက် မထင်ထားသင့်ဘူးလေ။ သမီးရည်း
စုံတွဲကို လင်မယားတွေပါလို့တော့ နင် မစွပ်စွဲသင့်ဘူ
မရှေ့ဖဲ အနေနဲ့ ဣန္ဒြေသိက္ခာ ထိခိုက်မှာပေါ့”

“အံမယ်လေးဟယ် ... ဆတ်ဆတ်ထိ မခံနိုင်အောင် ဖြ
နေလိုက်တာ။ ငါက အဲဒီလောက်ကြီး သူများကို အထ
သေးပြီးပြောတဲ့ သဘောလည်း မဟုတ်ပါဘူး။ သူတို့လ
မယားဖြစ်နေပါပြီ။ လင်မယားတွေလို နေနေပါပြီလို့လည
စွပ်စွဲလိုက်တာ မဟုတ်ပါဘူး၊ ငါက အဲဒီလောက် စိ
ခတ် ယုတ်မာပါ့မလား နေညီလာရယ်။ ငါက သူတို့
သံယောဇဉ်ကို နှိုင်းပြီးပြောတာပါ၊ အဲဒါလေးပြောတာ
အရမ်းကို စကားလုံးတိုင်းကို လိုက်ဂရုစိုက်နေတော့တာ
လား၊ မလွယ်ပါလား နေညီလာရယ်၊ ဘာမှတောင် အပြ
မပေးရဲအောင်ပါလား”

နှံ့သာမွှေးသည် စိတ်ထဲမှာ ချုပ်တည်းထားရော
က များလာသဖြင့် နေညီလာ့ စကားတွေကို ဆက်တိုက်ပဲ ပြ





ပြန်ပြောလိုက်မိပါသည်။ စကားသံကမာပြီး စိမ်းနေလေရာ
တဲ့သူငယ်ချင်းတွေရော၊ နေညီလာပါ တအံ့တဩပင် နှံ့သာ
ကို ဝိုင်းကြည့်လိုက်ကြကြောင်း စကားအဆုံးမှာ သတိထားမိ
က်သည်။

“ငါ ward ထဲသွားပြီး case တွေ လျှောက်ကြည့်လိုက်ဦး
မယ်”

နှံ့သာမွှေးသည် ဆေးရုံ၏ စာသင်ဆောင်ထဲမှာ
ထိုင်ကာ နားနေကြသော သူငယ်ချင်းတွေကို ကျောခိုင်းကာ
တီကုတ်ကောက်ဝတ်၊ နားကြပ်ဆွဲကိုင်ပြီး လူနာဆောင်တွေ
က် ထွက်လာခဲ့ပါသည်။ နောက်ကွယ်မှာ ဘာတွေပဲ ပြောကျန်
ပါစေ ဂရုမစိုက်ချင်တော့။ ငါ့ရင်ထဲမှာ ရှိတာကို နင် မြင်တတ်
နေညီလာရယ်။ မျှော်လင့်နေခဲ့ရတဲ့ မိန်းမသားဘဝဆိုတာ
ဘက်က ဖွင့်ပြောလာမှ ပွင့်လင်းရဲတာပါ။ မပွင့်မလင်း ဘဝ
ကြီးနဲ့ နာမည်ခံ“ချစ်သူ”တွေ ဖြစ်နေရတာ ဘယ်လောက်ကြေကွဲ
ရောကောင်းလဲ။

နှံ့သာမွှေး ထင်တဲ့အတိုင်းပါပဲ။ နှံ့သာမွှေး ထွက်
သွားတာနဲ့ တင်မောင်ဦးက သူ့ရဲ့မထွက်တော့တဲ့ လေသံကိုပဲ
ခပ်တိုးတိုးလုပ်ပြီး ...

“မင်းကလည်း ဟုတ်သားပဲ။ သူ့ရှေ့ထားပြီး တခြားမိန်း
ကလေးအပေါ် သည်းပြနေတာကိုး”



www.burmeseclassic.com

www.burmeseclassic.com



ဟု နေညီလာ့ကို ဝေဖန်လိုက်သည်။

ဆေးရုံပို့စတင်တူကြသော အုပ်စုမှာ ကြည်သာထွန်းတော့ မပါသဖြင့် ဒီပြဿနာကို မသိရပါ။ အခု ပို့စတင်စာသင်ချိန်တွေ ပြောင်းရတော့ နေညီလာတို့အုပ်စုက O.G (သားဖွားမီးယပ်ဆေးပညာ)ဘာသာရပ်အတွက် ဗဟိုအမျိုးသမီးဆေးရုံကြီးမှာ စာသင်ရသည်။ ကြည်သာထွန်းကတော့ Surgery (ခွဲစိတ်ကုဆေးပညာ)ဘာသာရပ်ဖြင့် ရန်ကုန်ဆေးရုံကြီးက ခွဲစိတ်ကုသဆောင်မှာပဲ စာဆက်သင်ရသည်။

အခု ဒီအုပ်စုမှာက နေညီလာတို့ သုံးယောက်ရယ် နံ့သာမွှေးနဲ့ အတွဲဆုံး သူငယ်ချင်း ညိုညိုအောင်ရယ်သာ တစ်အုပ်စုလို ဖြစ်နေသည်။ ညိုညိုအောင်ကတော့ မရွှေဖဲ ဆိုတာကို အင်းလျားမှာ ဘူးသီးကြော်စားကြတုန်းကသာ တစ်ခါမြင်ဖူးလိုက်လေရာ ဒီကောင်မလေးနဲ့ ပတ်သက်မှုကို အခုမှ သေသေချာချာ သိရသလိုဖြစ်ပြီး အံ့ဩနေသည်။ မိန်းကလေးချင်းမို့ နံ့သာမွှေးရဲ့ခံစားချက်ကိုလည်း ရိပ်မိသလိုလို ဖြစ်နေသည်။

"နင် ငါ့သူငယ်ချင်းအပေါ်မှာတော့ သစ္စာဖောက်ဖို့ မစဉ်းစားနဲ့ နေညီလာ။ နံ့သာက နင့်ကို အရမ်းသဝန်တိုသွားတာ။ ကဲ … ကဲ နင်တို့ ဆက်ပြီး အတင်းပြောရင် ပြောကြဦး။ ငါတော့ နံ့သာနောက် လိုက်သွားပြီး သူ စိတ်ပြေအောင် စကားသွားပြောလိုက်ဦးမယ်"





အခန်းထဲမှာ နေညီလာတို့ သုံးယောက်ရယ်၊ စာအတူသင်ရသော အတန်းထဲက တချို့ရယ် ကျန်ပါသည်။ ward တစ်ခုကို လူဆယ်ယောက်၊ ဆယ့်နှစ်ယောက်၊ ဆယ့်သုံးယောက်စီယောက် ခွဲထားသဖြင့် နေညီလာတို့အားလုံး ငါးယောက်အပြင် အခြားလူတွေလည်း စာသင်ဆောင်မှာ ရှိပါသည်။ ဒီအခန်းလေးကတော့ ward ထဲက စာသင်ဆောင် အသေးလေးဖြစ်သည်။ ညနေပိုင်း လက်ချာချိန်တွေမှာ ပါမောက္ခတွေ၊ ဌာနမှူးတွေကိုယ်တိုင် သင်ပေးတတ်ရာ ward ထဲက အုပ်စုတွေ အကုန်ပေါင်းပြီး သိရတာ အကြီးကြီးမှာ စာသင်ကြရလေသည်။

"နံ့သာမွှေးကို ပြန့်ချော့လိုက်ပါကွာ"

"မင်းတို့ ဘာသဘောနဲ့ ပြောနေကြတာလဲ"

နေညီလာ ငြိမ်ပြီး နားမထောင်နေနိုင်တော့တာကြောင့် ပြန်မေးလိုက်သည်။ နေညီလာတို့ကို စုံတွဲအဖြစ် သတ်မှတ်ပြီး တွဲတွဲစနေကြတာကိုလည်း သိပါသည်။ နေညီလာကလည်း အရင်ကတော့ နံ့သာမွှေးကို စိတ်မဝင်စားခဲ့တာတော့ မဟုတ်။ စိတ်ဝင်စားဖူးခဲ့ပါသည်။ ဘယ်အချိန်ကလဲ ဆိုတော့ ဆေးကျောင်းစတက်ခြင်းနေ့က။ ကျောင်းစတက်ရသော လူသစ်ရက်ရှာတွေအဖြစ် လန်းဆန်းတက်ကြွနေစဉ်၊ ငယ်ငယ်တည်းက စိတ်ကူးယဉ်ခဲ့ဖူးသော တက္ကသိုလ်ကျောင်းသားဘဝကို ပထမဦးဆုံး ကြုံတွေ့ရတဲ့ ခံစားချက်အသစ်တွေနဲ့ စိတ်ပျော်နေစဉ်။ အဲဒီ



www.burmeseclassic.com

www.burmeseclassic.com



လို အချိန်မှာ ယောကျ်ားလေးတွေကလည်း အတန်းထဲမှာ ဘယ် မိန်းကလေးအလှဆုံးလဲလို့ ရွေးချယ်အမှတ်ပေးနေခိုက်မှာ နေညီလာ သဘောအကျဆုံး ရွေးချယ်ခဲ့မိသူက နှံ့သာမွှေးပါ။

နှံ့သာမွှေးကို စိတ်ဝင်စားခဲ့ကြသူတွေဟာ သူ့တစ် ယောက်တည်းတော့ မဟုတ်ခဲ့။ အသားဖြူစင်စင် မျက်ခုံးမျက်လုံး လှလှ၊ မျက်နက်ဝန်းစိုစိုနဲ့ မည်းနက်စိုလက်နေတဲ့ ဆံပင်ဖြောင့် ဖြောင့် ရှည်ရှည်စင်းစင်း တစ်ညီတည်းပုံစံဟာ ယောကျ်ားလေး အများစုရဲ့အာရုံကို ဆွဲဆောင်နိုင်ခဲ့တယ်။

"ဒီမိန်းကလေး အလှဆုံးပါပဲဗျာ။ မြင်လိုက်ရရင် နှလုံး သားထဲမှာ အေးသွားစေတဲ့ အလှမျိုးပါဗျာ"

လို့ မခင်မင်ကြစဉ်ကာလကတော့ နေညီလာ တစ် ယောက် အသံကျယ်ကျယ်နဲ့ နှံ့သာမွှေးသိအောင် အော်ခဲ့ဖူးတယ်။ နှံ့သာမွှေး လှည့်ပြီးမျက်စောင်းထိုးရင် "အိ ... အား ... အသည်း ကွဲပါပြီဗျာ"တွေ ဘာတွေ လျှောက်အော်ခဲ့ဖူးတယ်။ ဒါက တစ် ယောက်နဲ့တစ်ယောက် မခင်မင်ကြသေးခင်မှာသာ ဟိုလိုလိုဒီလိုလို စခဲ့တာမျိုးပါ။

ဆေးကျောင်းမှာ လူကနည်းနည်း။ ဒီလူ ... ဒီလူ တွေချည့်ပဲ ခုနစ်နှစ်လောက် တွေ့မြင်ဖန်များလာတော့ ရင်းလာပြီး လူချင်းလည်း တကယ့်ကို သူငယ်ချင်းအရင်းကြီးတွေလို၊ ငယ် ပေါင်းတွေလို ပြောမနာ၊ ဆိုမနာ ဖြစ်လာကြတယ်။ စတွေ့ခါစက





အိစီကလီ ဘာလိုလို ဖြစ်ခဲ့ဖူးသူတွေဟာ အချိန်ကြာလာတဲ့အခါ ခင်မင်ရင်းနှီးမှုဘက်ကို ပြောင်းသွားပြီး တကယ်သာ မချစ်ခဲ့ရင် တော့ အခင်ဆုံး သူငယ်ချင်းတွေ ဖြစ်သွားတတ်ကြတာများသည်။ တကယ်ပဲ စိတ်ဝင်တစား ချစ်ခဲ့ကြသူတွေလည်း ရှိပါသည်။ ထို သူတွေကတော့ ကျောင်းပြီးတဲ့အထိပဲ တွဲကာ ကျောင်းပြီးရင် ယူ ကြမယ်ဆိုတဲ့ ရည်မှန်းချက်နဲ့ ခိုင်မြဲနေသူတွေလည်း ဖြစ်သည်။

နေညီလာ့ အဖြစ်ကတော့ ချောလို့၊ လှလို့၊ ပေါ်ပြူ လာဖြစ်လို့ သူပါ ဟေးလားဝါးလားနဲ့ ဝင်ပါပြီး ရောယောင်စိတ် ဝင်စားလိုက်သည်သာဖြစ်ရာ တစ်အုပ်စုတည်း စာအတူတူသင်၊ ပရက်တီကယ် အတူတူလုပ်၊ လူသေအလောင်းတွေ အတူတူခွဲရ တဲ့အတန်းကစလို့ အခုနောက်ဆုံးနှစ် အပိုင်း(ခ)မှာ ဆေးရုံမှာစာ သင်ကြရတဲ့အတန်းထိ မခွဲမခွာ ဖြစ်လာသောအခါ နှံ့သာမွှေးကို သူငယ်ချင်းတစ်ယောက်ထက်ပိုပြီး စိတ်ဝင်စားလို့ မရခဲ့တော့ပေ။ နှံ့သာမွှေး ချောမှန်း၊ လှမှန်း၊ စာတော်မှန်းလည်း သိသည်။ ရည်းစားလည်း တစ်ယောက်မှကို မထားသေးတာလည်း သိသည်။ သူ့အပေါ် သံယောဇဉ်ရှိမှန်းလည်း သိသည်။ သို့သော် သူ ဘယ် လိုမှ ချစ်သူမဖြစ်ချင်ခဲ့။

အတွက်ကြီးတယ်ပဲ ပြောရမလား။ တစ်နေ့ကျရင် လက်တွဲဖို့ အဖော်တစ်ယောက်ရှိဖို့ လိုလာခဲ့ရင် တခြားချစ်နိုင်တဲ့ မိန်းကလေးကို ရှာမတွေ့ခဲ့ရင် နှံ့သာမွှေးကိုသာ အရွေးသင့်ဆုံး၊



www.burmeseclassic.com

www.burmeseclassic.com



သူ့အတွက် အသင့်တော်ဆုံးလို့ သတ်မှတ်ပြီး ရွေးမိမှာတော့ သေချာသည်။

အခုတော့ မထင်မှတ်သော ထောင့်တစ်နေရာကနေ ဝင်လာခဲ့တဲ့ မရွှေဖဲကို နှံ့သာမွှေးထက်ပင် ပိုပြီးနေရာပေးလာမိသည်။ အချိန်တိုင်း ဒီမိန်းကလေးကိုသာ သတိတရ ဖြစ်နေမိသည်။ သူကလေးနဲ့ ပတ်သက်ရင် ရင်ထဲမှာ တုန်ရီ၊ သည်းသည်းလှုပ်နေအောင် ခံစားရတတ်တာတွေလည်း မကြာခဏ။ ချစ်သူရည်းစားရှိပြီးမှန်း သိပေမယ့် ရင်ထဲမှာ ထောင့်တစ်နေရာတွင်ထည့်ကာ မြတ်နိုးနေချင်မိသည့် စိတ်ကိုလည်း အံ့ဩမိပါသည်။

"မင်းစိတ်တွေ စပြီးဖောက်ပြန်နေပြီ နေညီလာ၊ ငါတို့က မင်းသူငယ်ချင်းပေမယ့် မင်း အခုလို စပြီးဖောက်ပြန်မယ်ဆိုရင်တော့ နံ့သာမွှေးဘက်က ပါသင့်ရင် ပါရလိမ့်မယ်။ မင်းတို့ ဒီလောက်ထိ ဖွဲလာကြပြီးမှ ဘာမဟုတ်တဲ့ မိန်းကလေးတစ်ယောက်အတွက်နဲ့ မင်း သူ့ကို မမေ့ပစ်သင့်ဘူး"

ထွန်းတောက်လို စာကလွှဲရင် ချစ်တာတွေ၊ မုန်းတာတွေကို သိပ်မပြောသည့် ကောင်ကပင် နေညီလာ့ကို ထိုသို့စပြောလာသည်။ တင်မောင်ဦးကလည်း ...

"နံ့သာမွှေးကိုပဲ မင်း ဦးစားပေးသင့်တယ်"

"ငါနဲ့ နံ့သာကို မင်းတို့က ဘာကြောင့် ရည်းစားဖြစ်နေပြီလို့ ထင်ရတာလဲ"





နေညီလာ သူတို့စကားတွေ အဆုံးမှာ ပြန်မေးလိုက်မိသည်။ နေညီလာ့ မေးခွန်းကြောင့် သူတို့နှစ်ယောက် ခပ်ကြောင်ကြောင် ပြန်ကြည့်နေကြသည်။

"မင်းတို့ ဒီလောက်တွဲနေပြီးမှ"

"တွဲတာပဲ ရှိတယ်လေကွာ"

"မင်း ဘာကြောင့်ပဲတွဲတွဲ။ မင်းတို့ကြားမှာ ဘယ်လိုပတ်သက်မှုပဲရှိရှိ မင်း အခုချိန်မှာ သူ့ကိုထားခဲ့ပြီး တခြားတစ်ယောက်ကို ပေါ်တင်သွားတွဲပြမယ်ဆိုရင် သူ တော်တော်စိတ်ထိခိုက်သွားလိမ့်မယ်။ နောက်ပြီး ကျောင်းကလူတွေကြားမှာလည်း သူ အရှက်ကွဲမှာပေါ့"

"ငါ တခြားတစ်ယောက်ကို ချက်ချင်းကြီး ရွေးတော့မယ်လို့ မပြောသေးပါဘူး"

"ဒါပေမဲ့ မင်း ခြေလှမ်းတွေက ပြင်နေပြီ"

တင်မောင်ဦးက တောက်လျှောက်ပြောပြီး ထွန်းတောက်ကတော့ တစ်ချက်တလေမှ ဝင်ပြောပါသည်။ ဒါတောင် ကြည်သာထွန်း မရှိသေးလို့။ ကြည်သာထွန်းသာရှိရင် သုံးယောက်နဲ့တစ်ယောက်မှာ သုံးယောက်လုံးကတော့ နေညီလာ့ အမှားဟုသာ ပြောမှာသေချာသည်။

"ဘယ်ဘက်ကကြည့်ကြည့် နံ့သာမွှေးက အရာရာ သာပါတယ်ကွာ။ ငါတို့ ခင်မင်လာကြတဲ့တစ်လျှောက်လုံး ဘယ်



www.burmeseclassic.com

www.burmeseclassic.com



ကောင်နဲ့မှလဲ ရည်းစားမဖြစ်ဖူးဘူး။ မင်းကိုပဲ အရိပ်တကြည့်ကြည့် ချစ်နေတယ်လို့ ငါတို့သိတယ်။ မရွှေဖဲကတော့ မင်းနဲ့မတွေ့ခင်မှာ ဇော်သူနဲ့ အကြာကြီး တွဲလာခဲ့တာနော်။ မင်း စဉ်းစားပြီး ရွေးသင့်တယ်"


ထိုအချိန်မှာပဲ ညိုညိုအောင် အခန်းဝမှာ ခေါင်းပြူဝင်လာပြီး ...

"ဆရာ ခေါ်နေပြီ၊ Twins Pregnancy Case (တွင်း(စ) ပရက်နမ်စီကေ့(စ))တစ်ခု ရှိတယ်၊ အဲဒါကို History (ဟစ္စတြီ)နဲ့ Physical Examination (ဖစ်ဆစ်ကယ်လ် အိပ်ဇမ်နေးရှင်း)ပြမယ်၊ ပြီးရင် စာသင်မယ်တဲ့။ အခန်းထဲမှာ မသင်အားဘူး။ ward ထဲမှာပဲ Beside (ဘတ်ဆိုက်ဒ်) သင်သွားမယ်တဲ့၊ လာခဲ့ကြတော့"

ဟူ၍ လာခေါ်လိုက်သဖြင့် သူတို့အားလုံး စကားပြတ်သွားကာ စာအုပ်အသီးသီးကိုင်၊ ဂျူတီကုတ်ကောက်ဝတ်နားကြပ်ချိတ်ပြီး ward ထဲ ထွက်လာခဲ့ကြတော့လေသည်။








www.burmeseclassic.com

www.burmeseclassic.com



## ၁၃

နေညီလာသည် အခုနောက်ပိုင်းမှာ နေ့တိုင်းလိုလို မရွှေဖဲကို သတိရနေတတ်ခဲ့သဖြင့် မနေနိုင်တော့တဲ့ တစ်နေ့မှာ တစ်ခါက သူ လိုက်ပို့ပေးခဲ့ဖူးသော မရွှေဖဲ အိမ်ရှေ့ ကားဖြတ် မောင်းကြည့်မိသည်။ နှစ်ထပ်တိုက်လေးရှိသော ခြံဝင်းမကျဉ်း မကျယ် အိမ်လေးက တိတ်ဆိတ်နေပေမယ့် ဒီအိမ်မှာ မရွှေဖဲ နေ တယ်ဆိုသော အသိကြောင့် ကားတစ်ခေါက် ဖြတ်မောင်းပြီးသော အခါ သူ့ရင်ထဲမှာ နွေးနေသည်။

နောက်တစ်ခေါက် ဖြတ်မောင်းလိုက်၊ ရင်ထဲမှာ သတိရနေတာတွေ သက်သာသွားသလိုလို ဖြစ်လိုက်။ နောက်ထပ် ဖြတ်မောင်းကြည့်ချင်လိုက်ဖြစ်ကာ သုံးလေးခေါက် ဖြတ်မောင်း ပြီးသော် သူ့ဘာသာ အသံထွက် ရယ်မောပြီး ထိုလမ်းထဲက ပြန် ထွက်လာလိုက်ပါသည်။





ဒီလောက် လုပ်လိုက်ရရင်ပဲ မရွှေဖဲကို တစ်ခေါက် တွေ့လိုက်ရသလို ခံစားကာ ရင်ထဲမှာ ကျေနပ်သွားပါသည်။ လမ်းသွယ်ထဲအထွက် လမ်းမကြီးပေါ် ထွက်မလို့လုပ်တုန်း လမ်း ချိုးကွေ့လာသော ကားလေးတစ်စီးကို မြင်လိုက်လျှင် ...

"ဟာ ... မရွှေဖဲ"

ဟု နေညီလာ့ ရင်ထဲမှာ ဝမ်းသာမှုလား ဘာလား ခွဲမရတဲ့အသံနဲ့ ရုတ်တရက် အသံတောင်ထွက်သွားပါသည်။ မမ်းသတိရနေတုန်း သူ့လမ်းထဲ သူမသိအောင်ဖြတ်ပြီး ပြန် ထွက်မှာ ဆုံလိုက်ရတာ။

"တီ ... တီ"

မရွှေဖဲကလည်း နေညီလာ့ကို မြင်သွားပုံဖြင့် ကား ဟွန်းသံ ပြုလိုက်သည်။

"ကိုနေညီလာ"

ကားဟွန်းသံရော လူပါ ကားထဲကထွက်ပြီး ခေါ် လိုက်သံရောဖြင့် နှုတ်ဆက်လျှင် ...

"မရွှေဖဲ"

ဟု နေညီလာ လက်ပြပြန်နှုတ်ဆက်လိုက်သည်။

"ဘယ်လာတာလဲ"

"ဪ ... ဟို ... ဒီနားမှာ ဆရာတစ်ယောက်အိမ်ရှိတယ်။ အဲဒီခဏလာတာ"



www.burmeseclassic.com

www.burmeseclassic.com



"အခု ပြန်တာလား"

နေညီလာ ပါးစပ်ထဲတွေ့တာ ဖြီးဖြန်းလိုက်ရ
မရွှေဖဲကတော့ ယုံနေပုံရသည်။

"ဟုတ်တယ်၊ ပြန်တော့မှာ"

"ရွှေဖဲအိမ် ဒီလမ်းထဲမှာလေ၊ ကိုနေညီလာ တင်
လိုက်ပို့ဖူးပါတယ်။ မေ့သွားလို့လား"

"မမေ့ပါဘူး"

"ဝင်တောင်မလည်ဘူးနော်"

"သြော် ... ကျွန်တော်က မရွှေဖဲ ရှိမှန်း မရှိမှန်း မ
လို့ ဝင်မလည်တာပါ"

"အခု လိုက်လည်ပါလား"

"ရပါတယ် မရွှေဖဲရယ်"

"ကိုနေညီလာက ရွှေဖဲ ခင်သလို ပြန်မခင်ဘူးထင်တ

"ဘာဖြစ်လို့ အဲဒီလိုပြောတာလဲ"

"ရွှေဖဲ အိမ်ကိုမလာချင်ဘူး"

"ကျွန်တော် လူကြီးတွေနဲ့ စကားပြောရမှာ မနေတ
ပါ။ မရွှေဖဲကို ခင်ပါတယ်။ အိမ်တော့လာမလည်ချင်
ဘူး"

ရွှေဖဲသည် ကိုနေညီလာ့ကို တွေ့တွေ့ချင်း ဝ
အားရနှင့် ရင်ထဲခုန်ကာ ဘာတွေပြောမိမှန်းမသိ ဖြစ်





နောက်တော့ ကိုယ့်ဘာသာ ပြန်အရှိန်သတ်လိုက်သည်။ ကိုနေညီလာ လာချင်မှန်း မလာချင်မှန်း မသိဘဲ အိမ်ကို အလည်မခေါ်သင့်ဘူးလေ။ ပြီးတော့ ရွှေဖဲ ဒီလမ်းထဲမှာနေမှန်း သိရက်နဲ့တောင် သူ့ဆရာအိမ် လာစရာရှိတာလာပြီး ရွှေဖဲကို သတိတောင်မရဘူး။ သူ့ကြည့်ရတာ ရွှေဖဲကို မြင်မှပဲသတိရပုံပဲ။ ရွှေဖဲသည် စိတ်ထဲမှာ လျှောက်တွေးပြီး ကြေကွဲကာ ရုတ်တရက်ရွှင်မြူးနေရာမှ မျက်နှာ ပြန်ညှိုးသွားမိပါသည်။

"ဆောရီးနော် မရွှေဖဲ။ ကျွန်တော် ဘယ်လိုသဘောနဲ့မှ ပြောတာမဟုတ်ပါဘူး"

ကိုနေညီလာ သတိထားမိပြီး တောင်းပန်သံကြားမှ ရွှေဖဲ မျက်နှာအမူအရာကို ပြင်လိုက်ရသည်။

"ကိုနေညီလာ့ကို မုန့်ကျွေးချင်တယ်၊ အခု ဆိုင်သွားထိုင်မလား"

"မရွှေဖဲ အားလို့လား"

"အားတယ်၊ ရွှေဖဲ ခုလေးတင် ပြန်လာတာလေ၊ အိမ်ပြန်ရုံပဲ။ အိမ်မပြန်သေးလည်း ရပါတယ်"

"ဒါဆို သွားလေ"

"ကိုနေညီလာ ဘယ်ဆိုင်ကြိုက်လဲ"

"မရွှေဖဲ ကြိုက်တဲ့ဆိုင် သွားပါ။ ကျွန်တော် နောက်က လိုက်မောင်းခဲ့မယ်လေ"



www.burmeseclassic.com

www.burmeseclassic.com



"အိုခေ ... ဒါဆို ရွှေဖဲ ရှေ့ကမောင်းသွားပြီနော်"

သူတို့လမ်းထိပ်မှာပဲတွေ့ကာ ရှေ့ဆင့်နောက်ဆင့် ကားအသီးသီးဖြင့် ထွက်သွားကြတာကို ဇော်သူ မြင်လိုက်ရသည်။ ဇော်သူ အခုတလော တော်တော့်ကို မကျေမချမ်း ဖြစ်နေသည်။ ရွှေဖဲနဲ့ ပြဿနာဖြစ်ပြီးနောက်ပိုင်း သူ ရွှေဖဲကို အဆက်အသွယ်ရအောင် ကြိုးစားခဲ့သည်။

ဖုန်းဆက်တော့လည်း မကိုင်။ ရွှေဖဲရဲ့ Hand Phone ကို ဆက်တော့လည်း ရွှေဖဲက အမေနဲ့ လဲကိုင်ထားကြောင်း သိလိုက်ရသည်။

"ဒီမှာကွယ့် မောင်ဇော်သူ၊ အန်တီ မင်းနဲ့သမီးအကြောင်း အကုန်သိတယ်။ သမီး မနေ့တစ်နေ့ကတင် ပြောပြပြီးပြီ။ မင်း ဖုန်းဆက်နှောင့်ယှက်မှာကြောက်လို့ သူ့ဖုန်းတောင် သူ မကိုင်တော့ဘူး။ အန်တီ့ကို လာပေးထားတယ်၊ ဒီတော့ မင်း ဆက်လည်း အလကားပဲ။ မင်းကိုလည်း အန်တီ သတိပေးတယ်။ သမီးကို ဆက်ပြီးမနှောင့်ယှက်ပါနဲ့။ အစကတော့ သမီးလည်း လက်ခံလို့ မင်းကို အန်တီ ကြည်ဖြူစွာပဲ စကားပြောတာပါ။ အခုတော့ မင်းအကြောင်း တွေ အကုန်သိလိုက်ပြီမို့ အန်တီ မနှစ်မြို့တော့ပါဘူး"

ရွှေဖဲမိခင်ဆီမှ သတိပေးစကားကို ကြားရပေမယ့် ဇော်သူပဲ ဘယ်မှုမလဲ။ တစ်ရက်မှာ ရွှေဖဲ အပြင်ထွက်လာတာကို





ချောင်းပြီး နောက်ကလိုက်။ ရွှေဖဲ ကားပေါ်ကဆင်းတာနဲ့ ချက်ချင်း သူပါလိုက်ဆင်းပြီး မရွှေဖဲ လက်ကောက်ဝတ်ကို ဆောင့်ဆွဲလိုက်ကာ ...

"ငါနဲ့ လိုက်ခဲ့စမ်း"

လို့ ခြိမ်းခြောက်ပြီး ဆွဲခေါ်မလို့လုပ်တုန်းမှာ သူ့အား ဝိုင်းလာကြသော သူတွေနဲ့ ကြုံလိုက်ရသည်။

"ဟောကောင် ... ရွှေဖဲကို လွှတ်လိုက်စမ်း"

"ထင်တယ်၊ ထင်ကို ထင်တယ်။ ဒါကြောင့် ငါတို့ ရွှေဖဲ အပြင်ထွက်တိုင်း ခဏလိုက်စောင့်ပေးနေတာ။ တစ်ရက် တော့ မင်း ဒီလိုလုပ်မှာပဲလို့ သိကိုသိတယ်။ ဒါကိုစောင့် ဖမ်းနေတာ"

"ဒီမှာ ... မင်း ကြပ်ကြပ်သတိထား။ ရွှေဖဲ အလိုမတူဘဲ မင်း ဆွဲလား ရမ်းလား လုပ်မယ်ဆိုရင် မင်းကို ငါတို့ဝိုင်း ဖမ်းပြီး ထောင်ချပစ်လိုက်မယ်။ ဝိုင်းတော့ မထိုးဘူး။ အားလုံးကို မျက်မြင်သက်သေခေါ်ပြီး ဝိုင်းထောင်ချပစ်လိုက် မယ်"

ဇော်သူသည် သူတစ်ခါမှ မမြင်ဖူးသော သူနဲ့မတိမ်း ယိမ်း ကောင်တွေကို ဒေါသတကြီး ပြန်ကြည့်ကာ ...

"အံမာ ... မင်းတို့က ဘယ်သူမို့လို့ ငါ့ကို ဒီလိုလာအမိန့် ပေးရဲတာလဲ။ ရွှေဖဲက ငါ့ရည်းစားကွ၊ ငါပိုင်တယ်"



www.burmeseclassic.com

www.burmeseclassic.com



"ဘာ ... နင့်ရည်းစားလဲ။ နင်နဲ့ငါ လမ်းခွဲပြီးပြီလေ၊ သူ ပြောတာ မယုံနဲ့ ကိုတွတ်"

"ဒီကောင်တွေက ဘာမို့လို့လဲ"

"ဟေ့ကောင် ... မင်း သူ့လက်ကို လွှတ်ရင်လွှတ်နော်၊ မလွှတ်ရင် ငါတို့ဝိုင်းချုပ်တော့မယ်၊ ရဲစခန်းပို့တော့မယ်"

"ငါတို့က ရွှေဖဲရဲ့ ဝမ်းကွဲအစ်ကိုတွေပဲ"

ဇော်သူ တစ်ခါမှလည်း မမြင်ဖူးသဖြင့် မယုံပါ။ ကပဟားဟား တမင်ရယ်ပြပြီး ရွှေဖဲကို ဆောင့်ဆွဲလိုက်လျှင် တ ယောက်ဆီမှ လက်သီးတစ်ချက် ဝင်လာတာမြင်သဖြင့် အတွေ့ အကြုံရှိစွာ ရှောင်လိုက်ပါသည်။ ရွှေဖဲကို လွှတ်ပေးလိုက်ပေမယ့်

ကျန်တဲ့နှစ်ယောက်တို့က သူ့ကို ဝိုင်းချုပ်ပြီးဖြစ်နေ သည်။ သူ ဘယ်လိုပဲရုန်းရုန်း မရ။ ထိုသုံးယောက် ဝိုင်းချုပ်ခေ ပြီး တကယ်ပဲ ရဲစခန်းပို့ပါသည်။ ရွှေဖဲ ကိုယ်တိုင်က တိုင်ချက်ဖွ ပါသည်။

ရဲစခန်းမှာ တစ်ညအိပ်လိုက်သည်။ နောက်နေ့ကျ မိဘတွေရောက်လာပြီး အာမခံနဲ့ လာထုတ်ရသည်။

"ဟိုဘက်က မကျေနပ်လို့ တရားစွဲထားတာကို မရုပ်သိမ်း ဘူးလုပ်နေတာ။ မိဘက မနည်းအောက်ကျို့တောင်းပ လွန်းလို့ သူတို့ ပြန်ရုပ်သိမ်းလိုက်မှ အာမခံနဲ့ထုတ်ပေး ရတယ်။ ဒီတော့ မင်း ကြပ်ကြပ်သတိထားပါ ဇော်





အဲဒီကောင်မလေးကို နောက်ထပ် သွားမနှောင့်ယှက်ပါနဲ့။ သူ့ကို မနှောင့်ယှက်ပါဘူး ကိုယ်ထိလက်ရောက် ဆွဲလားရမ်း လား မလုပ်ပါဘူးလို့လည်း ဝန်ခံချက်ပေးထားတာ ခေါင်း ထဲထည့်ထားပေတော့။ နောက်တစ်ခါ ဒီလိုဖြစ်လို့ကတော့ ထောင်ထဲကို ခြောက်လလား တစ်နှစ်လား သွားနေရဖို့ပဲ စဉ်းစားဖို့ရှိတယ်။ ငါလည်း နောက်တစ်ခါ မင်းကို အာမ ခံနဲ့ မထုတ်တော့ဘူး"

တစ်အိမ်လုံးမှာ အကြောက်ရဆုံးဖြစ်သော အဖေက သူ့ကို ဆူပူကြိမ်းမောင်းပြီး သတိပေးသဖြင့် အခုတလော သူ ငြိမ်နေရတာဖြစ်သည်။ အမှန်တော့ ဇော်သူ လုံးဝ မကျေ ရွှေဖဲကို သူ တကယ်လည်းချစ်သည်။ ရွှေဖဲကိုပဲ ပိုင်ဆိုင် သည်။ ဒါပေမဲ့ သူ့စိတ်ကိုက သူများအပေါ် အနိုင်ကျင့်တတ် သည့်စိတ်မျိုး ဖြစ်နေလေရာ ရွှေဖဲကို ချစ်တာကတစ်ပိုင်း။ နိုင် တာကတစ်ပိုင်းလို ဖြစ်နေသည်။

"ရွှေဖဲရဲ့ အစ်ကိုဝမ်းကွဲတွေဆိုတာ တကယ်ကောရှိလို့လား၊ ငါ တစ်ခါမှ မတွေ့ဖူးဘူး၊ ငါ တွေ့ဖူးတာတွေ ရှိသားပဲ။ ဒီလိုပုံတွေ မဟုတ်ဘူး"

သူငယ်ချင်းတွေနဲ့ဆုံတော့ ပြောပြလျှင် ဇော်သူက ကြီး၊ ဂိုဏ်းစတားကြီးလို ဖြစ်နေလေရာ ဇော်သူ့ဘက်က ချင်ဘဲ ဝိုင်းစုံစမ်းပေးကြပါသည်။



www.burmeseclassic.com

www.burmeseclassic.com



"အဲဒီအစ်ကိုသုံးယောက်က ဆယ်နှစ်ကျော်အရွယ်တွေ က U.S မှာ ကျောင်းသွားနေပြီး ဟိုမှာပဲ အလုပ်လုပ် ကြတဲ့သူတွေတဲ့ကွ။ ဒီကို ခဏခဏတော့ ပြန်လာတယ်တဲ့ ငါတို့ မတွေ့ဖူးတာပဲရှိတယ်။ ရွှေဖဲတို့အသိုင်းအဝိုင်း တော့ သိကြတယ်။ အဲဒီသုံးယောက်က ဝမ်းကွဲညီအစ် သုံးယောက်ရှိတဲ့အထဲမှာ ရွှေဖဲကို အချစ်ဆုံးတဲ့။ ရွှေဖဲ U.S လိုက်ပြီး ကျောင်းနေဖို့တောင် တာဝန်ယူပြီးခေါ်တာ တဲ့။ ရွှေဖဲက မလိုက်သေးတာ၊ တစ်နေ့ကျရင် သူတို့နော လိုက်သွားပြီး ကျောင်းနေမယ်တဲ့"

"ဒီကောင်တွေရဲ့ အရုပ်အမောင်းတွေရော ဗလတွေ ဟီးနေတာပဲ"

"အဲဒီတော့ မင်းလိုကောင်က ဖြုံသွားတာပေါ့ ... ဟား ဟား"

သူငယ်ချင်းတစ်ယောက်က အမှန်အတိုင်းဝင်ပြော တော့ ဇော်သူ ဒေါသတကြီးနဲ့ ထိုသူငယ်ချင်းကိုတောင် ထထိုး တော့မလိုဖြစ်ခဲ့သေးသည်။ တခြားသူငယ်ချင်းတွေ အဆွဲကောင်း လို့။ ဇော်သူက သူငယ်ချင်းတွေနဲ့ဆိုလည်း သူကသာ အနိုင်ကျင့် သူပဲနိုင်ရမှ၊ သူကသာ ဆရာကြီးလုပ်ရမှ ဆိုတဲ့ စိတ်ဓာတ်မျိုးရှိ သလို၊ သူ့မှာ မွေးရာပါ စွမ်းအင်ပါဝါတစ်မျိုးကလည်း ပိုင်ဆိုင် သည်ထင်ပါသည်။ ဘယ်နေရာမှာပဲဖြစ်ဖြစ်၊ ဘယ်သူနဲ့ပဲဖြစ်ဖြ





သူ့ကို အလိုလိုရှိန်ကြောက်ပြီး သူ့စကား နာခံချင်တဲ့သူနဲ့သာ တွေ့ရတတ်သည်။

ဒါကြောင့် ဒီအုပ်စုမှာလည်း သူက ဂိုဏ်းစတား ဆရာကြီး၊ ရွှေဖဲနဲ့ဆိုလည်း သူနိုင်ချင်သလောက် နိုင်ရသောသူ ဖြစ်ခဲ့သည်။

အခုကျမှ သူ တစ်ခါမှ မကြုံဖူးသော အရှုံးပေးနေရ ခြင်းကို မခံချိမခံသာ ဖြစ်နေသည်။ ဟိုတုန်းကလည်း နေညီလာ ဆိုတဲ့ဘာမဟုတ်တဲ့ကောင်ကို အရှုံးပေးလိုက်ဖူးသည့်။ အခုလည်း ရွှေဖဲရဲ့အစ်ကိုဝမ်းကွဲတွေကြောင့် ရဲစခန်းတောင် ရောက်ရသည်။ ရွှေဖဲကိုယ်တိုင်ကလည်း တစ်ခါမှ မလုပ်ဖူးတဲ့ သူ့အပေါ် ပြတ် ပြတ်သားသား ဆက်ဆံပြခြင်း၊ ရောင်ဖယ်လမ်းခွဲခြင်း၊ သူခြောက် တာတောင် မကြောက်ဘဲ ပြန်ရင်ဆိုင်ရဲခြင်းတို့ဖြင့် သူ့အပေါ် တုံ့ပြန်တာ ခံနေရသည်။

ဇော်သူသည် အဲဒီနောက်ပိုင်းမှာ ရွှေဖဲ အပြင်ထွက် နေတာတွေ၊ သွားနေလာနေတာတွေ မြင်နေပေမယ့် လိုက်မနှောင့် ယှက်ရဲ။ ခပ်လှမ်းလှမ်းကသာ မုန်းလျှိုးပြီး လိုက်ချောင်းရဲသည်။ အနားမကပ်ရဲတော့။ လူကသာဆိုးပေမယ့် ရဲစခန်းထပ်ရောက်ရ မှာ။ ပြောရင် ပြောတဲ့အတိုင်းလုပ်တဲ့ အဖေ့ရဲ့ နောက်တစ်ခါဆို ထောင်ထဲထည့်မယ်ဆိုတဲ့ စကားကို ယုံရတာတွေကြောင့် ရွှေဖဲနား ကို မကပ်ရဲပါ။



www.burmeseclassic.com

www.burmeseclassic.com



အခုလည်း နေညီလာ ဆိုတဲ့ကောင်နဲ့ ကားချင်းရှေ့ဆင့်နောက်ဆင့် မောင်းထွက်သွားကြတာမြင်တော့ သူ ငြိမ်မနေနိုင်တော့ဘဲ နောက်ယောင်ခံလိုက်လာမိပြန်ပါသည်။

ဘာဂါဆိုင်တစ်ဆိုင်ဖွင့်ထားရာ ခြံဝင်းလေးထဲ ရှေ့ကကားတွေ အသီးသီး ချိုးဝင်သွားကြတော့ ဇော်သူကလည်းလိုက်ချိုးကွေ့ဝင်လာခဲ့သည်။ ဇော်သူ စီးနေကျကားမဟုတ်ဘဲ အိမ်မှာရှိတဲ့ တခြားကားတစ်စီးကို ဆွဲမောင်းလာတာမို့ ရွှေဖဲမှာ ကားကိုမမှတ်မိပါ။

"ကိုနေညီလာကို ရွှေဖဲ ပြောပြချင်တာတွေ အများကြီးရှိနေတာ သိလား၊ အခုလို ဆုံလိုက်ရတော့ အတော်ပဲ"

ဇော်သူသည် ကားထဲမှ ချက်ချင်းမဆင်းသေးဘဲ ရွှေဖဲကို အသာစောင့်ကြည့်နေလိုက်သည်။ ရွှေဖဲမျက်နှာမှာ နေညီလာ့ကို ဆုံခွင့်ရသည့်အတွက် နှစ်သိမ့်ကျေနပ်ခြင်းတွေ ပြည့်လျှံနေတာရော အပြုံးအရယ်တွေ ဝေဆာနေတာရော လှမ်းမြင်ရလျှင် ရင်ထဲမှာ ဒေါသတွေ အလိပ်လိုက် တက်လာနေတော့သည်။

သူတို့ ဆိုင်ထဲဝင်သွားသောအခါ ဇော်သူ လိုက်ဝင်ခဲ့သည်။ သူတို့ထိုင်သော စားပွဲနဲ့ မျက်နှာချင်းဆိုင်တည့်တည့်မှာ တမင်ဝင်ထိုင်လိုက်ပါသည်။ သွားမနှောင့်ယှက်ဘူး၊ ကိုယ်ထိလက်ရောက် ဆွဲလားရမ်းလား မလုပ်ဘူးလေ။ မင်းတို့လည်း ဒီဆိုင်မှာ ထိုင်တယ် ငါလည်း ငါ့ဘာသာထိုင်တယ် ဘာဖြစ်လဲ။





ရွှေဖဲသည် မမျှော်လင့်ဘဲ ဇော်သူ ဝင်လိုက်လာပြီးစားပွဲဝိုင်းတစ်ဝိုင်းမှာ နေရာယူလိုက်တာမြင်လျှင် အံ့ဩတုန်လှုပ်သွားပါသည်။

"ကိုနေညီလာ ... ဇော်သူ ဟိုမှာ ထိုင်ကြည့်နေပြီ"

"ဟုတ်တယ်၊ ကျွန်တော်လည်း သူ ဆိုင်ထဲဝင်လာတာတွေ့တယ်"

"သူ ရွှေဖဲတို့ကို နောက်ယောင်ခံ လိုက်လာတာလားမသိဘူးနော်"

"ကျွန်တော် အဲဒါတော့ သတိမထားမိလိုက်ဘူး"

"ရွှေဖဲ ပြောပြစရာရှိတယ် ဆိုတာ သူနဲ့ပတ်သက်တဲ့အကြောင်းပဲ ကိုနေညီလာ"

"ဪ ... ဟုတ်လား"

ရွှေဖဲသည် မျက်လုံးစိမ်းကြီးတွေဖြင့် တမင်စိုက်ကြည့်နေသော ဇော်သူ့မျက်လုံးတွေကို မကြည့်မိအောင် ကြိုးစားကာဇော်သူနဲ့ ဖြစ်ပျက်ခဲ့သော အကြောင်းအရာတွေကို ပြောပြမိပါသည်။ ဇော်သူ လာမနှောင့်ယှက်ရဲတော့ဘူး။ ဣန္ဒြေပျက်အောင် ဆွဲလားရမ်းလား မလုပ်ရဲတော့ဘူး ဆိုတာ သိပေမယ့် အခုလိုမျိုး မ်လှမ်းကမ်းက လာကြည့်ပြီး မျက်လုံးစိမ်းနဲ့ နှောင့်ယှက်တာကျတော့ဘယ်လို တားမြစ်မှုမျိုးနဲ့ သွားတားမြစ်လို့ရမလဲ။



www.burmeseclassic.com

www.burmeseclassic.com



"ဒါဆို သူ တော်တော်တော့ လန့်သွားပါပြီ၊ မရွှေဖဲကို လိုက်မရှမ်းကားရဲတော့ပါဘူး"

နေညိုလာသည် ရွှေဖဲထံမှ အဖြစ်အပျက်စုံသိလိုက်ရသောအခါ ရင်ထဲမှာ နည်းနည်းကျေနပ်သလိုလိုတော့ ဖြစ်သွားပါသည်။ သူ့စိတ်ထဲမှာ သူငယ်ချင်းတွေ ဝိုင်းပြောသလို၊ ဝိုင်းဝေဖန်သလိုပဲ ရွှေဖဲကို သိပ်တော့ မယုံမရဲဖြစ်နေခဲ့သည်။ ရွှေဖဲဟာ ဖော်သူ့အပေါ် ဘယ်လောက် ချစ်ထားခဲ့သလဲဆိုတာ မခန့်မှန်းနိုင်။ သူ့ရှေ့မှာ စိတ်ဆိုး၊ ရန်ဖြစ်၊ ပြဿနာတက်ကြ မယ့် တစ်ဖက်က ပြန်ချော့လိုက်ရင် စိတ်ပြေပြီး ပြန်ပါသွားမလား ကြားက ဝင်ပါသူကပဲ ငပေါကြီး ဖြစ်သွားမလား။ ကွယ်ရာမှာ သူ ဝင်ပါခဲ့တာကို သူတို့ချင်းပြေလည်သွားပြီးရင် ရယ်မောလှောင်ပြောင်စရာကြီးအဖြစ်, သဘောထားမလား စသည်ဖြင့် တွေးပြီး စိတ်ပူခဲ့ရတာတွေ ရှိခဲ့ပါသည်။ အခုတော့ ရွှေဖဲဘက်က ပြတ်ပြတ်သားသားဖြစ်မှန်း သိလိုက်ရချင် စိတ်ထဲမှာ အေးသွားပါသည်။

"အခု သူ လိုက်ကြည့်နေတာကျတော့ရော"

"ကြည့်ရုံပဲကြည့်တာ၊ သူ ဘာမှ မလုပ်ရဲဘူးလေ၊ မရွှေဖဲ သူ့ကို ဂရုစိုက်မနေနဲ့ပေါ့"

"သူ့စိတ်ကို ရွှေဖဲသိတယ်၊ သူ ဘယ်တော့မှ အလျှော့ပေး မှာမဟုတ်ဘူး၊ ရွှေဖဲကို တစ်ရက်ရက်ကျရင်တော့ လာ ဒုက္ခပေးဦးမှာပဲလို့ ထင်တယ်"





"မကြောက်ပါနဲ့ မရွှေဖဲရယ်"

"ရွှေဖဲ ကြောက်တော့ ကြောက်ပေမယ့် သူ လာဒုက္ခပေးရင် ခုခံကာကွယ်ဖို့ဆိုပြီး ရွှေဖဲ အစ်ကိုတွေ ပေးထားခဲ့တာလေးကို ဆောင်ထားတယ် ဒီမှာ"

ရွှေဖဲက ဖော်သူ မမြင်အောင် အပြင်ထုတ်မပြဘဲ သူ့လက်ကိုင်အိတ်လေးကို ဟပြီး ပြခဲ့သည်။ အထဲမှာ စပရေးဘူးသိုလို ဘူးတောင့်ရှည်လေးရှိသည်။ ဒါ့အပြင် မိန်းကလေးလက်ကိုင်အိတ်မို့ နှုတ်ခမ်းဆိုးဆေးတောင့်တွေရော၊ Lipgloss တွေရော၊ ခံလှလှလေးရော၊ ဘီးတစ်ချောင်း၊ ဘာရပ်(ရှ်)တစ်ချောင်း၊ ရှုဆေးဘူး၊ ပရုတ်ဆီဘူး၊ ချွေးသုတ်အိတ်ဆောင်တစ်ရှူးပေပါထုပ်၊ တိုင်းလ်ဖုန်း၊ ပိုက်ဆံထည့်သော မိန်းမကိုင် ပိုက်ဆံအိတ်ရှည်လေးတစ်အိတ် စသဖြင့် များပြားစွာ ထည့်ထားတာ တွေ့ရသည်။

"ဒီစပရေးကို Pepper (ပက်ပါ)စပရေးလို့ ခေါ်တယ်တဲ့၊ သူတို့နိုင်ငံတွေမှာ မိန်းကလေးတွေ အန္တရာယ်ကြုံလာရင် ကိုယ့်ကိုယ်ကိုယ် ကာကွယ်နိုင်အောင် ဆောင်ထားကြတဲ့ စပရေးပေါ့။ အဲဒီစပရေးနဲ့သာ မျက်နှာဆီ ဖျန်းလိုက်ရင် အရမ်းစပ်ဖြီး ဘာမှ မလုပ်နိုင်တော့ဘူး၊ အထူးသဖြင့် Pepper ဆိုတာက ငရုတ်ကောင်းမဟုတ်လား၊ ငရုတ်ကောင်းက ပူစပ်တဲ့အာနိသင်ရှိတော့ ပူစပ်ပူလောင်ကြီး ခံစားရမှာပေါ့"



www.burmeseclassic.com

www.burmeseclassic.com



နေညီလာက ရွှေဖဲ ပိုက်ဆံအိတ်လေး လှစ်ပြတာ

ဒီဘက်ငှ့်အကြည့် ရွှေဖဲကလည်း မော့ပြီး ပြောပြချင်နှင့်မို့ အဆ

ကအမြင်မှာတော့ တစ်ယောက်ကိုတစ်ယောက် တွယ်တာနေ

သော စုံတွဲလေးလို့မြင်မှာ သေချာသည်။ ဖော်သူ့အမြင်မှာလည်း

ထိုသို့ဖြစ်လေရာ ရင်ထဲမှာ မခံချိမခံသာဖြစ်လျက် လက်သီး

ကျစ်နေအောင် ဆုပ်ထားမိလေသည်။

"ကိုနေညီလာ့ဆီမှာ ဖုန်းရှိလား"

"အိမ်ဖုန်းကို မေးတာလား"

"ရတယ်၊ ဘာဖုန်းပဲဖြစ်ဖြစ်။ ရွှေဖဲ သိထားချင်လို့"

"ကျွန်တော်က သိပ်အလုပ်မများတော့ ဟန်းဖုန်းမကိုင်

မရွှေဖဲ သိချင်ရင် အိမ်ဖုန်းနံပါတ်ပေးလိုက်မယ်"

"အဟီးဟီး ... ရွှေဖဲလည်း အလုပ်သိပ်များလို့ ဟန်း

ကိုင်တာမဟုတ်ပါဘူး။ ဖေဖေ မေမေတို့က ဆောင်ထား

မယ်ဆိုပြီး ပေးလို့ ကိုင်ထားတာပါ"

"ကျွန်တော့်အိမ်ဖုန်းက (......)ပါ"

ရွှေဖဲ ကိုနေညီလာ့အိမ်ဖုန်းကို သူမ၏ ဟန်း

မိမိုရီ (memory)ထဲ ထည့်လိုက်ပါသည်။

"ရွှေဖဲ ဖုန်းနံပါတ်ရော မှတ်ထားမလား"

"မရွှေဖဲ ပေးရင်တော့ မှတ်ထားမှာပေါ့"





"ဒါဆို စာရွက်ရှိလား၊ ရေးမှတ်မှာလား"

"ရတယ်၊ စာရွက်ထဲမှာ မှတ်စရာမလိုဘူး၊ မရွှေဖဲသာ ရွတ်ပြလိုက်၊ ကျွန်တော် ခေါင်းထဲက မိမိုရီထဲ သွင်းထားလိုက်မယ်"

ရွှေဖဲ ရွတ်ပြလိုက်သည်ကို နေညီလာ လိုက်ရွတ်ပါသည်။ သုံးခါလောက် ရွတ်ပြီးသောအခါ ...

"ရပြီ မှတ်မိပြီ"

ဟု ပြုံး၍ ပြောပါသည်။

ရွှေဖဲက မျက်လုံးလေးပြူးဝိုင်းပြပြီး ...

"ကိုနေညီလာ တကယ်မှတ်မိပါတယ်နော်"

"ဩော် ... မှတ်မိပါတယ်ဗျာ"

"အင်း ... အင်း ... ဟုတ်မှာပါ၊ ကိုနေညီလာက ဆေးကျောင်းတောင် တက်နေတာပဲ၊ မှတ်မိမှာပါ၊ ဦးနှောက်ကောင်းတာပဲလေ"

"အဲဒါနဲ့ မဆိုင်ပါဘူးဗျာ၊ ကျွန်တော့်ဦးနှောက်က ကျွန်တော် သိပ်မှတ်မိချင်တဲ့အရာဆို အရမ်းမှတ်မိနေတတ်ပြီး သိပ်လည်း စိတ်မဝင်စားဘူး၊ သိပ်လည်း မှတ်မိမနေချင်ဘူးဆိုတဲ့ အရာမျိုးဆိုရင်တော့ မေ့လွယ်တတ်တဲ့ ဦးနှောက်မျိုး'

ကိုနေညီလာ စကားကြောင့် ရွှေဖဲ ရင်ထဲ မြူးဖျသွားပါသည်။ ရွှေဖဲကို ကိုနေညီလာက သိပ်ပြီး မှတ်မိနေချင်တဲ့



www.burmeseclassic.com

www.burmeseclassic.com



စာရင်းထဲမှာ သွင်းထားတယ်ဆိုတာ ကြားရတာနဲ့တင် ကျေနပ်ပါပြီ။

သူတို့ တပြုံးပြုံး၊ တပျော်ပျော်နဲ့ စကားတွေ ဖောင်ဖွဲ့နေနေသလောက် ဇော်သူတစ်ယောက်မှာတော့ မနာလို မရှုစိမ့်ခြင်းကြီးစွာဖြစ်လျက် အငြိုးအတေးတွေ ဖွဲ့နေတော့သည်။

နေညီလာနဲ့ ရွှေဖဲ ထပြန်တော့ ဇော်သူလည်း သိသိသာသာကို လိုက်ထပြန်ကာ ရွှေဖဲ အိမ်ပြန်ရာနောက်တောက်လျှောက် ကားမောင်းလိုက်လာသည်။ နေညီလာသည် ဒါကို မြင်တော့ စိတ်မချနိုင်ဖြစ်ပြီး ဇော်သူ့ကားနောက်က မယောင်မလည် လိုက်မောင်းကာ ရွှေဖဲ အိမ်ပြန်ရောက်အထိ စောင့်ရှောက်ကြည့်ပေးမိသည်။

ဇော်သူကလည်း ဒါကို သိပေမယ့် ဒီတစ်ခါတော့ ဘာဖြစ်လို့မှန်းမသိ နေညီလာကို ရန်မလုပ်ခဲ့ပါ။

○ ❤ ○





## ၁၄

နေညီလာသည် သူ ရထားတဲ့ ဖုန်းနံပါတ်လေးကို ဆက်ကြည့်ဖို့ အကြိမ်ကြိမ် စဉ်းစားနေပေမယ့်လည်း နောက်ဆုံးတော့ အဖြေက တစ်မျိုးတည်းသာဖြစ်နေသည်။ ရွှေဖဲကို ဖုန်းဆက်ချင်တယ်။ ဖုန်းဆက်တော့ရော ဘာအကြောင်းပြောစရာရှိလဲ။ ပြောစရာစကားရယ်လို့ သူတို့ကြားမှာ သိပ်မရှိလှ။ ဒါပေမဲ့ ကြပြီးတော့ပြောရင်ရော မဖြစ်ဘူးလား။

ဒီလိုနဲ့ပဲ Cordless ဖုန်းကို ကောက်ကိုင်ပြီး အိမ်ခန်းဝင်လာလိုက်သည်။ သူ့ခေါင်းထဲမှာ မှတ်မိနေတဲ့ဖုန်းကို ခေါ်လိုက်မိသည်။ ဖုန်းခေါ်သံငါးချက်လောက် ဆက်တိုက်ကြားရတဲ့အထိ ဘယ်လိုမှ ဖုန်းမကိုင်သေးသောအခါ နေညီလာဟာ ဖုန်းချပစ်ဖို့ စဉ်းစားမိသည်။ ခြောက်ချက်ခေါ်သံ ကြားပြီးတဲ့အထိ ဖုန်းမကိုင်သောအခါ လက်လျှော့ပြီး ဖုန်းခလုတ်ကို ပြန်နှိပ်လိုက်သည် ချက်ချင်းပဲ ဖုန်းခေါ်သံပေါ်လာတော့သည်။



www.burmeseclassic.com

www.burmeseclassic.com



နေညီလာလည်း လန့်ဖျပ်ပြီး ဖုန်းကို လက်ခံစကား ပြောလိုက်လေရာ ...

"ဟဲလို"

"ခုန ဖုန်းခေါ်လိုက်သလားလို့၊ ကိုနေညီလာ ခေါ်တာ မဟုတ်လား"

ရွှေဖဲ၏ဖုန်းမှာ နံပါတ်သွားပေါ်နေသဖြင့် Miss call တွေ့တော့ ပြန်ခေါ်လိုက်ခြင်း ဖြစ်ပုံရသည်။

"ဟုတ်တယ်၊ ကျွန်တော် ခေါ်တာပါ၊ ဖုန်းမကိုင်တော့ မရွှေဖဲ အတန်းတက်နေလို့များလား၊ မအားလို့လား... တွေးမိတာနဲ့ ခေါ်တာကို ရပ်လိုက်တာ"

"ရွှေဖဲ ခုန ကားပေါ်မှာမို့ပါ"

"ဪ ... ဟုတ်လား၊ ဆောရီး ဆောရီး၊ ကားမောင်းနေ ရင် ဖုန်းမပြောနဲ့လေ၊ အန္တရာယ်များပါတယ်၊ ကျွန်တော် ခုပဲ ဖုန်းပြောရပ်လိုက်မယ်လေ"

"အခု ရွှေဖဲ ကားမမောင်းတော့ပါဘူး၊ ကားကို ရပ်ပြီး ဖုန်းပြန်ခေါ်တာပါ"

"မရွှေဖဲ သွားစရာရှိနေရင် သွားပါ၊ ကျွန်တော့်ကို တကူး တကကြီး ကားရပ်ပြီး ပြန်ခေါ်ဖို့မလိုပါဘူး"

ရွှေဖဲ ရင်ထဲမှာတော့ "ရွှေဖဲက ဖုန်းမှာ ကိုနေညီ လာ့ဖုန်းနံပါတ်လည်း ပေါ်လာရော တွေ့ရရော ... ကားထိုးရပ်ပြီး





...း ပြန်ဆက်မိတာပါရှင်၊ ကိုနေညီလာ့အသံကို ကြားချင်လွန်းလို့ ..." ဟူ၍ ဆက်တိုက်ပြောနေမိပါသည်။ ရွှေဖဲကို သူ သိပ်ဂရုတစိုက် ...ရှိပါဘူး။

သိပ်မှတ်မှတ်ရရမထားပါဘူးလို့ ထင်ထားခဲ့ပေမယ့် ...ကယ့်တကယ်မှာတော့ ကိုနေညီလာ့ဆီက ဖုန်းခေါ်တာကို ...က်ခံရရှိသောအခါ ရွှေဖဲ ရင်ထဲမှာ လှိုက်ခုန်တုန်ယင်လျက် ...ဖြစ်ရလွန်းတာ ဘာနဲ့မှတောင် မနှိုင်းယှဉ်နိုင်ပါ။ ကိုနေညီလာ့ ...သံလေးကို ကြားရတာနဲ့တင် အရာရာဟာ သာယာလှပပြီး ...ဟ်စရာတွေချည်း ပြည့်နေပြီရယ်လို့တောင် ခံစားရကာ ရွှေဖဲ့ ...က်နှာမှာ အပြုံးတွေ ဝေနေတော့သည်။

"ကိုနေညီလာ သတိရလို့ ဖုန်းဆက်တုန်း ရွှေဖဲ စကား ပြောချင်လို့ပါ။ ရွှေဖဲ ဘယ်မှ အရေးတကြီး သွားစရာလဲ မရှိပါဘူး"

"မရွှေဖဲ လမ်းဘေးမှာ ကားရပ်ပြီး စကားပြန်ပြောနေရ တယ်ဆိုရင် ကျွန်တော် စကားအကြာကြီး မပြောတော့ ဘူးလေ"

"ဟင် ... ဘာလဲ ... ဘာလဲဟင်။ ကိုနေညီလာက, စကား အကြာကြီး ပြောမှာလား"

"ဪ ... အင်း ... အဟဲ၊ မတော်တဆ ကြာရင်ကြာသွား မလားလို့ စိုးရိမ်လို့ပါ"



www.burmeseclassic.com

www.burmeseclassic.com



"ဒါဖြင့် အေးအေးဆေးဆေး ဖုန်းပြောချင်ရင် ဒီလို… ရွှေဖဲ ခုပဲ အိမ်ကိုပြန်တော့မယ်။ ရွှေဖဲ အိမ်ရောက်ရော… ချင်း ကိုနေညီလာ့ကို ဖုန်းပြန်ဆက်မယ်နော်။ ကိုနေညီ… စောင့်နေပေးနိုင်မလားဟင်"

"ကျွန်တော့်အတွက်နဲ့တော့ အိမ်ကိုချက်ချင်းပြန်ပြီး … ပြောစရာ မလိုပါဘူး"

"ဟင့်အင်း … ရတယ်။ ရွှေဖဲ အဲဒီလိုပဲ လုပ်ချင်တ… ကိုနေညီလာ စောင့်နေနော်၊ ရွှေဖဲ ခုပဲပြန်ပြီ"

"အိုခေ"

ရွှေဖဲ တကယ်တော့ သူငယ်ချင်းတွေနဲ့ ချိန်း… တဲ့ဆီကို ထွက်လာတာ။ အသစ်ထပ်ဖွင့်တဲ့ ရှော့ပင်းမော… သွားကြည့်ကြရအောင်လို့ ရွှေဖဲပဲ စခေါ်အကြံပေးလို့ သူတို့… ပါပြီး သွားကြဖို့ လူစုထားကြတာ။ ခုတော့ ရွှေဖဲပဲ စပြီးဖျက်… ပြီ။

မရှိမဲ့ရှိမဲ့ သူငယ်ချင်းသုံးယောက်နဲ့တစ်ပိုင်းဟာ … လောက်ခံမယ်တော့ မသိဘူး။ IELTS ဖြေဖို့ သင်တန်းတက်… အခုမှခင်တဲ့ သူငယ်ချင်းတွေကိုမြှိဖို့ ရွှေဖဲ ကြိုးစားပြီး ပေါင်း… လိုက်တာ။ ဒါပေမဲ့ ဒီတစ်ခါတော့ သူတို့နဲ့ချိန်းထားတာကို… ပြီး ကိုနေညီလာ့ကို ဦးစားပေးရမယ်လေ။





ရွှေဖဲ ထိုသူငယ်ချင်းတွေကို ဖုန်းလှမ်းဆက်ရသေးသည်။

"ဟေး … မရွှေဖဲ၊ ဘာလဲ အိမ်ကထွက်လာပြီလား"

ရွှေဖဲ ညာပြောလိုက်ပါသည်။

"အိမ်ကတောင် ထွက်မလာရသေးဘူး"

"ဘာဖြစ်လို့လဲ"

"ရွှေဖဲ မသွားဖြစ်တော့ဘူး"

"ဟယ် … နင်ပဲ သွားချင်လို့ မနေ့က လူစုတာ"

"ဟုတ်တယ်၊ ဒီတစ်ခါတော့ ဆောရီးဟယ်။ ရွှေဖဲ အရေးကြီးတဲ့ လူတစ်ယောက်နဲ့ တွေ့စရာရှိလို့"

"ဘဲဘဲနဲ့လား"

"ဘဲဘဲတော့ မဟုတ်သေးဘူး၊ ဒါပေမဲ့ အမှန်အတိုင်းပြောမယ်၊ ရွှေဖဲ သူ့ကို သိပ်ချစ်နေတယ်၊ သူ ချစ်လာမှာကို မျှော်လင့်နေတယ်ဆိုတော့ သူနဲ့ပတ်သက်သမျှဟာ ရွှေဖဲရဲ့ အရေးကြီးဆုံး ခေါင်းစဉ်တွေပဲ"

"သူ့နာမည်က ဘယ်သူတဲ့လဲ။ ဘယ်ကလဲ"

"နောက်မှ ပြောပြမယ်ဟယ်၊ အခု သူနဲ့တွေ့ရတော့မယ်"

"အေး … ဒါဆိုလည်း နောက်မှ ပြောပြတော့။ နင်မလိုက်ဖြစ်လည်း ရပါတယ်။ ငါတို့သုံးယောက်ကတော့ ဝတ်စားပြင်ဆင်ပြီးနေပြီဆိုတော့ သွားတော့မယ်"



www.burmeseclassic.com

www.burmeseclassic.com



ဟိုဘက်က သူငယ်ချင်းတွေ သိပ်တော့ ကျေနပ်ပုံ မရဘူးလို့ ရွှေဖဲထင်သည်။ သို့သော် မတတ်နိုင်။ အရာရာနဲ့ယှဉ် လိုက်တိုင်း ရွှေဖဲအတွက် အရေးကြီးဆုံးအနေနဲ့ ဦးစားပေးရမှာ က ကိုနေညီလာ မဟုတ်လား။

ခုလေးတင် အပြင်ထွက်သွားသော ရွှေဖဲ ချက်ချင်း ပြန်ရောက်လာတာ တွေ့တော့ မေမေက စိုးရိမ်တကြီး လှမ်းမေး တော့သည်။

"ဟဲ့ … သမီး၊ ဘာဖြစ်လာတာလဲ။ ခုနလေးတင် ထွက် သွားပြီး ပြန်လာတယ် ဟုတ်လား"

"ဘာမှမဖြစ်ပါဘူး မေ့မေ။ အရေးတကြီး ဖုန်းပြောစရာ သတိရသွားလို့ ပြန်လာတာ"

ရွှေဖဲသည် မေမေ့ကို ဖုန်းလေးထောင်ပြပြီးလျှင် အခန်းထဲ ပြေးဝင်လာခဲ့ပါသည်။ ကိုနေညီလာ့ကို စောင့်နေပါ ပြောထားပေမယ့် မစောင့်ဘဲ နေမလား။ ဒီမိနစ်ပိုင်းလေးအတွင်း မှာ အကြောင်းတစ်ခုခု ပေါ်လာလို့ တစ်နေရာရာကိုများ ထွက် သွားမလားဆိုသော စိုးရိမ်စိတ်တွေတောင် ကြဲဖန်ဖြစ်နေသည်။ ကိုနေညီလာတို့ကတော့လေ ပိုက်ဆံလည်းတတ်နိုင်ရက်သားနဲ့ ဟန်းဖုန်းလေးတစ်လုံးတောင် ဆောင်မထားဘူး။ ဒီတော့ သူ့ရဲ့ အိမ်ဖုန်းကိုပဲ ဆက်လို့ရတာမို့ သူ အိမ်မှာရှိမနေတော့မှာကို စိုး တာပေါ့။





သူ အိမ်မှာရှိနေပါစေ။ တကယ်စောင့်နေပါစေ။ ဘာအရေးတကြီးကိစ္စမှ ပေါ်မလာပါစေနဲ့။ ဘယ်မှမသွားပါစေနဲ့။ ရွှေဖဲ အရူးလိုပဲ ဖုန်းခလုတ်တွေနှိပ်ရင်း ဆုတောင်းနေမိသည်။

"ဟဲလို"

ဒီ"ဟဲလို"ထူးသံဟာ ကိုနေညီလာပါပဲလို့ ချက်ချင်း ခုတ်မိလိုက်စဉ်မှာ ရွှေဖဲရဲ့ရင်တွေ တုန်ခိုက်နေအောင် ပျော်သွား ပါသည်။ သူ စောင့်နေတယ်။ ဘယ်မှမသွားဘဲ စောင့်နေခဲ့တယ် နော်။

"ကိုနေညီလာ"

"ဪ … မရွှေဖဲ"

"ဖုန်းပြန်ဆက်မယ် ပြောထားလို့ ဆက်တာ"

"တကူးတကကြီးပျာ၊ ကျွန်တော့်မှာ ဘာမှအရေးတကြီး ပြောစရာ မရှိပါဘူး"

"အရေးကြီးကြီး မကြီးကြီး ရွှေဖဲ နားထောင်ချင်ပါတယ်။ ဖုန်းနံပါတ် ပေးသာပေးလိုက်ရတယ် ကိုနေညီလာ ဆက် ချင်မှ ဆက်မှာပါဆိုပြီး၊ ထင်နေတုန်း ကိုနေညီလာ ဆက် လာတော့ ရွှေဖဲ အရမ်းဝမ်းသာမိတယ်"

နေညီလာ ကိုယ့်ဘာသာ ရှက်သလိုလိုတောင် ဖြစ် သွားပြီး တဟင်းဟင်း အရှက်ပြေ ရယ်မိသည်။ သတိရလွန်းလို့ ခေါ်လိုက်မိတာပါ။ ဘာရယ်မဟုတ်ဘူး။ ဒီအချိန် သူ ဘာများ



www.burmeseclassic.com

www.burmeseclassic.com



လုပ်နေမလဲရယ်လို့ ဖျတ်ခနဲ သတိရလိုက်ချိန်မှာ လုံးဝအောင့်မ ထားနိုင်ဘဲ ဖုန်းကို ခေါ်လိုက်မိတယ်။ ကဲ ... ခုတော့ ခက်ပြီ ဘာများ ရှာကြံပြောရမယ် ဘယ်လိုအကြောင်းအရာတွေများပြော ရမလဲ။ ဘယ်လိုအကြောင်းအရာကများ သူနဲ့စကားလက်ဆုံကျဖို့ ဖြစ်လာစေမလဲ။

"ကိုနေညီလာ"

"ခင် ... ခင်ဗျာ"

တစ်ဖက်က အသံအကြာကြီး တိတ်နေသဖြင့် ရွှေဖဲ စိုးရိမ်ပြီး ခေါ်လိုက်လေရာ ကိုနေညီလာ့ထံမှ တရိုတသေ ပြန်ထူး သံ ထစ်ငေါ့ငေါ့ကြောင့် ရွှေဖဲ ရယ်ပစ်လိုက်မိပါသည်။ ရွှေဖဲက တော့ ကိုနေညီလာနဲ့ ဖုန်းပြောရင်း ပြတ်သွားတယ် ထင်တာလေ။ သူက အသံတိတ်နေတာကိုး။ ဘာတွေများ အတွေးလွန်နေသလဲ။

"ကိုနေညီလာ အသံတိတ်နေလို့ ခေါ်တာပါ"

"ဩော် ... ဟုတ်တယ်၊ ဘာပြောရမလဲ တွေးနေတာပါ"

"ရွှေဖဲကို စကားပြောစရာရှိလို့ ခေါ်တယ် ထင်တာ"

"စကားပြောစရာတော့ သိပ်များများစားစား မရှိပါဘူး။ ဖုန်းနံပါတ်ပေးထားတာ သတိရသွားလို့ ခေါ်ကြည့်တာပါ"

နေညီလာ အရိုးသားဆုံးကိုသာ ဖြေလိုက်ပါသည်။ သူလေးစိတ်ထဲမှာ ဘယ်လိုထင်မလဲ။ သတိရလို့ ဖုန်းခေါ်တယ် ဆိုတဲ့ စကားကို ဘာတွေများ တွေးမလဲ။





"ရွှေဖဲကို သတိရလို့ ဝမ်းသာတယ်"

"မရွှေဖဲ ခုနက အပြင်ထွက်သွားတာ ဘာလုပ်စရာရှိလို့လဲ"

"အမှန်အတိုင်းပဲပြောပါမယ်ရှင်၊ ရွှေဖဲ အခုမှ အသစ်ခင်ရ တဲ့ သူငယ်ချင်းတွေနဲ့ ရင်းနှီးအောင်ဆိုပြီး ရှော့ပင်းလုပ်ကြ မလားလို့ ချိန်းတယ်။ သူတို့ကလည်း သဘောတူတယ်၊ အဲဒါနဲ့ ရှော့ပင်းသွားမယ်ဆိုပြီး သူတို့နဲ့ ချိန်းတဲ့ဆီကို သွားတာပါ၊ အခုတော့ မသွားဖြစ်တော့ဘူးလို့ ဖုန်းလှမ်း ဆက်လိုက်တယ်"

"ဟာကွာ ... သူငယ်ချင်းတွေနဲ့သွားစရာရှိလည်း သွားလိုက် ပါ မရွှေဖဲရယ်၊ ဘာကြောင့် ချိန်းထားတာကို ဖျက်ပြီး ကျွန်တော့်ကြောင့် အိမ်ပြန်ရသလဲ"

"ရွှေဖဲ ကိုနေညီလာနဲ့ပဲ စကားပြောချင်ပါတယ်။ သူငယ် ချင်းတွေက နောက်မှ ထပ်ချိန်းလည်းရတယ်၊ ထပ်လည်း တွေ့ဦးမှာလေ။ ကိုနေညီလာကတော့ ရွှေဖဲ ဆီ တစ်ခါတစ် လေမှ ဖုန်းဆက်လိုက်တာဆိုတော့ ရွှေဖဲ မလွှတ်ချင်ဘူး"

နေညီလာရင်ထဲမှာ တစ်မျိုးကြီးဖြစ်သွားပါသည်။ ူ မရွှေဖဲကို သတိထားမိသလောက်မှာ မရွှေဖဲဟာ သူ့အပေါ် ...ာ်တော်လေး ခင်မင်နေသည်။ ရင်းနှီးမှု မြန်ဆန်လွန်းသည် ...ျသာ။ နေညီလာဘက်ကသာ တစ်ဖက်သတ်ဧပြီး စိတ်ဝင် ...းမိသလိုဖြစ်နေလေရာ ရည်းစားရှိပြီးသား၊ ရည်းစားနဲ့ကွဲခါစဖြစ်

www.burmeseclassic.com



ပြီးသား ရွှေဖဲထံမှာ နေညီလာ့အတွက် ဒီလောက်ထိ အရေးပေးမှု တွေရှိနေခြင်းကို တအံ့တသြ သိလိုက်ရပါသည်။

စိတ်အပြောင်းအလဲမြန်တတ်သူ၊ တစ်ယောက်ကနေ တစ်ယောက် ပြောင်းချစ်ဖို့ လွယ်ကူလွန်းသူဟူ၍တောင် မမြင် လိုပါ။

"ကိုနေညီလာကို ဇော်သူ လာရန်လိုတာတွေ နှောင့်ယှက် တာတွေလုပ်သေးလား"

"မလုပ်ပါဘူး၊ ဘာဖြစ်လို့လဲ"

"ရွှေဖဲနဲ့ ရင်းနှီးတဲ့ သူငယ်ချင်းတစ်ယောက်ဆီကတစ်ဆင့် ပြန်ကြားရတယ်၊ သူက ကိုနေညီလာကို လုံးဝ မကျေနပ် ဘူးတဲ့၊ တစ်နေ့ကျရင် ကောင်းကောင်းပညာပေးမယ်တဲ့ အဲဒီလိုပြောလိုက်တယ်။ အဲဒီသူငယ်ချင်းကတစ်ဆင့် ရွှေဖဲ ပြန်ကြားအောင် ပြောလိုက်တာမျိုးပေါ့"

"သူ ရန်လိုလည်း ကျွန်တော်က ငြိမ်ခံနေမယ့်သူမှ မဟုတ် တာ၊ မရွှေဖဲ ဘာမှပူစရာမလိုပါဘူး၊ ကျွန်တော် ရန်တော သိပ်ဖြစ်လေ့မရှိပေမယ့် ကိုယ်ခန္ဓာကျန်းမာသန်စွမ်းအောင် လို့ ရည်ရွယ်ပြီး ကွန်ဖူးပညာသင်ဖူးတယ်၊ အိမ်မှာ ကိုယ် လက်လှုပ်ရှား လေ့ကျင့်ခန်းမျိုးဖြစ်အောင် နေ့တိုင်းလည်း ကစားတယ်။ ယောကျာ်းလေးဖြစ်ပြီး ခါးနွဲ့နွဲ့ ပိန်ညှော ညှောင် အားမသန်တဲ့ပုံမျိုး ဖြစ်ရမှာမကြိုက်လို့ Gym သွား





သွားပြီး အလေးလည်းမ,တယ်၊ ဒီတော့ ကိုယ့်ကို လာရန် လိုရင် ပြန်ချဖို့ကတော့ အသင့်ပဲ"

ရွှေဖဲ ရင်ထဲမှာ စိတ်မကောင်းဖြစ်သွားပြီး ...

"အဲဒီလိုကြားရတော့ ရွှေဖဲ စိတ်မကောင်းဘူး"

ဟု ပြောလိုက်မိသည်။

"ဘာဖြစ်လို့လဲ"

"ကိုနေညီလာ့မှာ အရင်က ဘယ်ရန်သူမှ မရှိခဲ့တာ၊ ရွှေဖဲ ကြောင့် ရန်သူတိုးလာရတဲ့သဘော ဖြစ်သွားတယ်လေ"

"ကျွန်တော်က ဇော်သူ့ကို ရန်သူလို့ မသတ်မှတ်ပါဘူး။ သူ ရန်လိုခဲ့ရင် ငုံ့မခံဘူးလို့ပဲ ကြိုတင်စိတ်ကူးထားတာပါ၊ စိတ်ချပါ၊ ကျွန်တော် သူ့ကို ရန်သူလို မဆက်ဆံပါဘူး"

နေညီလာ ပြောလိုက်သော စကားအသွားအလာ ကြောင့်ရွှေဖဲ စိတ်တအားပူသွားပါသည်။ ကိုနေညီလာက ငါဟာ ဇော်သူ့ကို စိတ်မပြတ်နိုင်လို့ ဒီလိုပြောနေတယ်လို့ ထင်သွားပြီ။ အဲဒီလိုမဟုတ်ပါဘူး ကိုနေညီလာရယ်။ ရွှေဖဲက ကိုနေညီလာကို ပဲ စိတ်ပူလို့ပါရှင်။

"ရွှေဖဲ ကိုနေညီလာ့ကို စိတ်ပူပြီး ပြောတာပါ၊ ရွှေဖဲ ဇော်သူ့ဘက်ကို ဘာမှ စိတ်ထဲမထည့်တော့ပါဘူး"

"ရွှေဖဲ သူ့ကို လုံးဝ သံယောဇဉ်ပြတ်နိုင်ပြီလား"

"သံယောဇဉ်ပြတ်ကိုပြတ်တယ်"



www.burmeseclassic.com

www.burmeseclassic.com



"ငယ်ငယ်တည်းကလည်း မြင်ဖူး၊ တွေ့ဖူးလာတဲ့ သူငယ်ချင်းဟောင်းတွေ၊ အဲဒီကတစ်ဆင့် တိုးပြီးချစ်လာကြတာလေ၊ ရည်းစားသက်တမ်းကလည်း နှစ်နှစ်နီးပါးလောက်ရှိတာဆိုတော့ သံယောဇဉ်က တော်တော်ခိုင်နေပြီလို့ထင်တယ်၊ သံယောဇဉ်ဆိုတာ ဖြတ်ဖို့ခက်တယ်လို့ ပြောကြလို့ပါ"

"ဘယ်သူတွေက ပြောကြလို့လဲ"

နေညီလာ တစ်ခဏ အသံတိတ်သွားပြီးမှ ...

"နံ့သာကလည်း ပြောတယ်။ ကျွန်တော့်သူငယ်ချင်းတွေကလည်းပြောတယ်။ ကျွန်တော် မရွှေဖဲတို့ကြားမှာ ဝင်ပါမိတာကို အားလုံးကတော့ ကျွန်တော် မှားတယ်လို့ ဝေဖန်ကြတယ်။ သူတို့ချင်း ပြန်အဆင်ပြေသွားကြရင် မင်းက ငပေါကြီးဖြစ်မယ်လို့ ပြောကြတယ်"

ရွှေဖဲ တော်တော်စိတ်အားလျော့သွားပါသည်။ သူတို့ဝိုင်းပြောသလို ကိုနေညီလာ့စိတ်ထဲမှာလည်း ရွှေဖဲကို အဲဒီအတိုင်းပဲ ထင်နေပြီ မဟုတ်လား။ တကယ်တော့ ရွှေဖဲရင်ထဲက အချစ်ကို ဘယ်သူမှ မမြင်ကြဘူးနော်။

"မရွှေဖဲ"

"ရှင်"

"ကျွန်တော် ပြောတာ စိတ်ဆိုးသွားလား"





"စိတ်မဆိုးပါဘူး၊ ရွှေဖဲ စိတ်မကောင်း ဖြစ်သွားတာပါ"

"ဆောရီး"

"ရပါတယ် ရွှေဖဲ နားလည်ပါတယ်။ သိပ်ဆိုးပြီး ရွှေဖဲကိုလည်း အမြဲနှိပ်စက်နေတဲ့ လူတစ်ယောက်ကို သည်းခံပြီး နှစ်နှစ်လုံးလုံး ရည်းစားအဖြစ် တွဲလာတယ်ဆိုတော့ ရွှေဖဲ တကယ်စိတ်ကုန်ပါပြီ၊ ပြတ်ပါပြီပြောလည်း ဘယ်သူကမှ အလွယ်တကူ မယုံနိုင်ကြတာကို သိပါတယ်"

"ကျွန်တော် သူများကိုယ်ရေးကိုယ်တာကို စွက်ဖက်သလို ဖြစ်နေပြီ၊ မှားသွားတယ်"

"ရတယ် ရတယ်၊ ရွှေဖဲကို ကိုနေညီလာ ဘာပဲဝေဖန်ပါစေ ရွှေဖဲ ကျေနပ်ပါတယ်"

"စကားပြောတာတောင် တော်တော်ကြာသွားပြီး မုန့်ချရင် ကောင်းမယ်ထင်တယ်နော်"

"ကိုနေညီလာ့သဘောပါ၊ ရွှေဖဲက အားပါတယ်၊ စကားလည်း အကြာကြီး ပြောနိုင်ပါတယ်"

"ကျွန်တော်လည်း ပြောနိုင်ပါတယ်၊ ဒါပေမဲ့ ဒီနေ့တော့ နားလိုက်ရအောင်နော်၊ ကျွန်တော် စာကျက်လိုက်ဦးမယ်"

"ကိုနေညီလာ စာမေးပွဲရှိလို့လား"

"စာမေးပွဲမရှိလည်း အမြဲကျက်နေရတယ်လေ၊ စာကကုန်မှမကုန်နိုင်တာ။ စာမေးပွဲပြီးတာတောင် ကုန်မှာမဟုတ်ဘူး၊ ကျွန်တော်က တစ်ယောက်တည်းစာဖတ်ရမှာ ပျင်း



www.burmeseclassic.com

www.burmeseclassic.com



မျိုး။ သူငယ်ချင်းတွေနဲ့ ဖတ်ချင်တာ။ ဒါပေမဲ့ ဒီတစ်ပတ် လှူစုလို့မရဘူး၊ ထွန်းတောက်လေ မျက်မှန်နဲ့ စာကြမ်းပိုး က သူ့အဘွားဆုံးလို့ မအားဘူး၊ တင်မောင်ဦးကတော့ သူ့ရဲ့ အသစ်စက်စက် ရည်းစားလေးနဲ့ ချိန်းထားလို့တဲ့၊ ကြည်သာထွန်းကတော့ Postingသိပ်မတူတော့ စာဖတ်ချင် ရင် လှူစုလို့မရဘူး"

ကိုနေညီလာနဲ့ မနုသာမွှေး စာအတူတူ မဖတ်ဘူး လား။ ရွှေဖဲ သိချင်လိုက်တာ။ မေးဖို့မသင့်ဘူးထင်ပါရဲ့။ ကိုနေညီ လာဟာ ရွှေဖဲကို တကယ်ပဲ ခင်လို့မင်လို့ ဖုန်းဆက်တယ်ဆိုရင် ရွှေဖဲဆီက ရေလာမြောင်းပေးစကားတွေ ပြောမိရင် အထင်သေး သွားမှာလည်း စိုးရိမ်တယ်။ ရွှေဖဲ သိချင်တာ ကိုနေညီလာနဲ့ မနုသာမွှေးဟာ သိပ်ချစ်ကြတဲ့ ချစ်သူတွေလား။ သူငယ်ချင်းတွေ လားဆိုတာပါ။

"ဖုန်းချပြီနော်"

"ခဏ ... ခဏလေး ကိုနေညီလာ"

"ဘာလဲ မရွှေဖဲ"

ရွှေဖဲ တံတွေးအသာမျိုချလိုက်ပြီးမှ ရင်ထဲကလာ သော ခပ်တိုးတိုးအသံလေးနှင့် ...

"ဘယ်တော့ ထပ်ဖုန်းဆက်ဦးမလဲဟင်"

○❤○





## ၁၅

"သူက အဲဒီလို ပေါ်တင်ကိုပြောတာ မနုသာ။ ကိုနေညီလာ ကို သူ ချစ်တယ်တဲ့။ ကိုနေညီလာကိုတွေ့လို့ သူ ဘယ် တော့မှ စိတ်မကူးဖူးဘူးတဲ့ သတ္တိတွေရှိလာပြီး ဖော်သူ့ကို တောင် လမ်းခွဲရဲတာတဲ့။ ကိုနေညီလာ့ဆီက အချစ်ကို ဘယ်လိုနည်းနဲ့ပဲရရ ကျေနပ်တယ်တဲ့"

နုသာမွှေးသည် ဆေးရုံကို ကားမောင်းပြီး လာစဉ် တစ်လျှောက်လုံးမှာ ထိုပြန်ပြောသံကိုပဲ ထပ်ခါထပ်ခါ ကြားပြီး လာရသည်ဖြစ်ရာ ဘယ်လိုနည်းနဲ့ ဆေးရုံကိုရောက်လာခဲ့သည်ပင် မသိတော့။ ရင်ထဲမှာ ရှက်တာက ပိုနေသည်။ အားလုံးရဲ့အမြင်မှာ နေညီလာဟာ ကိုယ်နဲ့ပတ်သက်သူတစ်ယောက်ဟုသာ မြင်ထားပြီး ဖြစ်လေရာ ထားခဲ့ခံရသည်ဆိုသောအဖြစ်ကို ရောက်ကိုမရောက် လိုပါ။ သူ့ဆီကအချစ်ကို မရလို့ ကြေကွဲကာထက် ထားရစ်ခဲ့တာ ခံရမှာကို ရှက်ရခြင်းက ပိုမည်ထင်သည်။



www.burmeseclassic.com

www.burmeseclassic.com



အဲဒီစကားတွေကို နံ့သာမွှေးရဲ့ညီမဝမ်းကွဲထံမှ ပြ
ကြားသိရတာဖြစ်သည်။ နိုင်ငံခြားထွက်ပြီး ကျောင်းတက်ရန်ပြ
နေသော နံ့သာမွှေး၏ ညီမဝမ်းကွဲတစ်ယောက်က IELTS အရှ
ဖြေဖို့ သင်တန်းတက်ပါသည်။ ထိုသင်တန်းမှာ မရွှေဖဲနှင့်ဆုံပြီ
သူငယ်ချင်းဖြစ်သွားပါသည်။

သူငယ်ချင်းစဖြစ်ပြီး မကြာမီ ရှေ့ပင်းစုပြီးသွားကြ
ချိန်းသောတစ်ရက်မှာ မရွှေဖဲ ရောက်မလာ။ အရေးကြီးသော
တစ်ယောက်ကို စောင့်ရမည်၊ တွေ့ရမည်ဟု ပြောသည်။ နော
တစ်နေ့တွေ့တော့ ဝိုင်းစနောက်ပြီးမေးကြည့်ကြရာ အဲဒီမှာ နေညီ
လာ ဆိုသောနာမည် ပါလာသည်။ ညီမဝမ်းကွဲ သော်တာ
နံ့သာမွှေးတို့အိမ်ထဲ အဝင်အထွက် မပြတ်ရှိတာတ်ပြီး နေညီလာ
လည်း မြင်ဖူး သိဖူးထားလေရာ မရွှေဖဲ၏ စကားထဲမှာပါလာ
သောအခါ သိချင်ပြီး အသေအချာကို မေးခဲ့သည်ဟု နံ့သာမွှေးကို
ချက်ချင်း ဖုန်းဆက်သတင်းပို့တော့တာဖြစ်သည်။

"အဲဒါ သော်တာကတော့ မသိချင်ယောင်ဆောင်ပြီး တိတ်
တိတ်လေး သတင်းနှိုက်ယူလာတာပဲ မနံ့သာ။ ကိုယ့်အစ်
ရဲ့ရည်းစားကို လုယူခံရမှာမျိုးတော့အဖြစ်မခံဘူး။ ဒါကြောင့်
မနံ့သာကို ကြိုသတိပေးထားတာ၊ ရွှေဖဲ ရှေ့မှာတော့
ကိုနေညီလာကို မသိထားချင်ယောင်ဆောင်ပြီး သူ့ဆီက
ဘာကြားရမလဲ၊ ဘာအကြံအစည်ရှိလဲဆိုတာ သော်တာ





ဆက်စုံစမ်းသတင်းပို့မယ် စိတ်မပူနဲ့။ ရွှေဖဲကို မုန်းလို့လည်း
မဟုတ်ပါဘူး။ သူက ချစ်စရာကောင်းပါတယ်၊ ရိုးလည်းရိုး
သားပါတယ်၊ ကြောက်လည်းကြောက်တတ်တယ်။ အား
လည်းနာတတ်တယ်၊ ခင်ဖို့လည်းကောင်းပါတယ်၊ ဒါပေမဲ့
ကိုယ့်အစ်မရည်းစားကို လုယူမှာကျတော့ ဘယ်ခံချင်မလဲ"

တကယ်တော့ နေညီလာဟာ ငါ့ရည်းစားမဟုတ်ပါ
ဘူးလို့ နံ့သာမွှေး ပြောမထွက်ရဲခဲ့ပါ။ ဘေးလူတွေကတောင်
ရည်းစားဖြစ်နေပါပြီလို့ ထင်ရလောက်အောင်တွဲခဲ့တာတွေ၊ တစ်
ယောက်အပေါ်တစ်ယောက် အလိုက်သိတာ နားလည်မှုရှိတာတွေ
ကို သာယာပြီး နံ့သာမွှေး ကိုယ်တိုင်ကလည်း လက်ခံခဲ့မိတယ်။
တစ်နေ့နေ့ တစ်ချိန်ချိန်ကျရင်ပေါ့ ဆေးကျောင်းကလူတွေ ကျောင်း
ပြီးခါနီးမှာ အတွဲမရှိသေးရင် ကိုယ့်လူအချင်းချင်းထဲက အိမ်စီကလီ
ဖြစ်ထားတဲ့ တစ်ယောက်ယောက်ကို အမြန်ကောက်ရည်းစားတော်
လိုက်ကြတဲ့ ထုံးစံလိုပဲ နေညီလာလည်း ရွေးစရာမရှိတော့တဲ့အခါ
ငါ့ကိုပဲ ရွေးရမှာပဲဆိုသော မျှော်လင့်ချက်နဲ့ မျှော်ခဲ့မိတာ ဝန်ခံပါရဲ့။

အခုတော့ စိတ်ကူးထားတဲ့အတိုင်း မဖြစ်နိုင်တော့တဲ့
အခြေအနေကို ရောက်ခါနီးနေပြီ။ နေညီလာ ကြည့်ရတာလည်း
မရွှေဖဲကို တော်တော်စိတ်ဝင်တစား ရှိပုံရတယ်။ အရေးတယူဖြစ်နေ
ပုံရတယ်။ နံ့သာမွှေးမှာ ခေါင်းတွေထဲ ချာချာလည်ပြီး ကြံရာမရဖြစ်
နေသလို ခံစားရလေသည်။



www.burmeseclassic.com

www.burmeseclassic.com



ဆေးရုံဝန်းထဲ ကားရပ်နေတုန်း နေညီလာ့ကားကပ် ကားပါကင် ဝင်ရပ်လိုက်တာ တွေ့ရသည်။ သူ့ကိုတော့တွေ့ပြီ ဘယ်လို မေးရမလဲ။ ဘယ်လို ပြောရမလဲ။ နင် ငါ့ကို မထားခဲ့ပါ နဲ့လို့ ပြောလို့ရတဲ့ အခြေအနေမျိုးလည်း ရှိတာမဟုတ်ဘူးလေ နံ့သာမွှေးသည် ကားထဲကအထွက်မှာ သူမအား ရပ်စောင့်နေသော နေညီလာ့ကို ပြုံးတောင်မပြုံးပြနိုင်တော့ပါ။

သူမရဲ့ မျက်နှာအမူအရာ အရိပ်အကဲကိုဆို ချက်ချင်း ရိပ်မိတတ်တဲ့ နေညီလာဟာ စိုးရိမ်တကြီးဖြစ်သွားသော မျက်လုံးတွေနဲ့ကြည့်ရင်း ...

"နံ့သာ ဘာဖြစ်လာတာလဲ၊ မျက်နှာလည်း မကောင်းပါ လား"

ရင်ထဲက မကောင်းတာ။ နင် ဘယ်လိုလုပ် သိနိုင် မှာလဲ နေညီလာရယ်။

"ဘာဖြစ်လာတာလဲ"

နံ့သာမွှေးဆီက အဖြေမရတော့ ထပ်မေးလာပြန် သည်။ နံ့သာမွှေးမှာ တစ်ချိန်ကျရင် သူ ငါ့နားက ထွက်သွားတော့ မယ်ဆိုသော အတွေးကြောင့် သူနဲ့အတူ တွဲတောင်မလျှောက်ချင် သူနဲ့ အတူတွဲပြီး ဆေးရုံထဲဝင်မသွားချင်တော့သလိုတောင် ခံစား နေရသည်။





အားလုံး အမြင်မှာတွေ့နေကျစုံတွဲလေး လာပြီဟု သာ အမြင်ကို ယခုတော့ အရင်ကလို မသာယာနိုင်တော့ပါ။ ဒီအမြင်တွေ၊ အတွေးတွေကိုတောင် ကြောက်နေပါသည်။

"ညက ညဉ့်နက်သွားလို့ အိပ်ရေးမဝတာမျိုးလား"

"နင် ငါ့အကြောင်း အသိဆုံးပါ နေညီလာ"

"အေး ... ငါ သိပါတယ်၊ နင်က ဘယ်လောက်အိပ်ရေး ပျက်ပျက် မျက်နှာမှာ ဘယ်တော့မှ အပြုံးမပျက်ဘူး၊ အိပ်ရေးမဝလို့ ငူငူငေါင်ငေါင်ကြီး ဖြစ်နေတာမျိုးတောင် မရှိဘူး။ လန်းဆန်းတက်ကြွနေတတ်တာလေ"

"ငါ့အကြောင်းကို ငါ့အမေတောင် အဲဒီလောက်မသိဘူး နေညီလာ။ နင်က ဘာလို့ ဒီလောက်တောင်သိနေရတာလဲ"

ရင်ထဲမှာ သူ ဂရုတစိုက်ပြောသမျှကို မကြည်နူးနိုင်ဘဲ ကြားလိုက်ရတိုင်း နာကျင်နေသည်။

"ဟား ဟား ... နင် ဒီမနက် ဘာဖြစ်လာမှန်းတော့မသိဘူး၊ ဒါပေမဲ့ နင့် ငါ့ကို ဘုကန့်လန့်တွေ ပြန်ပြောနေတာဆို တော့ နင် တော်တော်စိတ်မကြည်မှန်းတော့ ငါ သိတယ်"

"ငါမှာ နင့်ကို ပြောစရာတွေရော၊ မေးစရာတွေရောရှိတယ်"

နေညီလာ အံ့သြသလိုပုံစံနဲ့ ဂရုတစိုက် နားထောင် န်ပြပါသည်။ နံ့သာမွှေးမှာ စိတ်လိုက်မာန်ပါပြောပြီးမှ ငါ ပြောဖို့မသင့်ဘူး။ ပြောပိုင်ခွင့်မရှိဘူးဟု သတိရသွားပါသည်။



www.burmeseclassic.com

www.burmeseclassic.com



"ပြောလေ မေးလေ နံ့သာ"

"နေပါစေ ပြောလည်းမပြောတော့ပါဘူး၊ မေးလည်း မ
တော့ပါဘူး"

"ဘာတွေ ပဟေဠိလုပ်နေတာလဲ၊ နားကို မလည်တော့ဘူး"

"နားမလည်ရင်လည်း နားမလည်တဲ့အတိုင်းပဲ ထားလိုက်
ပါ"

"နင် စိတ်ကြည်လာမှ ပြောလည်းရတယ်၊ ငါကတော့
အတွက် အချိန်မရွေး အသင့်ပဲနော်"

ဘာသဘောနဲ့လဲ နေညီလာရယ်။ နံ့သာမွှေး စိ
ပျက်လက်ပျက်ပင် စိတ်ထဲမှ ညည်းညူနေမိသည်။

"ကင်န်တင်း ခဏထိုင်မလား နံ့သာ"

"မထိုင်ဘူး"

"လက်ဖက်ရည်သောက်မယ်လေ"

"အိမ်ကသောက်လာတယ် ငါ မဆာဘူး"

"အင်း ... ဒီနေ့ တစ်မျိုးတော့တစ်မျိုးဖြစ်နေတာပဲ၊ အ
ကဆို အိမ်က ဘယ်လောက် လက်ဖက်ရည် ကော်ဖီ သော
ပြီးလာလာ ကင်န်တင်းလာထိုင်ပြီး ထပ်သောက်လည်
တယ်၊ ကင်န်တင်းက လက်ဖက်ရည်ခွက်ကသေးသေး
ထပ်သောက်ရင် ဝင်တယ်ဆိုတဲ့သူက ဒီနေ့ မထိုင်ဘူး"

"နင် ငါ့ကို အဲဒီလို မထိတထိ ဝေဖန်မနေနဲ့ နေညီ





"စိတ်ကောက်တာလား၊ စိတ်ကောက်ရင် နောက်မှပဲချော့
တော့မယ်၊ ဟိုမှာ ထွန်းတောက်တို့ ကင်န်တင်းထဲက
လှမ်းလက်ပြနေတယ်၊ ငါ သွားလိုက်ဦးမယ် နံ့သာ"

နေညီလာ ပြောပြောဆိုဆိုပဲ နံ့သာမွှေးခေါင်းကို
ခံချက်ပုတ်လိုက်ပြီးလျှင် ဆေးရုံကင်န်တင်းဘက် ပြေးသွားပါ
သည်။ ဒီလိုပဲ တရင်းတနှီး ခေါင်းပုတ်စရာရှိပုတ်၊ ငယ်ထိပ်ကို
ကိုင်လိုကိုင်။ လူရှုပ်ရှုပ်နေရာတွေ သွားရင် လက်ဖျားလေးတွေ
ခေါ်ရင်ခေါ် မခေါ်ရင် နံ့သာမွှေးက သူ့ စလွယ်သိုင်းလွယ်ထားတဲ့
အရေအိတ်ကြိုးကိုကိုင်ပြီး သွားတတ်နေကျတွေဟာ တကယ်တော့
နီးခင်မင်မှုတစ်ရပ်လား။ တစ်ယောက်ကိုတစ်ယောက် တွယ်တာ
မှုရဲ့သက်သေတွေလား ဝေခွဲမရတော့ပါ။

နေညီလာလည်း နံ့သာမွှေးကို လှမ်းခွဲပြီး ကင်န်တင်း
ဝင်လာလိုက်ပါသည်။ နံ့သာ ဘာဖြစ်နေမှန်းမသိခဲ့ရ၍ ရင်ထဲ
 ခိုးလိုးခုလုတော့ ဖြစ်နေမိသည်။ နံ့သာက စိတ်တော့ ခဏ
ကောက်တတ်မှန်းသိပေမယ့် ဒီတစ်ခါတော့ တော်တော့်ကို
ကောက်နေမှန်း ရိပ်မိပါသည်။ ဘာကိုကောက်သလဲသာမသိ
ဖြစ်သည်။

"နံ့သာမွှေး မလာဘူးလား"

တင်မောင်ဦးက နံ့သာမွှေး ထွက်သွားရာ လှည့်ပင်း
လိုက်ကြည့်ပြီး မေးသည်။



www.burmeseclassic.com

www.burmeseclassic.com



"ကောက်မေးတယ်"

နေညီလာ ရယ်မောပြောလိုက်ပါသည်။ သူတို့အုပ် ထဲမှာ မိန်းကလေးတွေက မကြာခဏ ကောက်တတ်ကြ ယောကျ်ားလေးတွေက သူတို့အကောက်ပြေအောင် ပေါ်လို အရူးလိုလို လုပ်ပြပြီး ချော့နေကျဖြစ်ပါသည်။ နံ့သာမွှေးလည် ကောက်၊ ညိုညိုအောင်လည်းကောက်နှင့်မို့ ကောက်နေတယ် တာ သိပ်တော့မဆန်းလှ။

"ခုတလော သူ မင်းကို ခပ်ရှောင်ရှောင် ဖြစ်လာတယ် မထင်ဘူးလား"

"ဘာဖြစ်လို့လဲ"

"ဘာဖြစ်လို့လဲ တော့ ငါတို့လည်း မသိဘူး၊ မင်းက ပုံ အတိုင်းပေမယ့် သူကတော့ ရှောင်ကိုရှောင်တယ် ကိုယ့်မျ မင်း သတိမထားမိလို့"

"ပြောပါဦး ဆရာ၊ ဆရာက ဘယ်တုန်းက သတိထား တာလဲ"

နေညီလာသည် ထွန်းတောက် အရေးတယူပြော လာတာကို နောက်ပြောင်ကာ ပြန်မေးလိုက်သည်။ သူ့ရင်ထဲမှာဆေး ရှုင်နေ၊ မြူးနေပါသည်။ ခုတလောမှာမှ မရွှေဖဲနှင့် ဖုန်းအဆက် အသွယ်တွေဟာ ညတိုင်းလိုလိုဖြစ်လာလေရာ သူ့ရဲ့နှလုံးခုန်ချ ဝိုင်းကတောင် "မရွှေဖဲ၊ မရွှေဖဲ"နှင့် အသံမြည်နေပြီလားမသ





"ဟိုတစ်ပတ်ကမှ စရိပ်မိတာ၊ နေ့လယ် ထမင်းစားချိန်မှာ ထမင်းစုပြီး စားကြတော့ အရင်ကလို မဟုတ်တာ သတိထားမိတယ်။ အရင်ကဆို နံ့သာထမင်းချိုင့်ထဲမှာ မင်းအကြိုက် ဟင်းတစ်မျိုးက မသက်မှာစရာကောင်းလောက်အောင် ပါပါနေတတ်တယ်။ တမင်များ နေ့တိုင်းထည့်လာ သလား ထင်ရအောင်ပါတာ။ မင်း ယူစားနေရက်သားနဲ့ မင်းမစားမှာစိုးလို့ ခပ်ခပ်ထည့်ပေးတာများ ဘေးလူတွေ အသိပဲ။ အားလုံးက မင်းတို့အကြောင်းသိလို့ ရိုးနေပြီး စ၊နောက်ဖို့ စိတ်မဝင်စားတာ။ အခုတော့ သူ့ထမင်းချိုင့် ကို သုံးဆင့်ချိုင့် ယူမလာတော့ဘဲ နှစ်ဆင့်ချိုင့်လေးနဲ့။ ထမင်းတစ်ချိုင့် ဟင်းတစ်ချိုင့် သူ့အတွက်သူပဲ ထည့်လာ တယ်။ မင်းအတွက် မပါတော့ဘူး၊ မင်း စားစား၊ မစား စား ထည့်လည်းပေးမနေတော့ဘူး။ သူ့ဘာသာပဲ စားတယ်။ ကင်န်တင်းမှာ နေရာယူတော့လည်း မင်းနံဘေးက နေရာ ဟာ သူအမြဲဝင်ထိုင်နေကျပေမယ့် လုံးဝမထိုင်တော့ဘူး။ တမင် ခပ်ဝေးဝေးခုံကို ရွေးထိုင်တယ်။ မင်းစကားတွေ လျှောက်ပြော ပေါလောဝါးလား လုပ်နေရင် အရင်ကဆို နံ့သာဟာ မင်းဘာပြောပြော မင်းမျက်နှာကို ငေးစိုက်ကြည့် ပြီး ရယ်နေတတ်တာ။ အခုတော့ မင်းကို လုံးဝမကြည့် တော့ဘဲ သူ့ဘာသာ မဂ္ဂဇင်းစာအုပ်ကို သဲကြီးမဲကြီးဖတ် နေတယ်"



www.burmeseclassic.com

www.burmeseclassic.com



နေညီလာသည် ထွန်းတောက် ချက်ကျလက်ကျ အစီအစဉ်ကျနစွာ ပြောပြလာသောအခါ ခုနကသွားအဖြီးသားနဲ့ နောက်ပြောင်နေတာပင်လျှင် ရပ်တန့်သွားပါသည်။ သူကတော့ မရှေ့ဖဲဟူသော အာရုံတစ်ခုတည်းနဲ့သာ အရာရာကို အမှုမဲ့အမှတ်မဲ့ ဖြတ်ကျော်နေပေမယ့် သူ သတိမထားလိုက်မိသော နံ့သာမွှေးရဲ့ ပြောင်းလဲမှုတွေကို သူငယ်ချင်းတွေက မြင်ပြီးနေပြီတည်း။

"နောက်ပြီး မင်းကတော့ မေးမြဲတိုင်းပုံစံနဲ့ သောကြာနေ့တိုင်း နံ့သာကို မေးတယ်လေ။ အဲဒါလည်း သူ ငြင်းတယ်"

"ဘာလဲ"

"သောကြာနေ့ဆို နံ့သာရဲ့အကျင့်က ဦးနှောက်ကို အနား ပေးတယ်ဆိုပြီး စာလုံးဝမကျက်ဘူး၊ ကျောင်းစာကိုလုံးဝ မကိုင်ဘူး။ သူ သိပ်ကြိုက်တဲ့ DVD ကားကို နှစ်ကားလောက် အနည်းဆုံး ကြည့်တတ်တယ်လို့ မင်းပဲ ပြောပြဖူးလို့ ငါ တို့သိရတာ။ သူ DVD ငှားဖို့ မင်း အမြဲလိုက် အဖော်လုပ် ပေးရတယ်။ သူငှားချင်တဲ့ကားကို မင်းနဲ့ ဇာတ်လမ်းဖတ် တိုင်ပင်ပြီးမှ မင်းက အကြံပြု recommandation (ရီကွန် မန်ဒေးရှင်း)ကို ရယူပြီးမှ DVD ကို ငှားတတ်တယ်ဆို ဒါပေမဲ့ ပြီးခဲ့တဲ့ သောကြာနှစ်ပတ်မှာစပြီး နံ့သာပြောင် သွားတယ်။ မင်းက နံ့သာ ကျောင်းဆင်းရင် DVD ဆိုင် ဝင်မယ်နော်လို့ ပြောတော့ နံ့သာက ဘာပြန်ပြောလိုက်လဲ"





နေညီလာမှာ တော်တော့်ကို စေ့စေ့စပ်စပ် ကတ်သီး ကတ်သတ် မြင်တတ်လှသော ထွန်းတောက်ကို ချီးကျူးမိရင်း သူ ပြောနေတာတွေ တကယ်ပါလားလို့လည်း အံ့သြစွာ တွေးနေမိ သည်။

"ငါ ဒီအပတ် ဘာကားမှ ကြည့်ချင်စိတ်မရှိဘူး၊ မသွား တော့ဘူးလို့ ပြန်ပြောတယ်"

နေညီလာ မဖြေခင် တင်မောင်ဦးက ဖြေလိုက် သည်။

"နောက်တစ်ခါ တစ်ပတ် သောကြာနေ့မှာလည်း ဒီကောင် မေးသေးတာပဲ"

"နံ့သာက ဘာပြန်ဖြေလဲ နေညီလာ၊ မင်း မှတ်မိလား"

"ငါ့ဘာသာပဲ သွားငှားတော့မယ်၊ နင် မလိုက်နဲ့တော့တဲ့။ ညိုညို လိုက်ချင်လို့ ခေါ်သွားမယ်တဲ့ကွာ။ ငါ မှတ်မိပါ တယ်၊ အဲဒါ ဘာဖြစ်လဲ။ ငါစိတ်ထင်တော့ ပထမတစ် ပတ်မှာ သူ တကယ်မကြည့်ချင်လို့ မသွားတာ၊ ဒုတိယ တစ်ပတ်မှာတော့ ညိုညိုနဲ့ မိန်းကလေးချင်း အဖော်လုပ်ပြီး သွားချင်လို့ ထင်လိုက်တာ ဒါပဲ၊ ရှင်းတာကို မင်းတို့က လိုက်ရှုပ်အောင် တွေးနေတာပါပဲ"

"အဲဒီလိုမျိုး သူ ဟိုးအရင် သောကြာနေ့တွေတုန်းက ငြင်းဖူးလား"



www.burmeseclassic.com

www.burmeseclassic.com



နေညီလာ ကြောင်သွားပါသည်။ သူ မှတ်မိသလောက်ကတော့ တစ်ခါမှကို မငြင်းဘူးခဲ့တာ။ နေညီလာ ရွေးပေးတဲ့ DVD ဆို အပာတ်ကြီးထင်ပြီး လိုက်ငှားတတ်တဲ့ နံ့သာပါ။

"တစ်ခါမှ မငြင်းဖူးဘူး မဟုတ်လား"

နေညီလာ ကြောင်ပြီး ခေါင်းညိတ်ပြမိသည်။

"သူ မင်းကို ဘယ်လိုမှ တွဲမသွားချင်တော့ဘူး။ မင်းကို ရှောင်တော့မယ်။ မင်းနဲ့ ကင်းနိုင်သမျှကင်းအောင် နေမယ်လို့ ဆုံးဖြတ်နေပြီထင်တယ်"

"ဘာဖြစ်ရတာလဲကွာ၊ အရင်တည်းက ခင်ခင်မင်မင်နေလာတဲ့သူတွေ။ သူနဲ့ ငါကြားမှာ ဘာပြဿနာမှလဲ ကြီးကြီးမားမား မရှိဘဲနဲ့"

"မရွှေဖဲဟာ ကြီးမားတဲ့ပြဿနာပေါ့"

"သူ ဘယ်လိုလုပ် သိလို့လဲ။ မရွှေဖဲနဲ့ ငါ အဆက်အသွယ်ရှိနေတယ်ဆိုတာ၊ ဘယ်သူကမှ မပြောရင် သိစရာမရှိဘူး။ ငါ အားလုံးပြောပြတာဆိုလို့ မင်းတို့ပဲ ရှိတယ်။ မင်းတို့ ပြောလိုက်လို့ သိသွားတာလား"

"ငါတို့ မပြောဘူး"

"အေး ... ထွန်းတောက် ပြောသလိုပဲ ငါတို့ နံ့သာကို ဘာမှအသိမပေးဘူး။ ဘာကြောင့်လဲဆိုတော့ သူ သိပ်ရှက်





သွားလိမ့်မယ်။ အဲဒီလို ရှက်သွားရင် ငါတို့ကို သူ စကားတောင်ပြောရဲတော့မှာ မဟုတ်ဘူး။ ဒါကြောင့် ငါတို့သူ့ကို သနားလို့ မပြောပါဘူး"

နေညီလာမှ နံ့သာကို ရင်ထဲမှာ သနားတော့ သနားနေမိသည်။ မခွဲမခွာ ခင်မင်ခဲ့သော သူငယ်ချင်းကောင်းအဖြစ် နံ့သာကို ခင်သည်။ သူများအထင်လွဲရလောက်အောင် နံ့သာကို တတွဲတွဲ လုပ်ခဲ့မိတဲ့အတွက်လည်း နောင်တရပါသည်။

"ငါ စိတ်တော့မကောင်းပါဘူးကွာ၊ ဒါပေမဲ့ ငါ မရွှေဖဲကို တကယ်ချစ်မိသွားလို့ပါ။ ဘယ်လိုလုပ်မလဲ။ မင်းတို့ ငါ့နေရာမှာပဲ စဉ်းစားကြည့်။ နံ့သာကိုတော့ သူငယ်ချင်းတစ်ယောက်လို သံယောဇဉ်ရှိတယ်။ မရွှေဖဲနဲ့ မတွေ့ခင်ထိ သူ့ကိုပဲ တစ်နေ့ကျရင် အဖော်ကောင်းတစ်ယောက်အဖြစ်ရွေးမယ်လို့ ငါ တကယ် စိတ်ကူးခဲ့တယ်။ တွဲလည်းတွဲခဲ့မိပါတယ်ကွာ၊ ငါ မှားခဲ့တာပါပဲ။ ဒါပေမဲ့ ငါ မရွှေဖဲကို တကယ်ချစ်မှန်း သိသွားတဲ့အခါကျတော့ ငါ အတွေကြီးချင်တယ်။ ကိုယ်တကယ်ချစ်တဲ့သူကိုပဲ ရွေးချင်တယ်"

သူတို့အားလုံးကြားမှာ ပြောစရာ၊ ဆွေးနွေးစရာစကား မရှိတော့လောက်အောင် တိတ်ဆိတ်သွားပါသည်။ အတန်းတက်ရမယ့်အချိန် ရောက်လာလို့သာ အတန်းထဲ ဝင်ခဲ့ရတယ်။ အတန်းတက်လိုက်ရတယ်။ နေညီလာ့ ရင်ထဲမှာ ရှုပ်ထွေးနေခဲ့



www.burmeseclassic.com

www.burmeseclassic.com



သည်။ စာထဲလည်း စိတ်ဝင်စားလို့မရ။ နံ့သာမျက်နှာမှုန်မှုန်လေးကိုပဲ မကြာခဏ ခိုးခိုးကြည့်ကာ သနားနေမိသည်။ သနားတာက သနားတာသက်သက်။ ချစ်တာက ချစ်တာသက်သက်မို့ အတော်ခက်လှပါသည်။

○ ❤ ○





## ၁၆

ရွှေဖဲသည် ရုတ်တရက် ကြားလိုက်ရသော စကားလုံးတို့ကို မယုံနိုင်သလိုဖြစ်ကာ ငြိမ်သွားမိသည်။ ရင်ထဲမှာ တလှပ်လှပ် ခုန်ရလွန်းတာဟာ ပေါက်ထွက်လာမလားတောင် မသိတော့။

"အခွင့်အရေးယူတယ်လို့တော့ မထင်စေချင်ဘူး။ ကျွန်တော် မရွှေဖဲကို ချစ်မိနေပြီ ဆိုတဲ့အကြောင်း ပြောမလို့ပါ"

ဆိုပြီး ကိုနေညီလာ စကားစပြောလာတာပါ။ ဘယ်လိုချစ်တဲ့အကြောင်းတွေ ပြောမှာလဲ။ ရွှေဖဲ ကြားချင်လိုက်တာ။ ပြောပါ ... ပြောပါ ... ရွှေဖဲ တမေ့တမောကို နားထောင်ပါ့မယ်။ မပျင်းမရိစတမ်းလည်း နားထောင်နိုင်ပါတယ်။

"မရွှေဖဲ အနေနဲ့ တစ်စုံတစ်ယောက်ကို ချစ်ခဲ့ဖူးပေမယ့် အခုအချိန်မှာ ကျွန်တော့်အတွက် နေရာပေးနိုင်သေးရင် ဘယ်လောက်ကောင်းမလဲလို့ စိတ်ကူးယဉ်မိတယ်"



www.burmeseclassic.com

www.burmeseclassic.com



အို ... အဲဒီလို မပြောပါနဲ့ ကိုနေညီလာရယ်။ ရွှေဖဲက ဖော်သူ့ကို စိတ်ကစားပြီး ထင်ယောင်ထင်မှားစိတ်နဲ့ ချစ်တယ်ဖြေလိုက်မိတာပါ။ ကိုနေညီလာ့ကိုတော့ တကယ်ပဲ သူ့အလိုလို ချစ်ကို ချစ်လာတာ။

"ကျွန်တော် မရွှေဖဲကို ဘယ်မှာအရင်စပြီး တွေ့ဖူးလဲ သိလား"

ရွှေဖဲ ငြိမ်နားထောင်နေရာမှ ...

"City Mart မှာ ဈေးဝယ်နေတုန်းက"

ဟု မှတ်မိသလောက် ဖြေမိသည်။

"မဟုတ်ဘူး"

"ဟင် ... ဒါဖြင့် ဘယ်တုန်းက ရှိလို့လဲ။ ရွှေဖဲ သိတာက အဲဒီတုန်းက မနံ့သာမွှေး ပါတယ်၊ ရွှေဖဲ အပေါ် ဂရုတစိုက် ကူညီပေးဖော်ရတဲ့ စုံတွဲလေးက သိပ်လိုက်တာပဲလို့ အမှတ်တရ ဖြစ်သွားတယ်။ နောက်တစ်ခါ မျှော်စင်ကျွန်းစတိတ်ရှိုးမှာ ထပ်တွေ့တော့ ရွှေဖဲ ကိုနေညီလာ့ကို သေသေချာချာ စိုက်ကြည့်လိုက်တာနဲ့ မှတ်မိပါတယ်။ အဲဒီဘုန်းက ပြဿနာတွေ ဖြစ်နေကြတာမို့ မှတ်မိတဲ့အကြောင်း မပြောပြတာပါ"

နေညီလာက နူးညံ့စွာကြည့်ရင်း ...





"ကျွန်တော် မရွှေဖဲကို ကျွန်တော့်ရဲ့ကော်ဖီဆိုင်မှာ လာထိုင်တဲ့ နေ့လေးတစ်နေ့မှာ အရင်စတွေ့ဖူးတာပါ"

ဟူ၍ ကျေကျေနပ်နပ် ဝန်ခံလိုက်သောအသံဖြင့် ပြောလေသည်။

"ဟင် ... ဟုတ်လား၊ ဘယ်တုန်းကလဲ"

"အဲဒီနေ့တုန်းက မရွှေဖဲ တစ်ယောက်တည်း ရောက်လာတာ။ ဘယ်သူ့ကို လာထိုင်စောင့်မှန်းတော့ မသိဘူး။ အကြာကြီး ထိုင်စောင့်နေတယ်။ တစ်ယောက်ယောက်ကို ထိုင်စောင့်မှန်း သိသာပါတယ်၊ လက်ပတ်နာရီကို ကြည့်လိုက် အပေါက်ဝကို မျှော်လိုက်နဲ့လုပ်နေတာ။ နောက်ဆုံးကျတော့ စိတ်ပျက်လက်ပျက် ပုံလေးနဲ့ ထပြန်သွားတယ်။ ဘယ်သူ့ကို လာစောင့်မှန်း မသိပေမယ့် ကျွန်တော့်စိတ်ထဲမှာတော့ ချစ်သူနဲ့ ချိန်းထားပြီး လာစောင့်တဲ့ မိန်းကလေးတစ်ယောက် သူ့ချစ်သူ ရောက်မလာတဲ့အခါ ဝမ်းနည်းကြေကွဲပြီး ထပြန်သွားရတယ်ဆိုပြီး အမှတ်တရဖြစ်သွားမိတယ်"

ရွှေဖဲ ရင်ထဲမှာ ကြည်နူးစိတ်ဖြင့် ဆွတ်ပျံ့နေသည်။ ကြည့်စမ်း ... ငါမသိလိုက်တဲ့ အချိန်မှာ ကိုနေညီလာဟာ ငါ့ကို ကြိုသိနေခဲ့တယ်။



www.burmeseclassic.com

www.burmeseclassic.com



"နောက် သိပ်မကြာခင်မှာ တိုက်တိုက်ဆိုင်ဆိုင်ပဲ ကြည်သာ ထွန်းရဲ့ Facebook ထဲမှာ ဓာတ်ပုံတွေ တင်ထားတော့ ကြည့်မိတဲ့အခါမှာ မရွှေဖဲကို ဒုတိယအကြိမ် ထပ်တွေ့ တာပဲ။ သူ့ညီမဝမ်းကွဲရဲ့ ပါတီတစ်ခုမှာ စုပြီးရိုက်ထား ဂရု(ပ်)ပုံထဲမှ မရွှေဖဲ ပါနေတယ်။ အဲဒီမှာ ထပ်တွေ့လိုက် ရတယ်၊ နောက်ပိုင်းတွေကတော့ မရွှေဖဲလည်း သတိထား မိတဲ့ တွေ့ဆုံမှုတွေပဲ"

"ဘာဖြစ်လို့ ရွှေဖဲကို သတိထားမိတာလဲဟင်"

"အဲဒီတုန်းကတော့ ဘာဖြစ်လို့မှန်း မသိဘူး။ တကယ် တော့ ကျွန်တော် မရွှေဖဲကို မသိစိတ်မှာ နေရာပေးပြီ ချစ်သွားမိလို့ဆိုတာ ခုမှ သိလာတယ်"

ဒါဖြင့် မန့်သာမွေးကရော။ ရွှေဖဲ ဖွင့်မေးလိုက်ချင် လာသည်။

"မန့်သာမွေးက ကိုနေညီလာ့ချစ်သူ မဟုတ်လား"

"အခင်ဆုံး သူငယ်ချင်းတွေပါ"

"ဒါပေမဲ့ သိပ်တွဲကြတာပဲ"

"မရွှေဖဲ မယုံရင် နံ့သာကို မေးကြည့်လို့ရတယ်"

"မမေးပါဘူး၊ ကိုနေညီလာ ပြောတာကို ယုံပါတယ် ဒါပေမဲ့ ခဏ ခဏ တွဲတွေ့ရတော့ ရွှေဖဲ စိတ်ထဲ ချစ်သူတွေလို့ ထင်လို့ပါ"





"ကျွန်တော် ပထမဦးဆုံး ချစ်တယ် ပြောဖူးတဲ့ မိန်းကလေး ဟာ မရွှေဖဲ တစ်ယောက်တည်းပဲ ရှိသေးတယ်"

ဒီလို သိလိုက်ရတော့ ရွှေဖဲ ရင်ထဲမှာ ဝမ်းသာရမယ့် အစား ဝမ်းနည်းသွားပါသည်။ ဘာကြောင့်လဲဆိုတော့ ရွှေဖဲရဲ့ ချစ်တယ်ဆိုတဲ့ စကားကို ကြားခွင့်ရသူဟာ ကိုနေညီလာ ပထမ ဦးဆုံး မဟုတ်ခဲ့လို့ပဲ။ ဇော်သူ့ကို ချစ်တယ်လို့ ပြောခဲ့ဖူးမိတယ်။ ခုချိန်မှာ အဲဒီစကားဟာ ရင်ထဲမှာ ဘာခံစားချက်မှ သိပ်ရှိလှတာ မဟုတ်ဘဲ ပြောခဲ့မိတာဖြစ်ကြောင်း ဝေဖန်ပိုင်းခြားတတ်လာပြီ။

"မရွှေဖဲမှာ အဖြေမရှိသေးရင်လည်း ရပါတယ်၊ စဉ်းစား ပြီးမှ ဖြေချင်လည်း ဖြေပါ"

"မဟုတ်ဘူး ... မဟုတ်ဘူး၊ စဉ်းစားစရာ မလိုဘူး"

ရွှေဖဲ ခပ်မြန်မြန်ပဲ ပြန်ဖြေလိုက်ပါသည်။

"ရွှေဖဲကို အထင်သေးရင်လည်း သေးတော့။ ရွှေဖဲ ကိုနေ ညီလာ့ကို ချစ်တယ်။ ချစ်နေတာ ကြာပြီ၊ ဇော်သူနဲ့ပြတ် ပြတ်သားသား မဖြစ်ခင်ကတည်းက ကိုနေညီလာ့ကို သိပ်ချစ်ခဲ့တယ်။ ရည်းစားတစ်ယောက်နဲ့ တွဲရက်ရှိနေတာ တောင် တခြားယောကျ်ားတစ်ယောက်ကို ခိတ်ကစား တယ်လို့တော့ မထင်စေချင်ဘူး။ တကယ်တော့ ကိုနေညီ လာ့ကိုတွေ့မှ တကယ်ချစ်တယ်ဆိုတာဟာ ဘယ်လိုအရာ လဲလို့ ရွှေဖဲ ခံစားတတ်လာတာပါ"



www.burmeseclassic.com

www.burmeseclassic.com



"အထင်မသေးပါဘူး မရွှေဖဲရယ်"

ဇော်သူနဲ့တုန်းက မကြာခဏ လက်တွဲထားဖူးပေမယ့် အခုချိန်မှာ ကိုနေညီလာနဲ့ လက်တွဲထားရတာလောက် ပြီးပြည့်စုံတာမျိုး မခံစားခဲ့ရဖူးပါ။ ရွှေဖဲသည် ကိုနေညီလာ့ လက်ဖဝါးထဲ နစ်မြုပ်နေသော သူမရဲ့လက်ဖဝါးဆီမှာ စီးဆင်းကူးဝင်လာတဲ့ ကိုနေညီလာ့ လက်ဖဝါးရဲ့အနွေးဓာတ်နဲ့အတူ ကိုနေညီလာ့အချစ်ကိုပါ တကယ်ခံစားလိုက်ရသည်။

ရွှေဖဲ၏နေ့ရက်တွေဟာ အခုမှစပြီး ပြီးပြည့်စုံတော့တာဖြစ်သည်။ တောင့်တခဲ့ဖူးသော အချစ်တစ်ခုကို ရလိုက်ချိန်မှာ ဘဝဟာ အတော့်ကို စိတ်ချမ်းသာစရာ ကောင်းနေတော့လေသည်။

"ကိုယ့်ကို ဘယ်လိုခေါ်မှာလဲ"

"ကိုနေညီလာ့ပဲ ခေါ်ရင် မရဘူးလား"

"မရွှေဖဲ မောနေပါ့မယ်"

"သူကျတော့ မရွှေဖဲတဲ့"

"မရွှေဖဲလို့ တွဲခေါ်မှ နာမည်လေးက ပိုပြီးချစ်စရာကောင်းတယ်ထင်လို့ ခေါ်ချင်တာ"

"ကိုနေညီလာက ဘယ်လိုခေါ်စေချင်လို့လဲ"

"မသိဘူးလေ၊ မရွှေဖဲ ဘယ်လိုများ ပြောင်းခေါ်မလဲလို့ သိချင်လို့"





"အိုပါးလို့ ခေါ်ရင်ရော"

"ဟင် ... ဘာလဲ၊ အဲဒါ ဘာလဲ"

"ဟီ ဟီ"

ရွှေဖဲမှာ အဖြေရှာမရသော ကိုနေညီလာ့ကို ကြည့်ပြီး ရယ်မိသည်။ ဒီလိုစကားမျိုး သူ့မှာ ကြားဖူးပုံတောင်မပေါ်ဘူး။ ဖြစ်မှ ဖြစ်ရလေ။

"အိုပါးလေ"

"ဘာလဲ ... အဲဒါ မသိမှု မသိတာ"

"ကိုနေညီလာ ကိုရီးယားကား မကြည့်ဘူးလား"

"မကြည့်ဘူး"

"ဒါဖြင့် ဘာလုပ်နေလဲ"

"ဓာတ်လမ်းတွဲတွေ ကြည့်ဖို့တောင် အချိန်မပေးနိုင်ဘူး။ ကျောင်းကပြန်လာ ရေချိုးစားသောက်ပြီးတာနဲ့အိပ်၊ သူများအိပ်မှ ပြန်ထပြီး စာကျက်တာ၊ တီဗီမှာ ဘာတွေပြလို့ ပြမှန်းတောင် မသိဘူး"

"ဟင် ... အဲဒါဆို ဆေးကျောင်းတက်ရတဲ့သူဟာ လောကကြီးနဲ့ ကင်းကွာပြီး ဘာတွေခေတ်စားလို့ ခေတ်စားမှန်းတောင် မသိဘူးပေါ့"

"အဲဒီလိုတော့ မဟုတ်ပါဘူး၊ ကိုယ်ကသာ တီဗီဓာတ်လမ်းတွေ ဘာတွေ စိတ်မဝင်စားလို့ ဆောင့်မကြည့်တာပါ။



www.burmeseclassic.com

www.burmeseclassic.com



ကျောင်းက မိန်းကလေးတွေကတော့ ကြည့်ကြပါတယ်၊ သူတို့ပြောနေသံ ကြားကြားနေရတာပဲ။ ညက ကိုရီးယား ကားပြီးမှ စာစကျက်တယ်တို့ ဘာတို့ ပြောကြတာ ကြား ရတာပဲ"

"မနံ့သာမွှေးရော ကိုရီးယားကား ကြည့်တတ်လား"

ရွှေဖဲ ဘာကြောင့်မှန်းမသိ မနံ့သာမွှေးအကြောင်း ကို သိချင်နေမိသည်။ ကိုနေညီလာနဲ့ မနံ့သာမွှေး ကြားမှာ တစ်စုံတစ်ရာ ပတ်သက်မှုတော့ ရှိကိုရှိမည်ဟု ရင်ထဲမှာ အလိုလို သိနေသည်။

"နံ့သာက ဇာတ်လမ်းတွဲတွေ မကြည့်တတ်ဘူး၊ သူက အင်္ဂလိပ်ကား အကြည့်များတယ်။ ဒရာမာတို့ ရိုမန်တစ် ကော်မစ်ဒီတို့ သူ သိပ်ကြိုက်တာပေါ့။ နံ့သာအကျင့်က သောကြာနေ့ဆို စာလုံးဝမကျက်ဘူး။ ဦးနှောက်ကိုအနား ပေးတယ်ဆိုပြီး DVD နှစ်ကားလောက် ကြည့်ပစ်တတ် တယ်။ တစ်ပတ်မှာ တစ်ရက်နားပြီး DVD ကြည့်တာပေါ့။ ကိုယ်တို့ထဲမှာ အမြဲ စာအုပ်နဲ့မျက်လုံး မခွာဘဲ နေတတ် တာ ထွန်းဘောက် တစ်ယောက်ပဲ ရှိပါတယ်။ ကျန်တဲ့သူ တွေကတော့ စာချည်းပဲ လုပ်နေတဲ့သူတွေ မဟုတ်ဘူး။ သီချင်းကြိုက်လို့ သီချင်းပဲ နားထောင်တဲ့သူ ရှိတယ်၊ ဘောလုံးကြိုက်လို့ ဘောလုံးကစားတဲ့သူ ရှိတယ်"





နေညီလာကတော့ နံ့သာမွှေးအကြောင်း သူသိထား မျှ ပြောပြလိုက်တာပေမယ့် ရွှေဖဲ စိတ်ထဲမှာတော့ နေညီလာ သေးစိတ် သိလွန်းသည်ဟု ထင်မိသည်။ သို့သော် သဝန်တို ာ၊ စိတ်ကောက်ချင်မိတာမျိုး မဖြစ်ဘဲ သူ့ရဲ့သံယောဇဉ်က ယ်လိုပုံစံမျိုးလဲလို့ ဝေခွဲမရတာမျိုးလောက်သာ ဖြစ်မိခြင်းပါ။

ရွှေဖဲ အနေနဲ့က ရွှေဖဲဟာ ကိုနေညီလာဆီက ချစ်ကို မမျှော်လင့်ရဲဘဲ ရခဲ့တာဆိုတော့ ဘယ်လိုအချစ်မျိုးကိုပဲ ကျေနပ်နိုင်ပါသည်။

"ကိုနေညီလာက ဘာကြိုက်တာလဲ၊ သီချင်းလား၊ ရုပ်ရှင် လား၊ ဘောလုံးလား"

"ကိုယ်က သီချင်းသမား။ အိမ်မှာ စာမကျက်ချင်ရင် ဂစ်တာတီးတယ်။ သီချင်းဆိုတယ်။ MTV ကြည့်တယ်၊ တင်မောင်ဦးက ဘောလုံးရူးပေါ့။ ကျောင်းမှာ ဘောလုံး အသင်းဝင်ထားတာလေ"

"ကိုနေညီလာ သီချင်းဆိုတတ်ရင် ရွှေဖဲကို ဆိုပြ"

"ကိုယ်က ဂစ်တာနဲ့မှ ဆိုတတ်တယ်၊ ဖုန်းထဲက ဆိုပြ မယ်လေ"

"ညကျ ဆက်နော်"

"အိုကေ"

"အိုပါးလို့တော့ မခေါ်ပါဘူး၊ အလကား နောက်တာ"



www.burmeseclassic.com

www.burmeseclassic.com



"ပြောပါဦး၊ အိုပါးက ဘာကိုပြောတာလဲ"

"အဲဒါ ကိုရီးယားကားတွေထဲမှာပါတာ။ အစ်ကိုလို့ခေါ်တာလေ"

"တယ်ဟုတ်ပါလား၊ ကိုရီးယားစကားတောင် သိနေတယ်"

"ဟီ ဟီ ... ဒီလိုပဲ သိသွားတာလေ။ သူတို့ပြောတဲ့အသံနဲ့ အောက်မှာ မြန်မာစာတန်းထိုးတာကို လိုက်ကြည့်ရင်း သိလာတာ"

"ကိုယ့်ကို အစ်ကိုလို့ခေါ်လည်း ရပါတယ်"

"ကိုကိုလို့ ခေါ်မှာ"

နေညီလှ ရင်ထဲ တုန်နေအောင် ချစ်မိသွားပြီး ရွှေဖဲ၏ နဖူးပြင်လေးကို ရှပ်ခနဲ ငုံ့နမ်းလိုက်မိသည်။

သူတို့နှစ်ဦး အကဲပိုပိုဖြင့် ချစ်ကြည်နူးနေကြသည့် မြင်ကွင်းကို မရှုစိမ့်သလို လိုက်စောင့်ကြည့်နေခဲ့သူ တစ်ဦးကိုတော့ သူတို့ သတိမထားမိကြပါ။ ထိုသူကား ဇော်သူပဲ ဖြစ်သည်။ ဇော်သူက ခုတလော ရွှေဖဲ အပြင်ထွက်တိုင်း ကားတွေတစ်မျိုးပြီးတစ်မျိုးပြောင်းကာ လိုက်စောင့်ကြည့်တတ်သည်။ အိမ်မှာရှိသော ကားသုံးစီးကုန်တော့ ဇော်သူ အနိုင်ကျင့်လို့ရသော သူငယ်ချင်းတွေဆီက ကားတွေ ဆိုင်ကယ်တွေ ခဏငှားသုံးပြီး လိုက်စောင့်ကြည့်လေရာ ရွှေဖဲ ဘယ်လိုမှ မမှတ်မိနိုင်တော့ပါ။





အားလုံးက ပိုက်ဆံတတ်နိုင်သော အုပ်စုတွေဖြစ်ပြီး အိမ်တစ်အိမ်မှာ အနည်းဆုံးတော့ ကားနှစ်စီး ရှိကြသလို တချို့လူတွေဆို စက်ရုံသုံးသောကားတွေ၊ ကုမ္ပဏီမှာ ဖယ်ရီသုံးသော ကားတွေတောင် ပိုင်လိုက်သေးတာမို့ ဇော်သူ့ သူငယ်ချင်း ဆယ်ယောက်လောက်ရဲ့ကားတွေဟာ လှည့်သုံးလို့ကို မကုန်တော့။

ဇော်သူသည် ရွှေဖဲကို နီးတုန်းကတော့ အနိုင်ကျင့်ဗိုလ်ကျ ကိုယ်ထိလက်ရောက် ရိုက်တာ၊ ပြုတာ လုပ်နေတတ်ပေမယ့် တကယ်တော့ သူ ရွှေဖဲကိုချစ်မှန်း သူ့ကိုယ့်သူလည်းသိသည်။ သို့သော် စရိုက်ပေပဲလား။ ရွှေဖဲ မကြာခဏ မရဲတရဲ ဝေဖန်တတ်သလိုပဲ ...

"ဇော်သူတို့က မျိုးရိုးလိုက်ပြီး နိုင်ချင်တဲ့စိတ် ရှိနေတာ။ အဘိုးတွေ အဖေတွေ ဦးလေးတွေကအစ မိန်းမကို ရိုက်နှက်နိုင်နေချင်တဲ့ စိတ်ရှိတာမို့ ဇော်သူပါ အဲဒီစိတ်ပါပြီး လက်ပါချင်နေတာ"

ဟူသည့် ဝေဖန်စကားဟာ တကယ်လည်းမှန်ချင်မှန်ပါလိမ့်မည်။ ရင်ထဲမှာ ချစ်တာကို မပြဘဲ အပြောဆိုးဆိုး၊ ထစ်ခနဲရှိ ဒေါသရှေ့ထားပြီး လက်ပါလိုက်ရမှဆိုသော စိတ်ဓာတ်မျိုး ဇော်သူ့ဆီမှာ ရှိနေပါသည်။

တကယ်တော့ သူ့ဘဝတွင် ဘယ်မိန်းကလေးကိုမှ ချစ်ခဲ့တာ မဟုတ်။ လူငယ်သဘာဝ လိုက်စ, လိုက်နှောက်၊ ပျော်



www.burmeseclassic.com

www.burmeseclassic.com



တာတွေ့ လိုက်ကြည့်တာသာ ရှိပေမယ့် ဇော်သူ သဲကြီးမဲကြီး မရမက လိုက်စကားပြော၊ ချစ်တယ် တဖွဖွပြောပြီး အချစ်ကိုပြန်ရအောင် တောင်းခံခဲ့ဖူးသူမှာ ရွှေဖဲ တစ်ဦးတည်းသာ ရှိပါသည်။

အခုကျ ရွှေဖဲကို တကယ်လက်လွှတ်ရသောအခါ ရင်ထဲမှာ အသည်းနှလုံးတွေဟာ ကြေမွနေအောင်ကို ခံစားနေရသည်။ ဘာပဲလုပ်လုပ်၊ ဘယ်ပဲသွားသွား၊ အရက်ဘီယာတွေ မူးအောင်ပဲသောက်သောက်၊ ပျော်စရာ ဘယ်လောက်ပဲရှာရှာ သူလုံးဝမပျော်တော့။ စိတ်မဝင်စားတော့။ ရွှေဖဲကိုသာ တစ်ချိန်လုံး သတိရတမ်းတနေမိတော့သည်။

ယောကျ်ားတန်မယ့် အရက်မူးတိုင်း မျက်ရည်ကျငိုကြွေးကာ ...

"ငါ သူ့ကို သိပ်ချစ်တာပါကွာ၊ သူ့ကိုမရရင် ငါ တကယ် ရူးရလိမ့်မယ်။ မရူးရင်လည်း အသည်းကွဲပြီး သေချင်သေသွားရလိမ့်မယ်"

ဆိုပြီး သူငယ်ချင်းတွေရှေ့မှာ ဝန်ခံမိတာ ခဏခဏ။ ဒီတော့ သူငယ်ချင်းတွေ ဆိုတာဟာ ဇော်သူ ဆိုးခဲ့တာတွေမမြင်တော့ဘဲ ရွှေဖဲသာလျှင် အဆိုး။ ရွှေဖဲ မှားတာ။ ရွှေဖဲဟာ နေညီလာဆိုတဲ့ကောင်ကို အသစ်တွဲချင်လို့ ဇော်သူ့ကို တမင် နေညီလာဆိုင် ခေါ်သွားပြီး ပြဿနာရှာပြတာဟု တညီတညွတ်တည်း စွပ်စွဲကြတော့လေသည်။





အဲဒီအခါမှာ ဇော်သူ လိုအပ်တာမှန်သမျှ ကူညီဖို့ အသင့်ဖြစ်ကုန်တော့သည်။

"ဇော်သူ ... မင်း ဘယ်သွားအိပ်ပျော်နေလဲ။ ရွှေဖဲ ကိုနေညီလာနဲ့ ဟိုမှာတွေ့တယ် ဒီမှာတွေ့တယ်၊ မင်း အမြန်လိုက်တော့"

စသဖြင့်သော သတင်းကို ပို့ပေးဖို့ အသင့်ဖြစ်နေသည်။

ဒီတော့ ရွှေဖဲကို မျက်ခြည်ပြတ်သွားတယ်ပဲထားဦး။ စောင့်ကြည့်ပေးနေသော သူငယ်ချင်းတွေက သတင်းပို့ပေးနေသည်ဖြစ်ရာ ဇော်သူဟာ ရွှေဖဲကို ဘယ်တော့မှ လွှတ်သွားရသည်မရှိတော့ပါ။

အခုနောက်ပိုင်းမှာ နေညီလာနဲ့ အတွဲများလာသဖြင့် ဇော်သူ ကြုံရာမရ အတော်ဖြစ်နေရလေပြီ။ ဒီနေ့လို လက်ဆွဲတာ၊ နမ်းတာတွေကိုတော့ ပထမဦးဆုံး တွေ့ရသည်ဖြစ်ရာ ဇော်သူ တစ်ယောက် ရည်းစားလုလု အနုကြမ်းခတ် တကယ်ဖြစ်ရတော့သည်။ ချက်ချင်းပဲ နေညီလာ့ကို ပြေးထိုးပြီး ရွှေဖဲကို လုယူဆွဲခေါ်လိုက်ချင်စိတ်တွေ ကြီးစိုးသွားပါသည်။ ဇော်သူ ထိုသို့လုပ်ချင်စိတ်ကို တားဆီးပေးမယ့် သူငယ်ချင်း ဘေးကပါနေခဲ့သည်။

"ဟေ့ကောင် ... ဇော်သူ၊ ခုချိန်မှာ မင်း စိတ်လိုက်မာန်ပါ သွားလုပ်ရင် မင်းပဲ ဒုက္ခရောက်မှာနော်။ ဒီတစ်ခါတော့ ထောင်ထဲ တကယ်ဝင်ရမှာ သတိထား"



www.burmeseclassic.com

www.burmeseclassic.com



အံကိုတင်းနေအောင် ကြိတ်ထားပြီး လက်သီးတွေ ဆုပ်ထားတာ မြင်လိုက်ရကတည်းက သူငယ်ချင်း အာကာ စပြီး သတိပေးလိုက်တာမို့ ဇော်သူ ချက်ချင်း ကိုယ်ရှိန်သတ်လိုက်နိုင်သည်။

"ဟုတ်တယ်၊ မင်း ပြောတာ မှန်တယ် အာကာ။ ငါ အဲဒီလို သွားလုပ်ရင် ရွှေဖဲနဲ့ ငါ ပိုဝေးရမယ်။ လူကြီးတွေက ဆရာဝန်လောင်း ဆေးကျောင်းသားနဲ့ သူ့သမီး ရည်းစားဖြစ်နေပြီပဲ၊ စိတ်ချရအောင်၊ ငါ့ရန်ကလွတ်အောင်ဆိုပြီး အမြန်ပေးစားလိုက်မှ ငါခံရမှာ။ အမှန်အတိုင်း ပြောမယ် ရည်းစားထားဖူးပြီးသား မိန်းကလေးကိုပဲ ပြန်လက်ခံနိုင်မယ်၊ ယောကျ်ားရှိဖူးပြီးသား မိန်းကလေးကိုတော့ အမိုက်ခံပြီး လက်ခံချစ်နေဖို့ စိတ်မပါဘူး။ ရွှေဖဲ ယောကျ်ားယူခဲ့ရင် ငါဟာ သူအရင်ဆုံးယူရတဲ့ယောကျ်ားပဲ ဖြစ်ရမယ်ကွ"

ဇော်သူ ခပ်ကြမ်းကြမ်း ရိုင်းရိုင်းပဲ ပြောလိုက်မိသည်။

"ငါ တစ်ခုခုတော့ ကြံမှဖြစ်တော့မယ်၊ သူတို့ ဒီလို ကလူညာသို့၊ မြူညာသို့ လုပ်နေကြတာကိုတော့ ကြာကြာမကြည့်နိုင်ဘူး။ ငါ့အသည်းတွေ ပွဲသွားသလို ခံစားရတယ်"

○❤○





## အခန်း ၁၇

'လာကြိုပါလို့ မှာထားသဖြင့် ရွှေဖဲ IELTS သင်တန်းတက်နေရာကို အတန်းပြီးပြီးချင်း အလျင်အမြန် ထွက်လာခဲ့သည်။

"မင်းတော့ တော်တော်မှန်နေပြီ"

သူငယ်ချင်းတွေက ထိုသို့ဝေဖန်ရင်း ကျန်ခဲ့ကြသည်။ အမှန်တော့ ဒီနေ့ အတန်းပြီးရင် နောက်တစ်ပတ်မှာဖြေရမယ့် ပို့စတင်စာမေးပွဲအတွက် စာစုကျက်ကြမည်။ ဒီတစ်ခါ နှံ့သာအိမ်မှာ စုမည်ဟု ဟိုနေ့တွေက တိုင်ပင်ထားပါလျက် မနက်ကမှ ရွှေဖဲ လာကြိုခိုင်းတာကို ဦးစားပေးလိုက်မိသည်။

နှံ့သာကတော့ နေညီလာ့ကို သိသိသာသာ ရှောင်နေပေမယ့် နေညီလာ သူတို့ကို ချန်ထားပြီး ထွက်လာခါနီးမှာတော့...

"ပို့စတင်တက်(စ)က အရေးကြီးတယ် နေညီလာ။ ပြီးတော့ နင် စာလည်းသေသေချာချာ မရသေးဘူး။ လစ်ဘာများ



www.burmeseclassic.com

www.burmeseclassic.com



နေလို့ ဘာခေါင်းစဉ်တွေ အရေးကြီးမှန်းတောင် မသိဘူး။ Bedside တွေလည်း နင် သေသေချာချာ ကြည့်မထားတော့ case တွေ ဘာရှိမှန်းတောင် မသိဘူးဆို။ ဒီနေ့တစ်ရက်လေး ခဏအချိန်ပေးပြီး ငါတို့ပြောတာ နင် နားထောင်နိုင်ရင် နင့်အတွက် အကျိုးရှိမှာပါ။ နင်က ဉာဏ်ကောင်းတယ်။ တစ်ခါလောက် ရှင်းပြလိုက်တာနဲ့ နားလည်ပြီး မေးခွန်းလာရင် ဖြေတတ်တယ် ဆိုတာ ငါသိတယ်။ ဒီတော့ နင့်ကောင်မလေးကို ခဏသွားတွေ့ပြီးရင် ပြန်လာခဲ့ပါလား။ ငါတို့ ညကိုးနာရီထိ ရှိနေဦးမှာလေ"

ဟူ၍ သံယောဇဉ်ကြီးသော မျက်လုံးတွေနှင့်ကြည့်ကာ မှာသေးသည်။

"ပြန်လာခဲ့မယ် စိတ်ချ။ နင်တို့ ကိုးနာရီထိရှိမှာ သေချာရင် ပြန်လာခဲ့မယ်။ အခုဟာက သူ့ကိုသွားကြိုရုံလေးတင်ပဲ။ မနက်က သူ့ကားပျက်လို့ အဖေလိုက်ပို့ပေးလိုက်ရတယ်တဲ့၊ ညနေ သူ့အဖေ မအားလို့ တက္ကစီနဲ့ ပြန်ရမှာ၊ ငါ လာကြိုစေချင်လို့ ဖုန်းဆက်ခေါ်တာမှန်းသိတော့ မငြင်းချင်ဘူး"

အမှန်တော့ မငြင်းရက်တာဖြစ်ကြောင်း နေညီလာကိုယ်တိုင်လည်း သူ့ကိုယ်သူ သိသလို နံ့သာမွှေးလည်း ရိပ်မိပါသည်။





သူငယ်ချင်းတွေ ကြားထဲမှာတော့ နေညီလာဟာ သစ္စာမရှိတဲ့ကောင်အဖြစ် ကွယ်ရာမှာ ဝိုင်းမှန်းနေကြပြီး နံ့သာမွှေးကိုတော့ ကရုဏာသက်စရာ လူတစ်ယောက်အဖြစ် ဝိုင်းသနားနေကြသော အဖြစ်အပျက်ကို အခုကြုံနေရလေပြီ။ နေညီလာ ပြောင်းလဲသွားတာကို ဒီသူငယ်ချင်းအုပ်စုတွေသာ သိကြပြီး ကျောင်းထဲရှိ အသိုင်းအဝိုင်းတွေကတော့ မသိကြသေး။ သိပ်ပြီး တတွဲတွဲ မရှိတော့သော နေညီလာနဲ့ နံ့သာမွှေးကို သတိထားမိကြပေမယ့် ခဏတစ်ဖြုတ် စိတ်ဆိုး စိတ်ကောက်ကြတာလားလို့ ထင်ကြသူ ထင်မည်။ ဒါမှမဟုတ် စာမေးပွဲတွေ တစ်ခုပြီးတစ်ခု တန်းစီနေသလို အတန်းတင်စာမေးပွဲ ဖြေရဖို့လည်း နီးနီးလာပြီဖြစ်တဲ့ Stress ဟူသော စိတ်သောက ဖိစီးမှုတွေကြောင့် ကိုယ့်ကိုယ်ကိုယ်ကလွဲရင် ဘယ်သူ့ကိုမှ အာရုံမစိုက်နိုင်ကြတာကြောင့် သတိမထားမိကြသူတွေလည်း ရှိရင်ရှိမည်။

ဒါကြောင့် နေညီလာနဲ့ နံ့သာမွှေး ကင်းကွာသွားမှုဟာ သိပ်ပြီးလူမသိကြ။ သူငယ်ချင်း တွေကြားမှာသာ ပြောစမှတ်ကြီးဖြစ်နေတာ။

"အဲဒီကောင်မလေး ငါ တွေ့ဖူးပါတယ် နံ့သာရယ်။ ပြောရရင် နင့်လောက်တောင် မလှပါဘူး၊ ကလေးဆန်ဆန် Baby face မျက်နှာလေးနဲ့ ချွဲတတ် နွဲ့တတ်တဲ့ အမူအရာမျိုး။ နင်ကတော့ ကိုယ့်သူငယ်ချင်းမို့ ပြောတာမဟုတ်ဘူး။



www.burmeseclassic.com

www.burmeseclassic.com



မြင်လိုက်တာနဲ့ ရင်ထဲအေးသွားပြီး အကြည့်ခံတဲ့အလှ။ တစ်နေကုန်ထိုင်ပြီး တစိမ့်စိမ့်ကြည့်လည်း ရိုးမသွားဘူး”

ဟု သူငယ်ချင်း ညိုညိုအောင်ကတော့ နံ့သာမွှေးဘက်က အပြည့်အဝ မခံချင်ဖြစ်ပြီး တပြောပြော ဖြစ်နေသည်။ တင်မောင်ဦး ကြားတော့တောင် ...

“ညိုညိုအောင်ရယ်၊ နင် ပြောပုံကလည်း သီချင်းတစ်ပုဒ်ထဲက စာသားတွေထည့်ပြောပြီးတော့တောင် ညွန်းနေတာပါလား”

ဟု တစ်နေကုန်ထိုင်ပြီး တစိမ့်စိမ့်ကြည့် ဟူသော စကားကို ကောက်ကာ စနောက်လိုက်သေးလေသည်။

“အံမာ ... မဟုတ်လို့လား။ ငါ့သူငယ်ချင်း ဘယ်လောက် ကျက်သရေရှိလဲကြည့်။ သူ့ဣန္ဒြေလေးနဲ့သူ မချွဲတတ်၊ မနွဲ့တတ်ဘူး၊ မူယာမာယာလည်း မများဘူး။ ငါပြောတာတွေ မမှန်ဘူး နင် ငြင်းချင်ရင် ဘယ်လိုအချက်နဲ့ ငြင်းမလဲ။ နင်တို့ယောကျ်ားလေးတွေကလည်း တစ်မျိုးပဲ။ အနားကပ်ပြီး ပလီပလာ ပြောနေမှ သဘောကျချင်ကြတယ်၊ ခပ်တည်တည်နေတတ်တဲ့ မိန်းကလေးတွေကျ ပပဝတီလောက် လှနေနေ မျက်စိထဲ မမြင်ချင်ကြဘူး”

“အေးပါ၊ နံ့သာ လှပါတယ်၊ လှလို့လည်း ဖရက်ရှာတုန်းက သူပဲ ကွင်းရတာပေါ့”





နံ့သာမွှေးကို ရေ့ထားပြီး ငြင်းကြခုံကြတာမို့ ကြားထဲက နံ့သာမွှေး အနေခက်လာ၊ ရှက်လာပြီး တားယူရတော့သည်။

“နေညီလာ ဆိုတဲ့ကောင်ဟာ ရုပ်ကသာ သာမန်ရုပ်ထက် ပိုမထူးတာ။ လူကတော့ ရှုပ်ချင်သား။ ချက်ချင်းတစ်ယောက်ပြောင်းရဲတာ အံ့ပါရဲ့”

ညိုညိုအောင်ကတော့ နံ့သာမွှေးအစား နေညီလာ့ကို မုန်းကာ အခုနောက်ပိုင်း စကားတောင် ကောင်းကောင်းမပြောပါ။ နံ့သာမွှေးမှာသာ သံယောဇဉ် မပြတ်နိုင်ဗျာ နေညီလာ အတန်းလာမတက်ရင် မတက်ပြန်ပြီ။ Bedside Case အဖြစ် ဆေးရုံထဲ Ward ထဲမှာ လူနာနဲ့အတူ စမ်းသပ်စာသင်ရတဲ့ အခါမျိုးတွေမှာ လစ်သွားပြန်ပြီနဲ့ လိုက်မှတ်သားကာ ရင်မောနေတတ်သည်။

နေညီလာ့ကားကို မျက်စိတဆုံး လိုက်ကြည့်ပြီး ကျန်ခဲ့သည့် နံ့သာမွှေးကို နေညီလာ ကားနောက်ကြည့်မှန်ထဲမှ မြင်နေရပါသည်။ ရင်ထဲမှာ မောသွားသည်။ နံ့သာမျက်လုံးထဲက သံယောဇဉ်ကို မြင်ရသောအခါ နေညီလာ သူ့ကိုယ်သူ မုန်းလို့မဆုံးတော့။ အစတည်းက သူငယ်ချင်းတွေပေမယ့် တခြားသူငယ်ချင်းတွေလိုပဲ တော်ရုံသင့်ရုံလေး ခင်မင်ပတ်သက်ခဲ့ရင် အကောင်းသား။ အခုတော့ ဟိုလိုလို ဒီလိုလို အထင်ခံရစေတဲ့ သံယောဇဉ်တွေ ထားခဲ့မိတော့ နံ့သာ ရင်ထဲ ဘယ်လောက်ခံစားပြီး ကျန်ခဲ့လေမလဲ။

www.burmeseclassic.com



ရွှေဖဲ ချိန်းထားရာ သင်တန်းမှာ သိပ်မဝေးလှသဖြင့် ဆယ်မိနစ်လောက်အတွင်း ရောက်သွားပါသည်။ စာသင်ရာ တိုက်ပုလေး၏ ခြံတံခါးဝမှာ လက်ပိုက်ရပ်စောင့်နေသော ရွှေဖဲကို လှမ်းတွေ့ရသည်။ အခုခေတ်စတိုင်လ် အင်္ကျီပုံစံဖြစ်တဲ့ ပေါင်လယ်လောက်အထိရှည်သော ခါးစည်းကြိုးပါ ဘလောက်ပွပွရှည်ရှည် အနက်အဖြူ ပန်းပွင့်အဆင်နဲ့ အသားကပ်ပုံစံဘောင်းဘီ အနက်လေးကို တွဲဝတ်ထားသည်။ ဘောင်းဘီက ခြေထောက်တွေနဲ့အတိ ကျပ်ကျပ်လေးဖြစ်ပြီး ခြေကျင်းဝတ်အပေါ် ခြေမျက်စိ မရောက်ခင်လေးအထိသာ ရှည်ပါသည်။ ဖိနပ်ကတော့ ဟာ(ဖ်) ရှူးအနက်ပြောင်ပြောင်ပြားပြားလေး။ ဇစ်တိုးရီးယားဆံပင် တိုတို ဖောင်းဖောင်း တစောင်းလေးနဲ့ ပခုံးလွယ်အိတ်ကြီးကြီးဖောင်း ဖောင်းကို လူနဲ့မလိုက်အောင် လွယ်ထားသေးသည်။

နေညီလာသည် ချစ်စနိုးနဲ့ ရွှေဖဲရှေ့ ကားရပ်ရပ်ချင်းပင် ...

"အိတ်ကလည်း ကြီးလိုက်တာ။ ညည်းအရပ်ရဲ့တစ်ဝက်လောက် ရှိမယ်ထင်တယ်"

ဟု တံခါးလှမ်းဖွင့်ပေးရင်း စ,နောက်လိုက်သည်။ သူက ရွှေဖဲကို မရွှေဖဲခေါ်လိုက်၊ ညည်းလို့ သုံးနှုန်းရင် သုံးနှုန်းလိုက်၊ ကလေးရုပ်လေးနဲ့မို့ ဘေဘီလေးလို့ ချစ်စနိုးခေါ်ရင် ခေါ်လိုက်ဖြင့် အမျိုးစုံပြောင်းခေါ်တတ်သည်။ မရွှေဖဲကတော့ "ကိုကို"





တစ်လုံးသာ ချွဲနွဲ့ခေါ်တတ်ပြီး တစ်ခါတလေကျတော့ စ,နောက်ပြီး "အိုပါး"လို့ ခေါ်ရင်ခေါ်ပါသည်။

"ကဲ ... အခု အိမ်ပြန်ပို့ရမှာလား"

"ဟမ် ... ကိုကိုကလည်း"

"ဘာဖြစ်လို့လဲ၊ အိမ်မပြန်ဘူးလား"

"အိမ်တော့ ပြန်မှာပါ။ အိမ်ပြန်ပို့စေချင်လို့ ခေါ်တာပဲ။ ဒါပေမဲ့ အိမ်တန်းပြန်ရမှာ ပျင်းစရာကြီး။ ကိုကိုနဲ့အချိန်ဖြုန်းချင်သေးတာပေါ့"

နေညီလာ့ကို ရွှေဖဲအိမ်က လူကြီးတွေကတော့ ရွှေဖဲပြောပြထားမှုကြောင့် သိပြီးနေကြကာ အသိအမှတ် ပြုပါသည်။ အိမ်ကို လိုက်ပို့ခွင့်ရတာတို့၊ ဖုန်းခေါ်ရင် လာကိုင်တဲ့အခါ ရွှေဖဲမဟုတ်ရင်လည်း ခေါ်ပေးတာတို့ဖြင့် မကန့်ကွက်ကြောင်း ပြသပါသည်။ အိမ်ကိုခေါ်သွားပြီး အတိအလင်း မိတ်ဆက်ပေးတာမျိုးတော့ မလုပ်ပေးရသေးပေမယ့် နေညီလာ့ အကြောင်း ရွှေဖဲ အိမ်က လူကုန်သိထားပြီးဖြစ်ကြောင်း ရွှေဖဲ ပြောပြထား၍ နေညီလာ သိထားပါသည်။

"ကိုကို ဒီမှာရှိနေတာနဲ့ ရွှေဖဲ ကျောင်းတော်င် သွားမနေချင်တော့ဘူး"

ဟု ရွှေဖဲ သံယောဇဉ် မဖြတ်နိုင်စွာ မကြာခဏ ညည်းညူဖူးသည်။



www.burmeseclassic.com

www.burmeseclassic.com



"မရွှေဖဲ သဘောပါ။ တက်ချင်ရင်လည်း သွားတော့ မတက်ချင်ရင် ဒီမှာပဲ စာဆက်သင်။ ကိုကိုကတော့ ဘာမှမတိုက်တွန်းပါဘူး။ မရွှေဖဲ မိဘတွေ သဘောက အရေးကြီးတယ်"

"ဖေဖေနဲ့ မေမေကတော့ ကျောင်းတက်ပြီး ပြန်လာမှ"

"ဟို ... ကိုကိုနဲ့ စီစဉ်ပေးမယ်တဲ့"

အဲဒီစကားပြောတုန်းက ရွှေဖဲ မဝံ့မရဲတော့ ဖြစ်ခဲ့ရသည်။ ဘာကြောင့်လဲဆိုတော့ စေ့စပ်ကြမယ်၊ လက်ထပ်ကြမယ် ဆိုသော စကားကို နေညီလာက စပြီးမပြောသေးတာကြောင့် မဝံ့မရဲ ဖြစ်ပုံရသည်။

"ကိုကိုလည်း ကျောင်းပြီးပြီးချင်းတော့ မိန်းမ မယူချင်သေးပါဘူးကွာ။ တကယ် ဆရာဝန်ဖြစ်မှ ယူမှာပါ"

"ရွှေဖဲကတော့ ကိုကို့နားမှာ လုံးဝမခွဲဘဲ နေချင်လို့ပြီး အထင်သေးရင်လည်း သေးတော့။ ရွှေဖဲ ကိုကိုနဲ့ဝေးရမှာ သိပ်ကြောက်တာပဲ"

နေညီလာ့အပေါ် ရွှေဖဲ အချစ်ကြီးလှကြောင်း နေညီလာ တဖြည်းဖြည်း ရိပ်မိလာခဲ့ပါသည်။ နေညီလာ ကိုယ်တိုင်လည်း ရွှေဖဲကို ဘယ်သူ့အပေါ်မှ မချစ်ဘူးသေးတဲ့ အချစ်မျိုးနဲ့ ချစ်ခဲ့တာဖြစ်သည်။





ရွှေဖဲအလိုကျ ဘာဂါနှင့် အပူအအေးပါရသော ဆိုင်တစ်ဆိုင်မှာ ဝင်ထိုင်လိုက်ပါသည်။

"ကိုကို ဘာစားမလဲ"

"မရွှေဖဲ ဘာစားမလဲ၊ မရွှေဖဲ စားတာ စားမယ်"

"ရွှေဖဲက စတော်ဗယ်ရီဆန်းဒေးအိုက်(စ)ကရင်(မ)စားမှာ"

"ကိုကိုလည်း အဲဒါပဲ စားမယ်"

နေညီလာ လက်ပတ်နာရီကို မကြာခဏ ကြည့်နေတာ သတိထားမိသဖြင့် ...

"ကိုကို ဘယ်သွားစရာရှိလို့လဲ"

ဟု မေးမိလေသည်။

"သူငယ်ချင်းတွေနဲ့ စာစုကျက်ဖို့ ဒီညနေ ချိန်းထားတယ်။ မရွှေဖဲကို လာကြိုဖို့ ပေါ်လာတာနဲ့ သူတို့နဲ့ လမ်းခွဲပြီး ထွက်လာတာ။ မရွှေဖဲကို ပြန်ပို့ပြီးရင် မီရင် သူတို့ဆီသွားမလို့ပါ"

"ကိုကြည်သာထွန်းတို့နဲ့လား"

"ကြည်သာထွန်းနဲ့ ကိုကိုတို့ ဘယ်တော့မှ ပို့စတင်မတူကြဘူးဆိုတော့ စာစုကျက်ရင် ခုနောက်ပိုင်း သူ့မပါဖြစ်တာများတယ်။ ကိုကိုတို့အုပ်စုပဲ"

"ကိုကိုရယ်၊ ကိုတင်မောင်ဦးရယ်၊ ကိုထွန်းတောက်ရယ် သုံးယောက်ပေါ့"



www.burmeseclassic.com

www.burmeseclassic.com



"မဟုတ်ဘူး၊ နံ့သာနဲ့ ညိုညိုအောင် ပါတယ်၊ အခုနော
ပိုင်း နံ့သာအိမ်မှာစုတာ များတယ်၊ နံ့သာ အစ်ကိုကြီး
ကျောင်းပြီးခါစ ဟောက်(စ)ဆင်းနေပြီဆိုတော့ ကျောင်း
တွေ မမေ့သေးဘူးလေ။ သိချင်တာရှိရင် သူ့ကိုမေးလို့ရ
နံ့သာအိမ်မှာ လူစုကြတာပေါ့"

ရွှေဖဲ ရင်ထဲမှာ မကျေမနပ် ဖြစ်သလိုလို၊ မနာ
ချင်သလိုလို ခံစားလိုက်ရသည်။ ဆေးကျောင်းကလူတွေ
ဒီလိုပဲ လူစုပြီး စာကျက်တတ်ကြမှန်း သိပေမယ့် ကိုကို
မနံ့သာမွေးတို့ တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်ပြီး
တွေရှင်းပြကြတာ၊ အပြန်အလှန် ဆွေးနွေးတာကို ရွှေဖဲ မနာ
ချင်တော့။

"အရင်က ကိုကိုတို့ ယောကျ်ားလေးတွေချည့်ပဲ ကျက်တာ
နော်"

"ဟုတ်တယ်၊ အခုတော့ ခုန ကိုကိုပြောသလိုပေါ့။ စာတွေ
သိပ်များလာပြီး ဖိုင်နယ်လ်လည်း ကပ်လာပြီဆိုတော့
Guide တစ်ယောက် လိုသလို ဖြစ်လာတယ်ပေါ့။ အရင်
က မလိုပေမယ့် အခုတော့ အားလုံးက လိုချင်လာကြ
တယ်။ လုပ်ပေးနိုင်တဲ့သူကလည်း နံ့သာအစ်ကိုပဲရှိတော့
နံ့သာအိမ်မှာပဲ စုလိုက်ကြတာပေါ့"





"ကိုကိုက ဉာဏ်ကောင်းပြီးသားပဲ။ ဒီတစ်ရက် လွတ်သွား
တော့ ဘာဖြစ်လဲ"

"ဉာဏ်ကောင်းပေမယ့် ငါ ဉာဏ်ကောင်းတာပဲဆိုပြီး
ထိုင်နေရင်တော့ ဘယ်ရမလဲ။ ခုတလော ကိုကို မရွှေဖဲနဲ့
လျှောက်သွားတာများပြီး အတန်းလည်း သိပ်မမှန်တော့
လွတ်နေတဲ့စာတွေ များနေပြီ။ ပို့စတင်စာမေးပွဲက နောက်
အပတ်မှာ။ ကိုကို ခုထိ စာကောင်းကောင်းမှ ရသေးဘူး။
စာသွားကျက်ချင်တယ်။ ဒီမှာ အောင်လိုက်ရင် ကိုကို့အတွက်
ဆယ့်ငါးမှတ်က သေချာသွားပြီဆိုတော့ ဖိုင်နယ်လ်မှာ
သိပ်မပူရတော့ဘူးပေါ့"

ရွှေဖဲသည် ကိုကို ပြောပြနေတာတွေ ဟုတ်နေပေ
ယ့် အလိုလို မကျေမနပ်ဖြစ်နေသည်။ မှာထားသော အိုက်(စ)
ကရင်(မ)ရောက်လာတာတောင် မစားဖြစ်ဘဲ လျှောက်မွှေပစ်ကာ
ကျေမချမ်း ဖြစ်တာတွေကို အိုက်(စ)ကရင်(မ)ပေါ် ပုံချနေမိ
သည်။ မနံ့သာမွေး ရှိနေတဲ့အိမ်ကို သွားမှာဟူသော အသိဖြင့်
ကျေနပ်ရတာမျိုး ဖြစ်ပါသည်။

ကိုကို စာကျက်ဖို့လိုမှန်း သိပေမယ့် ကိုကို့ကို အဲဒီ
သွားအောင် ဒီနေ့တော့ ဆွဲထားလိုက်မယ်ဟု အကြံထုတ်လိုက်
မိသည်။



www.burmeseclassic.com

www.burmeseclassic.com



"မရွှေဖဲကို ပြန်ပို့ပေးပြီးရင် ကိုကို စာသွားကျက်ရဦးမှာ သူတို့ ကိုးနာရီထိရှိမယ်လို့ ပြောတယ်"

"ကိုကို"

"ဟင် ... ဘာလဲ မရွှေဖဲ"

ရွှေဖဲက ကိုကို ပြောတာတွေ ဂရုမစိုက်ဟန်ဖြင့် ဖြတ်ခေါ်လိုက်ပါသည်။

"ဒီနေ့တော့ စာသွားမကျက်ပါနဲ့လား"

"ဘာဖြစ်လို့လဲ။ ညည်းကို ငါ ပြန်ပို့ပေးပြီးရင် ခြောက်နာရီကျော်ပဲ ရှိသေးတာ။ စာသွားကျက်လို့ ရတာပေါ့"

"ရွှေဖဲ ခြောက်နာရီ အိမ်ပြန်ပါမယ်လို့ ပြောလို့လား"

"ဟာ ... ဘယ်ဟုတ်မလဲ၊ ခြောက်နာရီလောက်တော့ ပြန်ဖို့သင့်တာပေါ့။ အိမ်ကလူကြီးတွေ စိတ်ပူနေကြလိမ့်မယ်လေ"

"စိတ်မပူအောင် ရွှေဖဲ ခုပဲ မေမေ့ကို ဖုန်းဆက်ပြောလိုက်မယ်"

"မဟုတ်သေးဘူးလေ။ ကိုကိုနဲ့ မရွှေဖဲ အကြာကြီး ဘယ်မှာအချိန်ဖြုန်းစရာ ရှိလို့လဲ"

"ရွှေဖဲ အခု ရုပ်ရှင်ကြည့်ချင်လာလို့"

"ဟာကွာ"





"ကြည့်ရအောင်ပါ ကိုကိုရာ။ ဘာကားပဲဖြစ်ဖြစ် ကြည့်ချင်တာပါ။ ကိုကိုနဲ့အတူတူ ရုပ်ရှင်သွားကြည့်ဖူးချင်လို့ပါ"

"မနက်က ဖုန်းဆက်တုန်းကတော့ ဒီအစီအစဉ် မပါပါဘူး"

"အခုမှ စိတ်ကူးရသွားလို့ပါ ကိုကိုရယ်။ ကိုကို့ကို ခဏလေးတွေ့ရတာ မဝလို့ အကြာကြီး တွေ့ချင်လို့ စိတ်ကူးရသွားတာ။ ရွှေဖဲကို ဒါလေးတော့ အလိုလိုက်ပါ ကိုကိုရယ်၊ ဒီတစ်ခါတည်းပါ"

နေညီလာသည် ရွှေဖဲကို နားမလည်နိုင်သလိုဖြစ်ကာ စိတ်ရှုပ်သွားပါသည်။ သူ့အပေါ် တော်တော်နားလည်ပြီး ...ဆိုက်သိတတ်လှပါသည်ဟု ထင်ထားခဲ့မိတဲ့ ချစ်သူ အခုဘယ် ...ဖြစ်သွားတာလဲ။ စာမေးပွဲ နောက်တစ်ပတ်ထဲမှာ ရှိပါသည်ဟု ...ပြောထားရက်နဲ့ ရုပ်ရှင်သွားကြည့်ဖို့ ဘာကြောင့်ပူဆာရသလဲ။

ရွှေဖဲကလည်း သူ့အတွေးနဲ့သူ ကိုကို တွေဝေနေ ...ာမြင်လျှင် မခံချင်တော့။ ဟိုဘက်မှာ မနံ့သာမွှေး ရှိနေလို့ ...ပ်သွားချင်နေတယ်ထင်ကာ ရင်ထဲမှာ ကြေကွဲနေမိသည်။ ...ယ့်အထင်ဟာ တစ်ဖက်သတ်ကြီး ဖြစ်ရင်လည်း ဖြစ်မှာပေမယ့် ...ွေဖဲ လျှော့မတွေးချင်။

ကိုကိုနဲ့ မနံ့သာမွှေး ဆိုတာက ရွှေဖဲနဲ့မတွေ့ခင် ...တည်းက ခင်မင်တွယ်တာလာတဲ့ သံယောဇဉ်ထုထည် သိပ် ...ကြီးနေတာ။ ရွှေဖဲ မယုံရဲဘူး။ သံယောဇဉ်ဆိုတာကို ကြောက်တယ်။



www.burmeseclassic.com

"မေမေ့ကို ဖုန်းဆက်ပြောလိုက်မယ်"

"ဟော့ ... ဟော့ ... နေဦး၊ မပြောနဲ့ဦး မရွှေဖဲ၊ ကိုကို ရုပ်ရှင်သွားကြည့်ဖို့ သဘောမတူဘူး၊ ကိုကို မကြည့်နိုင်ဘူး။ ကိုကို မရွှေဖဲကို အိမ်ပြန်ပို့ပြီးရင် ပြန်လာမယ်လို့ ကတိပေးခဲ့တယ်"

"ဘယ်သူ့ကိုလဲ"

"နံ့သာကို"

နေညိုလာကတော့ သဘောရိုးနဲ့မို့ ညာစရာမလိုဘူးထင်ကာ လွှတ်ခနဲ အမှန်အတိုင်း ဖြေမိလေသည်။ ဒါကိုတစ်မျိုးလှည့် အဓိပ္ပာယ်ကောက်နေသော ရွှေဖဲကတော့ ရင်ထဲမှာ ဆတ်ဆတ်တုန်အောင် နာကျင်သွားလျက် ...

"သြော် ... ကိုကို သိပ်ပြန်သွားချင်နေတာ မနံ့သာကြောင့်ကိုး"

ဟု ခနဲ့သလိုလို ခပ်တိုးတိုး တုံ့ပြန်မိ၏။

နေညိုလာ ဘာမှနားမလည်။ ယောကျ်ားလေးပီပီ မိန်းမတို့၏ သဘောမနောကို မသိ။ မဖတ်တတ်။ တစ်ဖက်မှာ ဘာတွေတွေးပြီး ဘယ်လိုအထင်လွဲနေတယ်ဆိုတာ သူအကဲမခတ်တတ်။

"ကျန်တဲ့သူငယ်ချင်းတွေက ကိုကို့ကို ရည်းစားကိစ္စ မှန်

နေတယ်ဆိုပြီး စိတ်ဆိုးပြီး နောက်ထပ် ဘာတစ်ခွန်း





တောင် ထပ်ခေါ်တာမဟုတ်ဘူး။ နံ့သာကတော့ ကိုကို့အကြောင်း အသိဆုံး။ ကိုကို စာတွေမရသေးဘူးဆိုတာ သူ သိလို့ စိတ်မချတာနဲ့ သေသေချာချာ မှာလိုက်တော့ ကိုကိုလည်း ပြန်လာမယ်လို့ ကတိပေးခဲ့တယ်"

"သူက ကိုကို့ကို သိပ်ဂရုစိုက်တယ်ပေါ့"

"မရွှေဖဲ ဘာလို့ ရွဲ့သလို ပြောနေရတာလဲ။ ကိုကို့အပေါ် နားလည်မှုပေါ့။ ကိုကို တကယ်စာကျက်ဖို့လိုလို့ သူငယ်ချင်းတွေဆီ ပြန်သွားတယ်ဆိုတာ နားလည်ရမှာပေါ့။ ကလေးမဆန်နဲ့လေ"

"ကိုကို့ဘာသာ အိမ်မှာကျက်ရင် မရဘူးလား"

"နားမလည်လိုက်တဲ့ စာတွေကို အိမ်မှာ အချိန်ကုန်ခံပြီး ကျက်နေလည်း ခေါင်းထဲဝင်ဘူးလေ"

"ကဲပါ ... ကဲပါ၊ ရွှေဖဲ အရှုံးပေးပါတယ်။ ကိုကို သိပ်သွားချင်နေရင် သွားပါ၊ သွားပါ၊ ရွှေဖဲကိုလည်း လိုက်မပို့နဲ့။ ကိုယ့်ဘာသာ တက္ကစီနဲ့ပြန်မယ်"

"မင်း ... တော်တော်ဆိုးတာပဲ၊ ကျွတ်"

နေညိုလာ စိတ်ရှုပ်သလိုရွတ်ရင်း အရင်ထွက်သွားနှင့်သော ရွှေဖဲနောက် ပိုက်ဆံရှင်းပြီး ခပ်မြန်မြန် လိုက်ထွက်လာခဲ့သည်။ တက္ကစီငှားပြီး ပြန်မယ်ဆိုပေမယ့် မပြန်ဖြစ်သေးဘဲ ကလေးဆိုးကြီးလို လိမ်ဖယ် လိမ်ဖယ်လုပ်ကာ နှုတ်ခမ်းကို ရှု

www.burmeseclassic.com



ထော်ထားသော ရွှေဖဲကို နေညီလာ စိတ်မဆိုးရက်ပါ။ ချစ်စနိုးနှင့် ငယ်ထိပ်ကို ဖိအုပ်လှုပ်ယမ်းပစ်လိုက်ပြီး ...

"ကဲ ... လာ၊ ကားပေါ်တက်၊ အိမ်ပြန်မယ်"

ဟူ၍ ချော့မော့သော အသံမျိုးဖြင့် ခေါ်ခဲ့ရပါသည်။ တစ်လမ်းလုံး စိတ်အကောက်ကြီး ကောက်နေသော ရွှေဖဲကို တတွတ်တွတ်ပြောကာ တောင်းပန်ဖို့တော့ စိတ်မပါပါ။ ဒီကိစ္စမှာ သူ ဘာမှမမှားဘူးဟုထင်၍ မချော့ဘဲ ဒဏ်ပေးထားလိုက်ပါသည်။

○ ❤ ○





## ၁၈

"ရွှေဖဲ"

"ဟင် ... ဟင် ... ဇော်သူ"

"မကြောက်ပါနဲ့၊ ငါ နင့်ကို ဘာမှမလုပ်ပါဘူး၊ လာနှုတ်ဆက်တာပါ"

"နင် ဘာလာလုပ်တာလဲ"

ရွှေဖဲသည် ဇော်သူ့ကို ကြောက်တော့ ကြောက်နေသေးပေမယ့် ဟန်ဆောင်ကာ စကားဆက်ပြောလိုက်ပါသည်။ အမေရိကားရှိ အစ်ကိုဝမ်းကွဲတွေထံမှာ ကျောင်းသွားတက်ဖို့ကို စိတ်မပါတော့ပေမယ့် ဖေဖေ မေမေတို့က အားတက်သရော စီစဉ်ပေးထားရာ အခုတော့ ရွှေဖဲ မငြင်းနိုင်ပါ။ ဒီနေ့ သံရုံးမှာ ဗီဇာကိစ္စ လာစုံစမ်းဖို့ လုံးဝစိတ်မပါပေမယ့် မေမေက အတင်းလွှတ်လို့ ရောက်လာရတာ။ သံရုံးက ထွက်ထွက်ချင်း ဇော်သူ့ကိုဆုံလိုက်ရတော့ ရွှေဖဲ လန့်သွားပါသည်။



www.burmeseclassic.com

www.burmeseclassic.com



ဖော်သူ့ကို မတွေ့တာ တော်တော်ကြာပြီဟု ရွှေဖဲထင်သည်။ (အမှန်တော့ ဖော်သူက ကားပြောင်းလိုက်၊ ရုပ်ဖျက်လိုက်နဲ့ နောက်က တစ်ချိန်လုံး ပါနေတာကိုတော့ ရွှေဖဲ မသိပါ)။

"ငါလည်း ကျောင်းသွားတက်မလို့ လာစုံစမ်းတာ"

"နင်ရော ကျောင်းသွားတက်မှာလား"

ရွှေဖဲမှာ ကြံဖန်ပြီး ကျောင်းသွားတက်ရမယ့်နိုင်ငံတူနေသဖြင့် စိတ်ရှုပ်နေသည်။ အို ... ဘာဖြစ်လဲ။ ဘာဂရုစိုက်စရာလိုလဲ။ အမေရိကားတိုက် ဆိုတာ အကြီးကြီး ပြည်နယ်တွေ၊ မြို့တွေမှ အများကြီး၊ သူနဲ့တိုက်ဆိုင်ပြီး လာတူစရာကို မရှိဘူး။

"ဟုတ်တယ်"

"ဘယ်သူရှိလို့လဲ၊ ဩော် ... ဟော်၊ မဖြေနဲ့တော့ ငါသိပြီ၊ ငါ မှတ်မိပြီ၊ အစ်ကိုဝမ်းကွဲတွေ ရှိတယ်လေ"

ဟိုတစ်ခါ ဖော်သူ့ကို ကောင်းကောင်းပညာပေးလိုက်သော ရွှေဖဲ၏အစ်ကိုတွေကို မှတ်မိသွားဟန်ဖြင့် ဖော်သူ ခနဲ့သလိုပြုံးပါသည်။

"ငါက အဒေါ်တွေရှိလို့ သွားမှာပါ။ အရင်ကတော့ နိုင်ငံခြားထွက်ပြီး ကျောင်းသွားနေဖို့ကို လုံးဝစိတ်မပါပါဘူး။ စိတ်မပါလို့ ဘာမှတောင် ထ,မလုပ်ဘူး။ အခုတော့ ဒီမှာနေရတာ အဓိပ္ပာယ်မရှိတော့သလို ခံစားလာရတယ်။ လုံးဝမပျော်တော့ဘူး။ ဒါကြောင့် အပြင်ထွက်ပြီး လေလိုက်





ချင်တယ်။ ကျောင်းကို အကြောင်းပြထွက်ပေမယ့် စာမေးပွဲအောင်ဖို့ကို ခေါင်းထဲ လုံးဝမထည့်ဘူး။ လူက တအားလေချင်နေတာလေ။ အသည်းကွဲနေတာ။ ချစ်တဲ့သူကို ဆုံးရှုံးလိုက်ရတယ်။ ကိုယ်ချစ်တဲ့သူက တခြားလူကို ချစ်သွားတယ်ဆိုတာ အရမ်းခံရခက်တယ်"

ရွှေဖဲသည် တအံ့တဩ နားထောင်နေမိသည်။ သူ ဘယ်သူ့ကို ရည်ရွှန်းပြောသလဲဆိုတာ ရွှေဖဲ အလိုလိုသိနေသည်။ ဖော်သူ တစ်ယောက် တော်တော်အသည်းကွဲနေတယ်။ နေ့တိုင်းမူးပြီး ပြန်လာတယ်။

သူ့အဖေ သူ့ကိုတီးတာ ဖူးယောင်နေတာတောင် မမှတ်ဘူး။ မူးအောင်သောက်နေသေးတာပဲ။ သူ မူးရင် ရွှေဖဲကို ချစ်တယ်လို့ အော်ငိုပြီးပြောတတ်တယ် ဆိုသော စကား တွေကို သယ်တဲ့သူက သယ်လာလေရာ ရွှေဖဲ အကုန်သိနေပါသည်။

ဒါတွေကြားလို့ ရွှေဖဲ မသာယာပါ။ ပြန်ပြီးယိမ်းယိုင်မသွားပါ။ ရွှေဖဲမှာ သူ့ကို လုံးဝမချစ်ခဲ့တာကြောင့် အံ့ဩသလိုနဲ့သာ နားထောင်နေနိုင်ခဲ့သည်။ သူ ဒီလောက်ချစ်ရင်နဲ့ ငါ့ကိုတော့ ရိုင်းရိုင်းပျပျ ဆက်ဆံရက်တယ်။ စိတ်ဆင်းရဲအောင် လုပ်ရက်တယ် ဟူ၍တောင် အံ့ဩနေမိသေးသည်။

ရွှေဖဲ စိုးရိမ်တာက ကိုကို နေညိုလာ့ဆီ ဒီသတင်းတွေရောက်၊ မဟုတ်တာတွေ သွားပြောတာ ကြားရရင် ကိုကို



www.burmeseclassic.com

www.burmeseclassic.com



နေညီလာ ရွှေဖဲကို မယုံသင်္ကာဖြစ်မှာ စိုးပါသည်။ စိတ်ထဲမှာ သံသယတစ်ခု ဝင်သွားလို့ကတော့ ရွှေဖဲ ရှုံးဖို့များသည်။ ဘာကြောင့်လဲဆိုတော့ ကိုကိုနေညီလာ့နားမှာ ဘာအပြစ်တစ်ခုမှ ပြောလောက်စရာ မရှိတဲ့ မန်္တသာမွှေး ရှိနေတယ်။ ရည်းစားလည်း တစ်ခါမှ မထားဖူးတဲ့၊ ပညာလည်း တန်းတူရည်တူရှိတဲ့၊ ရုပ်ရည်လည်း ချောမောလှပတဲ့ ကိုယ့်အပေါ် အရမ်းအလိုက်သိနားလည်တဲ့ မိန်းကလေးတစ်ယောက်ဟာ ရွှေဖဲထက် အစစအရာရာ သာနေတယ်လေ။ ဒီတော့ ရွှေဖဲမှာ မယှဉ်ခင်တည်းက ရှုံးနေတာမို့ သံသယသာရှိလာရင် ဆယ်ခါပြန်ရှုံးရဖို့ သေချာနေသည်ဟု ရွှေဖဲဘာသာ ထင်နေမိသည်။

"တကယ်ပြောတာ ရွှေဖဲ။ ငါ နင့်ကိုပဲ ချစ်ဖူးတာပါ။ ငါ တကယ်ချစ်တဲ့သူဟာ နင်တစ်ယောက်ပဲ ရှိတယ်။ သူ့ကိုမှ မရရင် ရူးသွားနိုင်ပါတယ်။ သေသွားနိုင်ပါတယ်ဆိုတဲ့ သီချင်းမျိုးတွေ၊ ဝတ္ထုစာသားတွေ ကြားဖူး ဖတ်ဖူးတုန်းက ဟားခဲ့မိပေမယ့် ကိုယ်ကိုယ်တိုင် တကယ်ကြုံရတော့မှ အီစိမ့်နေအောင် ခံစားရမှန်း သိတော့တယ်"

"ဒါတွေ လာပြောမနေပါနဲ့လေ။ ငါတို့ ပြီးပြတ်သွားတာ ကြာလှပြီ။ နောက်ပြီးတော့ ငါလည်း နင့်ကို တကယ်မချစ်နိုင်ခဲ့ဘူး။ အခုမှ ငါ တကယ်ချစ်ရတဲ့သူကိုတွေ့တာ။ သူ့ကိုပဲ ငါ ချစ်တယ်။ ကဲ ... ငါ သွားမယ်"





"ခဏနေပါဦးဟ။ နင် ငါ့ကိုမချစ်တာကို ချစ်ပါလို့ပြောနေတာမှ မဟုတ်တာ။ ရင်ဖွင့်နေတာပါ။ နင့်ကို ပြောပြလိုက်ရလို့ နင်များ ငါ့ကို ပြန်ချစ်မလားဆိုတဲ့ စိတ်ကူးနဲ့ ခ,ယနေတာတော့ မဟုတ်ဘူးနော်။ ဒီကမ္ဘာကြီးမှာ နင့်ကို ချစ်နေတဲ့ကောင် ဇော်သူ ဆိုတာ ရှိနေခဲ့တယ်လို့ သိထားစေချင်လို့ ပြောပြတာပါ။ နင့်ဘာသာ ဆေးကျောင်းသားဆရာဝန်လောင်းကို ချစ်ချင်သလောက်ချစ်။ ကြိုက်သလောက်ချစ် ငါ မတားဘူး"

ဇော်သူ့မျက်နှာက ကြည်ကြည်လင်လင်နဲ့ အေးဆေးစွာ ပြောနေတာမို့ ရွှေဖဲမှာ ချက်ချင်းကြီး လှည့်ထွက်သွားရမှာတောင် အားနာသလိုလို ဘာလိုလို ဖြစ်သွားပါသည်။ ရွှေဖဲရဲ့ အားနည်းချက်က အဲဒါပဲ၊ သိပ်အားနာတတ်ပြီး သူတစ်ပါးရဲ့ ခံစားချက်ကို သိပ်ဂရုစိုက်တတ်တယ်။ လူအများစုကသာ ရွှေဖဲကို နိုင်နိုင်သွားကြတာ မဆန်းဘူး။ ရွှေဖဲကိုက ပျော့ညံ့လွန်းတာ။ အခုချိန်မှာ ရွှေဖဲ အနိုင်ရဖူးသူဆိုလို့ ကိုကိုနေညီလာပဲ ရှိတယ်။ ကိုကိုကတော့ ရွှေဖဲကို ဆယ်ခါမှာ ရှစ်ခါလောက်ကို အနိုင်ပေးတာ။ အနိုင်မပေးတဲ့ နှစ်ခါလောက်ကတော့ ရွှေဖဲဘာသာ ကလေးဆန်၊ သဝန်တို၊ စိတ်ကောက်ပြီး မန်္တသာမွှေးနဲ့ ပတ်သက်လို့ ခွပ်စွဲတာတို့၊ မန်္တသာမွှေးနဲ့တွဲပြီး စာမကျက်ရဘူးတို့ တောင်းဆိုရင်တော့ ကိုကိုနေညီလာက အလျှော့မပေးခဲ့တာလေးတွေတော့ ရှိဖူးတယ်။



www.burmeseclassic.com

www.burmeseclassic.com



"နင်တို့ ဘယ်လိုလဲ၊ ဟိုကောင်ကျောင်းပြီးရင် ယူမှာလား"

ရွှေဖဲ ကိုယ့်ဘာကိုကိုယ်ယက်ပြီးကို ဖြစ်ချင်တာကို ပြောလိုက်လေသည်။

"ဟုတ်တယ်၊ မိဘတွေလည်း သဘောတူတယ်"

"ဒါနဲ့တောင် နင်က အမေရိကား ထွက်ဦးမယ်"

"ငါတို့နှစ်ယောက်စလုံးသွားဖို့ များတယ်၊ သူက ကျောင်းပြီးရင် အမေရိကားမှာ ဆက်တက်ဖို့ အစီအစဉ်ရှိတယ်"

ဟုတ်လား မဟုတ်လား မသိ။ ရွှေဖဲ စွတ်ပြီးလိုက်မိပါသည်။ အမှန်တော့ ကိုကိုနေညီလာ့ သဘောကို ရွှေဖဲကြားဖူးပြီးသားပါ။ ကိုကို့မှာ ခုလောလောဆယ် စာဆက်သင်ဖို့ အစီအစဉ်တော့ မရှိသေး။

"စာတွေကျက်ရတာ ငြီးငွေ့နေပြီ၊ အေးအေးဆေးဆေး ဆေးကုပြီး နပ်နေလိုက်ဦးမယ်။ နောက်မှပဲ M.Sc တွေဘာတွေ ဖြေတော့မယ်။ ဟား ဟား … ကိုကိုက တကယ်တော့ ပျင်းကွ၊ စာကျက်ရမှာ သိပ်ပျင်းတာ"

ဟူ၍လည်း သူ့ကိုယ်သူ ဝေဖန်ပြီး ပြောပြဖူးလေရာ ဆရာဝန်ဖြစ်ပြီး ကိုယ့်အစီအစဉ်နဲ့ကိုယ် နိုင်ငံခြားထွက် ကျောင်းတက်ဖို့ဆိုတာ မဖြစ်နိုင်သေးပါ။ အဲဒီလိုထွက်ချင်ရင် ဒီမှာ စာကျက်ရဦးမယ်၊ သက်ဆိုင်ရာ သံရုံးမှာ ဖြေစရာ ပြစရာလည်း ရှိဦးမယ် ထင်တယ်။ အဲဒီအပိုင်းနဲ့ ပတ်သက်ပြီး ရွှေဖဲ သိပ်တော့ မသိပါ။





"သူ့မှာ အရင်က ရည်းစားရှိတယ်။ အခုလည်း နင်နဲ့ပါ ပေါင်းပြီး နှစ်ယောက် တစ်ယောက် တွဲနေတာယ် ရွှေဖဲ။ နင် အဲဒါကို လက်ခံတယ် ဟုတ်လား"

"ဟင် … ဘာပြောတယ်"

"သူ့ကျောင်းမှာ ရည်းစားရှိတယ်လေ။ အဲဒါ သူတို့တစ်တန်းလုံး အသိပဲတဲ့။ သူ့ကောင်မလေးက ကွင်းတောင်ရဖူးတယ်။ သူတို့ သိပ်တွဲကြတာ။ သိပ်ချစ်ကြတာ။ ကျောင်းပြီးရင် ယူကြမယ့်အတွဲတွေထဲမှာ သူတို့စုံတွဲက အရင်ဆုံးပဲလို့ အားလုံး သိထားကြတယ်"

ရွှေဖဲ တုန်လှုပ်ကာ မျက်ရည်တောဝ် ဝဲလာသည်။ ဖော်သူ လီဆယ်ပြီးပြောတာများလားလို့ လှည့်တွေးပေမယ့် ဖော်သူ ပြောတဲ့ အချက်အလက်တွေဟာ ရွှေဖဲ သိထားတာတွေပဲမို့ တုန်လှုပ်ရလွန်းတာပါ။

"နင့်ကို ဘယ်သူပြောလဲ"

"ဟာ … လွယ်ပါတယ်၊ နေညီလာဆိုတဲ့ နာမည်ရယ်၊ ဆေးကျောင်းမှာ ဘယ်အတန်းက ဆိုတာရယ် သိရင် အသိုင်းအဝိုင်းမှာ စုံစမ်းကြည့်ရင် ရတာပဲ။ အထင်မသေးဖါနဲ့ဟ၊ ငါတို့ ဆွေမျိုးအုပ်စုတွေမှာလည်း ဆေးကျောင်းတက်နေတဲ့သူ ပါပါတယ်။ မေးလိုက်ရင် ကိုယ့်အတန်းက



www.burmeseclassic.com

www.burmeseclassic.com



မဟုတ်ရင်တောင် ထင်ထင်ရှားရှား ဖြစ်တဲ့သူတွေ၊ တတွဲတွဲ လှုပ်လွန်းတဲ့ စုံတွဲတွေဆို လူသိများတာမို့ သိတဲ့သဘော ပါပဲ"

"သူတို့ စုံတွဲမဟုတ်ပါဘူး သူငယ်ချင်းတွေ။ သိပ်ခင်ကြတဲ့ သူငယ်ချင်းတွေ"

"ရွှေဖဲရာ ... နင်က အဲဒီအသိုင်းအဝိုင်းထဲကို ဘယ်လောက်များ စုံစမ်းဖူးလို့လဲ။ နေညီလာ ပြောတာပဲ တစ်ဖက်သတ်ယုံပြီး စိတ်ချမထားနဲ့လေ"

"နင် ... နင် ငါ့ကို တမင်လာသွေးခွဲတာပါ"

"အေးပါ၊ ငါက နာမည်ဆိုး ရှိတဲ့ကောင်ပါ။ ငါလို လူဆိုးကပြောတဲ့ စကားကို ယုံမယ်လို့လည်း မထင်ပါဘူး။ လူအထင်ကြီးကြတဲ့ လူကောင်းကြီး ဆေးကျောင်းသားကြီးက ပြောတဲ့စကားဆို ပုရွက်ဆိတ်ဟာ လိပ်ချက်ချင်း ဖြစ်သွားပါတယ်ဆိုရင်တောင် ယုံကြမှာပဲလေ"

ရွှေဖဲ အတော့်ကို တိတ်ဆိတ်ပြီး ဘာမှတောင် ပြန်မပြောနိုင်ပါ။

"ငါက စေတနာနဲ့ သတိပေးတာပါ။ တော်ကြာ နင့်ကို ပေါ်တင်ကြီး ထားခဲ့ပြီး သူတို့ချင်းချင်း ပျော်ရွှင်စွာလက်တွဲသွားကြလေသတည်း ဖြစ်မှာစိုးလို့ပါ"





ဇော်သူ ပြောပြောဆိုဆိုပဲ နှုတ်ပင်မဆက်တော့ဘဲ ချာခနဲ လှည့်ထွက်လာလိုက်သည်။ ပြီးပြီလေ ဒါပဲ။ ရွှေဖဲဆိုတဲ့ မိန်းကလေးရဲ့စိတ်ဓာတ်ကို ငါ အသိဆုံးပဲ။ ရွှေဖဲဟာ တွေဝေတတ်တယ်။ စိတ်ယိုင်တတ်တယ်။ အယုံလွယ်တယ်။ ဒီတော့ ဒီလောက်စကားလေးဟာ ဘယ်လောက်ထိ ခရီးရောက်မလဲဆိုတာ အသေအချာကို သိတယ်။ ဇော်သူသည် နှုတ်ခမ်းကို ကွေးရုံလေး ကျေနပ်စွာပြုံးကာ ကားမောင်းထွက်လာခဲ့ပါသည်။ သူထွက်လာသည့်တိုင်အောင် ရွှေဖဲသည်ကား နေရာမှာ မရွေ့သေးဘဲ အကြာကြီးငေးကာ ကျန်ခဲ့ရှာလေသည်။

သနားတော့ သနားတယ် ရွှေဖဲရယ်။ ဒါပေမဲ့ မင်းကို သနားနေရင် ငါပဲ အသည်းပိုကွဲရမှာမို့ ကိုယ့်ကိုယ်ကိုယ် ပိုသနားတာကြောင့် မင်းရဲ့စိတ်တွေကို ဒုက္ခလာပေးရတာပါ။

○❤○



www.burmeseclassic.com

www.burmeseclassic.com



## ၁၉

နေညီလာသည် ရွှေဖဲ တောင်းဆိုလိုက်သော စကား ကြောင့် ခေါင်းထဲမှာ ဘယ်လိုအဖြေပေးရမလဲလို့ အလုပ်များသွား ပါသည်။ ရွှေဖဲကတော့ နေညီလာ့အဖြေကို မရမချင်း ကျေန မည့်ပုံ မပေါ်။

"ဘယ်က ဘယ်လို စိတ်ကူးရပြီး ဒီအစီအစဉ် ဖြစ်လာ တာလဲ"

"ရွှေဖဲကို ယူဖို့စဉ်းစားထားတယ်ဆိုရင် ကိုကို ဒီမေးခွန်း တောင် ပြန်မေးစရာ မလိုပါဘူး"

"အခု မရွှေဖဲ ငယ်သေးတယ်။ ကျောင်းလည်း သွားတ ဖို့ စီစဉ်နေတယ်လေ။ ဒီတော့ လက်ထပ်ကြမယ်ဆို အစီအစဉ်ကို ခေါင်းထဲထည့်ဦးမယ်လို့ကို မထင်သေးဘူး"





"ရွှေဖဲကို ချစ်ရင် ကိုကို့မှာ ဘာမှပြန်ပြောစရာ စကား တောင် မရှိဘဲ၊ နှအားလေ ... ရွှေဖဲသဘောပဲ၊ ကိုကို စာမေးပွဲပြီးရင် စီစဉ်ကြတာပေါ့လို့ ချက်ချင်းပြန်ပြောမယ် ထင်နေတာ"

ရွှေဖဲက ငိုချတော့မလို ချက်ချင်းဖြစ်သွားလျက် အသံတုန်တုန်ဖြင့် ပြောလာသည်။ နေညီလာ တော်တော့်ကို အကြံအိုက်သွားသည်။ ရွှေဖဲကို သူ ချစ်တော့ချစ်ပေမယ့် ခုချက် ချင်း လက်ထပ်ယူကြ၊ အတူနေကြဆိုတဲ့ အစီအစဉ် ခေါင်းထဲ မရှိသေးပါ။ သူလည်း အသက်နှစ်ဆယ်ကျော်ရုံလေး၊ ရွှေဖဲလည်း အသက်နှစ်ဆယ်ကျော်ရုံ သူ့ထက် နှစ်နှစ်လားပဲ ငယ်တာဆိုတော့ အိမ်ထောင်ပြုဖို့ စောလွန်းသည်ဟု ထင်သည်။ သူ မျှော်လင့်ထား တာက သူ့ဆရာဝန်ဖြစ်ပြီး ဒီမှာကျန်နေခဲ့၊ ရွှေဖဲက အမေရိကား မှာ နှစ်နှစ်ဖြစ်ဖြစ် သုံးနှစ်ဖြစ်ဖြစ် စာသွားသင်၊ ဘွဲ့(သို့မဟုတ်) ဒီပလိုမာတစ်ခုခုယူပြီး ပြန်လာ၊ အဲဒီကျမှ လက်ထပ်ကြမည်ဆို တာမျိုး။ ခုတော့ ရည်းစားဖြစ်တာမှ မကြာသေး။ လက်ထပ်မယ် တွေ ဘာတွေ ပြောလာတော့ တော်တော်ခက်ပါသည်။

"ခုလောလောဆယ် မစီစဉ်ချင်သေးပါဘူးကွာ၊ ကိုယ်တို့ ငယ်သေးတယ်"

"အဲမယ်လေး ... မိန်းကလေးကပြောဖို့ ထားပါဦး၊ ရွှေဖဲ ခုမှ နှစ်ဆယ့်တစ် ပြည့်ပြီးခါစပါ"



www.burmeseclassic.com

www.burmeseclassic.com



"အေးလေ ... အဲဒါကြောင့် ကိုယ်ပြောတာပေါ့။ မရွှေဖဲ ကျောင်းလည်းမပြီးသေးဘူး။ ဒီမှာရပ်ထားပြီး ဟိုမှာတောင် သွားတက်ဦးမှာ"

"ကိုကို ရှင်းရှင်းပဲပြော။ ရွှေဖဲကိုယူဖို့ အစီအစဉ်မရှိဘူး။ မနံ့သာမွှေးကိုပဲ ယူမှာမဟုတ်လား။ ရွှေဖဲ ဟိုမှာကျောင်း သွားနေတုန်း မနံ့သာမွှေးနဲ့ လက်ထပ်လိုက်မှာ မဟုတ်လား"

"ဟာ ... ဘယ်ကဘယ်လို နံ့သာက ပါလာရတာလဲ"

"ရွှေဖဲ သတိထားမိနေတယ်၊ ကိုကိုက သူ့ကိုထိရင်သိပ် နာတာပဲ။ သူ့အပေါ်ဆို အပြစ်လေး မြူမှုန်တစ်မှုန်တောင် အတင်ခံရမှာ သိပ်စိုးရိမ်တတ်တာပဲနော်။ မှန်တာဝန်ခံစမ်းပါ ကိုကို။ ကိုကို သူ့ကို သိပ်တန်ဖိုးထားတယ် မြတ်နိုးတယ် မဟုတ်လား"

နေညီလာသည် ရွှေဖဲဟာ တစ်ချိန်လုံးလည်း နံ့သာနဲ့ သူ့ကို သံသယရှိနေတတ်တာ မေးလား ပြုလား လုပ်တတ်တာကို သိထားပြီးပေမယ့် အခုလိုမျိုး ရွှေဖဲပါးစပ်ကထုတ်ပြီး ဆွေးနွေးတာ၊ စွပ်စွဲလိုက်တာမျိုးကို မကြားဖူးခဲ့လေရာ အံ့သြသလိုစိုက်ကြည့်မိ၏။ ရွှေဖဲ ဘာဖြစ်နေသလဲ။ ဘာကြောင့် ဟိုလူနဲ့ စွပ်စွဲလိုက်၊ လူကို မသက်သာသလိုနဲ့ ခုပဲ လက်ထပ်မယ်၊ စီစဉ်မယ်တွေ ပြောလိုက် လုပ်နေရသလဲ။





"ရွှေဖဲ မေးတာ ဖြေလိုက်စမ်းပါ ကိုကို။ ကိုကို သူ့ကို ပိုတန်ဖိုးထားတယ် မဟုတ်လား၊ ရွှေဖဲဟာ မနံ့သာမွှေးနဲ့ ယှဉ်ရင် အမြဲပဲ ဒုတိယဦးစားပေးအဆင့်မှာ ရှိတယ်မဟုတ်လား"

နေညီလာမှာ စိတ်ကုန်နေသော အသံဖြင့် ...

"ဘာမှ အဓိပ္ပာယ်မရှိတဲ့ မေးခွန်းကို မဖြေဘူး၊ နံ့သာက သတ်သတ်။ မရွှေဖဲက သတ်သတ်ပဲ၊ ဘာမှလဲ ယှဉ်ပြိုင်နေစရာ မလိုဘူး"

ဟူ၍ဖြေလျှင် ရွှေဖဲဟာ အတွေးတစ်မျိုး ကောက်ချက် ပိုပြီးရန်လိုတော့သည်။

"ဟုတ်ပါတယ် ... ဟုတ်ပါတယ်၊ ရွှေဖဲဟာ သူနဲ့ယှဉ်စရာကို မလိုတဲ့အထိ နိမ့်ကျပြီးသားပါ။ ရွှေဖဲ သိပါတယ်၊ ထပ်သတိပေးစရာ မလိုအောင် သိပါတယ်"

နေညီလာသည် ရွှေဖဲဟာ ဘာတွေခေါင်းမာမှန်းမသိ ခေါင်းမာ၊ ဘာတွေမကျေမချမ်း ဖြစ်မှန်းမသိဖြစ်၊ ဘာတွေအလို ကျနိုင်မှန်းမသိ ဖြစ်နေသဖြင့် စကားဆက်ပြော ရှင်းပြနေလည်း ပိုပဲမှာ တွေးမိသည်။ ဒါနဲ့ပဲ လမ်းခွဲပြီး ပြန်လိုက်တော့ဖို့ ဆုံးဖြတ်လိုက်ပါသည်။

ကားသော့ကိုင် ထရပ်တာမြင်တော့ ရွှေဖဲ ဒေါသူပုန် ထလို့မဆုံး။ ဒီတိုင်းကြီး မတင်မကျ ထားခဲ့တော့မယ်။ ဒီလိုနဲ့ပဲ



www.burmeseclassic.com

www.burmeseclassic.com



အဆုံးသတ်တော့မယ်ဟု ထင်ပြန်သည်။ ပြဿနာကိုရှောင်လွှဲသည်ဟု ထင်သည်။ သူ့ကို စိတ်ဆိုးဒေါသဖြစ်နေပေမယ့်လည်း ချစ်တာကတော့ တအားချစ်နေဆဲပဲမို့ သူ့ကို ဆုံးရှုံးလိုက်ရမှာလည်း ကြောက်ပြန်သည်။

"ကိုကို ရွှေဖဲကို မထားခဲ့နဲ့"

"မထားခဲ့ပါဘူး။ အိမ်ပြန်ပို့ပေးမှာပါ"

"မဟုတ်ဘူး၊ ရွှေဖဲပြောတာ အဲဒါမဟုတ်ဘူး"

နေညီလာ အသေအချာပြန်ကြည့်လိုက်သောအခါ ရွှေဖဲထံမှ တောင်းပန်ခွဲ့ယသော အသံဖြင့် ပြောသည်မှာ ...

"ရွှေဖဲကိုပဲ ချစ်ပါ။ ရွှေဖဲနဲ့ပဲ အတူနေပါ။ မထားရစ်ခဲ့ပါနဲ့လို့ ပြောတာပါ ကိုကို"

ထိုသို့ကြားလိုက်ရတော့ နေညီလာ့ ရင်ထဲ အလိုလိုပင် ခွင့်လွှတ်မှုတွေ ဖြစ်ထွန်းလာခဲ့ပါသည်။

○ ❤ ○





## ၂၀

ရွှေဖဲ ကိုကို့ကို လွမ်းနေတာ ကြာပြီ။ မတွေ့ရတာ တစ်လတောင် ရှိတော့မည်။

"ဖိုင်နယ်အိပ်ဇင်း (final exam) ဖြေရမယ် မရွှေဖဲ။ စာမေးပွဲက တစ်လတောင် ကြာမယ်၊ ဒီတော့ ကိုကို မင်းနဲ့မတွေ့နိုင်ဘူးနော်၊ အဲဒါကို စိတ်ကောက်မနေနဲ့ဦး"

ကိုကို ထိုသို့ပြောလာတော့မှ ရွှေဖဲ အံ့ဩသွားရသေးသည်။

"စာမေးပွဲကလည်း တစ်လတောင် ဟုတ်လား"

"ဟုတ်တယ်၊ ကိုကိုတို့ ဖြေရမှာ လေးဘာသာရှိတယ်။ surgery(ဆာဂျရီ)၊ Medicine(မက်ဒီဆင်)၊ O.G (အိုဂျီ) နဲ့ Child(ချိုင်းထ်) လေးဘာသာမှာ ကလေးဆေးပညာ Child ကလွဲရင် ကျန်တဲ့ဘာသာတွေက paper (ပေပါ) နှစ်ခုစီ ဖြေရတယ်။ ဒီတော့ ရေးဖြေချည်းပဲ ခုနစ်ရက်ဆို



www.burmeseclassic.com

www.burmeseclassic.com



တော့ နှစ်ပတ်လောက်သွားတယ်။ အဲဒါပြီးရင် Pratical Viva (ပရက်တီကယ်ဗိုင်ဗာ)ဝင်ရမယ်၊ ဒီတော့ တစ်လလောက် အချိန်ပေးရတာပဲ။ ဆရာတွေက ဆေးကျောင်းတစ်ကျောင်းစီကို တစ်ပတ်စီ အလှည့်ကျ စစ်သွားရတာဆိုတော့ ကိုကိုတို့က ရေးဖြေပြီးပြီးချင်း အပတ်မှာပဲ ခဏနားပြီး နောက်တစ်ပတ်မှာ ဖြေရတဲ့အလှည့် မရောက်ဘဲ နောက်တစ်ပတ်ကျော်မှ ဖြေရမှာလေ"

"ရွှေဖဲဆီကို ဖုန်းတောင် မဆက်ဘူးလား"

"ဖုန်းတော့ ဆက်မှာပါ"

ဖုန်းဆက်မှာပါ ပြောပေမယ့် ရွှေပဲကသာ ဆက်ရသူဖြစ်ပြီး ကိုကို့ဆီက အရင်ဆက်မလာပါ။ ရွှေဖဲ ဆက်ပြန်ရင်လည်း စိတ်မပါသလိုအသံ၊ အချိန်မပေးနိုင်သော အသံဖြင့် ခပ်မြန်မြန်ပြောကာ ဖုန်းချသွားတတ်သည်။ ကိုကို စပြီးစိမ်းကားနေပြီလားရယ်လို့တော့ မထင်ချင်။ ကိုကို ရွှေဖဲအပေါ် တော်တော်သည်းခံပြီးချစ်တာ၊ အလိုလိုက်တာ၊ နားလည်တတ်တာတွေကို ရွှေဖဲ သိပါသည်။

သို့သော် ရွှေဖဲဟာ စိတ်ရောဂါ ဝင်နေမိတာပဲလားတော့ မသိ။ ကိုကိုနဲ့ ဒီလို အဆက်အသွယ်ပြတ်ရ၊ မမြင်ရ၊ မတွေ့ရ၊ ခဏလေး ခွဲရလျှင် အလိုလို ပူပန်စိတ်တွေ ထင်လာသည်။ ကိုကို ရွှေဖဲကို မေ့သွားတော့မယ်။ အမြဲတမ်း စာအတူတူ





ကျက်၊ အတူတူ တွေ့နေရတဲ့ မနံ့သာမွှေးဆီ စိတ်လည်သွားတော့မယ်ဆိုသော စိတ်တွေနဲ့ ဖိစီးပြီး လူကနေလို့မရတော့။ မပျော်တော့။ အလိုလို အားငယ်ပြီး ဝမ်းနည်းချင်နေသည်။

ဒီရက်ပိုင်းမှာပဲ IELTS သင်တန်းမှာ ခင်ရတဲ့ သော်တာ ဟူသည့် သူငယ်ချင်းတစ်ယောက်ဆီမှ မထင်မှတ်သော သတင်းကို ကြားရသည်။

"မနံ့သာတို့အိမ်မှာ ကိုနေညီလာတို့ အိပ်ပြီးတော့တောင် စာကျက်ရတယ်လေ။ ညဘက်ကျ စပေါ့တွေထွက်တော့ တစ်ပုဒ်ရလိုက် ဝိုင်းကျက်လိုက် လုပ်ရတယ်။ တစ်ယောက်တည်း အိမ်မှာဖုန်းထိုင်နားထောင်ပြီး ကျက်ရင် ကိုယ်တစ်ခါမှ မကျက်ဘူးတဲ့စာမျိုး စပေါ့ထဲမှာပါနေရင် ကျက်ရတာခက်လို့တဲ့"

ရွှေဖဲ အံ့သြသွားပြီး ...

"နင်နဲ့ မနံ့သာ သိတယ် ဟုတ်လား"

ဟု မေးလိုက်မိသည်။ သော်တာ့ထံမှ ဒီတစ်ခါ အရင်ဆုံး ကြားလိုက်ရတာမို့ အံ့သြသွားပါသည်။

"သြော် ...' နင့်ကို ပြောဖို့မေ့နေတယ်။ ငါ နင့်ရဲ့ ကိုနေညီလာကို အရင်တည်းက သိပါတယ်။ ဘာကြောင့်လဲဆိုတော့ ငါနဲ့ မနံ့သာက ညီအစ်မတစ်ဝမ်းကွဲ တော်တယ်။ မနံ့သာနဲ့ ပတ်သက်ပြီး ကိုနေညီလာ့ကို သိနေတာပေါ့



www.burmeseclassic.com

www.burmeseclassic.com



သော်တာ့ ပုံစံက မကျေနပ်သလိုလို၊ မခံချင်သလိုလို ပုံစံမျိုးနဲ့ ပြောတာဟု ရွှေဖဲ ထင်ပါသည်။

"မန့်သာနဲ့ ဘယ်လိုပတ်သက်တယ် ဆိုတာတော့ နင့်ကို မပြောတော့ပါဘူး။ နင် သိပြီးသား ဖြစ်မှာပါ"

"ကိုကိုနေညီလာနဲ့ အခင်ဆုံး သူငယ်ချင်းတွေ မဟုတ်လား"

"အေးပေါ့၊ သူငယ်ချင်းလို့ ပြောရင်လည်း သူငယ်ချင်းပေါ့လေ။ သူတို့ သိပ်ခင်ကြတာဆိုတော့ အားလုံး ထင်ထားတာက တစ်နေ့ကျရင် သူတို့ ရည်းစားဖြစ်ပြီး ယူဖြစ်ကြမှာပဲလို့ ထင်ကြတာ"

သော်တာ့ စကားကြောင့် ကျန်တဲ့သူငယ်ချင်းတွေပါ ရွှေဖဲကို အကဲခတ်ကြည့်ကြသည်။ ရွှေဖဲဟာ သူများစုံတွဲကြား ဝင်ရှုပ်ပြီး လုယူလိုက်တဲ့သူဟု ထင်ကြပုံရသည်။

"ကိုနေညီလာက ခုထက်ထိတော့ မန့်သာကို အခင်အမင် မပျက်ပါဘူး၊ အရင်အတိုင်းပဲ မန့်သာ ခေါ်လိုက်တာနဲ့ အပြေးရောက်လာတတ်တာပဲ။ မန့်သာကလည်း ခုထိ ကိုနေညီလာ လိုတာမှန်သမျှ ကူညီပေးနေသေးတာပဲ၊ သူတို့ သိပ်သံယောဇဉ် ကြီးကြတယ်လေ။ မန့်သာအိမ်မှာ ဘာလို့ စာစုကျက်ကြလဲဆိုတော့ စာမေးပွဲဖြေရင်း မန့်သာ နေမကောင်းလာလို့ တခြားလူအိမ်ဆို မသွားနိုင်ဘူး။





အိမ်မှာပဲ ဒရစ်(ပ)သွင်းရင်း စာကျက်ရတာဆိုတော့ အားလုံးက မန့်သာအိမ်မှာပဲ လှူစုလိုက်ကြဖို့ ကိုနေညီလာ စီစဉ်တာနဲ့ အားလုံး ရောက်လာကြတာပေါ့"

ရွှေဖဲမှာ နားထောင်ရင်း ချောက်ချားနေပါသည်။ သူတို့ သိပ်ရင်းနှီးကြတယ်။ အိမ်ကလူကြီးတွေမပြောနဲ့ ဝမ်းကွဲညီအစ်မလို လူမျိုးကအစ နေညီလာဆိုတာ ဘယ်သူဘယ်ဝါပါလို့ သိနေရအောင် ရင်းနှီးမှု ရှိတယ်။

ဖော်သူဟာ မဟုတ်ဘဲနဲ့တော့ ကြံဖန်ပြီး သူ သိလာသော သတင်းအမှားကြီးကို အမှန်ထင်အောင်တော့ ပြောမှာ မဟုတ်ဘူး။

သူ့ တကယ်သိလို့ကို ပြောရဲတာ၊ ငါ့ကိုလာရိရဲတာ။ ရွှေဖဲသည်တွေဝေမှုများစွာဖြင့် ချောက်ချားနေသည်။

ကိုကို နေညီလာ စာမေးပွဲဖြေတာ၊ မဖြေတာတွေ ဂရုမစိုက်ဘဲ ဖုန်းဆက်လိုက်မိပါသည်။ ဖုန်းလာကိုင်သူမှာ နေညီလာ မဟုတ်။

"ဘယ်သူပါလိမ့်ကွယ်၊ သားငယ်တော့ မရှိဘူး၊ သူငယ်ချင်းအိမ်မှာ စာသွားကျက်တယ်"

"သမီး မရွှေဖဲပါ"

"သြော် ... မရွှေဖဲ ဟုတ်လား။ သမီးကရော ဓိဆေးကျောင်းကပဲလား"



www.burmeseclassic.com

www.burmeseclassic.com



ရွှေဖဲ ရင်ထဲ ငိုချင်သွားပါသည်။ ကိုကိုနေညီလာ့အမေကိုတောင် မရွှေဖဲ ဆိုတဲ့ နာမည်မျိုး အသိပေးပြီး မပြောထားခဲ့ဘူးပေါ့။

"ဆေးကျောင်းက မဟုတ်ပါဘူး"

"ဟုတ်လား။ ဩော် ... အန်တီက မသိပါဘူး၊ သားပြောပြောနေကျ နံ့သာတို့ ဘာတို့အပြင် မရွှေဖဲ ဆိုတာပါ သူငယ်ချင်း ရှိသေးတယ်ထင်လို့။ သား အခုမရှိဘူးကွယ်။ နံ့သာအိမ်မှာ တစ်ပတ်လုံးနီးပါးပဲ စာသွားကျက်တယ်။ နံ့သာ နေမကောင်းလို့ဆိုတော့ စာကူကျက်ပေးရမယ်တဲ့။ နောက်ပြီး စပေါ့ထဲရရင်လည်း အတူတူကျက်မှ အဆင်ပြေတယ်ဆိုပြီး ဒီနှစ်တော့ နံ့သာအိမ် စုကြတယ်၊ အရင်နှစ်တွေကတော့ ဒီအိမ်မှာ စုကြတာ များပါတယ်။ ဒီနှစ် တစ်နှစ်ပဲ နံ့သာလေး နေမကောင်းဖြစ်သွားလို့"

ကိုကိုနေညီလာ့အမေ အသံထဲမှာ ချစ်ခင်နှစ်လိုမှုတွေ ပါနေတယ်ဟု ရွှေဖဲ ခံစားရသည်။ မနံ့သာဟာ လူကြီးမိဘတွေကအစ သဘောကျ လက်ခံထားပြီးတဲ့ ဇနီးလောင်းလား ကိုကိုလို့ ရွှေဖဲ ပြေးပြီးမေးလိုက်ချင်လာသည်။

"မနံ့သာ အိမ်ဖုန်းနံပါတ် ပေးလို့ရမလား အန်တီ။ ရွှေဖဲ ခဏစကားပြောချင်လို့ပါ"





"ရပါတယ် ခဏလေးနော်။ အန်တီ့ဟန်းဖုန်းထဲမှာ မှတ်ထားတာ ပြန်ကြည့်လိုက်ဦးမယ်"

ဟိုဘက်က ဘာရယ်မဟုတ် ပြောပေမယ့် ရွှေဖဲ စိတ်ထဲမှာတော့ ကိုယ့်အတွေးနဲ့ကိုယ် ပိုခံစားရပြန်သည်။ မနံ့သာရဲ့ဖုန်းနံပါတ်ကိုတောင် ကိုကိုနေညီလာ့အမေရဲ့ ဟန်းဖုန်းမိမိုရီထဲ ထည့်မှတ်ထားတာတဲ့။ ဘယ်လောက်အထိ အရေးပါသလဲဆိုတာ ပြတာပဲ။ ရွှေဖဲကတော့ အဲဒီလို ဖုန်းနံပါတ်ထည့်ထားဖို့ မပြောနဲ့။ နာမည်တောင် အသိပေး မခံထားရလောက်အောင် အရေးမပါဘူးလား ကိုကို ... လို့ တိုင်တည်ပြီး မေးလိုက်ချင်သေးသည်။

"သမီးဆီမှာ မှတ်စရာအသင့်ရှိရင် မှတ်ထားလိုက်နော်"

ရွှေဖဲ ဖုန်းနံပါတ်ကို ရေးမှတ်လိုက်ပါသည်။ မှတ်ပြီးပြီးချင်းပဲ ဖုန်းချပြီး မနံ့သာမွေးအိမ်မှာရှိတဲ့ ကိုကို့ကို ဖုန်းခေါ်မယ်လို့ စဉ်းစားနေတုန်းမှာပင် ခေါင်းထဲမှာ အတွေးတစ်ခု ထပ်ဝင်လာသည်။ ဒါနဲ့ပဲ ဖုန်းမချသေးဘဲ ထိုအတွေးကို ချက်ချင်းလက်ခံလိုက်ကာ ကိုကိုနေညီလာ့အမေကို မေးလိုက်တော့သည်။

"မနံ့သာက ကိုနေညီလာ့ သူငယ်ချင်းလား၊ ရည်းစားလား အန်တီ။ ဟို စိတ်မရှိနဲ့နော် သမီးက ခုမှ စသိခါစမို့ သူတို့ ဘယ်လိုပတ်သက်လဲ ဆိုတာ သိပ်မသိသေးလို့ပါ"



www.burmeseclassic.com

www.burmeseclassic.com



"အေး … အဲဒါတော့ အန်တီ သိပ်မသိပါဘူးကွယ်၊ ကြည့်ရတာတော့ သူတို့ချင်း အဆင်ပြေကြပြီးပြီး ထင်တာပဲ။ ကျောင်းမပြီးသေးလို့ ဘာမှဖွင့်မပြောသေးတာလို့ ထင်တယ်၊ အန်တီက သားတွေကို မချုပ်ချယ်ပါဘူး။ သူတို့ကြိုက်တာ သူတို့ယူလို့ လွှတ်ပေးထားတာပဲ။ နှံ့သာနဲ့ကတော့ တော်တော်လည်းရွဲပြီး ဟိုအိမ် ဒီအိမ် သွားလာလည်ပတ်နေကြတာမို့ ရည်းစားဖြစ်နေပြီလို့တော့ အန်တီ ထင်တယ်။ ကျောင်းလည်း မပြီးသေးတော့ စောင့်ကြည့်နေတာပါပဲ။ ပြီးမှ မေးမြန်းကြည့်ပြီး စီစဉ်ပေးဖို့တော့ စဉ်းစားထားတယ်"

သိပ်ပြီး သဘောတူ ကျေနပ်နှစ်ခြိုက်နေပုံရသော အသံသည် ရွှေဖဲ၏မသက်စာစိတ်၊ အားငယ်စိတ်တို့ကို ပို၍နှိုးဆွသလို ဖြစ်သွားပြန်သည်။ ရွှေဖဲ ခပ်မြန်မြန် ဖုန်းချပြီး မနှံ့သာမွေးအိမ်ကို ဖုန်းခေါ်လိုက်ပါသည်။ ဖုန်းလာကိုင်လျှင် …

"ကိုနေညီလာ ရှိပါသလား"

ဟု တိုက်ရိုက် တန်းမေးလိုက်တော့သည်။

"နေညီလာတို့ မရှိဘူး၊ အပြင်ထွက်ပြီး မုန့်သွားဝယ်ကြတယ်၊ ဘယ်သူလဲ … မေ့ပေါ့(ထ်)ပေးမလို့လား၊ ပေးချင်ရင် ရတယ်၊ ကျွန်တော် မှတ်ထားလိုက်မယ်"





"အခုပြောနေတာ ကိုထွန်းတောက်လား၊ ကိုကြည်သာထွန်းလား၊ ကိုတင်မောင်ဦးလား"

တစ်ဖက်မှ ရုတ်တရက် အသံတိတ်သွားပြီး …

"နေပါဦး၊ ညည်းကရော မရွှေဖဲလား"

လို့ စဉ်းစားနေသော အသံဖြင့် ပြန်မေးသည်။

"ဟုတ်တယ်"

"ငါ ကြည်သာထွန်းပါ"

"ကိုကြည်သာထွန်း"

"အေး … ပြော၊ ဘာလဲ မရွှေဖဲ။ ဘာကိစ္စရှိလို့ နေညီလာ့ဆီ ဖုန်းဆက်တာလဲ"

"ဘာကိစ္စမှ မရှိပါဘူး၊ ရွှေဖဲ ခဏစကားပြောချင်လို့ပါ"

"နေညီလာ မရှိဘူး၊ သူငယ်ချင်းတွေစားဖို့ဆိုပြီး မုန့်သွားဝယ်တယ်"

"ခုနပြောတော့ နေညီလာတို့ ဆိုလား"

"ဪ … ဟုတ်တယ်လေ။ နှံ့သာနဲ့ ထွက်သွားတာ၊ နှံ့သာကပါ သူစားချင်တာ လိုက်ဝယ်မယ်ဆိုပြီး ထ,လိုက်သွားတာ။ ကျန်တဲ့သူတွေက ကိုယ်ဘာစားချင်သလဲ မှာတယ်။ နှံ့သာကတော့ နေမကောင်းဖြစ်ပြီး ခံတွင်းပျက်နေတာနဲ့ ဘာမှစားချင်စိတ် မရှိဘူး။ သူ့ဘာသာ ဆိုင်မှာ



www.burmeseclassic.com

www.burmeseclassic.com



လိုက်ကြည့်ရင်း စားချင်တာတွေ့ရင် ဝယ်မယ်ဆိုပြီး လိုက်သွားတာပဲ”

ကြည့်စမ်း ... ကျန်တဲ့လူတွေကတော့ အိမ်မှာကျက်နေခဲ့ပြီး သူတို့ကတော့ နှစ်ယောက်တွဲ ထွက်ကြတယ်ပေါ့။ ဘာကြောင့် သူတို့နှစ်ယောက် ဒီလောက်တတွဲတွဲ ဖြစ်ရသလဲ။ ကိုကိုနေညီလာ့အမေတောင်မှ လက်ခံထားတဲ့ မန္တသာမွေးနဲ့ ငါ ဘယ်လိုယှဉ်ယှဉ် ရှုံးနေပြီလား။ ကိုကိုနေညီလာဟာ နောက်ဆုံးတော့ သူနဲ့ စိတ်တူကိုယ်တူ လက်တွဲနိုင်မယ့် မန္တသာမွေးနဲ့ တွဲရတာကိုပဲ ပိုပျော်နေပြီလား။

“ဘယ်ဆိုင်မှာ သွားဝယ်တာလဲဟင်”

ကြည့်သာထွန်းမှာ နေညီလာနှင့် ရွှေဖဲတို့ရဲ့ကြားက ပြဿနာကို မသိလေရာ ဆိုင်နာမည်ကို ပြောလိုက်ပါသည်။

“အဲဒီဆိုင် ရွှေဖဲ သိတယ်”

“သူတို့မကြာပါဘူး။ နေညီလာ ပြန်လာရင် ငါပြောလိုက်မယ်လေ။ သူ နင့်ကိုဖုန်းပြန်ဆက်မှာပါ”

“ရတယ်၊ ရွှေဖဲ သူ့ကို တွေ့ချင်လို့ အဲဒီဆိုင်ကို လိုက်သွားမယ်”

ကြည်သာထွန်းမှာ အတော့်ကို စဉ်းစားမရဖြစ်ပြီး ဖုန်းချလိုက်သည်။





ရွှေဖဲကတော့ သူမတို့နေအိမ်နဲ့လည်း သိပ်မဝေးသော ဆိုင်မို့ ချက်ချင်းကို ထွက်ချလာသည်။ တွေ့ကြသေးတာပေါ့ ကိုကိုဟု ကြိမ်းဝါးလာမိသည်။ တွေ့တာနဲ့ မန္တသာမွေး ရှက်သွားအောင် ပြောကိုပြောပစ်လိုက်ဦးမယ်။ ကိုကိုဟာ ငါနဲ့သက်ဆိုင်သူပါလို့ ပြောပြရမယ်။ ဒါမှ သူ ကိုကို့ကို ဆက်မတွဲရဲတော့မှာ။

www.burmeseclassic.com



## ၂၁

ဇော်သူသည် ရွှေဖဲတို့ သုံးယောက်၏ မြင်ကွင်းကို ဝမ်းသာအားရ စောင့်ကြည့်နေပါသည်။ ရွှေဖဲ တစ်ယောက် အိမ်ကနေ ကမူးရှူးထိုးပုံစံနဲ့ ထွက်ချလာတော့ ဇော်သူလည်း သူငယ်ချင်းတစ်ယောက်နဲ့ ဂစ်တာထိုင်တီးနေရာမှ မြင်ကာ၊ နောက်က အမြန်လိုက်လာခဲ့သည်။ သူငယ်ချင်းက ဆိုင်ကယ်နဲ့မို့ ဇော်သူက နောက်မှလိုက်ထိုင်စီးရုံဖြစ်ရာ ရွှေဖဲ၏မျက်နှာအမူအရာကို အသေအချာ အကဲခတ်ခွင့်ရသည်။ ရွှေဖဲ တစ်ယောက် အိပ်မက်ထဲက ထလမ်းလျှောက်ထွက်လာသူလိုပဲ ကယောင်ချောက်ချားတွေလည်း ပါးစပ်က ပြောလိုက် မဲ့လိုက်နဲ့ ကားကိုမောင်းနေလေရာ ဇော်သူတို့ဆိုင်ကယ်နဲ့ ဘေးကပါလာတာတောင် မသိမထားမိချေ။





ခုတော့ ကြည့်စမ်း။ စားသောက်ဆိုင်ရှိရာ ခြံဝင်းရဲ့ ကားပါကင်ကို အတူတွဲထွက်လာတဲ့ နေညီလာတို့ကို လာဖမ်းတာ ဖြစ်နေတယ်။

ကားပါကင်မှာပဲ အော်ကျယ် အော်ကျယ်တွေပြောပြီး မျက်ရည်တွေနဲ့ ရန်တွေ့နေတဲ့ ရွှေဖဲကို ဇော်သူ စောင့်ကြည့်နေပါသည်။

"ကိုကို အဲဒီလိုလုပ်တာတော့ မကောင်းဘူး၊ ရွှေဖဲကိုတော့ ရတဲ့နည်းနဲ့ အဆက်ဖြတ်ထားပြီး မနံ့သာနဲ့တွဲနေတာ လုံးဝမတရားဘူး။ ရွှေဖဲကိုလည်း တွဲမယ်၊ မနံ့သာကိုလည်း တွဲမယ်လို့ အပြတ်သာပြောလိုက်၊ ရွှေဖဲ ကျေကျေနပ်နပ် လက်ခံတယ်။ ခုတော့ ရွှေဖဲကိုကျ ပစ်ထားပြီး မနံ့သာကိုတော့ အရေးပေး ဂရုစိုက်နေတာ လုံးဝမကျေနပ်ဘူး"

"ရွှေဖဲ ... ဘာတွေပြောနေတာလဲ။ နံ့သာကို အလကားနေရင်း မစော်ကားနဲ့လေ။ ကိုယ်နဲ့ သူ သူငယ်ချင်းဆိုတာ မရွှေဖဲ သိသားပဲ။ ဘာကြောင့် ရိုင်းရိုင်းစိုင်းစိုင်း လာရန်လိုနေရတာလဲ"

"ဟုတ်တယ်၊ ဟုတ်တယ်၊ ရွှေဖဲက ရိုင်းတယ်၊ အရိုင်းအစိုင်းမ။ ကိုယ့်ချစ်သူက တခြားတစ်ယောက်နဲ့ ကွယ်ရာမှာတွဲနေတာမြင်ရတော့ ရွှေဖဲ ရိုင်းသွားတာ မဆန်းဘူး"



www.burmeseclassic.com

www.burmeseclassic.com



"မရွှေဖဲ ... တော်၊ တော်စမ်း သွားတော့၊ မင်း ပြန်တော့။ ငါ့သိက္ခာကို လာချရုံမကဘူး နံ့သာကိုပါ ဖုတ်ခတ်တာဟာ လွန်လွန်းတယ်"

"အမယ်လေး ... အဖြစ်သည်းလိုက်တာ ကိုကိုရယ်၊ ရွှေဖဲ သူ့ကို ဘာများပြောရသေးလို့လဲ။ သူ ရွှေဖဲဆီက လုယူတယ်လို့လည်း မစွပ်စွဲရသေးပါဘူး၊ တွဲချင်ရင် နှစ်ယောက် တစ်ယောက်တွဲပါ ရပါတယ်။ ရွှေဖဲ လက်ခံနိုင်ပါတယ် ဆိုတာ လာပြောတာ"

နံ့သာမွှေးမှာ နေမကောင်းထားသောအရှိန်၊ လူစည်ကားသော စားသောက်ဆိုင်ရဲ့ ကားပါကင်မှာ အော်ကျယ်ဟစ်ကျယ် အပြောခံရသဖြင့် ရှက်လွန်းသော အရှိန်တို့ဖြင့် ခေါင်းတွေ နောက်ကျိမူးဝေလာပါသည်။

"လာပါ ... နေညီလာရယ်၊ ပြန်ကြရအောင်ပါ။ သူ့ကို နောက်မှ အေးအေးဆေးဆေး ရှင်းပြပါတော့။ ငါ ခေါင်းတွေ အရမ်းမူးလာပြီ"

ဟူ၍ ပြောလည်းပြော၊ ခြေလှမ်းကိုပါ စတင်လှမ်းလိုက်လျှင် မိုက်ခနဲ မူးသွားပါသည်။

"ဟာ ... နံ့သာ ... နံ့သာ"

နေညီလာ စိုးရိမ်တကြီးပင် နံ့သာမွှေး လဲကျမသွားခင် ထိန်းပွေ့လိုက်ရသည်။ ဒီမြင်ကွင်းဟာ ရွှေဖဲ၏အသည်းနှလုံးတွေကို ဓားနဲ့မွှန်းလိုက်သလို ဖြစ်သွားစေပါသည်။





ရွှေဖဲသည် လက်သီးနှစ်ဖက် ကျစ်ကျစ်ဆုပ်၊ မျက်လုံးကြီးပြူး၊ မျက်ရည်တွေ တသွယ်သွယ်ကျရင်း ကျောက်ရုပ်လို ရပ်ပြီး ကျန်ခဲ့သည်။ နေညီလာကတော့ ရွှေဖဲကို လုံးဝဂရုမစိုက်တော့ဘဲ နံ့သာမွှေးကို လက်မောင်းကိုင် အသာတွဲခေါ်၊ ကားထဲမှာ သက်သောင့်သက်သာ ခေါင်းမှီလှဲနေလို့ရအောင် ဖေးမပေး၊ ပြီးတာနဲ့ ကားထဲဝင်ထိုင်၊ စက်နှိုးပြီးလျှင် ရွှေဖဲကို စိတ်ကုန်သလို တစ်ချက်လှည့်ကြည့်ကာ ကားမောင်းထွက်သွားပါတော့သည်။

"ကိုကို ... ရွှေဖဲကို မုန်းမသွားပါနဲ့"

ရွှေဖဲ ခပ်တိုးတိုးလေး ရေရွတ်ရင်း အားပါးတရ ငိုပစ်လိုက်သည်။ ဘယ်သူတွေကြည့်ကြည့် လုံးဝကို ဂရုမစိုက်နိုင်တော့ဘဲ လုပ်ချင်ရာလုပ်မိသည်။

ကားပါကင်မှာ တအီးအီး ငိုနေသော ရွှေဖဲနားကို ဇော်သူ အပြေးသွားလိုက်ပါသည်။

"ရွှေဖဲ ... ရွှေဖဲ"

"ဟင် ... ဇော် ... ဇော်သူ"

"ဘာဖြစ်တာလဲ။ ဘာဖြစ်လို့ ငိုနေတာလဲ"

အမှန်တော့ ဇော်သူ အကုန်လုံး မြင်ပြီးပါပြီ။ ဒါပေမဲ့ ရွှေဖဲ ဒီလိုစိတ်ပျော့ အားငယ်နေတဲ့အချိန်ကိုစောင့်ပြီး ဝင်ရောရမှာမို့ ဖေးမလိုသော အမူအရာနဲ့ ဘာမှသိမထားတဲ့ တစ်ယောက်ကဲ့သို့ ဟန်ဆောင်ပြီး ချဉ်းကပ်တာ ဖြစ်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com



"ရွှေဖဲ စိတ်အရမ်းညစ်တယ်။ အရမ်းလည်း အားငယ်နေတယ်"

"လာ ... လာ ... ကားပါကင်မှာ လူတွေများတယ်၊ နင့်ကိုကြည့်နေကြပြီ။ ကားထဲဝင်ထိုင်တော့ ငါ နင့်ကားကိုမောင်းပေးရမလား ရွှေဖဲ"

ရွှေဖဲ စိတ်တွေရှုပ်ကာ ခေါင်းထဲလည်း ဘာမှမတွေးနိုင်တာမို့ ဇော်သူ့ကို လက်ခံလိုက်မိသည်။

"ရော့ ... ကားသော့"

"အိမ်ပြန်ပို့ရမှာလား"

"ဟင့်အင်း ... ငါ ခုလောလောဆယ် အိမ်မပြန်ချင်သေးဘူး။ အပြင်မှာ အချိန်ဖြုန်းချင်တယ်။ နင် ငါပြောမယ့်စကားတွေကို နားထောင်ပေးနိုင်မလား ဇော်သူ"

"နင့်အတွက် ငါက အမြဲအဆင်သင့်ပဲ ရွှေဖဲရယ်"

ရွှေဖဲသည် ကားသော့ကို ဇော်သူ့လက်ထဲ ထည့်လိုက်ပါသည်။ ဇော်သူက ဆိုင်ကယ်ရပ်ပါမှာ ထိုင်စောင့်ရင်း ရပ်ကြည့်နေသော သူငယ်ချင်းဘက်လှည့်ပြီး လက်မထောင်ပြလိုက်တာ ရွှေဖဲ မတွေ့လိုက်။ ငိုရတာမောသွားပြီး ရင်ထဲမှာ ကွဲကြေနာကျင်နေရတာနဲ့ ဘာကိုမှ သတိမထားနိုင်။ ဂရုမစိုက်နိုင်တော့။

လောလောဆယ် ကိုကို့ကို မုန်းလည်းမုန်းနေသည်။ ချစ်လည်းချစ်နေသည်။ ဘယ်လိုမှကို လက်မလွှတ်ချင်တော့။





ကိုကို့ကို အမြန်ဆုံး ပိုင်ဆိုင်ရအောင် ဘယ်လိုလုပ်ရမလဲဆိုတာသည်သာ အရေးကြီးဆုံးလို့ ခေါင်းထဲထည့်တွေးနေမိသည်။ ပြီးတော့ ဒီနေ့ ရွှေဖဲ လုပ်လိုက်တဲ့ အပြုအမူအတွက် ကိုကို့ကို ခယအောက်ကျို့ပြီး ဘယ်လိုပြန်တောင်းပန်ရမလဲ။

ရွှေဖဲဘက် ကိုကို ပြန်ပါအောင် ဘယ်လိုလုပ်ရမလဲဆိုတာတွေလည်း ခေါင်းထဲမှာ နောက်နေအောင် တွေးနေရတော့သည်။

ကားက တရိပ်ရိပ် မောင်းနေပြီး ဘယ်တွေဘယ်လိုရောက်နေမှန်းတောင် မသိတော့။ မြို့ပြင်ကို တော်တော်လွန်လာမှ ရုတ်တရက် သတိရသွားကာ ...

"ဇော်သူ ... ဘယ်သွားတာလဲ"

ဟု အလန့်တကြား မေးမိသည်။

"နင့်ကို ဟိုကောင်က တကယ်မကြိုက်ပါဘူး။ နင်က သူ့ကို အညှာလွယ်ပြလိုက်လို့ အပျော်ခဏ လာတွဲတာ ရွှေဖဲ။ ဒီနေ့ပဲ နင်တွေ့လိုက်ရတယ် မဟုတ်လား။ နင့်ကိုတောင် ပေါ်တင်ထားခဲ့ပြီး သူပိုချစ်ရတဲ့ မိန်းမကို တယုတယနဲ့ ခေါ်သွားတယ်၊ ဘယ်လောက် ရင်နာစရာကောင်းလဲ၊ ဒီတော့ နင် သူ့ကို မျှော်လင့်မနေပါနဲ့။ ငါနဲ့ပဲ အတူနေလိုက်စမ်းပါ။ ငါက နင့်ကို အမြဲချစ်နေမယ့်ကောင်။ နင် တစ်ယောက်တည်းကိုပဲ ..."



www.burmeseclassic.com

www.burmeseclassic.com



"မဟုတ်ဘူး ... မဟုတ်ဘူး၊ ငါ လက်မခံဘူး။ ငါ နှင့်ကို မချစ်ဘူး ဇော်သူ။ မချစ်ဘူး"

"ငါက နှင့်ကိုချစ်တယ်၊ ပြီးရောပေါ့"

"ဇော်သူ ... နှင် ငါ့ကို အဲဒီလို အနိုင်မကျင့်နဲ့နော်။ ငါ နှင်နဲ့လုံးဝမလိုက်နိုင်ဘူး၊ ကားကို အခုပြန်လှည့်၊ ခုပဲပြန်လှည့်"

"မလှည့်ပါဘူး။ နှင့်ကို ခိုးပြေးလာပြီးပြီ၊ ဘာလို့လှည့်ရမှာလဲ"

"ဇော်သူ ... နှင် အဲဒီလို မလုပ်နဲ့နော်၊ နှင့်ကို ငါမုန်းတယ်၊ မချစ်ဘူး။ ငါ ကိုကို့ကိုပဲ ချစ်တယ်"

"ဘာချစ်တာလဲ။ ဟိုကောင်ကဖြင့် အရေးတောင် မစိုက်ဘဲနဲ့"

"ကားကို နှင်ပြန်မလှည့်ရင် ငါ နှင့်ကို မရိုက်ရဲဘူးမထင်နဲ့"

"ရိုက်လေ ... ရိုက်ရဲ ရိုက်ကြည့်စမ်း"

ဇော်သူကလည်း အစတည်းကို "ဇ"ရှိသူမို့ ရွှေဖဲကို သူ ဘယ်လောက်ချစ်ချစ်၊ ဘယ်တော့မှ အလျှော့မပေးတတ်၊ အနိုင်လည်း မပေးတတ်တာမို့ သူ့ကိုရိုက်လာရင် သူကတော့ ပြန်ရိုက်ဖို့ ဝန်မလေးတတ်ပါ။ သူ အဲဒီလို ပြန်ခြောက်လိုက်ရင် ရွှေဖဲတော့ ကြောက်ပြီး ငြိမ်သွားမယ် ထင်ပေမယ့် ရွှေဖဲက မငြိမ်ပါ။ သူ့မျက်နှာကို လှမ်းကုတ်ဆွဲလာသည်။





"အား ... ဟာ ... တောက် ... ရွှေဖဲ ... နှင် ... ငါ့ကို ကုတ်တယ် ဟုတ်လား။ ကဲဟာ ... ကဲဟာ ..."

ဇော်သူသည် ကားကို ရှေ့ကြည့်မမောင်းတော့ဘဲ ဒေါသတကြီးပင် ရွှေဖဲကိုလှည့်ကာ လက်သီးဖြင့် မျက်နှာဆီထိုးလိုက်ပါသည်။ ရွှေဖဲ မျက်ရိုးကို ထိုးလိုက်မိသလိုပဲ ဇော်သူ မောင်းလာသော ကားဟာလည်း လမ်းဘေးကို ရွဲ့စောင်း အရှိန်လွန်ကာ ထိုးကျသွားသည်။ ကားလမ်းမက ပိုမြင့်နေပြီး လမ်းဘေးမြေသားက မညီညာလေရာ ကားမှာမောင်းလာတာ အရှိန်ဖြင့် ဒလိမ့်ခေါက်ခွေး သုံးလေးငါးပတ်လောက် လည်လျက် အရှိန်မကုန်နိုင်တော့ဘဲ ဆက်လိမ့်ကျသွားပါသည်။

နောက်ဆုံးတော့ ကားဟာ လမ်းဘေးရှိ စောက်နက်သော ချောင်းငယ်လေးထဲမှာ ထိုးစိုက်နစ်ဝင်သွားပါတော့သည်။

○❤○



www.burmeseclassic.com

www.burmeseclassic.com



## ခန်း ၂၂ ဆုံး

ထိုသတင်းကိုကြားတော့ နေညီလာသည် မယုံနိုင်ခြင်းကြီးစွာဖြစ်လျက် မျက်ရည်ကျမိသည်။

သူငယ်ချင်းတွေကတော့ ...

"မင်းကိုထားခဲ့ပြီး ဇော်သူနဲ့ ခိုးပြေးသွားတုန်း ကားအက်ဆီးဒင့်ဖြစ်ပြီး သေရတာပဲ။ မင်း ဘာငိုစရာရှိလဲ။ မင်းမျက်ရည်နဲ့ မတန်ပါဘူး နေညီလာ"

ဟူ၍ ဝိုင်းပြောကြသည်။

သို့သော် နေညီလာကတော့ မယုံ။

"ဇော်သူနဲ့ ခိုးပြေးသွားတာ မဖြစ်နိုင်ဘူး၊ မရွှေဖဲက ဇော်သူ့ကို မချစ်ပါဘူး။ ငါ့ကို သိပ်ချစ်တယ်ဆိုတာ ငါ ယုံတယ်။ သူ အဲဒီနေ့က ငါနဲ့ နံ့သာကို အထင်လွဲ လာ ရန်တွေ့တယ်။ နံ့သာကို အားနာလို့ ငါ သူ့ကိုထားခဲ့ပြီး





နံ့သာကို အိမ်ပြန်ပို့ပေးမယ့် သူ ငိုပြီးကျန်ခဲ့တာသိလို့ ပြန်သွားခေါ်သေးတယ်။ ဒါပေမဲ့ သူ မရှိတော့ဘူး၊ အဲဒီနေ့ပဲ သူနဲ့ ဇော်သူ နှစ်ယောက်လုံး အက်ဆီးဒင့်ဖြစ်ပြီး ဆုံးတာပဲ။ ငါ့ကို စိတ်ဆိုးတာနဲ့ ချက်ချင်းကြီး ဇော်သူနဲ့ ခိုးပြေးလောက်အောင်တော့ မရွှေဖဲ မမိုက်မဲပါဘူး"

ဒါပေမဲ့ လူတွေအားလုံးကတော့ ဇော်သူနဲ့ မရွှေဖဲ ခိုးပြေးသွားကြတယ်။ ကားအက်ဆီးဒင့်ဖြစ်ပြီး နှစ်ယောက်လုံး သေဆုံးသွားကြတယ်ဆိုသော သတင်းကိုသာ အတည်ပြု ပြောနေလေရာ နေညီလာရဲ့ ငြင်းဆန်မှုဟာ မှေးမှိန်ပျောက်ကွယ်သွားခဲ့ပါသည်။

နေညီလာကတော့ လျှပ်တစ်ပြက်လေး အတွင်းမှာ ဖြစ်ပျက်၊ ပြောင်းလဲသွားခဲ့တဲ့ အဖြစ်အပျက်ကို တအံ့တသြ မယုံနိုင်ချင်းကြီးစွာ ရင်ဆိုင်ရလျက် ဝမ်းနည်းကြေကွဲနေရပါသည်။

သူ ဒီမိန်းကလေးကို တကယ်ပဲ ချစ်ခဲ့ပါသည်။ ရင်ထဲမှာ နေရာပေးထားခဲ့ပါသည်။ သူလေး အလိုကျဖြစ်အောင် ကျောင်းပြီးတာနဲ့ လက်ထပ်မယ်ဆိုတဲ့ အစီအစဉ်ကို လက်ခံမယ်လို့တောင် ဆုံးဖြတ်ပြီးခဲ့တာပါ။ စာမေးပွဲပြီးမှ အသိပေးမယ်လို့ စိတ်ကူးထားခဲ့ပါတယ် ... မရွှေဖဲရယ်ဟု အခါခါ ရေရွတ်လျက် ယူကျုံးမရ ဖြစ်နေခဲ့ရပါသည်။



www.burmeseclassic.com

www.burmeseclassic.com



“နံ့သာက မင်းကို စောင့်နေခဲ့တာ။ သူ့ကိုပဲ စဉ်းစားပါတော့ကွာ”

လို့ သူငယ်ချင်းတွေ တိုက်တွန်းပေမယ့်လည်း သူ လက်မခံနိုင်ခဲ့ပါ။

ရွှေဖဲ မရှိတော့မှ တကယ်ပိုပိုသိလာသည်မှာ သူလေး နေရာမှာ ဘယ်သူ့ကိုမှ အစားထိုးပြီးချစ်လို့ မရနိုင်ခြင်းပင်။ ခင်မင်ခြင်း သံယောဇဉ်နှင့် ချစ်ခြင်းသံယောဇဉ်တို့ဟာ ကွဲပြားခြားနားလှကြောင်း အခုမှ တကယ်သိလာခဲ့ပါသည်။

○❤○








www.burmeseclassic.com

www.burmeseclassic.com



'အချိန်တွေ
ဘယ်လောက်ပြောင်းသွားသွား
သူ့ရင်ထဲမှာတော့
ချစ်ခဲ့ဖူးသူ မိန်းကလေးကို
ဘယ်တော့မှ မေ့လို့မရနိုင်ခဲ့ဘဲ
လွမ်းလို့ကောင်းနေဆဲ။

○❤○



ရှင်မိုး
(ဆေးတက္ကသိုလ်)
30th August
sunday 2009.

www.burmeseclassic.com